www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

မြပုလဲသွယ်

# အချစ်ဟုသစ္စာဆိုခဲ့သည့်အကြိုင်း

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

''အို···အမေ့''

တစ်စုံတစ်ယောက်က မြစ်ဖျားရဲ့ ဖိနပ်နောက်မြီးကို တက်နင်းမှန်းသိသည်။ တစ်ပြိုင်နက်ထဲမှာ မြစ်ဖျားရဲ့ပြတ်လုဆဲဆဲ ကတ္တီပါသဲကြိုး ထောင်းခနဲ ပြတ်ထွက်သွားတာက သူမခြေထောက်ကြားမှ လွတ်မြောက်ခွင့်ရသွားသူလို။ ဝမ်းသာအားရနှင့်။ ပုဆစ်တုပ်ထိုင်ချရင်း ပြတ်ထွက်သွားသည့် မြစ်ဖျားရဲ့ သဲကြိုးကို သေချာငုံ့ကြည့်သည်။ ပြန်တပ်၍ ရလိုရငြားပါ။ ထိုအခိုက်မှာပဲ မြစ်ဖျားရဲ့ အပေါ် မိုးလာသော အရိပ်နှင့်အတူ။

''အာ···ဆောရီးပဲဟာ၊ ဖိနပ်ပြတ်သွားပြီလား၊ ငါ နောက်က နင့်ဖိနပ်ကို နင်းလိုက်လို့ ဖြစ်သွားတာ၊ ငါကလည်း မုန့်သည်တွေကို အငေးလွန်သွားတာနဲ့ သတိလွတ်သွားတာ''

မြစ်ဖျား မော့ကြည့်တော့ မြစ်ဖျားနှင့်ရွယ်တူ ကောင်က



www.burmeseclassic.com

www.burmeseclassic.com



လေး။ ကျင့်သားရနေသော မြစ်ဖျားမျက်ဝန်းက ကောင်လေးရင်ဘတ်ဆီ ဒိုင်းခနဲ အကြည့်ရောက်သည်။ အောက်နားတံဆိပ် ကပ်ထားသလားလို့ပါ။ ဒီနေ့ ကျောင်းစဖွင့်ရက်ဆိုတော့ တံဆိပ်တွေ ဘယ်ရဦးမလဲဆိုတဲ့ အသိနှင့် မြစ်ဖျားအကြည့် ပြန်ရွေ့ပစ်တာက ထိုကောင်လေးရဲ့ မျက်နှာဆီ။ ညိုပြီး စိုဝင်းနေသော အသားရောင်ပေါ် မျက်ခုံးကထူသဖြင့် အစိမ်းရောင် ပေါက်နေသည်။ နှာတံပေါ်ပေါ် နှုတ်ခမ်းထူထူမှာ ထူးခြားတာက မျက်ရစ်မပါသော မျက်လုံးမှေးမှေးများကို တိုစိပ်စိပ် မျက်တောင်တို့က ကာရံထားသောကြောင့် မျက်ဝန်းတဝိုက် ဧရိယာဟာ လိုအပ်တာထက် မည်းနက်နေသယောင်။

"နင်…ငါ့ကို ရန်တွေ့မလို့လား"

"မတွေ့ပါဘူး၊ ဘာလို့တွေ့ရမှာလဲ"

"မသိပါဘူး၊ ငါ့ကိုကြည့်နေလို့လေ၊ နင်ရန်တွေ့လည်း ငါက ခံရမှာပဲ၊ ကိုယ်က အမှားလုပ်မိတာကိုး"

ကောင်လေးက အပြုံးသဲ့သဲ့နှင့် ပြောသောအခါ မျက်ဝန်းတို့က ပိတ်ကျသွားပြီး သွားဖြူတန်းက လှစ်ခနဲပေါ်လာသည်။ စွတ်စွတ်ဖြူသော ရှပ်လက်ရှည်ကို လက်ဖျားလေး တင်ခေါက်ထားပြီး စိမ်းညိုမှောင်တဲ့ ပုဆိုးစိမ်းကြောင့် ထိုကျောင်းသားရဲ့ အသွင်ဟာ ရှင်းသန့်နေသည်။ မြစ်ဖျားနဲ့တော့ ကွာပါ့လို့တွေးရင်း အားငယ်စိတ်ဖြင့် ပြတ်သွားသောဖိနပ်ကို ပြန်ငုံ့ကြည့်လိုက်၏။





"နင့်အမှား မဟုတ်ပါဘူး"

"ဟင်…ဘာဖြစ်လို့လဲ"

ဖြိုင်ဘက်က ငုံ့ထားသော ကောင်မလေးမျက်နှာကို မြင်ရတဲ့အထိ သူပါ မျက်နှာလိုက်ငုံ့ရင်း မေးသည်။ တူညီကျောင်းဝတ်စုံ အဖြူအစိမ်းပေမဲ့ ထိုကောင်မလေးရဲ့ အင်္ကျီဖြူဟာ ခပ်နွမ်းနွမ်းသာ။ ဒါကို မဲနယ်ထပ်ဆိုးထားတော့ ပြာနှမ်းနှမ်း။ ဘယ်ဘက်ရင်ဘတ် တံဆိပ် ကပ်ထားသော နေရာလေးသာ ကွက်ဖြူနေသဖြင့် တံဆိပ်ခွာပြီး ပြီးခဲ့တဲ့နှစ်က အင်္ကျီဟောင်းကို ပြန်ဝတ်မှန်း သိသာစေသည်။ အမှန်ဆို ဒီနေ့က ပထမဆုံး ကျောင်းစဖွင့်ရက်မှာ အင်္ကျီသစ်လေးဝတ်ရမှာ မဟုတ်ဘူးလား။ အေးလေ သူ့မှာ အကြောင်းတော့ရှိမှာပေါ့လို့ အတွေးထဲက ကိုယ့်ဟာကိုယ် ဖြေတွေးရင်း ဖြိုင်ဘက်စိတ်ထဲ သူမကို ရုတ်တရက်ကြီး သနားသွားသည်။ ကောင်မလေးကတော့ ခပ်အေးအေးပင်။ ဖိနပ်ပြတ်လေးကို ကိုင်ကြည့်ရင်း…

"ဒီဖိနပ်က အစောကြီးကတည်းက ပြတ်ချင်နေတာလေ၊ နင်မနင်းလည်း ပြတ်တော့မှာပဲ၊ ငါ့ခြေထောက်မှာ သူနေထိုင်ခွင့် ဗီဇာက ကုန်နေပြီပဲဥစ္စာ"

ကောင်မလေးက ဖြိုင်ဘက်ကို ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောနေတဲ့ပုံက သူမဖိနပ် မဟုတ်တဲ့အတိုင်း။ တထူးတဆန်းကြီး ကြည့်နေတဲ့ ဖြိုင်ဘက်ကိုတောင် နှစ်သိမ့်ရင်း။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မကောင်းဖြစ်မနေပါနဲ့၊ ငါ့မှာ ချိတ်တွေဆောင်ထားတာ အများကြီးပဲ၊ အဟင်း…ဖိနပ်ပြတ်သွားရင် ဒီလိုပဲ ချိတ်ထိုးစီးနေကြ"

"မြစ်ဖျား"

ကောင်မလေးရဲ့ စကားမပြတ်သေးခင် ခေါ်သံစူးစူးက ဖြိုင်ဘက်တို့နောက်က ထွက်လာသည်။ မြစ်ဖျားဆိုသည့် ကောင်မလေးက ခေါ်သံလာရာဆီ ချာခနဲ လှည့်ကြည့်သည်။ ဖြိုင်ဘက်ပါ ခေါင်းထောင်ကြည့်တော့ မုန့်ဈေးတန်းရဲ့ ထိပ်ပိုင်းကျကျဆိုင်က မိန်းမကြီးက လှမ်းခေါ်နေ၏။

"မြစ်ဖျား…လာတော့လေ၊ ဒီမှာ ရေခဲလာထုဦး၊ တော်နေ ကျောင်းသားတွေ ပြုကျလာမှာ"

"ဟုတ်…ဒေါ်လေး"

မြစ်ဖျားဆိုတဲ့ ကောင်မလေးက ဖိနပ်ပြတ်ကို ဆွဲကိုင်ရင်း ဖြိုင်ဘက်ရှေ့က ဆတ်ခနဲ ထရပ်သည်။ ဖြိုင်ဘက်ကပါ အတူ ထရပ်တော့ သူမက ထိုဆိုင်လေးအား လက်ညှိုးညွှန်ရင်း…

"အားပေးဦးနော်၊ ငါ့အဒေါ်ဆိုင်၊ ရွှေရင်အေး မုန့်လက်ဆောင်း ရောင်းတယ်၊ ငါရှိတဲ့အချိန် လာစားရင် ပိုထည့်ပေးမယ် သိလား"

ကြေးနီရောင်ပေါက်နေသည့် ဆံပင်တွေကို မြစ်ဖျားက ဝဲခနဲခါရင်း ဆိုင်ဆီသွားရန် ခြေလှမ်းပြင်သည်။ ဖြိုင်ဘက်က



ဒီအတိုင်း သူမကျောပြင်ကို မေ့လျော့စွာ ငေးမောနေပြီးမှ သတိဝင်လာပြီး…

"ဟော့…ဒီမှာ"

"ဟင်…ဘာလဲ"

ဖြိုင်ဘက်ခေါ်သံကြောင့် မြစ်ဖျားက လှမ်းလက်စခြေလှမ်းကိုရပ်ရင်း လှည့်ပင်းလိမ်ကာ ပြန်မေးသည်။

"ငါ့နာမည် ဖြိုင်ဘက်"

ဖြိုင်ဘက်က လှမ်းပြော၏။ ဘာရယ်မဟုတ်ပေမဲ့ ဖြိုင်ဘက်က ကိုယ့်ကြောင့် မြစ်ဖျားနစ်နာသွားတာကို အလျော်ပေးချင်သည်။ ဒါကြောင့် သူ့နာမည်သိအောင် ပြောလိုက်ခြင်းဖြစ်သည်။ ဒီတော့မှ မြစ်ဖျားက အားပါးတရပြုံးသည်။ အပြုံးနက်နက်ကြောင့် မြစ်ဖျားပါးပြင်ရှိ ပါးချိုင့်လေးက ထင်းခနဲပေါ်လာပြီးမှ…

"ငါ့နာမည်က မြစ်ဖျား"

တစ်ခွန်းတည်းပြောပြီး ဖြိုင်ဘက်နားက မြစ်ဖျား ထွက်ပြေးသွား၏။ သူမအခေါ်နား မြစ်ဖျားရောက်တဲ့အထိ ဖြိုင်ဘက်က အားရအောင် ငေးကြည့်ပြီးမှ မုန့်ဝယ်ရန် အာရုံလွှဲရသည်။ ဖြိုင်ဘက်က ဒီနှစ်မှ ဒီကျောင်းကို စတင်ပြောင်းလာသည့် ကိုးတန်းကျောင်းသားသစ်။ အရင်ကျောင်းဟာ အလယ်တန်းအဆင့်ပဲ ရှိတာမို့ ရှစ်တန်းအောင်တာနှင့် ခွဲတမ်းအရ (အ·ထ·က ၂ ဒဂုံ) (မြို့မအမျိုးသားကျောင်း)သို့ သူရောက်သည်။ ဒီကျောင်းမှာ စအပ်ခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရသည်နှင့် ပြိုင်ဘက် စိတ်အဝင်စားဆုံးက မုန့်ဈေးတန်း။ ဟော(လ်) အကြီးစား ဆောက်ထားတဲ့ မုန့်ဈေးတန်းကြီးဟာ ကြီးမားကျယ်ပြန့်ပြီး သူ့ဈေးဆိုင်နဲ့သူ သပ်ရပ်စွာရှိတာကြောင့် ပြိုင်ဘက်ရဲ့ ပထမဆုံး ကျောင်းတက်ရက်မှာ လေ့လာစူးစမ်းချင်တာ ဒီမုန့်ဈေးတန်းပင်။ အခုတော့ အလေ့လာကောင်းလွန်း၍ ပြိုင်ဘက်ကြောင့် မြစ်ဖျားဖိနပ် ပြတ်သွားရှာပြီ။ ပြိုင်ဘက်ဟာ စိတ်မကောင်းခြင်းကြီးစွာနှင့် မုန့်ဈေးတန်းက မထွက်ခင် မြစ်ဖျားရှိသော ဆိုင်ကို ငဲ့ကာကြည့်မိ၏။ မြစ်ဖျားက ပီနံအိတ်ကြီးထဲ ရေခဲတွေထည့်ကာ အိတ်အစကို လက်တစ်ဖက်က စုကိုင်၊ ကျန်တစ်ဖက်က အဝတ်လျှော်တုတ်ကြီးကို ပင့်ခနဲမြှောက်ကာ တဖုန်းဖုန်းနှင့် ရေခဲတွေ ခွဲချနေတာ မမောနိုင်မပန်းနိုင်။ ညိုညက်ညက် အသားရောင်နှင့် မြစ်ဖျားရဲ့မျက်နှာကြည်စင်စင်လေးမှာ ဘာအရိပ်မှ မထင်ဟပ်။ ပြိုင်ဘက်မှာသာ မြစ်ဖျားအစား ရင်ဘတ်အငှားလိုက်ပြီး ခံစားနေရတာ မပြီးနိုင်မစီးနိုင်။ မုန့်ဈေးတန်းက ပြိုင်ဘက် ပြန်ထွက်လာပေမဲ့ ရင်ထဲက ပြန်မထုတ်နိုင်ခဲ့တာက မြစ်ဖျားကိုလို့ဆိုရင်⋯။

ဟွန်း⋯နာမည်နဲ့ လိုက်ပါတယ်။ မြင်ရသူတိုင်းရဲ့ ရင်ကို အဖျားခတ်သွားတတ်လို့။

◆ ◆ ◆

## အခန်း (၂)

"အဲဒါ ဘာအထာလဲ"

"ရှုပ်ကလည်း အခြေကြီးပဲ"

"မိုက်တယ် ဟော့ကောင်၊ ဘော်ဒီရော မျက်နှာရော ပြောစရာမရှိ"

"ပတ်ဝန်းကျင်က လူကိုများ မတူမတန်သလိုနဲ့"

"တူတူတန်တန်ပါကွယ်၊ လူဆိုတာ ဆယ်ရှစ်ပေအတွင်းရှိ အောက်ဆီဂျင်ကို ရှူပြီး အသက်ရှင်ရတာချင်းကို"

တစ်တန်းကို လူလေးယောက် ထိုင်ရသည်။ ပြိုင်ဘက်က ခုံတန်းရဲ့ အစွန်ဆုံး။ ဟိုဘက်က သုံးယောက်က ပြတင်းပေါက်ရှိသောကြောင့် ကော်ရစ်တာရှိ သွားလာလှုပ်ရှားမှုကို မြင်နေရသည်။ အခုလည်း ဟိုဘက်ပြတင်းပေါက်ဆီ မျက်နှာသုံးခုစလုံးပြုကာ စကားတွေ ကျွက်ကျွက်စီနေတာ ပြိုင်ဘက် ဒီနေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်ကတည်းက။ ကြားစက စိတ်မဝင်စားခဲ့သော ပြိုင်ဘက်ဟာ ကြားရဖန်များလာတော့ ဘာရယ်မဟုတ် လှမ်းကြည့်မိသည်။ ကော်ရစ်တာ၌ ချထားသော ခုံတန်းရှည်ပေါ်တွင် ထိုင်နေသူကို ဘေးတစောင်း အနေအထားဖြင့် တွေ့ရသည်။ ဘေးစောင်းမို့ အမို့၊ အဖောင်း၊ အချိုင့်အဝှမ်းတွေက ပိုထင်ရှားသည်။ ခပ်ကျစ်ကျစ် ချွန်မြတဲ့ နှာတံဟာ အဖျားမှ ကော့တက်သွားပုံက အပေါ်နှုတ်ခမ်းကိုပါ ဆွဲတင်ထားသလိုမို့ ထောင့်ချိုးညီတဲ့ နှုတ်ခမ်းဟာ ခပ်လန်လန်။ ဒါပေမဲ့ တင်းတင်းစေ့ပိတ်ထားတာကြောင့် မျက်တောင်ကော့တွေ ယှက်ကာထားတဲ့ မျက်ဝန်းအကြည့်တွေပါ အေးခဲသွားစေသယောင်။ အသားရောင်က နွားနို့လိုနှစ်ကာ ဖြူသည်။ နှုတ်ခမ်းပါးက ရဲပြီး မျက်ဝန်းက နက်သောကြောင့် သူမ၌ရှိသော အလှတရားတွေက တစ်ခါကြည့်ရုံနှင့် သိသာထင်ရှားစေတာအမှန်။ ကျော့ရှင်းတဲ့ ကိုယ်ပေါ်မှာ အဖြူရောင်ရင်ဖုံးဟာ တမင် စတိုင်လ်ထုတ်ထားမှန်း သိသာစေသော အစိမ်းရင့်ရောင် ဇာအပြားကြီး တပ်ထားပြီး ခြေခုံပေါ် အစိမ်းရောင်ကြိုးတွေ ယှက်သိုင်းထားသည့် စလစ်ပါနှင့်မို့ သူမတစ်ကိုယ်လုံးဟာ ပြောစရာမရှိအောင် ပြီးပြည့်စုံနေတာများ ကျောင်းသူနှင့်မတူ။ ဖက်ရှင်မယ်လိုလို၊ မော်ဒယ်(လ်)လိုလို။

"အဲဒါ...သူ့အဖေနဲ့အမေလား"

"ဟုတ်ပါ့မလားကွ၊ မိဘဆိုရင် သားသမီးကို အဲဒီလောက် လိုက်လုပ်ပေးပါ့မလား၊ ကျောင်းအပ်တဲ့ ဖောင်ဖြည့်ပြီးတော့ ကိုယ့်သမီးကို ဘာသွားပြစရာလိုလဲ၊ ဟိုမှာကြည့်ပါလား သူက ဆရာကြီးစတိုင်(လ်)နဲ့ ဖောင်ဖြည့်တာ မှန်မမှန် စစ်ဆေးနေတာ"

"ဟုတ်သားပဲ"

လို့ ပြိုင်ဘက်က စိတ်ထဲမှ ထောက်ခံမိသည်။ သူမ စစ်ဆေးနေပုံက တကယ့်ကို စေ့စေ့စပ်စပ်။ ပြီးဆုံးသွားမှ ခေါင်းညိတ်ပြသည်။ သူမ ကျေနပ်လက်ခံပါသည်ဆိုတဲ့သဘော။ ဒီတော့မှ လူကြီးက ဖောင်စာရွက်ကို ဆရာမစားပွဲပေါ် သွားထပ်သည်။ သူမ အခိုင်းအစေလို့ ထင်ရအောင်လည်း လူကြီးရဲ့အသွင်အပြင်က ညိုးကျမနေ။ ကြက်ဥနှစ်ရောင် ရှပ်လက်ရှည်၊ စတိုင်(လ်)ပင်(န်)အနက်ရောင်နှင့် ခါးမှာ ဟင်း(န်)ဖုန်းတစ်လုံး ချိတ်ထားသေးသည်။ အတူပါ အမျိုးသမီးကရော ထိုနည်းလည်းကောင်းပဲကို။ ပါတိတ်အညိုရောင်ဝမ်းဆက်နှင့် ရွှေရောင် စိန်ရောင်တောက်ပသူက သူမနံဘေးမှာ ဆွဲခြင်းကြီးကိုင်လျက်။ လူကြီးက သူမနားကပ်ပြီး တစ်ခုခုပြောလိုက်ပုံရသည်။ မာနကြီးသော ရွှေမင်းသမီးက အခန်းထဲ တစ်လှမ်းချင်း ဝင်လာ၏။ ဆရာမက အပြုံးနှင့် ဆီးကြိုပေမဲ့ သူမကတော့ မျက်နှာသေနဲ့သာ။

"မိန်းကလေးတန်းရဲ့ နောက်ဆုံးခုံ လွတ်နေတယ်သမီး၊ အဲဒီမှာဝင်ထိုင်လိုက်"





စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမက ခေါင်းညိတ်ပြီး ဘေးနားက ခြင်းကိုင်အမျိုးသမီးကြီးအား…

"ခြင်းတောင်းထားပေးပြီး ပြန်တော့"

မျက်နှာက အေးစက်သလောက် လေသံက မနွေးထွေး။ ခြေလှမ်းနှစ်ဆယ်စာမရှိသော စာသင်ခန်းထဲသို့ သူ့ဟာသူ ခြင်းတောင်းမကိုင်ဘဲ ဝင်လာတဲ့ သင်းလက်ဟာ နူရွဲနေသလားမှ မသိတာ။ ပြိုင်ဘက်က အမြင်ကတ်ကတ်နှင့် အကြည့်ကို အခန်းဝသို့ အရွေ့

"ဟင်…မြစ်ဖျား"

ရင်မှာထိတ်ခနဲ ဖြစ်သွားသည်။ ရင်ခုန်ခြင်းအား အဓိပ္ပာယ်မဖွင့်တတ်တဲ့ အရွယ်မို့ သူရင်တုန်သွားသည်ဟု အမည်တပ်ရမလား။

တွေ့ဆုံချိန်က မိနစ်ပိုင်းမျှရှိပေမဲ့ ပြိုင်ဘက် မှတ်မိသည်။ မြစ်ဖျားက မနက်ကလို မျက်နှာပြောင်ကြီးမဟုတ်တော့။ ပါးပေါ်မှာ သနပ်ခါးပါးကွက်ကြီးနှင့် ကြေးနီရောင်ဆံပင်ရှည်အား ကျစ်ဆံမြီး ကျစ်ကာ ပခုံးကျော်ချထားသည်။ ခပ်နွမ်းနွမ်းကျောင်းဝတ်စုံနှင့် လွယ်အိတ်အညိုရောင်လေး ရင်ဘတ်ထဲ ပွေ့ပြီး စာသင်ခန်းဆီ ဝင်လာတာက ဖက်ရှင်မမရဲ့ နောက်မှ။ ပြိုင်ဘက်က တခြားလူတွေကို သတိမထားနိုင်။ ဆရာမကလည်း ကျောင်းစဖွင့်ရက်မှ ကျောင်းအပ်နောက်ကျသော ကျောင်းသားမိဘတွေ အလယ်မှာမို့ သူတို့လို



အတန်းထဲရောက်နှင့်ပြီးသား ကျောင်းသားတွေကို အာရုံမထားနိုင်။ ပြိုင်ဘက် မြစ်ဖျားထံ လှမ်းကြည့်သည့်အကြည့်က ရွှန်းရွှန်းစားစား။ မြစ်ဖျားနှင့် အကြည့်ချင်းဆုံလျှင် အရင်ပြုံးပြနိုင်အောင်လည်း နှုတ်ခမ်းများကို အသင့်ပြင်ထားသည်။ အားရစရာမကောင်းတာက မြစ်ဖျားက အခုထိ ခေါင်းကြီးငုံ့ထားဆဲ။

"ဟင်"

ငြိ ရင်ထဲက အာမေဋိတ် ထွက်သွား၏။ တစ်တန်းလုံးရဲ့ အကြည့်တွေ မထိတရိပြောသော ရိသဲ့သဲ့စကားတွေက ခြေလှမ်းကို ပျက်မသွားနိုင်။ ဒါပေမဲ့ ငြိရှေ့က ကျောင်းသားကတော့ ငြိကို စိုက်ကြည့်နေတာ မျက်လုံးမလွှဲစတမ်း။ ပြီးတော့ ပြုံးအိနေတာလည်း တကယ့်ပျစ်ပျစ်နှစ်နှစ်။ သင်းအကြည့်ကြောင့် မပျက်သော ခြေနင်းကွက်တောင် ယိမ်းယိုင်သွားပြီးမှ…

"ဟွန်း…ဘာလဲ၊ ကြောင်တောင်တောင်နဲ့"

ငြိက အဲဒီလို မကြားတကြား ကောင်းချီးပေးကာ သူ့အနားက ဖြတ်ကျော်သည်။ ငြိခြေတစ်လှမ်း မချရသေးခင် ကြားလိုက်ရတာက သူ့အသံ။

"မြစ်ဖျား"

"ဟယ်"

ခနဲ သံရှည်က ဝမ်းသာအားရ။ ငြိ ဖျတ်ခနဲ လှည့်ကြည့်သည်။ ငြိ နောက်ပါးမှာ ပါလာတာက ကျောင်းသူတစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မသိပေမယ့် ကိုယ့်အတွေး ကိုယ်သိတာကြောင့် ငြိ ထူပူသွားသည်။ ရှက်စိတ်က ငယ်ထိပ်ဆီ ဒိုင်းခနဲ တက်ဆောင့်၏။ သေစမ်း စွဲငြိ။ သင်းကြည့်တာ နင့်ကိုမဟုတ်ဘူး။ ရှက်ရွံ့ခြင်းနှင့် ခုံတန်းမှာ ဝင်ထိုင်မိတဲ့အထိ မကျေလည်ခြင်းက ငြိ စိတ်ထဲမှာ မပျောက်။ ဟိုနှစ်ယောက်ကတော့ ငယ်ပေါင်းကြီးဖော်တွေပမာ နှုတ်ဆက်ခြင်းက အခုထိ ဆုံးခန်းမတိုင်သေး။

"နင်...ဒီအတန်းမှာ ဟုတ်လား"

"ဟုတ်တယ်၊ ငါ့နာမည် ပြိုင်ဘက်"

"အရမ်းကောင်းတဲ့နာမည်ပဲ၊ ငါ့နာမည်က"

"မြစ်ဖျားလေ၊ ငါသိပြီးပြီ"

"အဟင်း...ဟုတ်သားပဲ"

တစ်ယောက်က မခို့တရို့အပြုံးနှင့် ခေါင်းညိတ်သည်။ တစ်ယောက်က ကြည်မွေ့ခြင်းတွေ ဖြန့်ခင်းထားတဲ့ ပြုံးမြမြမျက်နှာနဲ့။

"မုန့်စားဆင်းမှ နင့်ဆိုင်မှာ ငါလာအားပေးမယ်၊ နင်ရှိမယ်မဟုတ်လား၊ ငါ့ကို ပိုထည့်ပေးရမယ်နော်"

"အေးပါဟယ်၊ နင်သာ လာဖြစ်အောင်လာစား"

ငြိက နှုတ်ခမ်းကို မဲ့ချရင်း မျက်နှာလွှဲပစ်သည်။ လူတိုင်းရဲ့ မောင်းခြင်းသာရှိ၍ ကိုယ်ကပြန်ငေးရသောလူမျိုး ငြိ ရာဇဝင်မှာ မရှိခဲ့။ သင်းနဲ့ကြမှ ထူးပေ့ဆိုတာမျိုး ဖြစ်နေပြီ။ ပိုဆိုးတာက





ငြိကိုကျော်ပြီး နှုတ်ဆက်တဲ့သူဟာ ငြိရဲ့ အရောင်အဝါထက် များစွာ နိမ့်ကျသူဆိုရင်။ တောက်ပခြင်းနှင့် မှေးမှိန်ခြင်းကို အရွေးမှားသူသည် အမြင်အာရုံချို့တဲ့သူသာ ဖြစ်မည်။ ငြိက ချိုးချိုးဖွဲ့ဖွဲ့တွေးရင်း အခုထိ နေရာရှာမရသော မြစ်ဖျားဆိုသည့် ကောင်မလေးအား လှမ်းကြည့်မိသည်။ ငြိ ဘေးမှာ အလွတ်ကြီးပေမဲ့ မြင်ဟန်မတူ။ အင်း...သူလည်း အမြင်အာရုံ ချို့တဲ့ရှာတာပဲလို့ တွေးရင်း။

"ဟိတ်...ရှတ်...ရှတ်"

ငြိ လှမ်းခေါ်တော့ ပြိုင်ဘက်က ခေါင်းလည်ပြီး လှည့်ကြည့်သည်။ ငြိက တမင်တကာပင် အဲဒီကျောင်းသူနှမ်းလေးကို ပြုံးပြလက်ရပ်ခေါ်ပြီး...

"လာ...ဒီမှာထိုင်"

မြစ်ဖျားကို ဖော်ရွေစွာ ခေါ်ရင်း ငြိနဲ့ အကြည့်ချင်း ဖျတ်ခနဲ ဆုံတာက ပြိုင်ဘက်။ ဆုံဆုံချင်း အရင်ဦးအောင် မျက်စောင်းထိုး ပစ်တာက ငြိ။ အနားရောက်လာသော မြစ်ဖျားကိုတော့ အပြုံးနှင့် မိတ်ဆက်ရင်း...

"ငါ့နာမည် စွဲငြိ၊ ငြိလို့ခေါ် သိလား"

စတွေ့ကတည်းက ပြိုင်ဘက်ကို ငြိဘက်က အမြင်မကြည်ပေမဲ့ ပြိုင်ဘက်ခင်မင်သော သူမကို ငြိက ဘာကြောင့် မိတ်ဆွေဖွဲ့ချင်မှန်း မသိ။ ငြိ အနားမှာ ထိုင်နေသော မြစ်ဖျားကို ပြိုင်ဘက်က ပြုံးပြပြီး ငြိကျတော့ မျက်နှာတည်ကြီးနှင့် ကြည့်တတ်ပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



တွေ့စမှာကတည်းက ငြိနှင့် ပြိုင်ဘက်က အဲဒီလို။ တဖောင်းဖေးနှင့်မျက်ချေး။ ကြောင်နဲ့ကြွက်။ မြွေနဲ့မြွေပါလို လက်ဦးမှုအရယူမည့် ရန်သူတော်တွေ။ မကြေပြာပဲ ဖြစ်ရတဲ့စစ်ဟာ ငြိတို့ ဖန်တီးခဲ့တာပင်။

◆ ◆ ◆



## အခန်း (၃)

"ရော့…မြစ်ဖျား"

ပြိုင်ဘက် ကမ်းပေးသော အထုပ်ကို မြစ်ဖျားက ချက်ချင်းပင် လှမ်းမယူ။ အဖြေရှာသော မျက်ဝန်းတွေနှင့် ပြိုင်ဘက်ကို မော့ကြည့်သည်။

"ဘာလဲဟင် ပြိုင်ဘက်"

"သိချင်ရင် ဖွင့်ကြည့်ပေါ့"

မြစ်ဖျား ပခုံးကိုကျော်ပြီး လည်ပင်းကြိုးရှည်ကာ စပ်စုနေသည့်ငြိကို ပြိုင်ဘက်က မျက်ဝန်းထောင့်မှ မကြည့်ဘဲ မြင်နေရသည်။ ဒီမနက် ကျောင်းကားက ဆင်းဆင်းချင်း အတန်းဆီတောင် မတက်ရသေး။ မြစ်ဖျားအဒေါ်ဆိုင်ကို ပြိုင်ဘက် အရင်လာခဲ့တာဖြစ်သည်။ ပြိုင်ဘက် ကမ်းပေးသောအထုပ်ကို မြစ်ဖျား ရင်ခွင်နားထိ ပိုတိုးပေးကာ…



www.burmeseclassic.com

www.burmeseclassic.com



"ရော့လေ"

"ဖြေလိုက်တော့ မြစ်ဖျား"

စကားသံထွက်လာတာ မြစ်ဖျားထံမှမဟုတ်။ မကျေနပ်သော အကြည့်က မြစ်ဖျားဘေးမှ ငြိထံ ဒိုင်းခနဲပစ်ဆောင့်သည်။ ငြိကလည်း ပြိုင်ဘက် အကြည့်ကို မှုဟန့်မတူ။ တမင်တကာ ညစ်ကျယ်ကျယ် မျက်နှာပေးမျိုး ဖမ်းကာ လည်တိုင်ကို ခပ်မော့မော့လုပ်ရင်းက မြစ်ဖျားကို ပခုံးချင်းတိုက်ပစ်သည်။ ကာယကံရှင်ဆန္ဒမပါဘဲ ငြိက တစ်စုံတစ်ခုကို တိုက်တွန်းနေသယောင်။ ပြိုင်ဘက်နဲ့ ငြိတို့နှစ်ယောက်ကြားမှာ မျက်နှာငယ်နဲ့ ဗျာများရသူက မြစ်ဖျား။ သူ့ကိုပဲ မပြောရက်သလို ဟိုတစ်ယောက်ကိုလည်း မလွန်ဆန်ရဲတဲ့အဖြစ်မျိုးနှင့်။

"ဟိုလေ…ပြိုင်ဘက်ရဲ့ ဟိုဟာ"

"ဟော…ဒါ ညည်းသူငယ်ချင်းဆိုတာလား မြစ်ဖျား"

ရေပုံးကြီးနှစ်ပုံးကို လက်တစ်ဖက်စီ မျှဆွဲလာတဲ့ မြစ်ဖျားဒေါ်လေးက မြစ်ဖျားကို အခက်အခဲထံမှ ဆွဲထုတ်လိုက်သည်။ မြစ်ဖျားက ပြိုင်ဘက်ရှေ့ ငြိရဲ့ဘေးနားမှာ ထိုင်နေရာက ရုတ်တရက်ထပြေးကာ သူမဒေါ်လေးလက်ထဲမှ ရေတစ်ပုံးကို လွှဲပြောင်းသယ်ရင်း…

"ဟုတ်တယ် ဒေါ်လေးရဲ့ ပြိုင်ဘက်တဲ့၊ မြစ်ဖျားနဲ့အတန်းတူပဲ၊ သူလည်း ကျောင်းသားအသစ်"

စိုး:မိုး:၁၇၄၉



"သြော်…ပြိုင်ဘက်တဲ့လား"

မြစ်ဖျားအဒေါ်က ပြိုင်ဘက်ကို မေးလည်းမေးရင်း အကြည့်က အခုထိ မြစ်ဖျားမယူရသေးသော ပြိုင်ဘက်လက်ထဲက စက္ကူထုပ်ထံ ရောက်သွား၏။

"အဲဒီအထုပ်က ဘာတွေလဲဟဲ့"

"ဒေါ်လေးကလဲ"

မြစ်ဖျားက ဝင်ဟန့်ပေမဲ့ မအောင်မြင်။ ပြိုင်ဘက်ကတော့ မြစ်ဖျားထံ မေးငေါ့ပြရင်း…

"မနေ့က မြစ်ဖျား ဖိနပ် ကျွန်တော့်ကြောင့် ပြတ်သွားလို့လေ၊ ဒီနေ့ အသစ်ဝယ်လာပေးတာ"

"အမယ်…ငါ့တူမတော့ ဒီနှစ်ရတဲ့ သူငယ်ချင်းတွေက တကယ့်အကောင်းစားတွေ ပါလားဟေ့၊ မင်းမပေးခင်ကတည်းက ဒီကလေးမကလည်း မြစ်ဖျားအတွက်ဆိုပြီး ဖိနပ်တွေရော၊ ကျောင်းဝတ်စုံတွေ၊ လွယ်အိတ်တွေ အများကြီးပဲ လာပေးထားတာ"

"ဒေါ်လေးရယ်"

မြစ်ဖျားနှုတ်မှ ရှက်ရွံ့စွာ တားမြစ်သံက လည်ချောင်းဝမှာတင် တိမ်ဝင်သွားသည်။ ဒေါ်လေးကတော့ မြစ်ဖျားအဖြစ်ကို မသိ။ ပြောချင်ရာပြောပြီး ဆိုင်ခင်းရန် ပြင်ဆင်နေသည်။ သူတစ်ပါးစေတနာကို စော်ကားလိုခြင်းမျိုးမဟုတ်။ ဒါပေမဲ့ သူများစွန့်ကြဲတာကို ဂုဏ်ယူနေရလောက်အောင်လည်း မြစ်ဖျား မျက်နှာမပြောင်ရဲ

စိုး:မိုး:၁၇၄၉

www.burmeseclassic.com

www.burmeseclassic.com



ချေ။ ရှက်သည့်စိတ်ကြောင့် မျက်လွှာကို ဖျတ်ခနဲချသည်။ အမြင်အာရုံထဲ တိုးဝင်လာတာက သဲကြိုးအား ချိတ်နဲ့တွယ်ထားရတဲ့ မြစ်ဖျားရဲ့ဖိနပ်လေး။ အားငယ်စိတ်က မြစ်ဖျား လှိုက်ခနဲ ဝေ့တက်လာသော မျက်ရည်ကြည်များအဖြစ် ပြောင်းသွား၏။ မြစ်ဖျားဘဝဟာ ဘာကြောင့်များ ကုသိုလ်ကံနည်းပါး မွဲချာရပါသလဲ။

"မြစ်ဖျား"

နူးညံ့ပြီး တိုးသက်သော ခေါ်သံ။ မြစ်ဖျား ခေါင်းမော့ကြည့်တော့ မြစ်ဖျားဘေးနားမှာ ရပ်နေသော ဖြိုးင်ဘက်ကို နီးကပ်စွာ တွေ့ရသည်။ ရှင်းသန့်သော ကိုယ်သင်းရနံ့တစ်မျိုး ဖြိုးင်ဘက်ထံမှ ပျံ့လွင့်လာသလို။

"ဘာတွေ ဒီလောက် စဉ်းစားနေတာလဲ မြစ်ဖျား၊ နင့်အတွက် ငါစုထားတဲ့ မုန့်ဖိုးထဲက ဝယ်လာတာ၊ ဖိနပ်က အပြာရောင်လေး၊ နင့်ခြေထောက်နဲ့ဆို လိုက်မှာပဲ၊ ရော့"

ဖိနပ်လေးက အပြာရင့်ရင့်။ ခြေမကြိုးသိုင်းဖြစ်ပြီး ကျန်ကြိုးပြားကြီးတွေက ရှင်းရှင်းလေး။ ဖိနပ်နောက်ခြေက အနည်းငယ်ခုံထူထားတာမို့ မြစ်ဖျား မြင်မြင်ချင်း သဘောကျသွားသည်။ ပြီးတော့ ဖြိုးင်ဘက် တကူးတက ဝယ်လာသည်ဆိုသော အတွေးကြောင့်လည်း ရင်ထဲ နွေးသွား၏။ မငြင်းချင်တော့သော စိတ်ကြောင့် ဖိနပ်ကိုလှမ်းယူရန် လက်အလှမ်း မြစ်ဖျားထက်မြန်သော လက်တစ်ဖက်ဟာ ဖြိုးင်ဘက်လက်ထဲက ဖိနပ်ကို ဖျတ်ခနဲ ဆွဲယူ



လိုက်ပြီး...

"ဟွန်း...အပေါစားကြီး"

ငြိမ်က ဖြိုးင်ဘက်ဖိနပ်ကို ဖင်တပြန် ခေါင်းတပြန် စေ့စပ်စွာကြည့်ပြီး ဝေဖန်လိုက်သောကြောင့် ဖြိုးင်ဘက်ရဲ့ဒေါသကို ထိန်းမရတော့။

"နင်နဲ့ဘာဆိုင်လဲ"

ပြောပြီး ငြိမ်လက်ထဲက သူ့ဖိနပ်ကို ပြန်ဆွဲလုသည်။ ဖိနပ်က ဖြိုးင်ဘက်လက်ထဲ ပြန်ပါသွားပေမဲ့ မကျေလည်ခြင်းတွေက နှစ်ဦးစလုံးမှာ အရှိန်တက်လာ၏။

"ဆိုင်တာပေါ့၊ မြစ်ဖျားက ငါ့သူငယ်ချင်း"

"မြစ်ဖျားကို နင့်ထက်စောပြီး ငါသိခဲ့တာ၊ နင်နေရာတကာ ဝင်မပါနဲ့"

"မပါလို့မရဘူး၊ မိန်းကလေးချင်း လက်ဆောင်ပေးတာသင့်တော်တယ်၊ ယောကျ်ားလေးက ပေးတာမျိုးကြတော့ မိန်းကလေးတိုင်း လက်ခံဖို့ မသင့်တော်ဘူး၊ စေတနာကို ဗန်းပြပြီး အရောင်ဆိုးချင်တဲ့စိတ်မျိုးနဲ့ ပေးရင် ဘယ်လိုလုပ်မလဲ"

"နင် တော်တော့ စွဲငြိ"

ဖြိုးင်ဘက်က ပိတ်အော်သည်။ ဒေါသကို ထိန်းမရသလိုမျိုးနှင့် ငြိမ်ကို စူးစူးဝါးဝါး စိုက်ကြည့်၏။ ငြိမ်ကလည်း မျက်တောင်မခတ်စတမ်း ဖြိုးင်ဘက်မျက်နှာကို အေးစက်စက် ပြန်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အကြည့်နှစ်စုံသည် ပူခြင်း၊ အေးခြင်း ဆန့်ကျင်ဘက်အသွင်ဆောင်ကာ သက်ရောက်ခြင်းအမျိုးမျိုးနှင့် ဆုံစည်းပြီးမှ…

"ငါ့ခင်မင်မှုဟာ ဘာအရောင်မှမပါသလို အရိပ်လွှမ်းမိုးချင်တာလည်း မပါဘူး၊ အဖြူရောင်ပဲ၊ အဲဒါကို နင်မြဲမြဲမှတ်ထား"

"ဟွန်း…လာလာချည်သေးတယ်"

ငြိက လက်ပိုက်ကာ ခနဲ့တဲ့တဲ့ ပြောရုံမက မျက်ဝန်းတွေက အေးစက်နေသလောက် နှုတ်ခမ်းတွေကို ခပ်မဲ့မဲ့ပြုံးထားပုံက လူတစ်ယောက်ကို အနိမ့်ဆုံးရောက်အောင် နှိပ်ကွပ်ရန် ပြင်ဆင်ထားတဲ့သူလို။

"ပုံပြင်တွေ လာပြောမနေနဲ့၊ နင့်ရဲ့ဖြူစင်မှုကို ဘယ်လိုမှတ်ကျောက်နဲ့ သွားစမ်းသပ်ရမလဲ၊ မယုံရတဲ့လူတန်းစားထဲမှာ နင်တို့ယောကျ်ားတွေက ပထမတန်းစားပဲ အဲဒါဝန်ခံလိုက်"

"တောက်…နင်"

ရှူးရှူးရှဲရှဲဖြစ်သွားတဲ့ ဒေါသနောက်မှာ ပြိုင်ဘက်ရဲ့ ခြေရောလက်ရော လိုက်ပါရန်အသင့်။

"ကဲပါဟယ်…ငြိလည်းတော်တော့၊ ပေး…ပေး ပြိုင်ဘက်၊ ငါယူမယ်သီလား၊ ငါစီးပါ့မယ်"

မြစ်ဖျားက ထပ်ပြီး မချေမငံဖြစ်လာဖို့ ရှိသည့် သူတို့နှစ်ယောက်ကြား ဝင်ရပ်ကာ ပြိုင်ဘက်လက်ထဲက ဖိနပ်ထုပ်ကို ဆွဲယူသည်။ မြစ်ဖျားကြောင့် ပြိုင်ဘက် ဒေါသကို လျှော့ချပေမဲ့





ငြိကတော့ မြစ်ဖျားပခုံးကို သူ့မဘက် ဆွဲလှည့်ကာ…

"ဒီတစ်ခါပဲ နင်ယူရမယ် မြစ်ဖျား၊ ကြားလား၊ နောက်နင်လိုအပ်သမျှ ငါတာဝန်ယူမယ်"

"အေးပါဟယ်…ငြိကလဲ၊ ပြိုင်ဘက်ကို အားနာစရာကြီး"

"အားနာရာက ခါးမပါသွားအောင် နင်သတိထား"

ငြိက သူပြောချင်တာပြောပြီး နေရာက ချာခနဲလှည့်ထွက်သွား၏။ ငြိ ကျောပြင်ကို ပြိုင်ဘက်က လက်သီးနှင့်ရွယ်သည်။ မြစ်ဖျားက ပြိုင်ဘက်လွယ်အိတ်ကို အမိအရလှမ်းဆွဲရင်း…

"စိတ်လျှော့ပါ ပြိုင်ဘက်ရယ်"

"ဒီ့ထက်လျှော့ရလည်း ငါ အသက်ပါထွက်သွားရုံပဲရှိတော့တယ်"

ဒေါသကြောင့် နှာသီးဖျားတွေ နားရွက်တွေပါ နီမြန်းမြန်းဖြစ်နေသည့် ပြိုင်ဘက်ရဲ့ မိုက်တိမိုက်ကန်းရုပ်ကို မြစ်ဖျားက ကြည့်ရင်း ဟီခနဲရယ်ချတော့ ပြိုင်ဘက်က စူပုပ်ပုပ်နှင့်…

"ဘာရယ်တာလဲ၊ နင်က ငါ့ကို"

"နင်ဒေါသထွက်တာ ရယ်ချင်စရာလေး"

"မြစ်ဖျား"

ပြိုင်ဘက်က ခါးထောက်ပြီး ခေါ်သည်။ စူပုပ်တဲ့မျက်နှာက နည်းနည်းတော့ ဒေါသတွေ လျော့သွားကာ မချိုမချဉ်ဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။

"မြစ်ဖျား"

"အဟုတ်ပြောတာ၊ စတွေ့တုန်းက နင့်ကို ရိုးရိုးအေးအေး ကောင်လေးလို့ မြစ်ဖျား ထင်ထားတာ"

"အောင်မာ…အခုရော"

ပြိုင်ဘက် နှုတ်ခမ်းမှာ အပြုံးရိပ်ထင်ကာ မေးသည်။ မြစ်ဖျား မျက်ဝန်းတို့ မှိတ်ကျသွားတဲ့အထိ ရယ်ရင်း…

"အခုတော့ ပူပူလောင်လောင်ကောင်လေးလို့ ထင်တာပေါ့"

သူ့ဟာသူပြောပြီး ပါးချိုင့်တွေခွက်အောင် မျက်ဝန်းတွေမှိတ်ကျအောင် ရယ်နေသော သူငယ်ချင်းမလေးကို ပြိုင်ဘက်က ငေးကြည့်ရင်း စောစောက ဖြစ်ခဲ့ရသော ဒေါသတွေ ရင်ထဲမှာ အစအန ရှာလို့မရအောင် ပျောက်ကွယ်သွားပြီဆိုတာ ပြိုင်ဘက် သတိထားမိသည်။ တသိမ့်သိမ့် ရယ်မောနေသည့် မြစ်ဖျား ခေါင်းလေးကို လက်ဝါးဖြင့် ဖိနှိပ်အုပ်ခါရင်း သူပါ ရယ်မိသောအခါ ရင်ထဲအေးချမ်းသွားသလို။ ငါ ဒေါသထွက်တိုင်း နင် ဒီလိုရယ်မယ်ဆိုရင် ငါ လူဆိုးဖြစ်ချင်ဖြစ်ပါစေတော့ မြစ်ဖျား။ အလကားရတဲ့ ဒေါသတွေ ငါထုတ်ပြပါ့မယ်။ နင်ရယ်နေတာကို ကြည့်ပြီး ငါ့ရင်မှာ ကြည်နူးရလို့ပါ။

◆ ◆ ◆

## အခန်း (၄)

"သင်းအကြောင်း ခေါင်းထဲရောက်ရင် တစ်စက်ကလေးမှ ကြည်နူးစရာမရှိဘူး၊ တွေးမိတဲ့အချိန်တိုင်း ခေါင်းကိုက်ရတာချည်းပဲ၊ ဒေါသကြောင့် သွေးတွေ ဆောင့်တိုးနေလို့လေ"

"ပြိုင်ဘက်က အဲဒီလောက်ကြီး မဆိုးပါဘူး၊ ငြိရယ် အခု သူနောက်ကျနေတာလည်း ငါတို့စားဖို့အတွက် မုန့်တွေဘာတွေ ဝယ်နေလို့ဖြစ်မှာပေါ့"

"မထင်…ဖြစ်ရင်လည်း နင့်အတွက်ပဲပါမှာ"

"ငါ့အတွက်ပါတော့ရော နင်က မစားဘူးလား"

"စားမှာပေါ့၊ သင်းမသထာလေလေ၊ ကဲကဲဆတ်ဖြစ်လေလေ ငါက ပိုအရသာရှိလေလေပဲ"

ငြိ အပြောကို မြစ်ဖျား ခဲတံချွန်နေရာမှ ရယ်တာမဆုံးနိုင်။ မြစ်ဖျား ခဲတံအဖျားနားကို ချွန်၊ မချွန် ပါးတစ်ဖက်စောင်းပြီး



www.burmeseclassic.com

ထိုးကြည့်သည်။ ပြီးတော့မှ ကျေနပ်အားရစွာ…

"ချွန်နေတာပဲ၊ အပ်ဖျားလေးအတိုင်းပဲ၊ ကဲ ပေး နင့်ရဲ့ ဘိုင်အိုစာအုပ်"

မျက်စိရှေ့ ထပ်ထားသော စာအုပ်ပုံထဲက ဘိုင်အိုစာအုပ်ကို မြစ်ဖျားပဲ ကိုယ့်ဟာကိုယ်ပဲ ရှာဖွေယူရသည်။ ငြိကတော့ စာကြည့်စားပွဲပေါ် မေးထောက်ရင်း ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်နေရသော ခြံဝကိုငေးလိုက်၊ လက်မှနာရီလေးကို ကြည့်လိုက်နှင့် အငြိမ်မနေဘဲ…

"နင်ကသာ သင်းရှေ့က ကာဗာလုပ်နေတာ၊ အခုလည်း တမင်နောက်ကျနေတာ နေမှာ၊ သချင်္ချာလေးမရလို့ သူ့ဆရာတင်မိပါတယ်၊ မာနက မိုးထိအောင် ခေါင်းခိုက်ဦးမှာ၊ ပြီးရင် ကြုံတိုင်း ပြောပါလိမ့်မယ် အထက်စီးက၊ သချင်္ချာတစ်ပုဒ်ရှင်းပြပြီး ဆယ်တန်းစာအားလုံး သူ့ကြောင့် ငါရတဲ့ဒီဇိုင်းနဲ့ ငါ့ကိုပါ ရှင်းပြခိုင်းလို့ တမင်နောက်ကျနေတာ၊ ဒီနေရာမှာ နင်တစ်ယောက်တည်း ရှင်းပြခိုင်းကြည့်ပါလား၊ ပြိုင်ဘက်တို့ ပြေးလာပါလိမ့်မယ်၊ ဟွန်း… အဝေးကတောင် အမြီးနံ့နေမှာ မြင်ယောင်သေး"

"ငြိရယ်…နင်ဟာလေ ပြောလိုက်ရင် တကယ့်ကွက်ကွက်ကွင်းကွင်းပဲ"

"အေး…အဲဒီလို ပြောတတ်လွန်းလို့ သင်းနဲ့ငါမတည့်တာ၊ ငါက မြင်သမျှ မသိသလို မနေတတ်ဘူး၊ မြင်တာကို ဒါအမှန်လို့





ကြွေးကြော်ရဲတဲ့သတ္တိ ငါ့မှာရှိတယ်၊ နင်လည်း အလိုတူအလိုပါပဲ မြစ်ဖျား"

"အယ်…ငါက"

မြစ်ဖျား ဆွဲလက်စပုံကို ရပ်ပြီး ငြိကို မျက်လုံးပြူးလေးနှင့် ပြန်မေးသည်။ ရင်ဘတ်လေးဖိပြီး တအံ့တသြမေးနေသည့် မျက်နှာထက်မှာ ယုံကြည်ရဲတဲ့ခြင်းတွေ ဘယ်အခါမှ မတွေ့ရ။ နူးနူးညံ့ညံ့လေး ပြုံးတတ်ပြီး တိုးတိုးရှုရှုလေး ပြောတတ်တဲ့ မြစ်ဖျားပုံသဏ္ဍာန်လေးဟာ လေပြင်းတိုက်ရာ နွဲ့ယိမ်းမဲ့ မြက်ပင်ကလေးလို။ အဆိပ်အတောက်ကင်းတဲ့ ဒီသူငယ်ချင်းလေးကို ငြိက ခင်မင်ရပါသည်။ နဂိုကတည်းကမှ တစ်ဦးတည်းသောသမီး။ ထိုမှတစ်ဆင့် အားကိုးရာမဲ့ခဲ့တဲ့ ငြိဟာ မြစ်ဖျားကိုတော့ သွေးသားအရင်းအချာလို ချစ်ခင်ခဲ့တာပါ။ ဒါတောင် ပြိုင်ဘက်က ငြိတို့ရဲ့ ဆက်ဆံရေးကြား သွေးထိုးသေးတာ။

"နင့်ကို ခိုင်းကောင်းလို့ ခင်နေတာမြစ်ဖျား၊ သူ့စိတ်ကို သိပ်ယုံစားမနေနဲ့၊ ခိုင်းလို့မရတဲ့တစ်နေ့ကျရင် နင့်ကို ကန်ထုတ်မှာ၊ ရုပ်ကိုက ဟစ်တလာသေပြီး ဝင်စားသလားထင်ရတယ်၊ သွေးအေးအေးနဲ့ ရက်စက်မဲ့ရုပ်"

ငြိက ကွယ်ရာမှာ ဝေဖန်တာမျိုးမဟုတ်။ ရှေ့တင်ပြောပြီး ရတ်ခနဲ ကျောခိုင်းရက်သူ။ တကယ်ဆို ငြိနဲ့ပြိုင်ဘက်မှာ သူသာလျှင် တကယ်ရက်စက်တတ်သူ။

www.burmeseclassic.com



"ဟယ်...ပြောလေ ငါက ပြိုင်ဘက်နဲ့ အလိုတူအလိုပါကိစ္စ"

"ကြားချင်နေလည်း နားဆင်ပေါ့၊ နင်တို့ကို ငါနဲ့အတူစာလာသင်နိုင်းတော့ ငြင်းလိုက်တာ ခါးခါးသီးသီး၊ ဘုန်းကြီးကျောင်းက သင်တဲ့ ပညာဒါနကျတော့ သွားတက်တယ်ဆို"

"ငါက နင့်ကို အားနာလို့ပါငြိရယ်"

ဆွဲလက်စပုံကို လက်စသတ်ပြီး ခဲတံချရင်း မြစ်ဖျားက ဖြေရှင်းသည်။ ငြိဟာ မြစ်ဖျားအပေါ် ဘာမဆို ဖြည့်ဆည်းပေးချင်တာ မြစ်ဖျားသိသည်။ ကျေးဇူးလည်းတင်သည်။ ဒါပေမဲ့ အတိုင်းအဆမဲ့ ရက်ရောမှုတွေကို ကြာတော့ လက်ခံရသူ မြစ်ဖျားက အားနာလာသည်။ မြစ်ဖျား မကျေမနပ်နှင့် စိုက်ကြည့်နေသော ငြိ ပါးလေးကို မနာအောင် ဖွဖွလေးလိမ်ဆွဲသည်။ ငြိဟာ ဘိုမရုပ်ကလေးလိုပင်။ နို့နှစ်ရောင်အသား၊ မျက်ဝန်းပြာ၊ နှာတံချွန်ချွန်နှင့် နှုတ်ခမ်းလန်လန်လေးများကြောင့် တော်ဝင်အလှတရားများနှင့် ချစ်ဖို့လည်းကောင်းသည်။ စိတ်ထားကျတော့လည်း အပြစ်ပြောစရာမရှိအောင် ဖြူစင်သူ။ တစ်ခုပါပဲ။ အနိုင်လိုချင်စိတ်နှင့် သူတစ်ပါးအပေါ် ဂျီတိုက်လိုခြင်းသာ။ မြစ်ဖျားကတော့ ငြိဘဝအကြောင်း သိနေသူမို့ ဘာပဲဖြစ်ဖြစ် နားလည်သည်။ နားလည်ခြင်းကို မပေးနိုင်သူက ပြိုင်ဘက်။

"ဘာဂျီတိုက်တာလဲ၊ ဂျီတိုက်ရအောင် သူက ကလေး



လား၊ အလကား...အဲဒါ လွှမ်းမိုးချင်တာ၊ နေရာတကာ ဗိုလ်လုပ်ချင်တာ၊ ငါ့တော့ လာမလုပ်နဲ့၊ မရဘူး၊ ဒီလောကမှာ သည်းခံမဲ့သူ၊ လိုက်လျောဖြည့်ဆည်းပေးမဲ့သူဆိုလို့ တစ်ယောက်တည်းပဲရှိတယ်၊ အဲဒါ နင်ပဲ မြစ်ဖျား"

မြစ်ဖျားအတွက်တော့ သိမ်ငယ်စရာ သူ့မဘဝမှာ ပြိုင်ဘက်နဲ့ငြိက ဘုရားသခင် ဖန်ဆင်းပေးသော နေနှင့်လကို ပိုင်ဆိုင်ရသလိုပင်။ တစ်ယောက်က စွမ်းအင်ပေးပြီး ငြိမ်းချမ်းခြင်းက တစ်ယောက်က ပေးသည်။

"ဘာကိုအားနာတာလဲ မြစ်ဖျား"

ငြိ အသံကြောင့် မြစ်ဖျားထံမှ တွေးလက်စအတွေးက တိခနဲပြတ်သည်။

"ငြိက မြစ်ဖျားကို အရာရာကို ပံ့ပိုးနေတာဆိုတော့"

"ဘာဖြစ်လဲ၊ ငြိချစ်တဲ့သူကို ပေးတာပဲ၊ မြစ်ဖျားကို ပေးလိုက်ရလို့ ငြိအတွက် လျော့သွားစရာမှမရှိတာ"

"ငြိ အဲဒီလိုပြောလိုက်တိုင်း မြစ်ဖျားစိတ်ထဲ သိမ်ငယ်သွားသလိုပဲ"

မျက်နှာလေး ညှိုးကျသွားပြီး အားငယ်ရိပ်ဆင်တဲ့ မြစ်ဖျားကြောင့် ငြိ ရင်ထဲမကောင်း။ ငြိက တီရှပ်အဝါနု၊ အနက်ပေါ် အဝါပန်းလေးတွေ ကြဲပက်ထားသော ထဘီနှင့် ကျောလယ်လောက်ရှိသော ဆံပင်ပါးပျော့ပျော့လေးတွေ ပိုင်ဆိုင်သော

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းမလေးအား ပခုံးဖက်လိုက်ရင်း…

“ဘာမှသိမ်ငယ်စရာမလိုဘူး၊ မြစ်ဖျားဘဝ တစ်လျှောက်လုံး ငြိက တာဝန်ယူမှာ၊ လိုအပ်ရင် ယောကျ်ားတောင်ရှာပြီးပေးစားဦးမှာ၊ သူဌေးသား၊ ရုပ်ချောချော၊ စတိုင်(လ်)ခပ်မိမိနဲ့ ပညာတတ်လေ”

“မလိုပါဘူး”

အသံနှင့်အတူ ရိပ်ခနဲ ပြိုင်ဘက်က မြစ်ဖျားဘေးခုံမှာ ဝင်ထိုင်သည်။ ပြေပြစ်ခြင်းမရှိသော ပြိုင်ဘက်မျက်နှာဟာ ခက်ထန်နေ၏။ ထူထဲစိမ်းညို့သော မျက်ခုံးတွေကို ထုံးစံအတိုင်း အတွန့်ချိုးထားသဖြင့် မျက်နှာမှာ မှုန်ကုပ်ကုပ်။ အနီရောင် ချိုင်းပြတ်တီရှပ်ကြောင့်လား၊ နေပူထဲမှ စက်ဘီးနင်းလာရလို့လားမသိ ပြိုင်ဘက်မျက်နှာက သိသာစွာနီမြန်းလို့။

“စာမလုပ်ဘဲ ဒီအကြောင်းတွေ ပြောနေတာလား မြစ်ဖျား”

ငြိကို ဦးတည်မပြောဘဲ ပြိုင်ဘက် ဗဟိုပြုတာ ငြိဆိုတာသိပြီးသား။ ငြိကလည်း မကျေလည်ခြင်းများနဲ့ စိုက်ကြည့်ကာ…

“စာလုပ်မဲ့လူကို စောင့်ရင်းနဲ့ပြောနေတာ”

ပြိုင်ဘက်ထံမှ စွေစောင်းစောင်းအကြည့်က ဒီတော့မှ ငြိထံ ရောက်လာပြီး…

“နင်နားမလည်တဲ့ ပုစ္ဆာတွေ ရွေးထုတ်ထားလိုက်





မြစ်ဖျား၊ နင့်အတွက် လက်ဖက်သုပ်ထည့်လာတယ်၊ မေမေ့လက်ရာ ဟ၊ လက်ဖက်အသားက ဆီစိမ်ပြီးအိနေတာပဲ၊ လာ စားရအောင်”

နှစ်ဆင့်ချိုင့်ကိုဖွင့်ရင်း ပြောတဲ့ ပြိုင်ဘက်မျက်နှာက မြစ်ဖျားဆို ပြုံးမြမြ။ စပရိန်ရုပ်နဲ့ နှာဘူးကောင်လို့ ငြိက စိတ်ထဲမှာ နာမည်ပေးရင်း…

“ငြိတို့ကတော့ အမေ မရှိတော့ မေမေ့လက်ရာဆိုတာ မစားရတာကြာပြီ၊ မှန်းစမ်း တစ်ဇွန်းလောက်”

ငြိက ဖိုးဖိုးဖတ်ဖတ်နှင့် လက်ဖက်တစ်ဇွန်း ခပ်စားသည်။ နီရဲနေသည့် ပုဇွန်တုပ်ကြွေးကြွေးကြီးတွေကို ဇွန်းနှင့် မရမကခပ်ပြီး အားပါးတရဝါးတာက မျက်လုံးတွေဘာတွေတောင်မှိတ်လို့။ အများကပြောတာတော့ ငြိရုပ်ဟာ သိပ်ချစ်စရာကောင်းသတဲ့။ ရွယ်တူကောင်လေးတွေ အမြင်မှာ ဟုတ်ပေမဲ့ ပြိုင်ဘက်အတွက်တော့ ဖွဲငြိဟာ အစားကျူးဘီလူးမနဲ့ လာတူသလိုပင်။ အားမနာစတမ်း တစ်ဇွန်းပြီးတစ်ဇွန်း ခပ်စားနေတဲ့ ဖွဲငြိကြောင့် ပြိုင်ဘက် ကြာကြာ သည်းမခံနိုင်။ နောက်တစ်ဇွန်း ခပ်စားဟန်ပြင်တဲ့လက်ကို ဖတ်ခနဲ ရိုက်ချသည်။

“ဘာလုပ်တာလဲ ဒါက”

ပြန်မေးတာတောင် အပေါ်ကြောက။ ပြိုင်ဘက်ကလည်း ခပ်တည်တည်ပင်။ လက်ဖက်သုပ်ချိုင့်ကို သူ့ရင်ဘတ်နား ဆွဲယူကာ လက်နှစ်ဖက်နဲ့ ယုက်ကာရင်း…



www.burmeseclassic.com

www.burmeseclassic.com



"တော်သင့်ပြီလို့ အချက်ပေးတာ၊ သူများမသထာတာမှ တော်တော်စားကောင်းနေတယ် ဟုတ်လား"

"ကောင်းတယ်များ ထင်လား၊ ဝေးသေး၊ ငြိအိမ်ကသုပ်တဲ့ လက်ဖက်က နင့်ထက် အဆတစ်ရာသာတယ် မှတ်ထား၊ အမြင်ကတ်လို့စားတာ"

"ဟုတ်သားပဲ ပြိုင်ဘက်ရယ်၊ ငြိစားတာပဲ စားပါစေ၊ ငြိ သနားပါတယ်"

မြစ်ဖျားက ပြိုင်ဘက်နား တိုးတိုးကပ်ပြောတာ။ စားလက်စကို ဆွဲလုပြီး အသိမ်းခံရတာ ဘယ်လောက်ဝမ်းနည်းစရာကောင်းမလဲလို့ ငြိဘက်က တွေးပေးတာ။ ပြိုင်ဘက်ကတော့ ဒီလိုမဟုတ်။ မှန်တယ်ထင်ရင် အလျှော့မပေးနိုင်သော ရုပ်တည်ကြီးနှင့်။

"ဘာမှအားနာစရာမလိုဘူး မြစ်ဖျား၊ သူက နေရာတကာကို အလျှော့ပေးတိုင်း အခွင့်ကောင်းယူနေတာ၊ ငါ့မှာ မိဘမရှိဘူးဆိုပြီးတော့၊ မရှိတဲ့မိဘတောင် တမလွန်ကနေ သူ့ဆိုးပုံကိုကြည့်ပြီး ဝမ်းသာနေမှာ၊ စွဲငြိရဲ့မိဘအဖြစ် ကြာကြာမနေရတာ ကံကောင်းတယ်ဆိုပြီးတော့"

ပြိုင်ဘက်စကားကြောင့် ငြိရင်ထဲ ကျင်ခနဲဖြစ်သွားသည်။ ငြိရဲ့ အပြုအမူလေးအတွက် အပြောခံရတာနှင့်မတန်။ ပြိုင်ဘက်ဟာ မြစ်ဖျားအတွက်ဆို ငဲ့ညှာထောက်ထားသလောက် ငြိကိုဆိုရင်တော့





အရက်စက်ဆုံးစကားလုံးနဲ့ ရွေးချယ်ပစ်ပေါက်စမြဲ။ ငြိ နာကျင်ကြေကွဲအောင် လုပ်တတ်စမြဲ။ လွှင့်ပစ်လိုက်စမ်း ငြိ။ သူပေးသမျှ သိမ်းကျုံးပွေ့ပိုက်ထားရအောင် ပန်းပွင့်မှမဟုတ်တာ။ အရှုံးပေးပြီး ခေါင်းမငုံ့နဲ့။ ငြိက ကုတ်ထောက်ရုံထားတဲ့ ဆံပင်ကုတ်ကုတ်လေးကို ဝဲခနဲနေအောင် ခါပစ်သည်။ ခေါင်းတစ်ချက်အရမ်းမှာ နာကျင်မှုတွေကို ခါထုတ်ပြီးဖြစ်၏။

"ကောင်းတာပေါ့၊ မိဘရှိနေရင် ထိန်းကွပ်ဦးဆောင်တာ ခံနေရဦးမယ်၊ နင့်လိုမျိုး မုသာဝါဒလည်း ကျူးလွန်နေရဦးမယ်၊ အိမ်က ကျူရှင်ခတွေ လိမ်တောင်းပြီး မြစ်ဖျားနဲ့အတူ ပညာဒါနသွားတက်၊ လိမ်တောင်းထားတဲ့ငွေ၊ ခိုးထားတဲ့ပိုက်ဆံတွေနဲ့ မြစ်ဖျားကို ဖြည့်ဆည်းနေရတာ နင့်အစားပင်ပန်းလိုက်တာ ပြိုင်ဘက်ရယ်"

"အို…ငြိ"

"နင်မဆိုင်တာ မပြောနဲ့"

"သိတာတော့ ပြောမှာပဲ"

ငြိက ဖျက်ယွင်းသွားတဲ့ မြစ်ဖျားမျက်နှာ မထောက်နိုင်။ ရင်ထဲက အနာရှိန်ကြောင့် ဒေါသဟာ ပါမစ်ယူစရာမလိုဘဲ တွေ့ရာမြင်ရာ တိုက်ချမွှေယမ်းပစ်ချင်တဲ့ မြစ်ဖျားတစ်စင်းလို။ မုန်တိုင်းဟာ သူ့လမ်းကြောင်းမှာ တွေ့သမျှ ဆွဲယူပစ်ပေါက်ခွဲတာပင်။ ဒါ ကလေး၊ ဒါ တောင်တန်းပါဆိုပြီး ချန်ရစ်ခဲ့သလား။ ဒီလိုပဲ ငြိဒေါသမှာ လစ်မစ်မရှိ။ ဘရိတ်မရှိ။



www.burmeseclassic.com

www.burmeseclassic.com



"ငါကတော့ အိုးပင်း(န်)ပဲ၊ ကျွေးချင်တဲ့လူကို ကျွေးမယ်၊ ပေးချင်တဲ့လူကို ပေးမယ်၊ အမြင်ကတ်တဲ့လူကို လွှတ်လပ်စွာမုန်းမယ်၊ မုန်းသမျှ စာစီပြီး ပြောပစ်ဖို့စကားလုံးလည်း မွေးထားတယ်၊ ကဲ…ဘာဖြစ်လဲ"

အဲဒါဟာ စွဲငြိရဲ့စတိုင်(လ်)။ ငြိဆိုတဲ့ သူမကို မထိနဲ့။ ထိပါးတာနှင့် ထွက်လာပါလိမ့်မည်။ နှုတ်ခမ်းပါး၊ လျှာပါးက စကားလုံးတွေဟာ စက်သေနတ်ပစ်တဲ့အတိုင်း။ ပြိုင်ဘက်ကလည်း လာသမျှကျည်ကို ရရာနှင့်ကာမည်။ စွဲငြိကိုတော့ အရှုံးမပေး။ ထို့ကြောင့် ထိုင်ခုံမှာ ပက်ခနဲ ကျောမှီထိုင်သည်။ စွဲငြိကို စိမ်ပြေနပြေ စိုက်ကြည့်ခြင်းထဲမှာ အမုန်းတို့က အားကောင်းစွာ။

"ငါက ဘာမှမဖြစ်ဘူး၊ ဖြစ်မှာ နင်၊ နင့်စိတ်ဓာတ်ကို သိပ်ကြော်ငြာမနေနဲ့၊ ဘယ်တော့ အမြင်ကတ်ပုဒ်မနဲ့ ကားတင်အပြေးခံရမလဲဆိုတာသာ ရင်မပြီးစောင့်ကြည့်၊ ဟွန်း…မာန်တက်လွန်းလို့"

"တင်ပြေးတဲ့လူက နင်မဖြစ်ရင်ပြီးရော"

"ငါကလည်း နင်က ပြေးပါဆိုတာတောင် ပြန်အမ်းဦးမှာ၊ နင်ဟာ ကူးစက်လွယ်တဲ့ ဗိုင်းရပ်(စ်)ပိုးလို မိန်းမ၊ ကိုယ်ရှင်သန်ဖို့အတွက်နဲ့ သူများကို ဒုက္ခပေးတယ်၊ ခြိမ်းခြောက်တယ်၊ နင့်လို မိန်းမမျိုးတော့ ဒီဘဝဒီမျှပဲ၊ မြစ်ဖျား"

ပြိုင်ဘက်က ခေါ်ရင်း မြစ်ဖျားလက်ကိုပါ ဆွဲကာ ထရပ်

စိုး:မိုး:စာပေ



သည်။ မခံမရပ်နိုင်ခြင်းများနှင့် ငြိ မော့ကြည့်တော့ ပြိုင်ဘက်က မြစ်ဖျားလက်ကို ဆွဲရင်း စားပွဲမှ ကွေ့ထွက်သည်။ ထို့နောက် လက်ဖက်ချိုင့်ကို သူမထံတိုးပေးရင်း…

"ဒါတွေ နင်ပဲစားလိုက်တော့၊ မြစ်ဖျားကို နင့်ရောဂါတွေ အကူးမခံနိုင်ဘူး"

ပြိုင်ဘက် ဆွဲခေါ်ရာနောက်ကို မြစ်ဖျား အရုပ်တစ်ရုပ်လို ပါသွားသည်။ ငြိနားထဲမှာ ပြိုင်ဘက်ရဲ့ နှုတ်ခမ်းဖျားမှ ထွက်လာသော စကားလုံးတိုင်း သံရည်ပူတွေ လောင်းချခံနေရသလို။ ဖြစ်လိုက်လျှင် စီခနဲကြားရသော ငြိ ဒေါသတွေကို အဆုံးသတ်ပေးသူက ပြိုင်ဘက်။ တစပြင်လို တိတ်ဆိတ်သွားသော စာကျက်ခန်းထဲမှာ အဲကွန်းစက်သံက ဆူညံနေသလို။ အေးစိမ့်မှုဟာ ရင်ထဲထိ တိုးဝင်ပြီးမှ ဒေါသကြောင့် ချက်ချင်း ရင်ပူသွားပြီး…

"နင့်ရောဂါတွေ အကူးမခံနိုင်ဘူး"

ငြိကို လှောင်ပြောင်နေသော လက်ဖက်ချိုင့်လေး။ မြစ်ဖျားဆွဲလက်စဘိုင်အိုပုံဆွဲစာအုပ်။

"အား"

အာခေါင်ခြစ်အော်ကာ စားပွဲပေါ်ရှိပစ္စည်းတွေကို ငြိ တွန်းချပစ်သည်။ မေးလိုက်ချင်သည်။ ဘယ်သူ့ကိုရော ငါ့ရောဂါကို ဝေမျှခံစားပေးခဲ့လို့လဲ။

◆ ◆ ◆

စိုး:မိုး:စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"မေမေတို့မှာ မင်းတစ်ယောက်တည်းရှိတာ၊ တက္ကသိုလ်တက်မှတော့ အဝေးသင်တွေ ဘာတွေ လုပ်မနေပါနဲ့သားရယ်၊ အေးပဲတက်ပါ၊ တိုက်ခန်းငှားထားတဲ့ လစဉ်ငွေရှိတာယ်၊ မေမေလည်း ပင်စင်ယူဖို့ အများကြီးလိုသေးတာ၊ ဒီကြားထဲ မင်းအမေရဲ့ ချစ်တီးစီးပွားရေးလည်း ရှိသေးသဗျာ၊ ကဲ…ဘာပူစရာရှိလဲ၊ တက်ပါကွ အေးပဲ၊ တက္ကသိုလ်ဆိုတာ ကျောင်းသားဘဝရဲ့ နောက်ဆုံးနေ့ရက်ပဲ၊ လူငယ်တွေရဲ့ စစ်မှန်တဲ့အပျော်ဆိုတာ တက္ကသိုလ်မှာပဲရှိတာ"

"ရှင့်သားက အကြောင်းမဲ့ အဝေးသင်တက်ချင်တာ မဟုတ်ဘူး ကိုရေ့၊ ဟိုကောင်မလေးကြောင့်"

မေမေက ဝင်ပြောတော့ ဖြိုင်ဘက် အနေရခက်သွားသည်။

ဖေဖေကတော့ အကြောင်းစုံဘာမှမသိသူမို့…

"မိဘတွေယေကတည်းက ဆုံးသွားတဲ့ ကောင်မလေး

ဦး:ပိုး:ဓာ၁ဓေ



လား"

"သြော်…ရှင့်နှယ် အသက်ကြီးလာလေလေ မှန်းဆနိုင်တဲ့ စွမ်းရည်တွေ ကျကျလာလေပဲ"

မေမေက ညနေစာဟင်းအိုးကို လက်ဆေးရေထည့်ကာ အဆုံးသတ်ပြီး မီးဖိုပေါ်တင်သည်။ ပြီးမှ ဖြိုင်ဘက်တို့သားအဖ ထိုင်နေသော ထမင်းစားစားပွဲဘက် လှည့်လာတဲ့ မေမေ့မျက်နှာပေါ်မှာ ကောက်ကြောင်းတချို့ ရေးရေးထင်သည်။ အရိပ်အကဲမဖမ်းတတ်ပေမဲ့ မေမေ့မျက်နှာရဲ့ အပြောင်းအလဲဟာ ဖြိုင်ဘက်အတွက် အနုတ်လက္ခဏာဆောင်မှန်း သူ့ ရိပ်မိသည်။

"ကဲ…ပြောပါဦး မှန်းဆနိုင်စွမ်းကောင်းသူကြီးရဲ့"

မေမေ့မျက်စောင်းတစ်ချက်က ဖြိုင်ဘက်ထံသို့ပါ တစ်ဖြိုင်တည်း။

"ရှင့်သား သူငယ်ချင်းနှစ်ယောက်စလုံးက မိဘမဲ့တွေချည်းပဲ၊ ဒီမှာ တစ်ခါပဲပြောမယ်၊ သေသေချာချာမှတ်ထားဦး၊ တစ်ယောက်က ချမ်းသာလိုက်တာမှ ကျိုကျိုတက်၊ တစ်ယောက်ကတော့ ဆင်းရဲလိုက်တာမှ"

"အဲဒီလိုတော့ မပြောပါနဲ့ မေမေရာ၊ ဆင်းရဲတာချမ်းသာတာရဲ့ ကွာဟချက်တစ်ခုတည်းနဲ့တော့ အမြင်ကျဉ်းကျဉ်းနဲ့ ကြည့်လို့ ဘယ်ဖြစ်ပါ့မလဲ"

"အမြင်ကျဉ်းတာတွေ ကျယ်တာတွေ မေမေ နားမလည်

ဦး:ပိုး:ဓာ၁ခပ
www.burmeseclassic.com

www.burmeseclassic.com



ဘူးသား၊ မေမေသိတာ တစ်ခုပဲရှိတယ်၊ ကိုယ်မွေးထုတ်ထားတဲ့ သားကို သူစိမ်းမိန်းကလေးကြောင့် ဝန်ပိတာတွေ၊ မနိုင်ဝန်ထမ်းတာတွေ မဖြစ်စေချင်ဘူး၊ မေမေ့သားကို အဆင့်အတန်းရှိတဲ့ ဂုဏ်သိက္ခာရှိတဲ့ မိန်းကလေးမျိုးနဲ့ပဲ နီးစပ်စေချင်တာ''

''မေမေက အဆင့်တွေကျော်နေပြီ၊ ကျွန်တော်နဲ့ မြစ်ဖျားက''

''အခုတော့ ရိုးသေးတယ်လေ၊ ဒါပေမဲ့ နီးစပ်မှုကြောင့် အိုးချင်းကြိုးချင်းတွေ ထိကြ၊ ငြိကြမှ မေမေက ဟောတော့ဆို ရင်ဘတ်ဖိ မကျန်ချင်ဘူး၊ မေမေတို့လည်း မချမ်းသာဘူး၊ ဒါပေမဲ့ မဆင်းရဲဘူးသား၊ သားကို ဆင်းရဲတွင်းထဲ ဆွဲချမဲ့လူမျိုးကို မေမေ အလိုမရှိဘူး''

သားမျက်နှာ ညှိုးမှန်းသိသိကြီးနှင့် ဒေါ်ခင်ခင်မိုးက ဖွင့်နှစ်ပြောသည်။ ကိုယ်မွေးထုတ်တဲ့သားပဲ၊ ဘယ်ခြေလှမ်းလှမ်းတာနှင့် ဘယ်ပန်းတိုင်ကို ဦးတည်သလဲဆိုတာ သိသည်။ ငွေမက်တယ်ပြောပြော၊ အတ္တကြီးတယ်ပဲဆိုဆို မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်တဲ့၊ တားမြစ်ကာဆီးရမဲ့ ဝတ္တရားက မိဘမှာ အပြည့်ရှိသည်။ ကုသခြင်းထက် ကာကွယ်ခြင်းက ပိုထိရောက်တာမို့ သားဘဝရှေ့ရေးအတွက် ဒေါ်ခင်ခင်မိုး ကာကွယ်မည်။ ဒါဟာ မိဘတိုင်းကို ကိုယ်စားပြုတဲ့ မိခင်မေတ္တာဖြစ်၏။

''ဟ…မင်းတို့သားအမိ ပြောတဲ့စကားတွေက မြန်မာ





စကားပေမဲ့ ငါနားမလည်ဘူးကွ''

''ဒီအချိန်ထိတော့ ရှင်နားမလည်တာ ခပ်ကောင်းကောင်းပဲ၊ ရင်ပူသက်သာတာပေါ့''

''ဒီလိုတော့ မဟုတ်ဘူးလေကွာ၊ ပြေးကြည့်မှ ဒီမိသားစုလေး သုံးယောက်ကို ငါက မသိမမှီဘဲ ကျန်နေတာမျိုးတော့ မဖြစ်ကောင်းဘူးပေါ့''

''ရှင်သိချင်ရင် ပြောပြမယ်''

''ကျွန်တော် အပြင်ခဏသွားလိုက်ဦးမယ်''

ခွင့်ပြုမိန့်မယူဘဲ ပြိုင်ဘက် ထွက်လာခဲ့တာ ဒီအတိုင်း။ မေမေကတော့ သူဒီလိုလုပ်တာကိုပဲ တွေးမိတိုင်း ရင်ထုမနာဖြစ်မှာ သေချာသည်။ မေမေ စိတ်မကောင်းဖြစ်အောင်လုပ်ဖို့ သူ မရည်ရွယ်။ ဒါပေမဲ့ မြစ်ဖျားကို ပြောမဲ့စကားတွေကျတော့ သွေးအေးစွာနားမထောင်နိုင်တာက ပြိုင်ဘက်ရဲ့ အားနည်းချက်။

''ငြိက ဂုဏ်ထူးလည်းပါတယ်ဆိုတော့ သူက ကွန်ပျူတာတက္ကသိုလ်ဖြစ်ဖြစ်၊ ဆေးတက္ကသိုလ်ဖြစ်ဖြစ် ဝင်မှာသိလား ပြိုင်ဘက်၊ ငါကတော့ ရိုးရိုးအောင်တာပဲ ကံကောင်းတယ်လို့ မှတ်ယူရဦးမှာ''

''ဘာဖြစ်လို့လဲ မြစ်ဖျားရယ်''

''ဩော်…ရိုးရိုးအောင်တော့ အဝေးသင်လျှောက်ရတာ ဒွိဟမဖြစ်တော့ဘူးပေါ့''



www.burmeseclassic.com

www.burmeseclassic.com



အကောင်းမြင်ဝါဒကို လက်စွဲထားကာ အရာခပ်သိမ်းကြိုတင်အရှုံးပေးနေသော မြစ်ဖျားကို တစ်ခါတလေတော့ ပြိုင်ဘက်က အားမလိုအားမရ ဖြစ်တတ်သည်။ ထိုအချိန် တစ်ပြိုင်တည်းမှာပင် ပေါ်လာတာက ကရုဏာတရား။ မွေးကင်းစမှာကတည်းက အမိမဲ့ကာ၊ လူမှန်းမသိခင်မှာပဲ ဖခင်က ဒီလောကကြီးက ထွက်ခွာသွားပြန်သည်။

"ငါ့ကို မီးဖွားရတာ အင်မတန်ခက်သတဲ့၊ စနေသမီးဆိုတာလည်း ပါမှာပေါ့ဟာ၊ သားဦးစနေ မီးလိုမွှေတဲ့၊ ဆိုင်မဆိုင်တော့ မသိဘူး၊ ငါ့မွေးပြီးတာနဲ့ မေမေဆုံးတယ်၊ အမေ့ပုံရိပ်က ဖြူသလား၊ မည်းသလားတောင် မသိတော့ဘူး၊ ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာဆိုရင်တော့ ငါက စွန့်ပစ်ခံရမှာ၊ မိဘမဲ့ကလေးကို သူဌေးကြီးတစ်ယောက်က ကောက်မွေးစား ဘာညာနဲ့ ဇာတ်ကလှဦးမှာ၊ ဒါပေမဲ့ ငါဖြစ်ခဲ့တာက တကယ်ဆိုတော့ အဖေက ဘယ်စွန့်ပစ်ရက်ပါ့မလဲ၊ ကိုယ့်သားသမီးကိုး ပြိုင်ဘက်ရဲ့"

"နင့်အဖေကိုရော မှတ်မိလား"

"အဟင်း…ဝါးတားတားပဲ၊ ငါ လေးနှစ်သမီးမှာ အဖေဆုံးတာလေ၊ ကုန်ကားကြီးတွေ မောင်းရင်း အဖေမောင်းတဲ့ကားမှောက်သွားတာ"

"ဩော်"

ပြိုင်ဘက်နှုတ်ခမ်းဖျားက တစ်ခွန်းတည်း နင့်သီးစွာ





ရှေရွတ်မိသည်။ ဇာတ်က မနာပေမဲ့ ပြန်လှည့်ကြည့်တိုင်း မြစ်ဖျားရဲ့ အတိတ်စာမျက်နှာက လွမ်းဆွတ်စရာကောင်းတာအမှန်။ ကြမ်းတမ်းခဲ့သော ဘဝထဲ အရွယ်နဲ့မမျှသော ဒဏ်ရာတွေ ပြည့်နှက်ခဲ့သော မြစ်ဖျားကို အေးမြတဲ့အရိပ်စစ်တစ်ခု ဖန်တီးပေးချင်တာ သူ့အလွန်လား။ ခက်တာက သူမိုးပေးတဲ့ အရိပ်ကို အပြစ်ရှာဝေဖန်သူကအနားမှာ အသင့်ဆိုတော့လည်း။ သေချာတာက မြစ်ဖျားနှင့် ပြိုင်ဘက်ကြားမှာ စကားမပြောတတ်သော သံယောဇဉ်လေညှင်းက ငြိမ့်ညောင်းစွာ စတင်တိုက်ခတ်နေပြီ။ လေပြည်ညှင်းက ပြိုင်ဘက် နှလုံးသားရပ်ဝန်းကို ဗဟိုပြု၍ ညှို့ညှို့နှောင်းနှောင်း ငြိမ့်ငြိမ့်ညောင်းညောင်းနှင့်…။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ကလင်"

စက်ဘီးဘဲ(လ်)သံ၊ မြစ်ဖျား မှတ်မိနေသော အသံ။ ဒေါ်လေးကို ဆေးတိုက်နေရာမှ မြစ်ဖျားခေါင်းက ဆတ်ခနဲထောင်သွားသည်။ အိမ်ရှေ့၌ အဝတ်လှန်းနေသော မမအေးထံမှ ခေါ်သံ ရှူးရှူးဟာ ဘဲ(လ်)သံနှင့် မရှေးမနှောင်း။

"မြစ်ဖျားရေ…ပြိုင်ဘက်လာတယ်ဟေ့၊ အိမ်ပေါ်တက်ဦး ပြိုင်ဘက်၊ မြစ်ဖျား အမေ့နားမှာနဲ့ ထင်တယ်"

မမအေးရဲ့ ညွှဝတ်ပြုသံ။

"ရတယ် မမအေး၊ ဒီမှာပဲ ထိုင်စောင့်တော့မယ်၊ မမအေးတို့စက်ရုံ ဒီနေ့ပိတ်တာလား"

"ပြိုင်ဘက်ပြောတဲ့အတိုင်း ပိတ်ပေးရင် သိပ်ကောင်းမှာ၊ ငါတို့စက်ရုံပိုင်ရှင်က လူမျိုးခြားဆိုတော့ လပြည့်လကွယ်တောင်





ပိတ်ပေးချင်တာမဟုတ်ဘူး၊ အလုပ်သမားတွေက သူမပိတ်လည်း ကိုယ့်ဟာကိုယ် ပိတ်ပစ်လို့လေ၊ မတတ်သာလို့ ပိတ်ရက်ပေးရတာ၊ အထည်ချုပ်စက်ရုံကလည်း အမြဲအလုပ်ပြတ်တာမျိုးမှ မဟုတ်တာ"

မမအေးက ရေပုံးထဲမှ အဝတ်ကို ရေစင်အောင် လိမ်ညှစ်သည်။ ပြီးမှ ဖောင်းခနဲမြည်အောင်ခါရင်း ဝါးလုံးတန်းပေါ် လွှားလှန်း၏။ မြစ်ဖျားတို့အိမ်က သူတို့နေသော တိုက်ခန်းတွေရဲ့ တစ်ဖက်ခြမ်းကျသော ရပ်ကွက်လေးထဲမှာ အတန်အသင့်ကျယ်ဝန်းသော ခြံဝင်းထဲ အိုဟောင်းပေမဲ့ သစ်သားခြေတံရှည် အိမ်လေးကြောင့် မိန်းမသားသုံးယောက်က အနေချောင်ပါသည်။ နဂို မြစ်ဖျား ဒေါ်လေး ကျန်းမာစဉ်ကတော့ သူတို့ကျောင်း မုန့်ဈေးတန်းမှာ ဈေးရောင်း၊ မြစ်ဖျား အဒေါ်ဖြစ်သူနဲ့ ဆိုင်ကူထွက်ကာ မမအေးကတော့ အထည်ချုပ်စက်ရုံရဲ့ ဝန်ထမ်း၊ နှစ်ဦးရှာပြီး သုံးဦးထိုင်စားပေမဲ့ လောက်ငှသော အခြေအနေ။

"အခု ဒေါ်လေးက ကျန်းမာရေးမကောင်းဘူး ပြိုင်ဘက်ရဲ့၊ တရှောင်ရှောင်ဖြစ်နေတာ ကြာပြီ၊ အတင်းမဲပြီး အလုပ်လုပ်နေလို့ ငယ်ကတည်းက ပင်ပန်းတဲ့ဒဏ်တွေပိတာပေါ့ဟာ၊ အိမ်မှာက မမအေးဝင်ငွေပဲရှိတော့တာဆိုတော့ ဒေါ်လေး ဆေးဖိုး၊ အိမ်စရိတ်နဲ့ မလောက်ဘူးလေ၊ အဲဒါကြောင့် ငါ အလုပ်တစ်ခု ဝင်လုပ်ရတော့မယ်၊ ကျောင်းစရိတ်လည်းရမယ်၊ ဒေါ်လေးကိုလည်း ပြန်ထောက်ပံ့နိုင်မယ်ဆိုရင် ကောင်းတာပေါ့ဟာ၊ ဒေါ်လေးနဲ့ မမအေး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ကျေးဇူးက ငါလူဖြစ်ခွင့်ရတဲ့ သက်တမ်းတစ်လျှောက်လုံး ရှိလာတာ''

မြစ်ဖျား ရှင်းပြသည်။ ပြိုင်ဘက်က ကျောင်းသားအရွယ် မိဘထံမှ လက်ဝါးဖြန့်ရတဲ့ အခြေအနေမှာ မြစ်ဖျားကို ပံ့ပိုးပေးချင်တဲ့ စေတနာရှိပေမဲ့ အရာမထင်ခဲ့။ တစ်လစာ မုန့်ဖိုးစုပြီး မြစ်ဖျား လိုအပ်မယ်ထင်တဲ့ အသုံးအဆောင်မျိုးကို လက်ဆောင်ဝယ်ပေးခွင့်ရရုံသာ။ ဒါတောင် အတိအကျမရိပ်မိသော မေမေက သူ့ထံ ရှောင်တခင် စစ်ဆေးရေးဝင်သေးတာ။

''သားကို အဝတ်အစားဆိုလည်း ခေတ်နောက်မကျအောင် မေမေ ဆင်တယ့်နော်၊ ရေပန်းစားသမျှ ခေတ်ပေါ်အသုံးအဆောင်ဆို မင်းခါးပေါ်ရောက်တာချည်းပဲ၊ ကျောင်းသားတစ်ယောက်ရဲ့ ကုန်ကျစရိတ်လည်း မေမေပေးတဲ့အပြင် မုန့်ဖိုးတစ်လစာကလည်း တက္ကသိုလ်ကျောင်းသားတစ်ယောက်အတွက် မနည်းပါဘူး ပြိုင်ဘက်ရယ်၊ ဒါနဲ့တောင် ကြားပေါက်မုန့်ဖိုးကို ဖအေဆီက ထပ်တောင်းရတယ်ဆိုတော့''

''နှစ်သောင်းတည်းပါ ခင်ရာ၊ တို့ရှာသမျှ ဒီသားအတွက်ပဲ၊ မင်းဆီတောင်းရင် ငါပေးတာထက် ပိုများဦးမှာ''

ဖေဖေကတော့ သူ့ဘက်က အဲဒီလို ကာကွယ်ပေးတတ်သည်။ ဒါပေမဲ့ မိုးကြိုးပစ်လျှင် ထန်းလက်နဲ့ ကာလို့မှမရတာ။

''သိသိကြီးနဲ့ သူ ခင့်ဆီက မတောင်းရဲဘူးလေကို၊ မေမေ



ပြောမယ် ပြိုင်ဘက်၊ အတိုးကြီးပွားပေးပြီး အမြတ်ထုတ်တဲ့အလုပ်ဟာ ဘုရားဟောနဲ့မညီမှန်း မေမေသိတယ်၊ ဒါပေမယ့် ငါ့သားလေး လူတန်းစေ့ နေရပါစေတော့ဆိုတဲ့ မိခင်မေတ္တာနဲ့ ဒီအလုပ်ကို မျက်စိစုံမှိတ်ပြီး လုပ်တာ၊ နောင်ဘဝတွေမှာ သားအတွက်ပဲ မြေခံချင်ခံမယ်၊ သူစိမ်းတစ်ယောက်အတွက် ဝဋ်လည်မခံနိုင်ဘူး''

ရည်ရွယ်သမျှ မေမေ့မြားတိုင်းဟာ မြစ်ဖျားထံ ဦးတည်နေ၏။

''ဟိတ်…ပြိုင်ဘက်''

အနားသို့ ရောက်ခြင်း ပခုံးကိုပုတ်ခြင်းတွေကို တစ်ပြိုင်တည်းလုပ်သည်။ အတွေးကြောင့် အတိတ်ဆီ အလည်ရောက်နေသော စိတ်တို့ကို ပြိုင်ဘက်က ပြန်ကောက်၏။ ပစ္စုပ္ပန်၌ သူ့ရှေ့တည့်တည့်တွင် ရပ်နေသော မြစ်ဖျား။ ဝါဥပြီး ညက်နေသော မျက်နှာပေါ် သနပ်ခါးတွေကို မှုန်အောင်လိမ်းထားသဖြင့် မျက်နှာက ဝင်းပပလေး။ ထူတန်းတန်းမျက်ခုံးပေါ် သနပ်ခါးကို ခြစ်ချသည်။ ထူအမ်းတဲ့ နှုတ်ခမ်းတွေက နီရဲပြည့်တင်းစွာမို့ အဝါရောင်မျက်နှာပေါ် အနီသွေး နှုတ်ခမ်း၊ အနက်ရောင်မျက်ခုံးတို့က အထင်အရှား၊ ကြည်လဲ့နေသော မျက်ဝန်းမှာတော့ ရယ်မြူးရိပ်တွေ သမ်းနေသဖြင့် မြစ်ဖျားမျက်နှာလေးကို ပြိုင်ဘက် ငေးမဝနိုင်။

''ဟွန်း…နင်ကလည်း တော်တော်အသည်းကောင်းနေတယ်ပေါ့၊ ငါခြောက်တာ မလန့်ဘူး''

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းစူပြီးပြောကာ မြစ်ဖျားက ပြိုင်ဘက်ဘေးနား ဝင်ထိုင်တော့ လတ်ဆတ်တဲ့ သနပ်ခါးနံ့က ဝေ့ခနဲ ပျံ့လွင့်လာသည်။ ပြိုင်ဘက်က ဘေးတစောင်းမြင်ရတဲ့ မြစ်ဖျားမျက်နှာလေးကို ငေးကြည့်ပြီးမှ…

"နင် မနက်က အလုပ်သွားလျှောက်တာ အဆင်ပြေလား"

"ငါ နင့်ကို ဝမ်းသာစရာသတင်း ပြောစရာရှိတယ်"

မတိုင်ပင်ဘဲ စကားသံတို့က တစ်ထပ်တည်း။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး တိုက်ဆိုင်ခြင်းကို သဘောတကျ ရယ်မိသည်။

"ဘာတွေ သဘောကျနေတာလဲဟေ့ ဒီနှစ်ယောက်၊ ကေန့ စောစောက ငြိလာသွားတဲ့သတင်းကို ပြောနေကြတာ မဟုတ်လား"

ငြိဆိုသော အသံကြားတာနှင့် ပြိုင်ဘက်မျက်နှာပေါ်က အရယ်အပြုံးက ဖျတ်ခနဲ လွင့်စင်သွားကာ…

"လာသွားတယ်ပေါ့"

"အင်း…ငါနဲ့ လမ်းမှာတွေ့တာနဲ့ ငြိက အိမ်အထိ လိုက်ပို့တာ၊ မနေ့ကမှ သူ့အမျိုးတွေဆီက ပြန်ရောက်တာတဲ့၊ နင်နဲ့ငါ့အတွက် ငြိက လက်ဆောင်တွေ ဝယ်လာတာ အများကြီးပဲ၊ မနက်ဖြန်မှ သူလာပေးလိမ့်မယ်"

စိုး၊မိုး၊၈၁၄ပ



"မလိုချင်ပါဘူး၊ ဘိုရှူးတွေဆီက"

နှိုင်းခြား၌နေသော ငြိခွေမျိုး တစ်အုပ်စုလုံးအား ပြိုင်ဘက်က အဲဒီလို နှိပ်ကွပ်တတ်သည်။ မြစ်ဖျားကတော့ ပြိုင်ဘက်ရဲ့ အမုန်းဓာတ်ခံ ရေစက်ကို စဉ်းစားရင်က…

"ပြိုင်ဘက်ကလည်းဟယ် အဲဒီလိုမပြောပါနဲ့၊ ငြိက နင့်အပေါ် စေတနာထားပါတယ်"

"ဘာစေတနာလဲ၊ အလကား လူတွေကို အပေါ်စီးက ကြည့်ပြီး ရွံ့ချင်တဲ့စိတ်နဲ့ အသက်ရှင်နေတဲ့မိန်းမ၊ ဘဝင်ရူးမ"

ထပ်ပြီး ဖျောင်းဖျလျှင် ဒီ့ထက်ဆိုးရွားသော စကားလုံးတွေ ထွက်ကျလာနိုင်ဖွယ်ရှိသည်။ ထို့ကြောင့် မြစ်ဖျား စကားလမ်းလွှဲရန် စဉ်းစားရင်း…

"ငါ နင့်ကို ဝမ်းသာစရာစကားပြောမလို့"

"ထ…ဒီမှာမပြောဘူး"

နားထောင်မဲ့လူက အရင်ထရပ်ပြီး ဆိုတာကြောင့် မြစ်ဖျား ကြောင်တက်တက်လေး မော့ငေးနေမိသည်။ တကယ်ပြောကြစတမ်းဆိုရင် ဝမ်းသာနိုင်ပါ့မလား ပြိုင်ဘက်ရယ်။

"ဟာ…ထလေ၊ ဘာငိုင်နေတာလဲ၊ ငါ့မေမေဆီက မုန့်ဖိုးထုတ်လာပြီ၊ ဒီနေ့ လကုန်ရက်လေဟာ၊ ဈေးထဲသွားမယ်၊ နင့်ကို ဝက်သားတုတ်ထိုး အဝကျွေးမယ်၊ ဒေါ်လေးအတွက် ဓာတ်စာ ဝယ်ပေးမယ်၊ ပြီးတော့ နင်ဆံပင်ဖြောင့်ရမယ်"

စိုး၊မိုး၊၈၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်···ဘာဖြစ်လို့"

မြစ်ဖျား ပခုံးကျော်ရုံဆံပင်လေးကို စမ်းရင်း တအံ့တသြ မေးသည်။ ပြိုင်ဘက်က ခါးကိုင်းချကာ ဒူးပေါ်လက်ထောက်တာမို့ ခုံတန်းလေးပေါ် ထိုင်နေတဲ့ မြစ်ဖျားမျက်နှာနှင့် နီးကပ်စွာ။ အနီးကပ်ကြည့်မှ ပြိုင်ဘက်ကိုမော့ငေးနေသော မြစ်ဖျား မျက်ဝန်းမှ ပြန့်ကားကော့ညွတ်စွာ မျက်ခုံးစပ်အထိ ထိကပ်နေ၏။

"ဘာဖြစ်ရမှာလဲ၊ နင် အဝေးသင်တက်ရတော့မှာလေ၊ တက္ကသိုလ်ကျောင်းသူဆိုတော့ ဆံပင်အဖြောင့်လေးနဲ့ ပိုလှတာပေါ့"

"အဲဒါ နင့်ရဲ့ဝမ်းသာစရာ အထိမ်းအမှတ်အတွက်" တဲ့လေ။ အကြောင်းရင်းကိုသိရင် နင် ဒီလိုပဲရယ်နိုင်မတဲ့လား ပြိုင်ဘက်ရယ်။

ကမ်းပေးသော ပြိုင်ဘက် လက်ဖဝါးထဲ သူ့မလက် တစ်ဖက် ထည့်ပေးသည်။ ဖျတ်ခနဲ ထွေးဆုပ်တဲ့ ပြိုင်ဘက်လက်တွေက အင်အားအပြည့်။ နွေးထွေးချိုမြိန်ခြင်းတွေလည်း ပျော်စရာမကောင်းသော မြစ်ဖျားဘဝမှာ ပြိုင်ဘက်နှင့် လက်ချင်းမြဲမြဲစွာ ဆုပ်ကိုင်ခွင့်ရသော တခဏသာ ပျော်စရာလို့ သတ်မှတ်လျှင်။

ဘာအကြောင်းကြောင်းနဲ့မှ မြစ်ဖျားကို လက်တွဲမဖြုတ်ပါနဲ့ ပြိုင်ဘက်ရယ်။ ငြိနဲ့ပတ်သက်လာခဲ့ရင်တောင်ပေါ့။

◆ ◆ ◆



## အခန်း (၇)

"ပြော···ကိစ္စက"

ခြံတံခါးက အကျယ်ကြီးကို အနက်ရောင်ပေါ် ရွှေရောင်များဖြင့် အလှဆင်ထားသည့် သံပန်းတံခါးမကြီးကိုမဖွင့်။ တံခါးတစ်ဖက်ခြမ်း၌ လူတစ်ကိုယ်စာဝင်သာရုံ အပေါက်ငယ်လေးကို ဖွင့်ပြီး မေးပုံက ပြိုင်ဘက်ကိုပဲ သူခိုးကြမ်းပိုးလို မယုံသင်္ကာအကြည့်တွေနှင့်။ ပြိုင်ဘက်ကလည်း စက်ဘီးပေါ်ကတောင် မဆင်းပါ။ စက်ဘီးကို စောင်းပြီး မြေပြင်ပေါ် ခြေတစ်ဖက်ထောက် ထိန်းထားလျက်နှင့်ပင် ငြိကိုကျော်၍ ဟီးဟီးထ ခန့်ညားလှသော သုံးထပ်တိုက်ကြီးကို လည်ပင်းရှည်ကာ လှမ်းမျှော်ကြည့်သည်။ ပြီးမှ အေးစက်စက်မျက်ဝန်းတွေနှင့် စွဲငြိအားကြည့်ရင်း···

"မြစ်ဖျားကို ခေါ်ပေး"

ရယ်သံမကြားလိုက်ရပေမဲ့ မဲ့ခနဲကျသွားသော ငြိနှုတ်ဖျား



www.burmeseclassic.com

www.burmeseclassic.com



မှ လှောင်ပြောင်ရိပ်က အရောင်လက်သည်။ ငြိက တံခါးဘောင်ကို ပခုံးစွန်းနှင့် အသာမှေးမှီရင်း လက်နှစ်ဖက် တင်းတင်းပိုက်ကာ…

"တွေ့ချင်တဲ့အကြောင်းရင်းကို အရင်ပြောမှပေါ့"

ကားထွက်သွားသည့် မေးရိုးတွေကြောင့် ပြိုင်ဘက် ဒေါသဖြစ်နေပြီဆိုတာ သိသည်။ နင့်ဒေါသနဲ့မာနကို ငါက မြေမှာ ခင်းပြီး ကြမ်းလိုနင်းပစ်ချင်တာလို့ အရှိအတိုင်း ကြော်ငြာရလျှင် ပွဲက တော်တော်ကြည့်ကောင်းမည်။ ကိုယ့်အတွေးနဲ့ကိုယ် ငြိက ပြုံးနိုင်ပေမဲ့ ပြိုင်ဘက်ကတော့ မပြုံးနိုင်ဘဲ…

"နင်..ဘာလို့ မြစ်ဖျားကို ငါနဲ့ခွဲထုတ်ချင်ရတာလဲ ငြိ"

"အိုး…ဟိုး စွပ်စွဲချက်က ပြင်းလိုက်တာဟယ်၊ ဒီမှာ တွဲရေးခွဲရေးတွေ ငါစိတ်မဝင်စားဘူး၊ မြစ်ဖျား ကောင်းစားအောင် နတ်ပြည်ကို ငါဆွဲတင်လိုက်တာ"

"အပိုတွေမပြောနဲ့ ငြိ"

"ငါပိုတာလား၊ လိုတာလားဆိုတာ မြစ်ဖျားအိမ်ကလူတွေ နင့်ကို မရှင်းပြလိုက်ဘူးလား"

"တောက်"

ပြိုင်ဘက်မှာ ပြောစရာစကားက ရှားပါးခြင်းအဖြစ်သို့ ရောက်သည်။ ကျောင်းတက်ရန် လုံးပန်းနေတာကြောင့် ပြိုင်ဘက် မြစ်ဖျားထံ မရောက်ဖြစ်တာ သုံးရက်။ ထိုသုံးရက်အတွင်းမှာ မြစ်ဖျား တဲမှ တိုက်ပေါ် ရွှင်ပျော်ပျော်ရောက်သွားတာကိုက





သူ့အတွက် လက်မခံချင်စရာ။

"မမအေးတို့က မြစ်ဖျားကို မငြိုငြင်ပါဘူး၊ ပြိုင်ဘက် ရယ် အဲဒါအမှန်ပါ၊ တို့တွေဟာ မိသားစုတွေပဲ၊ မရှိအတူ ရှိအတူ ပေါ့၊ ဒါပေမဲ့ မြစ်ဖျား တခြားလူလက်အောက်မှာ အလုပ်သွားလုပ် မဲ့အစား ငြိဆီမှာဆိုတော့ ပိုစိတ်ချတာပေါ့၊ ငြိက မြစ်ဖျားအတွက် အားလုံးတာဝန်ယူမှာတဲ့၊ သူပိုင်တဲ့ကုမ္ပဏီမှာလည်း အလုပ်ပေးမယ် တဲ့၊ နေတာတော့ သူနဲ့အတူတူပေါ့ကွယ်၊ တခြားအလုပ်တွေ မြစ်ဖျား သွားလျှောက်လို့ မျက်နှာငယ်ရတယ်ဆိုပြီး သူတောင် စိတ်မကောင်း ဖြစ်နေရှာတာ၊ မမအေးကတော့ မြစ်ဖျား ပြိုင်ဘက်ကို ကြိုပြော ထားမယ်လို့ ထင်ထားတာလေ၊ မြစ်ဖျားမှာ တိုင်ပင်စရာနဲ့ အားကိုး စရာဆိုလို့ ငြိနဲ့ ပြိုင်ဘက်ပဲရှိတာ မဟုတ်လား"

မမအေးကတော့ ပြိုင်ဘက်ကို သဘောရိုးနှင့် ရှင်းပြပါ သည်။ အားလုံးရဲ့အမြင်မှာတော့ ငြိက သူတော်ကောင်းမကြီး။ ကယ်တင်ရှင်ကြီး။ ငြိလက်ထဲက ဝှက်ဖဲကို ဘယ်သူမှမသိနိုင်။ ထို့ကြောင့် အကြောင်းစုံသိသိချင်း ခြေမချဖူးသော၊ ဖြတ်လျှောက် ရန် ဝန်လေးသော ဒီခြံကြီးရှေ့သို့ ပြိုင်ဘက် ရောက်လာခြင်းပင်။ ခြံကြီးရှင် မမရဲ့ ကြိုဆိုပုံကလည်း ပျူငှာလွန်းပါသည်။ ခြံဝတင် ရန်စောင်စစ်ခင်းပြီး စိတ်မထိန်းနိုင်တဲ့ ပြိုင်ဘက်က ဝုန်းဒိုင်းကြဲမိ လျှင် နာမည်က တွင်ဦးမည်။ ဒီကောင် လူရမ်းကားဆိုပြီးလေ။

"မြစ်ဖျားကိုခေါ်ပေး"



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဘက်မှာ ခေါသကို ထိန်းချုပ်ထားရသဖြင့် အသံက မပြေပြစ်။

"မရှိဘူး၊ နင်သိအောင် တစ်ခါတည်း ပြောလိုက်မယ်၊ ရှေ့လျှောက် မြစ်ဖျားရဲ့ အုပ်ထိန်းသူက ငါဖြစ်သွားပြီ၊ မြစ်ဖျားနဲ့ ပတ်သက်သမျှ ငါ့ခွင့်ပြုချက်မပါဘဲ လေစိမ်းတောင် အတိုက်မခံရဘူး၊ အဲဒါ ငါ့အမိန့်ပဲ"

"နင်ရူးနေလား"

ပြိုင်ဘက် ထအော်ပစ်လိုက်တာက မညာမတာ။ ထိတ်သွားတဲ့စိတ်ကြောင့် ငြိ ဆတ်ခနဲ တုန်သွားရသည်။ သွားစမ်းပါ။ ပြိုင်ဘက်က နင့်အပေါ် ဘယ်တုန်းက ညာတာဖူးလို့လဲလို့တွေးရင်း နာကြည်းစိတ်ကို မွေးမြူပေမဲ့ အချည်းနှီးသာ။ ကိုယ့်ရင်ထဲက တအိအိပြိုဆင်းနေတာ ဝမ်းနည်းကြေကွဲခြင်းသာဆိုလျှင်...

"နင်က အမိန့်တွေဘာတွေ ထုတ်ရအောင် မြစ်ဖျားအမေမို့လို့လား၊ သေချာတယ် စွဲငြိ၊ နင်စိတ်ကျန်းမာရေးချို့တဲ့နေတာ၊ ငွေရှိရင် ဘာမဆိုလုပ်လို့ရတယ်ဆိုပြီး ထင်ရာလုပ် ထင်ရာပြောနဲ့ ထင်သလို အကွက်ရွှေ့နေရအောင် ဒါ စစ်တုရင် ကစားနေတာ မဟုတ်ဘူး၊ လူတိုင်းမှာ ခံစားတတ်တဲ့ နှလုံးသားရှိတယ်၊ ဆုံးဖြတ်နိုင်တဲ့ ဦးနှောက်ရှိတယ်၊ နင် ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်လို့ မရဘူး"



"အေးလေ...ငါက ခြယ်လှယ်ခွင့်မရှိလို့...အဟွန်း"

စွဲငြိက လက်ပိုက်ဖြုတ်ကာ ပခုံးစုံတွန့်ပြတာက စိန်ခေါ်လိုက်သလိုပင်။ အနီရဲရဲ တီရှပ်ကိုယ်ကြပ်၊ ဒူးဖုံးရုံဂျင်း(န်)ကလည်း အနီရဲနှင့် မွန်းတည့်နေနှင့်အပြိုင် နေနှစ်စင်းထွက်သလို ပူလောင်ခြင်းကိုပေးတဲ့ စွဲငြိကို ပြိုင်ဘက် မှန်းတီးစွာ စိုက်ကြည့်နေမိသည်။ ဖြစ်သမျှအကြောင်းတိုင်း၌ စွဲငြိကို ရှောင်တိမ်းမရအောင် ပတ်သက်ရန် အကြောင်းဖန်လာတော့လည်း လာမည့်ဘေး ပြေးတွေ့ရန်သာ။ စွဲငြိကတော့ ခြံထဲကအပြင်ထိ ထွက်လာကာ သူ့စက်ဘီး ဟန်ဒယ်(လ်)ပေါ် လက်တင်ရင်း...

"နင်တွေ့ချင်တဲ့ မြစ်ဖျားက ငါ့ပိုင်နက်ထဲ ရောက်နေတာပေါ့၊ ဝါသနာပါရင် နင်တို့ဘဝတွေပါ ငါအကွက်ရွှေ့ပစ်လို့ရတယ်၊ ဒါပေမဲ့ ငါမလုပ်ဘူး၊ ရင်ခုန်စရာမကောင်းလို့"

ပြိုင်ဘက်ကို သေချာစိုက်ကြည့်ပြီး စွဲငြိက တစ်ခွန်းချင်း ပြောပစ်ပုံက နှစ်ရှည်စီမံကိန်းချထားသော အမုန်းတွေကို ဖွင့်ထုတ်ပစ်လိုက်တာနှင့်တူသည်။ နှုတ်ခမ်းပါးနှင့် မျက်ဝန်းတို့မှာ အမုန်းလျှပ်စီးက ပြိုးပြိုးပျက်ပျက် လက်နေ၏။

"နင်...လဲသေလိုက် စွဲငြိ၊ မြစ်ဖျားကို ငါတွေ့ခွင့်ရအောင်ကြိုးစားမယ်၊ ပြီးရင် နင့်လောင်းရိပ်အောက်က ငါဆွဲထုတ်ပြမယ်၊ နင်စောင့်ကြည့်နေလိုက်"

"အေးပါ...ငါကြည့်နေပါ့မယ်၊ နီးနီးကပ်ကပ်ကို စောင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်မှာ၊ မြစ်ဖျားနဲ့ငါ မေဂျာအတူတူလျှောက်ပြီးပြီလေ၊ နင်နဲ့ငါ ကံဆုံဦးမှာပါ၊ တက္ကသိုလ်မှာ ပြန်တွေ့ဦးမှာ''

ကြည့်စမ်း ငြိ စကားကို မဲ့သွားတဲ့ပုံက ရွံသလိုရှာသလို နှင့်။

''နင်ပါလာရင်တော့ တက္ကသိုလ်က အရောင်စွန်းထင်ဦးမှာပဲ စွဲငြိ၊ နင့်ရဲ့ ဗိုင်းရပ်(စ်)ဆိုတဲ့ နာမည်နောက်မှာ ထပ်ပြီးဘွဲ့ထူးထပ်ပေးလိုက်မယ်၊ နင်က သိပ်ကြောက်စရာကောင်းတဲ့ ကဝေမ''

''ငါ့ကို ဒီလိုသတ်မှတ်ပေးတဲ့အတွက် ကျေးဇူးပဲ၊ ငါက တခြားလူတွေအတွက် ပိုင်အဖြစ် ရှိဝေခြင်းကိုပေးပေမဲ့ နင့်အတွက်တော့ အဆိပ်ခွက်ပဲ ပြိုင်ဘက်၊ အဲဒါ နင်ယုံ''

မောဟ၊ ဒေါသနှင့် အပြိုင်ပြေးနေသော စွဲငြိအကြည့်တွေက ရူးစိုက်ခြင်း နှစ်ရပ်ဖြင့် လမ်းခုလတ်မှာ ဆုံတွေ့ပြီးနောက် ပြိုင်ဘက်က စက်ဘီးကို အားယူပြီး နင်းထွက်သွားသည်။ ဟန်ဒယ်(လ်)ပေါ် တင်ထားတဲ့ ငြိလက်ကလေးက လေထုထဲ အကာအကွယ်မဲ့ ပြုတ်ကျကျန်ခဲ့၏။ မညီညွတ်သော ဆန္ဒတွေကြားမှာ နင်နဲ့ငါက ဆန့်ကျင်ဘက်။ နင်က နာမည်နဲ့လိုက်အောင် ငါ့ရဲ့ ပြိုင်ဘက်ဖြစ်နေခဲ့ရင်။ သေချာတယ် ပြိုင်ဘက်။ ငါက ဒူးထောက်လက်မြှောက်ဖို့ ဝါသနာမပါတဲ့လူ။

◆ ◆ ◆



## အခန်း (၈)

''သက်သာရဲ့လား မြစ်ဖျား''

ငြိက အိပ်ခန်းတံခါးကို လက်နောက်ပြန်ပိတ်ကာ မြစ်ဖျားထံ လျှောက်လာရင်း မေးသည်။ အပြာဖျော့ရောင် အိပ်ရာခင်းပေါ်၌ လဲလျောင်းနေသော မြစ်ဖျားမှာ ကြေးနီရောင်ဆံပင်တို့သာ ရှိမနေခဲ့ရင် မွေ့ယာထဲ လူလုံးပျောက်သွားနိုင်သည်။ ဝတ်ထားတာကလည်း အပြာဖျော့ရောင် ထက်အောက်ဆင်တူ ညအိပ်ဝတ်စုံနှင့်ကိုး။ မြစ်ဖျား ခေါင်းအုံးဘေးရှိ ရှုဆေးဗူးလေးကို လှမ်းယူကာ နှာခေါင်း ဝ၌ တေ့ထားရင်းက အိပ်ရာပေါ်မှ ငုတ်တုတ်ထထိုင်ရန် ပြင်သည်။

''မထိုင်နဲ့လေ မြစ်ဖျား၊ သက်တောင့်သက်သာ လှဲနေစမ်းပါ''

''ငါ ဘာမှမဖြစ်တော့ပါဘူး ငြိရဲ့၊ ခေါင်းထဲမှာ မူးနောက်နောက်ဖြစ်နေတာကလွဲရင်''



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်းမူးနေတာကိုပဲ ဘာမှမဖြစ်ဘူးတဲ့၊ ငြိမ်ငြိမ်နေစမ်းပါ မယ်ပျော့ရဲ့၊ ငါ ခုနက တစ်ခါဝင်လာကြည့်သေးတယ်၊ ကြီးလုံ ဈေးသွားခါနီး နင်ဘာများစားချင်သေးလဲဆိုတာ မေးမလို့၊ နင် နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်ပျော်နေတာနဲ့ပဲ မမအေးကို ကြည့်စီမံခိုင်းလိုက်တာ"

ငြိက မွေ့ယာအစပ်မှာ ဝင်ထိုင်ရင်း ပါးစပ်ကလည်း ပြောသည်။ လက်ကလည်း အငြိမ်မနေဘဲ မြစ်ဖျားရဲ့ နဖူးလေး၊ ပါးပြင်လေးတွေကို လက်ဖမိုးနဲ့ ကပ်ကြည့်လိုက်၊ စောင်ပုံအောက်က မြစ်ဖျား လက်ဖျားလေးတွေကို ထွေးဆုပ်ကြည့်လိုက်နှင့် အားရအောင် စမ်းသပ်ပြီးမှ…

"အင်း…ကိုယ်ပူတော့ ကျသွားပြီ၊ ဆရာဝန်ကြီးကတော့ မှာသွားတယ်၊ နင့်မှာ နလုံးအားနည်းတဲ့ရောဂါအခံ ရှိမယ်တဲ့၊ သူ့သဘောကတော့ဟာ ဘော်ဒီချက်(ခ်)ကပ်လုပ်ခိုင်းချင်တာ၊ ငါကလည်း လုပ်မယ်လို့ပြောလိုက်တယ်၊ စစ်ဆေးလို့ ရောဂါတွေ့ရတော့လည်း စောစောစီးစီးကုလို့ ရတာပေါ့၊ စင်ကာပူက ငါ့အစ်ကိုဝမ်းကွဲကို သွားတွေ့ရင်းနဲ့ အဲဒီမှာပဲစစ်"

"မလိုပါဘူး ငြိရယ်"

"လိုတယ်၊ နင် အဲဒီလိုဖြူဖျော့သွားတာမျိုး မကြိုက်ပါဘူး၊ လူကသာခွေယိုင်၊ ခံနိုင်ရည်မရှိတာမျိုးကို ငါကအားမရတာ"

"စိတ်ကြောင့်လည်းပါပါတယ် ငြိရဲ့"





"ဒေါ်လေးဆုံးသွားတာကို စိတ်ထိခိုက်စတမ်းဆို မမအေးကြီး ပိုလဲပါလားလို့၊ ဟိုက သမီးအရင်း၊ နင်က တူမကို"

"ငါနဲ့အနီးကပ်နေခဲ့ရတာကိုး ငြိရဲ့၊ ပြီးတော့ နင် ငါ့ကို သိပ်ဂရုမစိုက်ပါနဲ့ ငြိရယ်၊ ငါ့ကြောင့် နင့်မှာ ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်နေမှာ ငါစိုးတယ်၊ ဒေါ်လေးအတွက်လည်း နင်ပဲ အကုန်အကျခံတဲ့အပြင် အခု မမအေးရော ငါ့ကိုပါ နင်တာဝန်ယူထားရတာ၊ ဒီကြားထဲ ငါ နေထိုင်မကောင်းဖြစ်တော့လဲ"

ငြိက သူမလက်တွေကို ဖွဖွဆုပ်ကိုင်ထားတဲ့ မြစ်ဖျားလက်အေးအေးလေးတွေကို ဖျစ်ညှစ်ပစ်ရင်း….

"ဒါ ပြောစရာလား၊ နင်နဲ့ငါက ငယ်ကတည်းက သူငယ်ချင်း၊ အခုကြီးလာတော့ ညီအစ်မ၊ နင့်ကြောင့် မမအေးလို အချက်အပြုတ်တော်တဲ့ အစ်မတစ်ယောက်တောင် ငါက အဆစ်ရလိုက်သေးတာ၊ အခုမှ အထီးကျန်ခဲ့တဲ့ ငါ့ဘဝက ပြန်စိုပြေလာတာ၊ နင်တို့ကိုတောင် ငါက ကျေးဇူးတင်ရမှာ မြစ်ဖျားရဲ့ မှတ်ထားဦး"

ချစ်စနိုးနှင့် မြစ်ဖျား နှဖူးခေါင်းကို ဖွဖွလိမ်ဆွဲကာ ပြောတဲ့ ငြိကြောင့် မြစ်ဖျားရင်ထဲမှာ ကြည်နူးရပါသည်။ နို့ရောင်အသားအရေ၊ လည်တံရှည်ရှည်မှာ ကိုယ်လုံးသွယ်ပြီး အရပ်မြင့်သော ငြိ ရုပ်သွင်ဟာ ဘာအဝတ်အစားပဲဝတ်ဝတ် အရောင်အဝါတစ်မျိုးနဲ့ တင့်တယ်ခမ်းနားနေတာ အမှန်ပင်။ ဒီအိမ်ကြီးကို သူမအား



www.burmeseclassic.com

www.burmeseclassic.com



စခေါ်လာတဲ့နေ့ကတည်းက

"နင်လည်း ဒီအိမ်ရဲ့ အရှင်သခင်ပဲ မြစ်ဖျား၊ နင်နဲ့ငါက ညီအစ်မ ကြားလား၊ အဲဒီစိတ်ကို အမြဲတွေးထား"

ငြိက မြစ်ဖျားကို ဘာမဆို သူမနှင့် အခွင့်အရေးပေးကာ တန်းတူရည်တူ။ ရှော့ပင်(န်)ထွက်၍ အဝတ်အစားဝယ်တာကအစ ဆင်တူ၊ ဒီဇိုင်းသာ ကွဲထွက်မည်၊ အရောင်က ဆင်တူ။

"ငါ့လိုတော့ နင်ဝတ်ရဲမှာ မဟုတ်ဘူး၊ ဒါပေမဲ့ စကဒ်အရှည်တို့ ဂါဝန်အရှည်တို့တော့ ဝတ်ပါ မြစ်ဖျားရဲ့၊ ခေတ်ဆန်ပြီး လုံခြုံတာမျိုးပေါ့"

ဝယ်သမျှတံဆိပ်တိုင်းဟာ အကုန်နာမည်ကြီးတွေချည်းပင်။ ဖိနပ်ကအစ လက်ကိုင်အိတ်အဆုံး မြစ်ဖျားတစ်သက် မကိုင်ဖူးသော ပစ္စည်းတွေ၊ ဒါကို ပြိုင်ဘက်ကတော့ နှာခေါင်းရှုံ့ကာ ပျစ်ပျစ်နစ်နစ် ဝေဖန်ပါသည်။

"နင့်ကို သူ့ဘက်သွင်းတာလေ၊ တိုင်းတစ်ပါးကို အထင်ကြီးတဲ့ ဘိုရူးစိတ်ဓာတ်လေ၊ အဲဒါကြောင့် ငါ သူ့ကို ပေးထားတဲ့ နာမည်က သူနဲ့အလိုက်ဖက်ဆုံးပဲ၊ H1N1 ထက်ကြောက်ရတယ်၊ HIV ထက်ပိုဆိုးတဲ့ ကူးစက်ရောဂါ ဗိုင်းရပ်(စ်)ပိုးမ"

သူတို့နှစ်ယောက်ကြား ရန်မီးပိုပွားမှာစိုး၍ လေပင့်သည့် စကားမျိုး မြစ်ဖျားက ကြားထဲမှ ပြန်မပြောခဲ့ပါ။ ဒါပေမဲ့ ပြိုင်ဘက်နှင့် ပတ်သက်လျှင် အလိုလိုကို အကြားအမြင်ရနေသော ငြိက





"နင် ဒီလို လှတပတဝတ်တာကို ဟိုတစ်ယောက်က မချီးမွမ်းတဲ့အပြင် ငါနဲ့ပေါင်းလို့ ဒီလိုဖြစ်သွားတယ်လို့ ကဲ့ရဲ့လိုက်တယ်မဟုတ်လား၊ ဟွန်း နောက်တစ်ခါ ကဲ့ရဲ့ရင် ပြန်ပြောလိုက် ဒီခေတ်ထဲ ဒီလောက်တော့ စီးမျောရမှာပဲလို့ သူများကို ကဲ့ရဲ့မနေနဲ့၊ သူပဲခေတ်နောက်ကျကျန်နေခဲ့လိုက်လို့၊ ကျောင်းတက်တာပဲ ပုဆိုးနဲ့ဟိုက်ပုံဝတ်တယ်လို့ မပြောလိုက်ချင်ဘူး၊ သူ့ကျတော့ နားကွင်းတဝင်းဝင်း၊ ဆံပင်တထောင်ထောင်နဲ့ ဂျင်း(န်)ကို မချွတ်တမ်းဝတ်နေတဲ့သူက"

ချောင်းနားထောင်ရင် လွဲချင်ဖွဲ့ဦးမည်။ အခုတော့ တစ်ယောက်တစ်နေရာစီ ရှိနေရာမှ ပြန်ချေပချက်က ကွက်တိ။ ထိုအခါမျိုး၌ မြစ်ဖျား ဘာမှမပြောဘဲ ရယ်မောရင်းနဲ့ပင်

"နင်တို့နှစ်ယောက်ကလေ မတည့်သာမတည့်တာ စိတ်နေစိတ်ထား၊ အကျင့်စရိုက်က အကုန်တူနေတာကိုး၊ မတည့်အတူနေဆိုတာ ဒါမျိုး"

လို့ ပြောကြည့်၊ ငြိဟာ လက်တွေရော ခေါင်းပါ တဖျတ်ဖျတ်ခါယမ်းပြီး···

"တော်ပါ၊ သင်းနဲ့အတူသာနေရရင် ငြိ အသက် ဘယ်က ဆောင့်ထွက်သွားမှန်း မသိဖြစ်နေမှာ၊ ဒေါသထွက်ရလွန်းလို့"

ဒါကြောင့် မြစ်ဖျား စိတ်ထဲမှာ တိတ်ဝှိတ်ကျိတ်တင်စားတာ လွန်ပါ့သလား။ သူတို့နှစ်ယောက်ဟာ မြစ်ဖျားဘေးနား၌



www.burmeseclassic.com

www.burmeseclassic.com



မရှိမဖြစ်လိုအပ်သော နေတစ်ဖက် လတစ်ဖက်ဆိုတာလေ။

"မြစ်ဖျား…အောင်မလေး ငုတ်တုတ်ကြီးထိုင် ရှုဆေးကြီး နှာခေါင်းဝတေ့ပြီး ငြိကို စိုက်ကြည့်နေလိုက်တာ၊ ဘာလဲ ဒါ နင့်ရဲ့စတိုင်(လ်)အသစ်လား၊ မယ်ကျောက်ရုပ်ဖက်ရှင်လေ"

"မဟုတ်ပါဘူး ငြိရဲ့၊ ဒီသူငယ်ချင်း သဘောဖြူအူစင်း၊ ဥစ္စာပေါ ရုပ်ချောလေးမို့ မှင်သက်မိသွားတာပါ"

"အောင်မယ်…ဟား…ဟား"

ငြိက ဒီအတိုင်း အားရပါးရရယ်လို့ မဝသလို လက်ဝါးနှစ်ဖက်ကို ဖြန့်းခနဲတီးသေးသည်။ ပြီးမှ မြစ်ဖျားကို စိုက်ကြည့်ကာ ရယ်ရှိန်မပြေသော မျက်နှာနီနီဖြင့်…

"ဒါပေါ့…နင်မှမချဉ်ရင် ဒီငါးချဉ်၊ ချဉ်စရာအကြောင်းမရှိတော့ဘူး"

မြစ်ဖျားခါးကို ငြိက လက်နှစ်ဖက်နဲ့ ကျုံးဖက်ကာ မြစ်ဖျားရင်ခွင်မှာ ပါးအပ်ရင်း…

"ငြိ မြစ်ဖျားကို သိပ်ချစ်တာပဲ မြစ်ဖျား၊ အဲဒါတကယ် ငြိမှာ ငါ့မိဘထားသွားတဲ့ ပစ္စည်းဥစ္စာတွေ၊ လုပ်ငန်းတွေ အများကြီး ပြည့်စုံတယ်၊ ဖေဖေနဲ့မေမေ တစ်ပြိုင်တည်း လူ့လောကကြီးက ထွက်သွားတဲ့အချိန်မှာ ငြိ အသက်က ဆယ့်လေးနှစ်၊ ရှစ်တန်းပဲရှိသေးတယ်၊ ရုတ်တရက် အားကိုးရာမဲ့တဲ့ ဖီလင်ဟာ သိပ်ဝမ်းနည်းဖို့ကောင်းတာပဲ မြစ်ဖျားရယ်၊ ဒါပေမဲ့ ငြိက ခံစားချက်



တွေကို ပြောင်းပြန်လုပ်ပစ်တဲ့ အကျင့်ရှိတယ် သိလား၊ ဝမ်းနည်းပေမဲ့ ငါမပြုံလဲဘူး၊ ငြိ ကိုယ့်အားကိုယ်ကိုးမယ်၊ ဘယ်သူမှ မယုံကြည်ထိုက်ဘူးဆိုတဲ့ အသိကို ရုပ်ရှင်တွေ၊ စာအုပ်တွေထဲက ငါရခဲ့တာလေ"

ငြိက မြစ်ဖျားရင်ခွင်မှ ခွာသည်။ ဆတ်ခနဲ ခုတင်ပေါ်က ထပြီး ဆုံလည်ခုံမှာ ဝင်ထိုင်ရင်း ခြေတစ်ဖက်ပါ ချိတ်သဖြင့် ဝမ်းနည်းအားငယ်သူလေးအသွင်မှ ချက်ချင်း အရှင်သခင်အသွင်ကို ပြောင်းလဲသွားသည်။ အရောင်နုဆို ကိုယ်ပေါ်မတင်ချင်သော ငြိ၊ ဝတ်လိုက်မှဖြင့် အရောင်ရင့်တွေချည်း။ အခုလည်း ခရမ်းရင့်ရောင် ဒူးဖုံးဂါဝန်ရှည်ကို ရင်၌ ဖဲပြားကြိုးစည်းကာ စီးကွင့်(န်)များဖြင့် အလှဆင်ထားတဲ့ လည်ဟိုက်လက်ပြတ်မို့ အရှိန်အဝါကြီးသော ဘုရင်မတစ်ပါးလို အေးစက်စက်အပြုံးနှင့် အရောင်တောက်သော အကြည့်တွေက ကမ္ဘာကြီးတစ်ခုလုံးပါ ပြောင်းလဲပစ်တော့မည့် ပုံစံအတိုင်း။

"အမွေတွေ တပုံတပင်ကြီးနဲ့ ကျန်ရစ်တဲ့ သူဌေးသမီးလေးကို နီးစပ်ရာဆွေမျိုးတွေက မောင်ပိုင်စီးပြီး ဖိနှိပ်၊ သူဌေးသမီးက ဆင်းရဲတဲ့ဘဝရောက်၊ အဲဒီမှာ ကယ်တင်ရှင်မင်းသားက ပေါ်လာနဲ့ အဟောင်း လူတိုင်းကြိုက်မဲ့ဇာတ်ထုပ် အထာတွေလေ"

ပြုံးရင်း ငြိက ခေါင်းကို ဆတ်ခနဲခါတော့ ပခုံးထိဆွဲထားတဲ့ စိန်ပွင့်နားဆွဲတန်းဟာ ဖြိုးခနဲ ဖျတ်ခနဲ အရောင်လက်တာ

www.burmeseclassic.com

www.burmeseclassic.com



မျက်စိကျိန်းချင်စရာ။

"ငြိကတော့ စိတ်ကို ပြောင်းပြန်စီးပစ်လိုက်တဲ့ မြစ်လိုမျိုး မာနကြီးတယ်၊ အချစ်မရှိဘူး၊ ဘယ်သူ့မှ မယုံကြည်မကိုးကွယ်ဘူး၊ ပြီးတော့ ငြိဘဝမှာ မင်းသားမလိုဘူး၊ ငြိသာ ဘုရင်မဆိုတဲ့ စိတ်ခွန်အားနဲ့ ရှင်သန်ခဲ့တာ၊ အဲဒီရဲ့ရလဒ်က ဘာလဲ နင်သိလား မြစ်ဖျား"

မြစ်ဖျား ငြိကိုငေးရင်း ခေါင်းယမ်းပြသည်။ ပြင်းထန်မာကျောလှတဲ့ ငြိ စိတ်ဓာတ်ကို လက်ဖျားခါပြီး ချီးမွမ်းရမလား၊ ခေါင်းခါပြီး ကဲ့ရဲ့ရမလားမသိ။ ဒါပေမဲ့ မြစ်ဖျားဘဝမှာတော့ ငြိက ဘုရင်မတစ်ပါးဖြစ်၏။ ငြိကတော့ ပြတ်လက်စစကားကို ပြန်ဆက်သည်။

"လူမုန်းခံရတာပေါ့ မြစ်ဖျား၊ တကယ်တော့ ငြိကို မုန်းတဲ့လူတွေက ငြိ ရင်ဘတ်ထဲကို ဝင်မကြည့်တတ်လို့ပါ၊ ငြိက ကိုယ့်ကိုယ်ကို ထိန်းကျောင်းရတာလေ၊ အစားအသောက်ကအစ ကိုယ် ဘေးဖြစ်စေတဲ့အစားမျိုး မစားဘူး၊ ငြိ ဝေဒနာခံစားရလို့ ပြုစုမဲ့သူရှိပေမဲ့ ခိုလှုံစရာနွေးထွေးတဲ့ ရင်ခွင်မှမရှိတာ၊ အဲဒီတော့ ငြိက ကြီးကျယ်တဲ့လူ၊ အဆင့်အတန်းခွဲခြားတဲ့လူ ဖြစ်သွားရော"

"ငြိရယ်"

ငြိကိုခေါ်ရင်း မြစ်ဖျား ခုတင်ပေါ်မှ ပြေးဆင်းကာ ငြိကို ပြေးဖက်ထားမိသည်။ မြစ်ဖျား ရင်ခွင်ထဲမှ ငြိမ်သက်နေပေမဲ့ ငြိ





ပခုံးစွန်းတွေ တလှိုက်လှိုက်ခါယမ်းနေတာကို ကြည့်ခြင်းဖြင့် ငြိ ကျိတ်ငိုနေပြီဆိုတာ မြစ်ဖျား သိသည်။ မြစ်ဖျားက ငြိ ပခုံးစွန်းကိုပါ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း ငြိကျောပြင်မှာ ပါးအပ်ကာ...

"ငါ...နင့်အနားမှာ အမြဲရှိပါ့မယ် ငြိရယ်၊ နင့်ခံစားချက်တိုင်း ငါ့ကိုဝေမျှပါ၊ နင်တစ်ယောက်တည်း ကျိတ်ခံစားနေရတာ နင်ပင်ပန်းတာပေါ့ ငြိရယ်နော်၊ ငါက နင်နဲ့တသားတည်းကျတဲ့ နင့်ကိုယ်ပွားတစ်ခုလို့ သဘောထားပါ ငြိရဲ့"

ငြိဟာ မြစ်ဖျားစကားတွေအတွက် မြစ်ဖျား နှစ်သိမ့်ခြင်းအတွက် ကျေးဇူးတင်သည်။ ဒါပေမဲ့ ငြိရဲ့မာနဟာ တစ်ပါးသူရဲ့ ကရုဏာကို ခြွေယူဖို့ ခွင့်မပြုခဲ့လေရာ။

"ငြိ"

ရင်ခွင်ထဲက ရုန်းထွက်ရင်း ချက်ချင်း ကျောခိုင်းပစ်သော သူမကို မြစ်ဖျားက အသည်းအသန် လှမ်းခေါ်သည်။ ငြိက နောက်မလှည့်စတမ်း ရှေ့သို့သွားတာက လမ်းမဆီ၊ စီးမိုးမြင်ရသော မှန်ချပ်ညိုတွေဆီ။ တစ်ပြိုင်တည်း မျက်ဝန်းတလျှောက်နှင့် ပါးပြင်ပေါ်က မျက်ရည်တွေကို လက်ဖမိုးနှင့် ကြမ်းကြမ်းဆွဲသုတ်သည်။ ငြိက မျက်ရည်ကို အလိုမရှိ။

"ဆောရီး မြစ်ဖျား၊ နေမကောင်းတဲ့သူကို ရောဂါထပ်တိုးအောင် ငါလုပ်မိပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာပဲ ငြိရယ်၊ နင်က ငါ့ရဲ့"

"ကျေးဇူးဆိုတဲ့စကားကို နင်ထည့်မပြောနဲ့၊ သူများရဲ့ ခံစားမှုတွေ ငါ့အပေါ်မှာ တင်နေတာမျိုး ငါမလိုချင်ဘူး၊ ငါ့စိတ် ငါ့သဘောဆောင်ပြီး ထင်ရာလုပ်မယ်၊ အဲဒီအတွက် နင့်ကိုငါ မချည်နှောင်ထားဘူး၊ နင့်ဆီက တစ်ခုခုပြန်ရကောင်းပါစေလို့ ငါ မမျှော်ကိုးဘူး"

ငြိက ပြောရင်း လိုက်ကာရှည်ကို ဆွဲဖွင့်သည်။ ကျင့်သား ရနေတဲ့အကြည့်ဟာ ခြံရှေ့လမ်းမပေါ် တန်းခနဲ။ အပြာရောင် တောက်သော စက်ဘီးကို ခြံတံတိုင်မှာ မှီထောက်ကာ ဒီအိမ်ကြီး ဘက် လှမ်းကြည့်နေသူက ပြိုင်ဘက်၊ ခရမ်းရင့်ရောင် အော်တာ ရှပ်ကို လက်ဖျံထိ လက်ခေါက်ဝတ်ထားကာ အနက်ရောင်ဂျင်း(န်) နှင့်မို့ နံနက်ခင်း နေရောင်အောက်မှာ လင်းလို့။ ပြိုင်ဘက်နှင့် ငြိဟာ တွေ့လိုက်ရင် ဆန့်ကျင်ဘက်ပေမဲ့ ကြိုက်နှစ်သက်မှုမှာတော့ အမြဲတူနေတတ်တာပင်။ ကြည့်နေရင်းမှ ပြိုင်ဘက်က လက်ထဲမှ တစ်စုံတစ်ခုကို ကြည့်ရင်း နံပါတ်တွေ နှိပ်သည်။ ထို့နောက် နားနားမှာကပ်၏။ မရှေးမနှောင်းမှာပဲ ဖုန်းခေါ်သံထွက်လာတာက မြစ်ဖျားဖုန်းမှ ငြိ မြတင်းပေါက်ကို ကျောခိုင်းရပ်တော့ မြစ်ဖျားထံ မျက်နှာမူပြီးသား။ စကာရင်၌ပေါ်နေသော နံပါတ်ကြောင့် မြစ်ဖျားကို ဖုန်းလေးကို မြှောက်ပြရင်း...

"ပြိုင်ဘက်ဆက်တာ၊ ငါနေမကောင်းလို့ သတင်းလှမ်း





မေးတာနဲ့တူတယ်"

"သူ့ဖုန်းကို နင်မကိုင်ပါနဲ့လား"

မြစ်ဖျားရဲ့ အံ့သြကြည့်က ငြိထံ ဒိုင်းခနဲရွေ့လာသည်။

"ဘာသဘောနဲ့မှ ငါပြောတာမဟုတ်ဘူး၊ နင်နေမ ကောင်းမှန်း သိတာပဲ၊ သိပ်တွေ့ချင်ရင် ဒီအိမ်ထဲထိ ဝင်လာလို့ ရတယ်၊ ငါ သူ့ကိုမလာပါနဲ့လို့ မပိတ်ပင်ထားဘူး၊ စိတ်တစ်ခု သာရှိမယ်ဆိုရင် ဘာတွေပဲ ကာဆီးထားထား ရအောင်ထွင်းဖောက် နိုင်သတဲ့၊ နင့်ကို တွေ့ချင်ဇော သူ့မှာ သိပ်ပြင်းထန်ရင် ငါက သူ့အတွက် အသုံးမဝင်တဲ့ အမှိုက်တစ်စပါ"

စကားကို အဆုံးသတ်ရင်း ငြိက ခြေလှမ်းစကာ အခန်း ပြင်ထွက်ရန် တံခါးနားရောက်မှ ငဲ့ကြည့်တော့ မြစ်ဖျားက အဆက် မပြတ်ခေါ်နေသော ဖုန်းကိုကြည့်ရင်း ဒွိဟဖြစ်နေဆဲ။ ငြိက သက်ပြင်းတစ်ရှိုက်ကို အားအဖြစ်ရင်ထဲရှိုက်သွင်းရင်း တံခါးဆွဲ ဖွင့်သည်။ ပွင့်သွားတဲ့ တံခါးမှာ ကိုယ်တစ်ခြမ်းထွက်ရင်း...

"သဘောပါ မြစ်ဖျား၊ ငါ့စိတ်ထဲရှိတာကိုပြောတာ၊ နင်လွတ်လပ်စွာ ဆုံးဖြတ်နိုင်တယ်၊ ဘယ်သူ့ကိုမှ မငဲ့ကွက်ကြေး"

အခန်းအပြင်ရောက်မှ လေကို ပါးစပ်ဟ၍ တဝကြီးရှိုက် သွင်းတာတောင် ရင်ဘတ်ထဲက မွန်းကြပ်မှုက ပျောက်မသွား။ ထိုအခိုက် ငြိနောက်ပါးမှ ခြေသံပါးပါးနှင့်အတူ ငြိခါးကို သိုင်းဖက် သော လက်တစ်စုံ။



www.burmeseclassic.com

www.burmeseclassic.com



"မြစ်ဖျား"

မြစ်ဖျားက သူ့ပခုံးပေါ် မေးတင်ရင်း ခပ်မြူးမြူးအသံဖြင့်...

"ငြိ စကားတွေ နားထောင်ရတာနဲ့ မြစ်ဖျားဗိုက်ဆာနေပြီ ငြိရဲ့၊ ဒီအချိန် ဖုန်းပြောလို့မဖြစ်ဘူး၊ အစာအိမ်က မြစ်ဖျားကို ထပ်သည်းမခံနိုင်တော့ဘူးတဲ့၊ ကိုယ့်ခန္ဓာတွင်းက ကလီစာကို ကိုယ်မှ ဂရုမစိုက်ရင် ဘယ်သူဂရုစိုက်မှာလဲ၊ မဟုတ်ဘူးလား၊ လာ သွားစို့၊ ထမင်းစားခန်းကို"

မြစ်ဖျား ငြိလက်ကို ဆွဲပြီး လှေကားကွေ့ကွေ့ကြီးပေါ်မှ ဦးဆောင်ဆင်းလာခဲ့သည်။ အရာခပ်သိမ်း ပြည့်စုံသော သူမမှာ ရင်တွင်းနာဆိုတာ ရှိတာပါပဲ။ ကဲ ဘယ်သူပြောမလဲ။ ပြီးပြည့်စုံသော လူတွေက သနားစရာမကောင်းဘူးလို့။

◆ ◆ ◆

## အခန်း (၉)

"အဲဒါပဲကွ...ဒီဇိုင်းကွဲ ပုံတူဆိုတာ"

"လှချက်က ရက်စက်တယ်၊ နှစ်ယောက်စလုံးကိုပြောတာ"

"ရင်ခုန်ရလွန်းလို့ ရူးမှာပဲ"

ဖြိုင်ဘက် ကြားနေကျပေမဲ့ ကြားရတိုင်း ဖြိုင်ဘက်ခံစားချက်က မရိုးနိုင်။ ယိမ်းယိုင်ချင်သော ခြေလှမ်းတို့ကို မနည်းကြီးထိန်းလျှောက်နေဆဲ ငြိက မြစ်ဖျား ခံစားချက်ကို ရိပ်မိဟန်တူသည်။ မြစ်ဖျားလက်ကို ဖျတ်ခနဲ လာဆွဲ၏။ အားကိုးရာရသွားသလို ငြိလက်ကိုတွဲ၊ ငြိ ပခုံးစွန်းနဲ့ ကွယ်ပြီး တစ်ဆိုင်လုံးကို မြစ်ဖျား ဝေ့ဝဲအကဲခတ်သည်။ အားလုံးသောအကြည့်တွေက ငြိနဲ့မြစ်ဖျားထံမှာသာ တရစ်ဝဲဝဲ။ ငေးလည်းငေးချင်စရာပင်။ ငြိက ဂျင်း(န်)နက်ပြာရင့်၊ တီရှပ်အညိုရင့်နဲ့ တွဲဝတ်ကာ အညိုဖျော့ရောင် ဝေ့(စ်)ကုတ်တစ်ထပ်ထပ်ဝတ်ထားပြီး လေဒီရှူးက အနက်ရောင်နှင့်

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဦးက ရွှေရောင်စပ်။ မြစ်ဖျားက အညိုနုရောင် ဆွဲသားလည် ဟိုက်အင်္ကျီက ခါးရှည်ကို နက်ပြာရင့်ရင့် ဂျ ်း(န်)စကဒ်ရှည်နှင့် အရောင်တူ ဒီဇိုင်းကွဲလို့ အများတကာ ပြောလည်းပြောချင်စရာ ငြိကတော့ ထိုင်ခုံရှမှပင် မြစ်ဖျားလက်ကို ဖြုတ်သည်။ ပခုံးတစ်ဖက် ၌ ပြီးစလွယ်ချိတ်ထားသော လိမ္မော်ရောင်တောက်တောက် ကျောပိုး အိတ်ကို ရင်မှာပိုက်ရင်း။

"မျိုးထူးတို့ရှိတယ်၊ မြစ်ဖျား ဟိုတစ်ခါ နင့်ကိုစကားလိုက် ပြောတာ မျိုးထူးဘေးက ငပိန် မဟုတ်လား"

ငြိ နှုတ်ခမ်းအလှူပ်မှာ မြစ်ဖျားထံမှ အတိုင်အဖောက်ညီ စွာ မျက်ဝန်းတို့ကို စပ်စုခွင့်ပေးသည်။ မြစ်ဖျားတို့နှင့် တစ်ဝိုင်း ကျော်တွင် ထိုင်နေသော ဆရာကြီးစတိုင်လ်နှင့် မျိုးထူးက ငြိကို အရင်ဆုံး လာနှုယ်သည်။ အမြဲတတွဲတွဲရှိတတ်သော မြစ်ဖျားနှင့် ငြိ စတိုင်(လ်)ကို ကျက်မိသွားမှ မျိုးထူးက သူ့ဘော်ဒါတစ်ယောက် ကို ဆွဲသွင်းခဲ့တာ သူ့စီမံကိန်းနှင့်သူ။

"ကိုယ်နဲ့ငြိ ချစ်သူတွေဖြစ်သွားရင် မြစ်ဖျားတစ်ယောက် တည်း ဝေါင်မကျန်ရအောင် ဒီမှာရှိပြီးသား၊ သူက ဒီဘဝရဲ့ ရင်ဘတ်ရော ကိုယ်ခန္ဓာပါ မြစ်ဖျားအတွက် ပေးလှူပါ့မယ်တဲ့ လို့အပ်သလိုအသုံးချလို့ ရပါတယ်တဲ့"

မျိုးထူးက မျက်နှာပြောင်သလောက် အပြောရဲသည်။ ငြိက တစ်ဖက်သတ် လိုက်ကြိုက်ပြီး စိတ်ကူးနဲ့ရူးနေသော မျိုးထူးရဲ့





ပြောသမျှစကားထဲမှာ ငြိချစ်သူဆိုတာကနေ တစ်ပြားသားမှမလျှော့။ ငြိကလည်း ကြုံတိုင်းနှိပ်ကွပ်သည်။

"ခန္ဓာကိုယ်တွေ ရင်ဘတ်တွေကို မြစ်ဖျားဆီ လာမလှူ နဲ့၊ ဆေးကျောင်းမှာ ဖောင်တင်ပြီးလှူလိုက်၊ ဆေးကျောင်းသားတွေ အတွက် ပညာဒါနပေါ့၊ ဒါပေမဲ့ အသက်ရှင်ရက်တော့ မရဘူးနော်၊ သိပ်ပြီး သဒ္ဒါတရားထက်သန်နေရင် ကိုယ့်ကိုယ်ကို (suicide) ဆူဆိုက်လုပ်လိုက်၊ ဒါမှ ခန္ဓာကိုယ် မြန်မြန်လှူလို့ရမှာ၊ ဟွန်း ပြောရင်းနဲ့ မသာစော်နံလိုက်တာ"

ငြိက အဲဒီလို သူမပြောရဲသော မပြောထွက်သောစကား ဘာမှမရှိ။

"စကားပဲ ပိုက်ဆံပေးရတာမှ မဟုတ်တာ၊ ရင်ထဲရှိသမျှ ပြောခွင့်ရတာပဲ"

အခုလည်း မျိုးထူး ဒီဘက်ဝိုင်းကူးလာရန် ဟန်ပြင်နေပြီ။ ငြိက ရေနွေးအိုးထဲမှ ရေနွေးကို အကြမ်းပန်းကန်လုံးထဲ ငှဲ့ထည့် ရင်း…

"နင်ဘာစားမှာလဲ မြစ်ဖျား မှာလေ"

"အင်း…နန်းကြီးသုပ်"

မြစ်ဖျား အယောင်ယောင်အမှားမှားနှင့် ထွက်သွားတာ။ ကိုယ်က နဂိုကတည်းက တုန်လှုပ်နေတဲ့သူပါဆိုနေမှ။ ငြိကတော့ ရေနွေးကို နှုတ်ခမ်းလေးစုပိုင်းကာ လေမှုတ်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"အေး...ကောင်းသားပဲ၊ နှစ်ပွဲလုပ်ခဲ့၊ ကော်ဖီတစ်ခွက် ပလိန်းနော်၊ နို့စိမ်းပေါက်"

မြစ်ဖျားမှာသလို လိုက်မှာသည်။ ထိုအခိုက် မြစ်ဖျားဖုန်းလေးမှ ရှကီရာရဲ့ ဝါကာဝါကာသီချင်းသံက ထွက်လာ၏။ မြစ်ဖျားနှင့်ငြိမှာ ဖုန်းချင်း ဟင်း(န်)ဆက်ချင်း အတူတူပေမဲ့ ဖုန်းမြည်သံ ထည့်တာတော့ ကွာသည်။

"ငါက ပေါပင်တွေမကြိုက်ဘူး၊ ဂန္တဝင်မှကြိုက်တာ"

ငြိ ဖုန်းမြည်သံက အီးဂဲ(လ်)ရဲ့ ကယ်လဖိုးနီးယားသီချင်း။ မြစ်ဖျားက ဖုန်းဖွင့်ကာ နားနားကပ်ပြီး...

"ပြော...ပြိုင်ဘက်"

"ပြောစရာမဟုတ်ဘူး ပြစရာ"

"ဘာပြစရာလဲဟင်"

"ရုပ်ရှင်လေ၊ မြစ်ဖျား ကြည့်ချင်တဲ့ကား၊ လက်မှတ်ဖြတ်ထားတယ်"

"ရုပ်ရှင်၊ ဟုတ်ထိတယ်လား"

မြူးကြွကြွ မြစ်ဖျားစကားသံက ငြိရဲ့သိလိုစိတ်ကို ပုတ်နှိုးလိုက်သလို စားပွဲထိုးလာချသော အစားအသောက်တွေကို မတို့မထိဘဲ ငြိက မြစ်ဖျားပြောသမျှ နားစွင့်နေမိသည်။ မြစ်ဖျားက ပြိုင်ဘက်နှင့်ပတ်သက်လာလျှင် ဘေးပတ်ဝန်းကျင်ကို မေ့လျော့သွားတဲ့အထိ။ နှုတ်ခမ်းပြည့်ပြည့်တွေရဲ့ အဖျားစွန်းလေး



ဘေးနှစ်ဖက်ကို ကော့တက်နေကာ ကြည်ကြည်နူးနူးလေးပြုံးရင်း

"အင်း...လက်မှတ်ကျပ်တယ်လို့ ကြားနေတာ၊ ပြောတော့ ပြောမိတယ်လေ ပြိုင်ဘက်ရယ်၊ နင့်ကိုတင်မဟုတ်ဘူး ငြိကိုပါ ပြောထားတာ"

"ပါလာပြန်ပြီ ဒီငြိက၊ မြစ်ဖျား ငါနဲ့စကားပြောရင် သူ့ကိုဆွဲမသွင်းစမ်းနဲ့၊ ပြောရတာ ဖီး(လ်)ငုပ်တယ်"

တစ်ဖက်က ပြိုင်ဘက်ရဲ့အသံက တကယ့်စိတ်ဆိုးမာန်ဆိုးနှင့်။ မြစ်ဖျားက အနားတွင်ရှိသော ငြိအပေါ် အားနာသွားတဲ့ စိတ်က မဖုံးဖိနိုင်။

"ဟယ်...ဒါကတော့"

ငြိထံ အကြည့်ရောက်သွားတော့ တော်ပါသေးရဲ့လို့ မြစ်ဖျား ရင်ဘတ်ဖိပြီး ကိုယ်စိတ်ကိုယ် ဖြေရသည်။ ငြိက သူ့မရှေ့ရှိ ကော်ဖီခွက်ကို မွှေနေတာ စိမ်ပြေနပြေနှင့်၊ တစ်လောကလုံးကို မေ့ထားတဲ့ရုပ်ကြီးနဲ့မို့လေ။

"ဒါကတော့တွေ ဘာတွေ လုပ်မနေနဲ့၊ နင်စားသောက်ပြီးရင် သွားမယ်၊ ရုပ်ရှင်က ဆယ့်နှစ်ခွဲပွဲ"

"အင်း...အင်း နင်ဘယ်မှာလဲ ပြိုင်ဘက်၊ ရုပ်ရှင်ရုံမှာလား"

"မဟုတ်ဘူး၊ နင်ထိုင်တဲ့ဆိုင်ရဲ့ ဘေးဆိုင်"

အင်းလျားက စားသောက်တန်းတွေက တစ်ဆိုင်နဲ့တစ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



အကာအကွယ်မဲ့နေတာကြောင့် လှမ်းတွေ့နိုင်သည်။ မြစ်ဖျား လည်ပင်းလေး ရှည်ထွက်ကာ ဟိုဟိုဒီဒီ အကြည့်ဝေ့ရှာ၏။ မလှမ်း မကမ်းမှ လက်လှမ်းပြသော ပြိုင်ဘက်ကို အခုမှ တွေ့သွားပုံဖြင့် ဝမ်းသာအားရ လက်ပြရင်း

"လက်မှတ်က သုံးစောင်မဟုတ်လား ပြိုင်ဘက်"

ထိုစကားကြောင့် ငြိ ခေါင်းထောင်သွားသည်။ မျှော်လင့် တကြီး မဟုတ်ပေမဲ့ တစ်ခါတစ်ရံတော့ ထုတ်နုတ်ပြစ်ပယ်ခံထားရ တဲ့ဘဝကို ရင်နာတာလည်းပါသည်။ ပြိုင်ဘက်နဲ့တွေ့တိုင်း ရန်မဖြစ် တော့ဘူးလို့ အခါခါ သံမိဋ္ဌာန်ချပေမဲ့ တွေ့တိုင်းလည်း ထိုသံမိဋ္ဌာန် က ပြယ်သွားရတာ အမြဲတမ်း။ ပြိုင်ဘက်နှုတ်မှ ဖွင့်မပြောဘဲ အကြည့်နဲ့တင် မလိုလားရိပ်ထင်စေသည်။ ငြိကတော့ မြင်သမျှ ငုံ့မခံတတ်သည့် မာနစိတ်ကြောင့်။

"ငြိရော ငါပါ အရမ်းကြည့်ချင်နေတာ၊ ငြိကပြောပါ တယ်၊ မောင်ခိုဝယ်ကြည့်မယ်တဲ့၊ ဒါပေမဲ့ မတန်မရာကြီး ပြိုင်ဘက် ရဲ့၊ တစ်ထောင့်ငါးရာကို သုံးထောင်ပေးကြည့်ရမှာလေ၊ ငါက သူတို့ပေးမဲ့ ပိုက်ဆံ မုန့်ပဲအဝစားချင်တာ၊ ငါနဲ့ငြိ စားပြီးရင် ထွက်ခဲ့ မယ်လေ"

"ထင်ရာစွတ်ပြောမနေနဲ့ မြစ်ဖျား၊ အဲဒီငြိဆိုတာကြီးကို ထည့်မပြောဖို့ သတိပေးထားတာကို"

"ထည့်မပြောလည်း ပြီးရင်တွေ့ရမှာလေ"



"ဘယ်သူကတွေ့မယ် ပြောလို့လဲ၊ လက်မှတ်က နင်နဲ့ ငါ့အတွက် နှစ်စောင်တည်း"

"အယ်…ဒါဆို"

ဒီတစ်ခါတော့ စူးစမ်းနေသည့် ငြိ မျက်ဝန်းတွေနှင့် တန်းတိုးသည်။ အရာရာကို သဘောပေါက်လွယ်သော ငြိက မြစ်ဖျား မျက်ဝန်းထဲမှ အားနာရိပ်တို့ကိုလည်း ဖတ်ရှုနိုင်သည်။ ခပ်မဲ့မဲ့ပြုံးပြီး မြစ်ဖျားကို ဆက်ပြောဟူသော သဘောဖြင့် မေးဆတ် ပြသည်။ ဒါပေမဲ့ မြစ်ဖျားမှ ပြောစရာစကားမှ မရှိတော့တာ။

"ပြီးရင်ထွက်ခဲ့၊ ဒါပဲ မြစ်ဖျား"

ပြိုင်ဘက်က အရဝ်ဦးအောင် ဖုန်းချသွားပြီး…

"ငြိ…ဟို ငါလေ"

မြစ်ဖျား ထစ်အစွာ ဖြေရှင်းချက်ထုတ်ရန် ကြိုးစား၏။ ငြိက ပလက်တီနမ် နားကွင်းဝိုင်းကြီး ယမ်းခါသွားအောင် ခေါင်းဆတ်၍ ပြုံးရင်း…

"မထူးဆန်းတာတွေကို ပြတိုက်ထဲထည့်ဖို့ မကြိုးစားစမ်း ပါနဲ့၊ ဒါ ဖြစ်ရိုးဖြစ်စဉ်၊ ပြိုင်ဘက်ဆိုတဲ့ကောင်က ငါ့အတွက် ဘယ်တုံးက ထည့်စဉ်းစားဖူးလို့လဲ၊ ငါကလည်း ဒုန်(န်)ကဲပဲ၊ သူ့ကို ဂရုစိုက်နေရင် ငါတို့ရဲ့ အစဉ်အလာတွေ ရိုးရာပျက်သွားမှာပေါ့၊ သွားကြည့်ပါ နင်နဲ့သူ၊ ငါကရတယ်"

မျက်နှာပေါ် ဘာအရိပ်မှမထင်အောင် ထိန်းရတာ ငြိ

www.burmeseclassic.com

www.burmeseclassic.com



အတွက် ခဲယဉ်းတဲ့ကိစ္စမဟုတ်။ ဟန်ဆောင်ရပါများ၍ တစ်ခါတစ်ရံ စိတ်ခံစားမှုနဲ့ ရုပ်နဲ့က သီးခြားကြီး ခွဲထွက်နေတဲ့အဖြစ်မျိုး။ ငြိ ကိုယ်တိုင်က ကယ်ပါယူပါဆိုတဲ့ ရာဇဝင်မျိုးနဲ့ ရှင်သန်ခဲ့သူမဟုတ်။ ပြောင်းပစ်လိုက်တာ လွယ်ပါသည်။ ဝမ်းနည်းခြင်းက ဒေါသ အဖြစ်။ ဒေါသထွက်စရာ သတ္တဝါကလည်း ရှည်ရှည်ဝေးဝေး လိုက်ရှာစရာမလို။ အခုပဲ သူမရှေ့တော်မှောက် ရောက်လာတာ မျိုးထူး။

"နေကောင်းတယ်နော် စွဲငြိ၊ လာ ထိုင် ဝင်းထွဋ်၊ မြစ်ဖျား ဒီမှာ ဝင်းထွဋ်ပါခေါ်လာတာ၊ နင်နဲ့ဝင်းထွဋ်ကတစ်တွဲ၊ ငါနဲ့စွဲငြိက တစ်တွဲ ဟတ်ထိတယ်ရုပ်ရှင်လက်မှတ် ရထားတယ်၊ အဲဒါ ငါတို့ လေးယောက် သွားကြည့်မလားလို့၊ ဒီ ဆယ့်နှစ်ခွဲပွဲဟာ၊ ဘယ်လိုလဲ ဟင် စွဲငြိ၊ သွားကြည့်မလား"

"ကဲ…အဲဒါကြည့်ချင်ဦး"

ဘယ်သူမှ ထင်မှတ်မထားသော တုံ့ပြန်ခြင်း။ ငြိက သူမ ရှေ့ရှိ အနွေးဓာတ်မပြယ်သေးသော ကော်ဖီဖြင့် မျိုးထူးမျက်နှာဆီ ကောက်ပက်ပစ်လိုက်တာဖြစ်သည်။

"ဟယ်…ငြိ"

မြစ်ဖျား အလန့်တကြား ခေါ်သည်။ ဒါပေမဲ့ ငြိအသွင် ဟာ ဘာမှမကြား၊ ဘာမှမမြင်သော အရိုင်းဆန် ဒေါသတွေနှင့်။ ငြိက ဆတ်ဆတ်တုန်နေသော လက်တို့ကို ဖျတ်ခနဲ လက်သီးကျစ်

စိုး:မိုး:၈၇၄၉



ကျစ်ပါအောင် ဆုပ်ပစ်ရင်း…

"မှတ်ထား၊ နောက်ခါ ငါ့ကို လာအရောမဝင်နဲ့၊ မယုံရင် စမ်းကြည့်လိုက်"

ကျောပိုးအိတ်ကို ပစ်ခတ်လွယ်ကာ ဆိုင်ထဲမှ ငြိ ထွက်သွားတာ ခြေလှမ်းကျဲကြီးများနှင့်။ မြစ်ဖျားမှာသာ ကော်ဖီတွေ ရွှဲရွှဲစိုနေသော မျိုးထူးကို အားနာသလို တစ်ချက်ကြည့်ရင်း ပိုက်ဆံ ထုတ်ရှင်းကာ ငြိနောက်သို့ အပြေးလေးလိုက်ခဲ့သည်။

"ငြိ…ငြိရယ် နေပါဦး နင်ကလည်း ဒေါသချည်းပဲ၊ ငါ့ပါ ရောမရမ်းနဲ့ဦး၊ နေဦး"

မြစ်ဖျားမှာ ငြိနောက်ကို အမောတကော နဲ့ ပြေးလိုက်ပြီး ငြိ လက်ကောက်ဝတ်ကို ကိုယ်ကဆွဲပြီး ကိုယ်ကပဲ ငြိရှေ့ရောက် အောင် ပိတ်ရပ်သည်။ ငြိက မျက်လွှာတစ်ချက် ပင့်ကြည့်ပြီးမှ

"နင်နေခဲ့တော့ မြစ်ဖျား၊ ဟိုကောင်နဲ့ ရုပ်ရှင်ကြည့်ဖို့ ချိန်းထားတယ်မဟုတ်လား"

"နင်အဆင်ပြေရဲ့လား ငြိ"

ဟက်ခနဲ ငြိက ရယ်သည်။ နှုတ်ခမ်းပါးတွေ အဖွင့်မှာ သွားဖြူတန်းတွေ လှစ်ခနဲပေါ်လာပြီး သွားစွယ်လေးမှာ တပ်ထားတဲ့ စိန်ပွင့်ကြောင့် ငြိ အပြုံးတွေက တောက်ပနေသလားမသိ။

"ရတနာထဲမှာ စိန်ပဲကြိုက်တယ်၊ ပြီးတော့ ပလက်တီ နမ်၊ ဘာအရောင်မှ ရောယှက်မှုမရှိပေမဲ့ တောက်ပလို့"

စိုး:မိုး:၈၇၄၉

www.burmeseclassic.com

www.burmeseclassic.com



အဂတ်အစားကျ အရင့်ရောင်တွေသာ ရွေးချယ်တတ်တဲ့ ငြိမ်ဟာ သူ့အကြိုက်နဲ့သူတော့ ဟာမိုနီဖြစ်ဆဲ။

"ငါ အိုကေတယ်၊ မျိုးထူး အမျှင်တန်းနေမှာစိုးလို့ တစ်ချက်တည်းနဲ့ ပွဲသိမ်းပေးခဲ့တာ၊ နေခဲ့တော့ မြစ်ဖျား၊ အပြန်ကျရင် ဖြိုင်ဘက်ကို လိုက်ပို့နိုင်းဦး၊ ငါ့သူငယ်ချင်းလေး ယောင်ချာချာဖြစ်နေမှာစိုးလို့"

မြစ်ဖျား ဆုပ်ကိုင်ထားတဲ့လက်ကို ညင်သာစွာ ဖြည်ချသည်။ ထို့နောက် ပေါ့ပါးသော ခြေလှမ်းတို့ဖြင့် ကျောခိုင်းသွား၏။ မြစ်ဖျားမှာသာ နေရာက တစ်လက်မတောင်မရွေ့ဘဲ ငြိ ကျောပြင်အား ငေးနေရတဲ့အဖြစ်။

"သံယောဇဉ်တွေ မပြတ်နိုင်သေးဘူးလား မြစ်ဖျား"

ကပ်ကပ်လေးပြောတဲ့ ဖြိုင်ဘက်စကားသံကြောင့် မြစ်ဖျား ဒီဘက်လှည့်သည်။ အနက်ရောင် အော်တာရှပ်ကို တံတောင်ဆစ်အထိ လက်ခေါက်ထားကာ ခါးပတ်အကြီးကြီး ပတ်ထားသော ဂျင်း(န်)အနက်တစ်ထည်ဖြင့် ဖြိုင်ဘက်က မြစ်ဖျားကို ပြန်ကြည့်သည်။ ဆံပင်က ဘေးတွေရိတ်ထိုးထားပြီး ဝမ်းဝေးဆောင်ထားတဲ့ စတိုင်(လ်)နဲ့ နားမှာ ရွှေနားကွင်းနှင့် အပေါ်ဘက်နားပေါက်မှာ စိန်တစ်ပွင့် တပ်ထားသည့် မှန်ကုပ်ကုပ်နှင့် ဖြိုင်ဘက်ရဲ့ မူပိုင်ဟန်။ မြစ်ဖျား ပခုံးတွန့်ပြီး လျှာထုတ်ပြတော့ သူ့အသွင်က ပြုံးမြမြဖြစ်လာကာ…





"ပြောင်ပြမနေနဲ့ ရုပ်ရှင်ချိန်နီးပြီ၊ တက္ကစီငှားပြီးလစ်ရမှာလာ"

ဖြိုင်ဘက် ဦးဆောင်ခေါ်ငင်တဲ့ လမ်းဟာ ဆူးအပြည့်နှင့်ခရောင်းတော ဖြစ်ပါစေ။ မြစ်ဖျား ခြေမတွန့်နောက်မရွံ့ဘဲ လိုက်မှာပင်။ ဒါဟာ ဖြိုင်ဘက်အပေါ် ယုံကြည်ခြင်းလား၊ မခွဲခွာချင်တဲ့စိတ်ကြောင့်လား၊ မြစ်ဖျား သေချာမသိ။ ရုပ်ရှင်ရုံရဲ့ အမှောင်ထုအောက်မှာ သူက နေကြာစေ့ကို အခွံနွှာပြီးသား အဆန်လေးတွေ မြစ်ဖျားလက်ထဲထည့်ပေးတော့ လက်ဖဝါးချင်း ထိခတ်မိတာရှိသည်။ ပခုံးချင်း ထပ်ညပ်နေတာလည်း ကြုံရသည်။ မုန့်မျိုးစုံစားပြီး အဆီတက်နေသည့် မြစ်ဖျားလက်ချောင်းတွေကို သူက တယုတယ တစ်ရှူးဖြင့် သုတ်ပေးသောအခါ မြစ်ဖျားမှာ ရင်တွေဘာတွေဆောင့်ခုန်ကာ မျက်ဝန်းတွေ ပြာထွက်လာတဲ့အထိ အကြည့်ချင်းဆုံတိုင်း နှုတ်ခမ်းတို့က မပြုံးဘဲ ဖြိုင်ဘက်မျက်ဝန်းတွေက ရယ်မြူးရိပ်ထင်ကာ ရီဝေသော ဖမ်းစားမှုတွေနဲ့ အရောင်တွေတောက်ပလို့။ ရွှန်းရွှန်းစားစား အကြည့်ခံရတိုင်း ရိုင်းစိုင်းလွန်းတဲ့ ရင်ခုန်သံဟာ မြစ်ဖျားကို လေဟာနယ်ထဲ မျောလွင့်စေသည်။ နှလုံးသားဟာ တစ်စုံတစ်ခုကို ပြင်းပြစွာ တောင့်တချိန်။ ထိုနေ့က 'ဟတ်ထိတယ်' ဆိုသော ရုပ်ရှင်ပြကွက်က ဘာတွေပြသွားမှန်းမသိ။ အပြင်မှာ ဟတ်ထိကြသော သူနှင့်သူမကပဲ ရင်ခုန်သံကို အမှူးထား၍။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဒေါက်...ဒေါက်"

ငြိ ကားမှန်တံခါးကို လက်ဆစ်တွေနဲ့ခေါက်ပြီး မှန်ချဖို့ အချက်ပေးသည်။

"ကျစ်...ဒီအရူးတွေကတစ်မျှောင့်"

ငြိက စိတ်တိုတိုနှင့် ရေရွတ်ရင်း ကားမှန်ကို ချပေးသည်။ အပြင်ကပုဂ္ဂိုလ်ဟာ မျက်နှာရူးမျိုးထူးရဲ့ အပေါင်းအပါထဲက တစ်ယောက်။ ငြိက မျက်နှာထက်ဝက်အုပ်ချထားသည့် ညိုကြည်ရောင် မျက်မှန်ကို နဖူးစပ်ဆီ သပ်တင်သည်။ နားရွက်များထိ ကုပ်ကုပ်အုပ်ဝဲနေတဲ့ ဆံပင်ရှည်တွေပါ လှန်တင်လိုက်သလို ဖြစ်သွားကာ မျက်နှာဝင်းဝင်းမှာ မျက်လုံးက ရူးရူးရဲရဲ။

"ဘာကိစ္စ ငါ့ရှေ့က ပိတ်ရပ်တာလဲ"

"ပြောမယ်၊ အဲဒီအကြောင်းပြောချင်လို့ ဒီမှာ တကူးတက လာစောင့်နေတာ"





ကျောက်ကျောဆီစိမ် မျက်နှာနှင့် မျိုးထူးက ကားပြတင်းပေါက်ဆီ ကိုယ်ကို ကိုင်းချသည်။ ဝေ့ခနဲရသည့် အသက်ရှူနှုန်းထဲမှာ ချဉ်စုပ်စုပ် အရက်နံ့ပါ တွဲပါလာပြီးသား။ ပြဿနာက ဒီမှာ မပြီးမှန်း ငြိသိသည်။ ထို့ကြောင့် ကူရှင်ပေါ် ပက်ခနဲမှီချကာ...

"ပြော...ဘာလဲ"

"ဟား...ဟား တို့ရဲ့မဒီက အောက်တောင်မဆင်းတော့ဘူးလား၊ အင်း ဒီလိုနေရာမှာတော့ သွေးမရှိဘူးနဲ့တူတယ်"

မျိုးထူးက လူအသွားအလာရှင်းသော ပတ်ဝန်းကျင်ကို မျက်စိကစားရင်း ခနဲ့တဲ့တဲ့နှင့် အပြောကိုဆက်သည်။

"လူပုံအလည်ကြမှ သတ္တိရှိတာပေါ့၊ ဟုတ်လား စွဲငြိ"

"တောက်"

ငြိက ခပ်ပြင်းပြင်း တက်တစ်ချက်ခေါက်ရင်း ကားသော့ဆီ လက်လှမ်းသည်။ ဖြစ်ချင်ရာဖြစ် ကားစက်နှိုး၍ ရှေ့မှာပိတ်ရပ်ထားသော ကားရောလူရောပါ ဝင်တိုက်ပစ်ရန် မိုက်ရူးရဲဆန်စွာ တွေးမိသေးသည်။ ဒါပေမဲ့ ဘက်(ခ်)မှန်ထဲ အကြည့်အရောက် အတွေးက စိတ်ကူးထဲမှာတင် ပျက်သွားပြီ။ သူ့မကားနောက်မှာ မှတ်မိလွယ်နေသော ပြိုင်ဘက်ရဲ့ အပြာရင့်ရောင် စက်ဘီး။

"ဒီညနေ ပြိုင်ဘက်နဲ့ စက်ဘီးသွားစီးမလို့ ငြိ၊ နင်ကြိုက်တဲ့ မုန့်တီဆိုင်ဘက်ရောက်မယ်၊ ရခိုင်သုပ် ဝယ်ခဲ့ရမလား"

မြစ်ဖျား စကားသံကို ပြန်ကြားယောင်သည်။ စိတ်ရှုပ်ထွေးစွာ ကျစ်ခနဲ စုပ်သပ်ချိန်တွင် ပြိုင်ဘက်စက်ဘီးက သူ့မကားနား



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီ။

"ငြိ"

ကယ်ရီယာပေါ်က မြစ်ဖျား ခုန်ဆင်း၍ ငြိထံ လျှောက်လာတာ စိုးရိမ်တကြီး။ မျိုးထူးကတော့ ဒင်းရဲ့ မကောင်းတဲ့အသံကြီးကို တအစ်အစ် တမင်လုပ်ကာရယ်ရင်း

"အခန့်သင့်လိုက်လေကွာ၊ ချိန်းထားရင်တောင် လွဲဦးမယ်၊ ကဲ…ကံဇာတာတွေ တက်နေတဲ့ မင်းကို မေးရမယ်၊ ပြောစမ်းပါဦး၊ မချောနှစ်ယောက် ကိုယ်တစ်ယောက်အကြောင်း"

ဒေါသစိတ်နှင့် ရှက်စိတ်ကိုအတူခံစားမိရင်း ဟန်ဒယ်(လ်) ကိုင်ထားတဲ့ လက်က တင်းခနဲဖြစ်သွားသည်။ မဆီမဆိုင် အရမ်းခံရတဲ့အဖြစ်မှာ ကိုယ့်သိက္ခာပါ ကြေမွသွားသလို။ ပြိုင်ဘက်က ဘေးရှိကားပေါ်မှ စွဲငြိထံ မျက်တောင်တွေပိုက်ချကာ စွေစောင်းစောင်းကြည့်ရင်း…

"မြစ်ဖျားကိုခေါ်ပြီး ဒီကထွက်သွားတော့"

"မသွားပါဘူး၊ ဒီကောင်တွေ ငါ့ကိုအရင်ရန်စတာ၊ ရင်မဆိုင်ဘဲ ရှောင်ပြေးတာမျိုး ငါဘယ်တော့မှမလုပ်ဘူး"

ဒေါသက ဘယ်ကိုဦးတည်ရမှန်း မသိခင် ရိပ်ခနဲဝင်လာသော အရိပ်ကို တွေ့လိုက်ရပြီး စက်ဘီးရောလူပါ ယိုင်ထွက်သွားသည်။ မေးဖျားက မျိုးထူးရဲ့ လက်သီးဒဏ်ကြောင့် ပူထူသွား၏။ အောက်နှုတ်ခမ်းက သွေးတို့ စိမ့်ထွက်လာသည်။



"ပြိုင်ဘက်"

စိုးရိမ်တကြီးအော်တဲ့ မြစ်ဖျားအသံ။ အသားထိ၍ နာကျင်လျှင် ဘာမှမမြင်တော့သည့် စရိုက်က ခေါင်းထောင်ထလာသည်။ စက်ဘီးကို မြေမှာပစ်ချရင်း ပြိုင်ဘက်က အားထည့်၍ မျိုးထူးထံ လက်သီးပစ်သွင်းသည်။ မျိုးထူးမျက်နှာက လန်ထွက်သွားပြီး သွေးတွေရဲခနဲ။ မျိုးထူးရဲ့ ဘက်တော်သားတွေ ကားပေါ်က တန်ဆာပလာ လက်နက်မျိုးစုံဆွဲ၍ ပြေးချလာပြီ။ မြစ်ဖျား ဒီအတိုင်းကြည့်မနေနိုင်။

"လာကြပါဦး…ဒီမှာ ရန်တွေဖြစ်နေလို့၊ လာကြပါဦး"

မြစ်ဖျား သံကုန်ဟစ်၍ အော်သည်။ ငြိကတော့ အော်တာဟစ်တာ ဝါသနာမပါ။ ကားနားရောက်လာသည့် မျိုးထူးရဲ့လူကို ကားတံခါးဖွင့်ကာ ခံပေးလိုက်သည်။ သူ့အရှိန်နှင့်သူ ဒိုင်းခနဲ နောက်ပြန်ပစ်လဲသွားချိန် ငြိက ကူရှင်နှစ်ခုအကြား အဆောင်အဖြစ်ထားသော ရော်ဘာတုတ်ကို ဆွဲယူကာ…

"ပြိုင်ဘက်…ရော့"

ငြိ လွှဲပစ်ပေးသော တုတ်ကို ပြိုင်ဘက်က လှမ်းဖမ်းကာ ရှေ့တက်လာသော ကောင်ကို ပယ်ပယ်နယ်နယ် ဆီးရိုက်ပစ်တာ မျက်နှာတွေဆီ။

"အား…ပြိုင်ဘက်…နောက်မှာ၊ နောက်မှာ၊ သတိထား"

www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တကြားအော်တဲ့ မြစ်ဖျားအသံကို ပြိုင်ဘက်က မကြား။ ဆတ်ခနဲ ငြိ လှမ်းကြည့်တော့ သွေးတွေရဲနေသည့် မျက်နှာနဲ့ မျိုးထူးက သစ်သားချောင်းကြီးကိုင်ကာ ပြိုင်ဘက်နောက်ကျောဆီ ပြေးလာပြီ၊ ဘာဘာညာညာ ငြိ စဉ်းစားမနေ၊ မျိုးထူးနဲ့ပြိုင်ဘက်ကြား လွှားခနဲပြေးခုန်ဝင်ပြီး ပြိုင်ဘက်ကျောကို ပစ်တွန်းကာ ကျလာတဲ့တုတ်ချက်ကို လက်တစ်ဖက်မြှောက်ကာ ချိန်…

"ဖြောင်း"

ခနဲ အသံကျယ်ကြီး။

"အား…ငြိ သေပါပြီ"

မြစ်ဖျား အော်သံစူးစူးနှင့်အတူ ငြိ လက်ဖျံရိုးက လျှောက် အသည်းခိုက်မတတ် နာကျင်မှုကြီးက တိုးဝင်လာသည်။

"ဟာ…ဟေ့ ရန်မဖြစ်ကြနဲ့လေ"

"ဟိတ်ကောင်တွေ ရပ်စမ်း"

အော်သံ၊ တားမြစ်သံတွေနှင့် လမ်းထဲက လူကြီးတွေ ပြေးထွက်လာတာကို မြစ်ဖျား နောက်ဆုံးသိလိုက်ရပြီးနောက် ရုတ်ခြည်း တစ်ကိုယ်လုံး အေးစက်သွားသလို ခံစားရသည်။ ရင်ဘတ်ထဲ မွန်းကျပ်လာပြီး မြင်ကွင်းတိုင်းက အိုးထိန်းစက်ပမာ ချာချာလည်သည်။ အသက်ရှူမဝတော့ဘဲ အမြင်တွေ ဝေဝါးသွားတဲ့နောက်ဆုံးအသိမှာ။

စိုး:မိုး:စ၁၄ပ



"ငြိ"

"ဟာ…မြစ်ဖျား"

ငြိ ဒီဘက်အလှည့် ကိုယ့်နောက်ကျောမှာ ဘာဖြစ်မှန်းမသိပေမဲ့ ကူကယ်ရာမဲ့ မြစ်ဖျားကိုယ်လေးက တအိအိပြိုလဲသွားတာ ပြိုင်ဘက် တွေ့လိုက်ရသည်။ ဘာကိုမှ သတိမထားနိုင်တော့။ ပြိုင်ဘက် ခြေလှမ်းကျဲကြီးတွေ တလွှားလွှားနှင့် လဲကျနေသော မြစ်ဖျားကို ဆွဲထူ၍ ပွေ့ထားရင်း

"မြစ်ဖျား…ဟေ့ မြစ်ဖျား"

မြစ်ဖျားရဲ့ အေးစက်သောအထိအတွေ့၊ ဖြူဖျော့သော မြစ်ဖျား မျက်နှာပေါ်မှာ နှုတ်ခမ်းထူအမ်းအမ်းတွေက ပြာနှမ်းလို့။ ပြိုင်ဘက်ရဲ့ စိုးရိမ်မှုက အထွဋ်အထိပ် ရောက်သွား၏။ မြစ်ဖျားကိုယ်လေးကိုပွေ့ရင်း မတ်တပ်ထရပ်တော့ သူ့ဘေးမှာ စွဲငြိ။ ပြိုင်ဘက် အခဲမကျေသော မျက်ဝန်းတွေက မြှားတစ်စင်းလို ငြိထံ ပြေးဝင်သွားသည်။ ပြိုင်ဘက်ရင်ထဲက ဒေါသက ရင်ဘတ်ထဲ အားကောင်းစွာ ရိုက်ပုတ်နေသဖြင့် မျက်နှာပေါ်ရှိ အရေပြားတိုင်း တလှုပ်လှုပ်။ ခက်ထန်စွာ အံကြိတ်ပစ်ရင်း မမြိုသိပ်နိုင်သော စကားတို့က တစ်လုံးချင်းထွက်ကျတာက အမုန်းရဲ့ သိပ်သည်းဆများစွာ ပျော်ဝင်လျက်။

"နင့်ကြောင့် ဖြစ်ရတာချည်းပဲ စွဲငြိ၊ မြစ်ဖျား တစ်ခုခု ဖြစ်ကြည့် နင်လည်း ရပ်တည်ရာမဲ့အောင် ငါလုပ်ပြမယ်"

စိုး:မိုး:စ၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်ရာပြောပြီး ချာခနဲ လှည့်ထွက်သွားတဲ့ ဖြိုင်ဘက်ရဲ့ကျောပြင်ကို ကြည့်ရင်း ငြိ မြင်ကွင်းကို မျက်ရည်ကြည်တွေက ကာဆီးပစ်လိုက်သည်။ မျက်ခမ်းစပ်မှတစ်ဆင့် ပါးပြင်ဆီ လျှောတိုက်ဖြတ်စီးသော မျက်ရည်တို့သည် ငြိမာနကို မနာခံတော့သလို။ တဆစ်ဆစ်ထိုးအောင့်နေသော ရင်ဘတ်က ဒဏ်ရာက ငြိလက်မှဒဏ်ရာထက် အဆပေါင်းများစွာ ပိုတယ်ဆိုရင်။

"ဟော့…ဒီကလေးမကို ဆေးခန်းပို့ပေးဦး၊ လက်အရိုးကျိုးသွားသလားပဲ၊ ဟိုမှာ အရိုးကြီးငေါထွက်နေတာ"

"သွေးပူတုန်း တစ်ခုခုနဲ့ စည်းလိုက်မယ်၊ ပုံမှန်ဖြစ်အောင်"

"မစည်းနဲ့…မစည်းနဲ့၊ ဒီနားမှာဆေးခန်းရှိတယ်၊ အရင်ပို့လိုက်၊ ဒါက ဆရာဝန်တွေမှ နားလည်မှာ"

ဘေးကလူတွေက ပျာယာခတ်နေသလောက် ငြိကအေးဆေးတည်ငြိမ်စွာရှိဆဲ။ ဖြစ်နိုင်ရင် မျက်ရည်တွေကြားက ငြိကိုယ်တိုင် အားပါးတရ ရယ်ချပစ်ချင်တာ၊ တော်ကြာ လက်ကျိုးပြီး ရူးသာကြီးရောက်ရတယ်ဆိုတဲ့ သတင်းမျိုး မထွက်ချင်လို့ပါ။ အခွင့်သာရင်တော့ ဖြိုင်ဘက်သိအောင် ငြိ ပြောပြချင်သည်။

"ငြိ ရင်ထဲမှာ အတွင်းကြေနေပြီဆိုမှ ဖြိုင်ဘက်ရဲ့ ဒီဒဏ်ရာက အသေးအမွှားဆိုတာ"

◆ ◆ ◆



## အခန်း (၁၁)

"သူ့မှာ မွေးရာပါ နှလုံးရောဂါအခံက ရှိပြီးသား"

"ဗျာ"

ဆရာဝန်ကြီးရဲ့ စကားကြောင့် ဖြိုင်ဘက်က တုန်လှုပ်သွားသည်။ မြစ်ဖျားအတွက် စိုးရိမ်လွန်း၍ပါ။ ဆရာဝန်ကြီးက နှစ်သိမ့်သလို ဖြိုင်ဘက်ပခုံးကို ခပ်သာသာဆုပ်ညှစ်ရင်း…

"ဒီခေတ်မှာ အခုလိုရောဂါမျိုးက သိပ်စိုးရိမ်စရာမရှိပါဘူး၊ ခေတ်မီဆေးဝါးတွေလည်း ရှိနေပြီပဲ၊ လူ့သက်တမ်းကို ဆွဲဆန့်လို့ရတဲ့ ဆေးနည်းတွေ ရှိနေပါပြီ၊ အရေးကြီးတာက သူ့ရောဂါကို သိထားတော့ လူနာရှင်အတွက် ဆောင်ရန်၊ ရှောင်ရန်ကို ဂရုစိုက်ရုံပဲ၊ နှလုံးရောဂါသမားတွေအတွက် အဓိက အရေးအကြီးဆုံးက စိတ်ပဲ၊ စိတ်မှာ ပြင်းထန်တဲ့ဒဏ်ရာမရရင် ဒါ သူတို့ ကျန်းကျန်းမာမာနေနိုင်တယ်၊ အခုလို ထိတ်လန့်တကြား ရှော့(ခ်)မျိုးမရအောင်



www.burmeseclassic.com

www.burmeseclassic.com



တော့ ဂရုစိုက်ရမှာပေါ့၊ လူနာကလည်း စိတ်လှုပ်ရှားမလွယ်အောင်၊ စိတ်တည်ငြိမ်မှုရအောင်တော့ ကိုယ့်ကိုယ်ကို ကြိုးစားတည်ဆောက်ရမယ်နော်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

မြစ်ဖျားက အိပ်ရာထက်မှာ လဲလျောင်းရင်း ခေါင်းညိတ်ကာ နာခံသည်။

"ဒါဆို စိုးရိမ်စရာမရှိတော့ပါဘူး၊ ညွှန်ကြားတဲ့အတိုင်း ဆေးကိုတော့ မှန်မှန်သောက်ပေါ့"

မှာကြားပြီးနောက် ဆရာဝန်ကြီးက အခန်းထဲမှ ထွက်သွားတော့ ပြိုင်ဘက်က ချွေးစတွေဖြင့် စေးကပ်နေသော မြစ်ဖျား နဖူးစပ်က ဆံစတွေကို သိမ်းပေးရင်း…

"ကြားတယ်နော် မြစ်ဖျား၊ ဆရာဝန်ကြီးပြောသွားတာကို"

"ကြားပါတယ် ပြိုင်ဘက်ရယ်"

"အေး…ကြားတဲ့အတိုင်းလည်း လိုက်နာနိုင်အောင် ကြိုးစား၊ နင် အဲဒီလိုဖြစ်သွားတာ ငါ့မှာ ဘယ်လောက်စိတ်ပူရတယ်မှတ်လဲ၊ နင့်ကိုပွေ့ပြီး နီးရာဆေးခန်း ပြေးလာတာ၊ နင်သတိပြန်ရမှပဲ မောနေမှန်းသိတော့တယ်"

ပြိုင်ဘက်ရဲ့အပြောကို မြစ်ဖျား အသံထွက်အောင် သဘောတကျရယ်ရင်းက…





"နင့်ကို ကျေးဇူးတင်ပါတယ် ပြိုင်ဘက်ရဲ့"

"မလိုပါဘူး၊ နင့်ဆီက ငါလိုချင်တာ ကျေးဇူးမှမဟုတ်တာ"

ပြောရင်း တစ်စုံတစ်ခုကို သတိရသွားသလို ပြိုင်ဘက် မျက်နှာက တည်သွားသည်။ ပြိုင်ဘက် အလိုမကျတိုင်း ဖြစ်တတ်သည့် မျက်ခုံးနှစ်ခုက အော်တိုမစ်တစ်ကို ကျုံ့သွားရပြီး…

"ဟို…လျှပ်စီးလက်မကိုလည်း ပြောထားရမယ်၊ နင့်မှာ ဒီရောဂါရှိတဲ့အကြောင်းနဲ့၊ နင့်ရှေ့မှာ လျှပ်စီးသီပ်မလက်ဖို့အကြောင်း"

"မပြောပါနဲ့ ပြိုင်ဘက်ရယ်၊ ငြိလည်း ဒဏ်ရာရသွားတာပဲဥစ္စာ၊ ငါ ငြိကိုတွေ့ချင်တယ်"

စိတ်ကဆောင်သဖြင့် မြစ်ဖျား လှဲနေရာမှ ကျုံးထသည်။ ပြိုင်ဘက်ကလည်း အသည်းအသန်ပင်။ မြစ်ဖျား ပခုံးနှစ်ဖက်ကို ဖိ၍ ပြန်လှဲစေပြီး…

"ကြည့်မနေနဲ့၊ ဘာမှမဖြစ်ဘူး၊ ဟိုက ခေါင်ခေါင်မြည်"

"မိုးထူး ငြိကို သစ်သားချောင်းနဲ့ ရိုက်လိုက်တာ ငါမြင်လိုက်ရတယ် ပြိုင်ဘက်ရဲ့"

"အသက်နဲ့ အဝေးကြီးပါဟာ၊ အရိုးအက်သွားရုံပဲ၊ ကျောက်ပတ်တီးကိုင်ရတယ်"

"ဟယ်…သနားပါတယ်၊ ငြိ အရမ်းနာနေမှာ ပြိုင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့၊ အနားမှာလည်း ဘယ်သူမှရှိမှာမဟုတ်ဘူး၊ ငါသွားကြည့်မှ ဖြစ်မှာပေါ့"

"ကျစ်"

စိတ်ပျက်ခြင်းများစွာနှင့် ပြိုင်ဘက်လေသံက မာထွက်သွားသည်။ ဒီလိုဆိုတော့လည်း လှုပ်လှုပ်ရှားရှားဖြစ်နေသည့် မြစ်ဖျားက သူ့ဒေါသကို သိနေသည့်အလား။ ငြိမ်ကျသွားသည်။ ဒါတောင် အသနားခံသည့် မျက်လုံးရွဲကြီးများနှင့် ပြိုင်ဘက်ကို မျက်လွှာပင့်ကြည့်သည်။

"ငါစိတ်ပူလို့ပါ ပြိုင်ဘက်ရယ်"

လို့ အယူခံဝင်နေသေးသည်။

"ပူမနေနဲ့၊ ဒီပြဿနာလည်း သူစလို့ဖြစ်တာချည်းပဲ၊ နင်နဲ့ ငါက ကြားထဲက ခံစားစာခံ"

"အဲဒီလိုမပြောပါနဲ့ ပြိုင်ဘက်ရယ်၊ နင်ထိမှာစိုးလို့ သူဝင်ခံ"

"မပြောနဲ့တော့"

ပြိုင်ဘက်က မြစ်ဖျား နှုတ်ခမ်းထူထူလေးတွေကို ထပ်မပြောနိုင်အောင် သူ့လက်ချောင်းများနှင့် ပိတ်သည်။ ပြီးမှ စိတ်မကောင်းသလိုဖြစ်သွားကာ မျက်နှာလွှဲပစ်ပေမဲ့ မြစ်ဖျားလက်ကို ဆွဲယူကာ သူ့ရင်မှာကပ်ထားပြီး…

"နင်တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်နေတဲ့ငါ့ကို ပြန်သနား



ပါဦး မြစ်ဖျား"

"ပြိုင်ဘက်ရယ်"

မချိတရိလေးရေရွတ်တဲ့ မြစ်ဖျားကို ပြိုင်ဘက် ဘယ်လို သနားသွားမှန်းမသိ။ မြစ်ဖျား သတိလစ်သွားကတည်းက မြစ်ဖျား အပေါ် ထားရှိခဲ့သော ခံစားချက်အမှန်ကို ပြိုင်ဘက်သိခဲ့ရပြီ။ သွေးဆုတ်ဖြူလျော့နေသော မြစ်ဖျားမျက်နှာလေး။ နှုတ်ခမ်းပြာပြာလေးနှင့် အသက်ရှူရခက်နေတဲ့ မြစ်ဖျားကို သူကြည့်ရင်း ထိုအချိန်မှာ တောင်းမိတဲ့ဆုက တစ်ခုတည်း။ ပြိုင်ဘက်ရင်ခွင်ထဲမှ မြစ်ဖျား မထွက်သွားနိုင်ရေးသာဖြစ်သည်။ မြစ်ဖျားကို သူ နေမလောင်၊ မိုးမခစေချင်။ လစ်ဟာတဲ့ ဘဝကွက်လပ်များစွာနဲ့ ဒီသူငယ်ချင်းမလေးအတွက် ပြိုင်ဘက်က မရှိမဖြစ်လူအဖြစ် ရပ်တည်ချင်သည်။ မြစ်ဖျားနှင့်ပတ်သက်ပြီး သူ့အတွေ့တွေ လွန်ကဲနေပြီလား။ သေချာတာက အချစ်လွန်အတွေ့များဆိုရင်။ ပြိုင်ဘက်က မြစ်ဖျား လက်ဖဝါးကို သူ့ပါးပြင်မှာ ကပ်မှေးထားရင်း…

"စွဲငြိရဲ့အရိပ်က နင့်ကိုငါ ခွဲမထုတ်နိုင်သရွေ့ ဒီလို ပြဿနာတွေ ဖြစ်နေဦးမှာပဲ မြစ်ဖျား"

"မဟုတ်တာတွေ မပြောနဲ့ ပြိုင်ဘက်ရယ်၊ ငါ ငြိနဲ့မခွဲနိုင်ဘူး"

ပြိုင်ဘက်ကို ပြောပုံက တောင်းတောင်းပန်ပန်။ ဒီနေရာမှာ ငြိသာဆိုရင် ဒေါသက နှလုံးသားကို ဖျန်းခနဲရိုက်ပုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က Do or Die ပဲ၊ ဝင်္ကဘာက္ကတွေ ဝါသနာမပါဘူး၊ သူများ နားဝင်ချိုဖို့ထက် စိတ်ပေါ့ပါးဖို့က နံပါတ်တစ်"

ငါ စွဲတွေနဲ့ ရှင်သန်နေသော ငြိကို ပြိုင်ဘက် အမုန်းပွား မိတာ မမှားဟုထင်သည်။ မိဘမဲ့ချင်းတူတာတောင် စိတ်ဓာတ်တွေ၊ ခံယူချက်တွေ ဆန့်ကျင်ဘက်ဖြစ်နေသည့် ဒီနှစ်ယောက်မှာ ပြိုင်ဘက်က နူးညံ့ခြင်းကို အလိုရှိသူ။

"နင်လည်း စိတ်ချမ်းသာအောင် စွဲငြိနဲ့ပဲဆက်နေ"

"အင်း…ကောင်းတယ်"

ဒါကျတော့ ပြိုင်ဘက် ထောက်ခံတာ အားတက်သရော။ ပြိုင်ဘက်က သွေးရောင်လွှမ်းလာပြီဖြစ်သော မြစ်ဖျား နှုတ်ခမ်းထူပြည့်ပြည့်တွေကို တပ်မက်ခြင်းကင်းစွာ စိုက်ကြည့်ရင်း…

"ငါလည်း ထပ်ပြီး စိတ်မပူရအောင် နင်နဲ့ငါ့ကြားက ဆက်ဆံရေးကို ပြောင်းလိုက်ကြရအောင် မြစ်ဖျား"

"ဘယ်လို ဆက်ဆံရေးပြောင်းမှာလဲ"

မြစ်ဖျား မျက်လုံးလေးဝိုင်းကာ တအံ့တသြနှင့် ရူးစမ်းသော မျက်နှာလေးထက်မှာ မာယာကင်းစင်လျက်။ ပြိုင်ဘက် မြတ်နိုးမဝသော အဲဒီမျက်နှာလေးက အတန်ကြာငေးပြီးမှ…

"နင်နဲ့ငါ ချစ်သူတွေဖြစ်ရင် ရပြီ"

"အို…ပြိုင်ဘက်ကလဲ"

ရှက်ရွံ့ရင်ဖိုစွာ မြစ်ဖျား မျက်လွှာချသည်။ ရင်တွေတဒိုင်း



ဒိုင်း ဆောင့်ခုန်နေတဲ့ ခံစားချက်ကိုက နှစ်သက်စဖွယ်ဖြစ်နေ၏။ ပိုင်ဆိုင်ခြင်းကင်းမဲ့သောဘဝမှာ အချစ်ဆိုတာ ပထမဆုံး မြစ်ဖျား ပိုင်ဆိုင်တဲ့အရာ။ မစဲသောရင်ခုန်သံတွေကြားမှာ ပြိုင်ဘက်က မြစ်ဖျား လက်ဖမိုးပေါ် ဖွဖွလေး အနမ်းခြွေရင်း…

"ရှက်မနေပါနဲ့ မြစ်ဖျားရယ်၊ နင်ချစ်နေတာကို ငါသိတယ်"

"အယ်…ကြည့်စမ်း ပြိုင်ဘက်၊ နင်မကောင်းဘူး၊ သွား နင် အခန်းပြင်ထွက်တော့၊ သွား"

"မသွားဘူး၊ အခုမှ ချစ်သူအသစ်စက်စက်လေးနဲ့ နေရတာ၊ မှတ်ထား မြစ်ဖျား၊ နင့်ကို ချစ်သူတော်တာ နင်နဲ့ဝေးသွားဖို့ မဟုတ်ဘူး၊ ဒီထက် နင်နဲ့ပိုနီးချင်လို့"

နှစ်ဦးစလုံးရဲ့ ရင်ခုန်သံတမ်းချင်းကို တခမ်းတနား ချဲ့ထွင်ဖို့မလို။ ချစ်ခြင်းဟာ သံယောဇဉ်ကို အံခြေခံလာတာမို့ အကြည့်တဝင့်မှာတင် အရာခပ်သိမ်း နားလည်နိုင်စွမ်းရှိသည်။ ပြိုင်ဘက်က မြစ်ဖျားလက်ဖျားလေးတွေကို ဆွဲယူရင်း သူ့ရင်ခွင်ဆီ သူမတစ်ကိုယ်လုံးအား သိမ်းပွေ့ထားသည်။ ချစ်သူအတွက် ကြည်ဖြူစွာ လိုက်လျောရင်း ပြိုင်ဘက်ရင်ခွင်၌ မှေးမှိလာသော မြစ်ဖျားနဖူးပြင်ဆီ တမ်းတခြင်းဖြင့် ဖြန့်ဝင်းသော အနမ်းတစ်ပွင့်ခြွေချရင်း…

"ချစ်သူဖြစ်မှ နင့်ကိုငါ ပိုင်ဆိုင်ရမှာ မြစ်ဖျား၊ နို့မို့ရင် သူငယ်ချင်းဆိုတဲ့ ဇယားထဲမှာ ငါ့ပိုင်ဆိုင်မှုက အရာမထင်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဟိုဗိုင်းရပ်(စ်)မက ခြယ်လှယ်နေဦးမှာ''

ဖွင့်လက်စတံခါးကို ငြိကိုယ်တိုင် သာသာလေး ပြန်စေ့ပိတ်ပေးသည်။ ချစ်ခြင်းရဲ့နောက်မှာ မြစ်ဖျားနှင့် ပြိုင်ဘက်က ငြိကို သတိမပြုမိ။ အခန်းပြင်နံ့ရံကိုမှီရင်း ပြိုင်ဘက်စကားသံတွေက ငြိနားထဲ တိုးဝင်လာ၏။

''ငါ့ရဲ့လွှမ်းမိုးမှုကို မခံစေချင်လို့ နင့်အချစ်နဲ့ မြစ်ဖျားကို ကာကွယ်လိုက်တာပေါ့ ဟုတ်လား ပြိုင်ဘက်''

ထိန်းထားသည့်ကြားမှ ငြိမာန့နှင့် မျက်ရည်က အတွင်းစစ်ဖြစ်ကာ မျက်ရည်က အောင်ပွဲခံရင်း ပေါက်ခနဲလိမ့်ဆင်းသွားတာ ငြိရဲ့ အသစ်စက်စက် ကျောက်ပတ်တီးဆီသို့။ ရောက်တဲ့နေရာက ကျောခိုင်းလှည့်ထွက်ရန် လွယ်သလောက် အမြစ်တွယ်ပြီးသား သံယောဇဉ်က ထုတ်နုတ်ဖြုတ်တောက်ဖို့ ခက်ခဲလှသည်။ အချစ်၊ သံယောဇဉ်၊ အလွမ်းနှင့် မျက်ရည်တို့ရဲ့ ဆက်သွယ်ချက်ကို ငြိကိုယ်တိုင် မသိခဲ့ပေမဲ့ ဒီမျက်ရည်သာ သက်ရှိဖြစ်ခဲ့ရင် သိပ်ကောင်းမည်။ ငြိ ဘာဖြစ်လို့ ဒီလိုခံစားရတာလဲဆိုတာ မေးမေးပြီး ရိုက်ပစ်ချင်လို့ပါ၊ ဘာလို့ ဒီလောက် အငိုလွယ်ရတာလဲလို့။

◆ ◆ ◆



## အခန်း (၁၂)

''သူများအတွဲတွေကို ကြည့်စမ်း မြစ်ဖျား၊ ဘယ်လောက်ကြည်နူးစရာကောင်းလဲ၊ ပတ်ဝန်းကျင်ရဲ့ အေးချမ်းဆိတ်ငြိမ်မှုထဲမှာ ရင်ခုန်သံချင်း ဖလှယ်နေလိုက်တာ''

''ဟား…ဟား…ဟား ရယ်ရတယ်ဟ့ေ၊ ခစ်…ခစ်''

ပြိုင်ဘက်ရင်ထဲက ခံစားချက်တွေနဲ့ အရှိန်တက်၍ ပြောမည့်စကားက လမ်းခုလတ်တင် တန့်သွားသည်။ မြစ်ဖျားကို ရင်ခွင်ထဲထားပြီး ကျော်ကြည့်တော့ ငြိက အရိပ်ကောင်းသော သစ်ပင်ကြီးအောက်မှာ ပလပ်စတစ်ဖျာခင်းပြီး အကျအန လဲလျောင်းရင်း ဝတ္ထုစာအုပ်ကို သည်းကြီးမည်းကြီး ဖတ်နေသည်။ အခုကျတော့လည်း သူမဟုတ်တဲ့အတိုင်း ရုပ်တည်ကြီးနှင့်။ မြစ်ဖျားက ပြိုင်ဘက် မကျေနပ်ချက်ကို ရိပ်မိဟန်တူသည်။ ပြိုင်ဘက်မျက်နှာကို မေးဖျားမှ ဆွဲလှည့်ကာ…



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ မောင်ရယ်၊ ပြောလက်စစကားတွေ ပျောက်ကုန်အောင်၊ ဘာလဲ ပြော"

"ပျောက်ကုန်တာ အသေအချာပဲ"

ပြိုင်ဘက်က စူပုပ်ပုပ်နှင့်ပြောသည်။ မြစ်ဖျားကတော့ ဝတ္ထုစာအုပ်ဆီ မျက်လုံးကရောက်နေပေမဲ့ အာရုံက သူမတို့ထံပို့ထားမည့် ငြိအကြောင်းကို သိသူမို့…

"ငြိက ဝတ္ထုဖတ်တာပါ မောင်ရဲ့၊ ဟုတ်တယ် သူဖတ်တာလည်း တကယ်ရယ်ရတဲ့ ဟာသစာအုပ်လေ၊ အခု အရမ်းနာမည်ကြီးနေတဲ့ ဘက်ဆဲလာ စာရေးဆရာအကြည်တော်လေ၊ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေဆိုလည်း သူ့ဝတ္ထုတွေချည်းပဲ"

"အင်း…အင်း ထားပါတော့"

ပြိုင်ဘက်က စိတ်မဝင်စားသလို ပြောရင်း စွဲငြိအခြေအနေကို တစ်ချက်လှမ်းကြည့်သည်။ အဲဒါ ဘာအထာမှန်းမသိ။ ပြိုင်ဘက်နှင့် မြစ်ဖျား ချစ်သူဖြစ်ကတည်းက ငြိပါ မီးရထားတွဲလို နောက်က တကပ်ကပ်။ ချစ်သူတို့သဘာဝ လွတ်လပ်စွာတွေ့ရတယ်မရှိ။ ပန်းခြံသွားမှာလို့ပြောလျှင် တခြားအဖော်တွေလိုနောက်ချန်နေခဲ့မလားမှတ်တယ်။

"အေး…ကောင်းတာပေါ့၊ ငြိလည်း အရိပ်ကောင်းကောင်းအောက်မှာ ဖိမ်ယူမယ်၊ ဖိမ်ယူလို့ပျင်းလာရင် အတွဲတွေကိုလိုက်ချောင်း၊ အင်း…မဆိုးဘူးဟ၊ ပျင်းစရာမကောင်းတဲ့ အပန်း

စိုး:မိုး:၈၁၈ပ



ဖြေနည်းအသစ်"

"ကောင်းကြရောပဲ၊ ကိုယ့်ချစ်သူလည်း ကိုယ့်ဘက်က မပါ"

"လိုက်ပါစေ မောင်ရယ်၊ ငြိက တစ်ယောက်တည်း အထီးကျန်ဆန်နေမှာ သနားစရာ၊ ပြီးတော့ မြစ်ဖျားတို့သုံးယောက် ဘယ်တုန်းက ခွဲဖူးလို့လဲ၊ ကိုးတန်း၊ ဆယ်တန်းကတည်းက အတူတူတွဲလာတာကို"

. ချစ်ရသူက ရင်ခွင်မှာ မှီနွဲ့ပြီး ပြောလာတော့ ပြိုင်ဘက်မငြင်းသာ။ အသာတကြည် လိုက်ခွင့်ပေးပေမဲ့ စိတ်ထဲကတော့ ငြိကို မကျေနပ်။ သူများချစ်သူကြားမှာ သင်းကကန့်လန့်။ မြစ်ဖျားလက်ကိုတွဲ၍ ပြိုင်ဘက် လမ်းလျှောက်လျှင် ငြိက မြစ်ဖျားဘေးနားမှာ။ ပန်းခြံထဲ သုံးယောက်ကြီးတွဲလျက်သားသွားတော့ မထိတရိစကားတွေက ပတ်ဝန်းကျင်မှ လျှံထွက်လာစမြဲ။ အဆိုးဆုံးက ပြိုင်ဘက်ပင် နာမည်အပေးခံရတာ။

"ဟော့…ဘယ်လိုလဲ"

"မချောနှစ်ယောက် ကိုယ်တစ်ယောက်လား"

ပြိုင်ဘက်ရင်ထဲ မကျေနပ်ခြင်းများစွာ ရင်ထဲ အုံဖွဲ့ထားပေမဲ့ အရင်ကလောက်တော့ သူနှင့်စွဲငြိ ရန်မဖြစ်တော့။ ချစ်သူရောဂါသည်လေးကြောင့်လည်း ပါသည်။

"မောင်နဲ့ငြိ ရန်မဖြစ်ရင် မြစ်ဖျား စိတ်ချမ်းသာတယ်"

စိုး:မိုး:၈၁၈ပ

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူရဲ့ စကားတစ်ခွန်းတည်းနဲ့တင် ပြိုင်ဘက်က ငြိ
အလိုအလျောက် သည်းခံခွင့်ပါမစ်က ကျပြီးသား။ ပြိုင်ဘက်တို့
ငြိ အတူလိုက်တာကို နားလည်ပေးနိုင်ပေမဲ့ အဲဒီလိုကြီး ကိုယ်ပြော
သမျှ နားထောင်ပြီး လျှောင်ပြောင်နေတာတော့ ခွင့်မလွှတ်ချင်
ပြိုင်ဘက်က နေကြာစေ့တွေ တဖြောက်ဖြောက်စားပြီး စာကို အာ
ဝင်စားနေဟန်တူသည့် စွဲငြိကို အကဲခတ်ပြီးမှ…

"ချစ်စခင်စဆိုတော့ တစ်နေ့ နှစ်ဆယ့်လေးနာရီတော
လောက်ချင်တာမဟုတ်ဘူး မြစ်ဖျား၊ မောင်တို့ရဲ့ အချိန်တွေထဲက
တခြားဘယ်သူ့ကိုမှ ဖွဲ့မပေးချင်ဘူး"

"အခုရော ဘယ်သူ့ကို ဖွဲ့ပေးနေရလို့လဲမောင်ရဲ့၊ ငြိက
သူ့ဟာသူ စာဖတ်နေတာပဲ"

"သူ့အကြောင်းကို ဆွေးနွေးနေရတာကိုက အချိန်ဖွဲ့ပေး
နေရတာလေ၊ ညကလည်း ဖုန်းပြောတဲ့အချိန် သူ တမင်ညစ်နေတာ
မောင်သိတယ်"

"ဒါကတော့မောင်ရယ်"

မြစ်ဖျားစကားက တစ်ဝက်တစ်ပျက် ရပ်သွားက
ပြိုင်ဘက်အတွက် နှစ်သိမ့်စကားလုံးက ရှားပါးခြင်းကို
ရောက်သည်။ ညက မောင်နှင့်မြစ်ဖျား ဖုန်းပြောသည်။ ငြိ
ဘေးကထိုင်ပြီး အခွေကြည့်နေတာ တိုင်တန်းနှစ်။ ဒါကို ငြိ အ
ထိတ်တ် အာရုံစိုက်ပြီး မကြည့်။ ဖုန်းပြောနေသော မြစ်ဖျားကို ပ





ပုတ်ကာ…

"ဟယ်…မြစ်ဖျားရေ သွားပြီ၊ သဘော်ကြီးမှောက်ပြီ၊
နမြောပါတယ်၊ ပစ္စည်းတွေ အကုန်ကျကွဲကုန်ပြီဟဲ့၊ ဟယ်တော့
လီယိုနာဒိုက သနားစရာ၊ ခံစားရတယ်ကွာ၊ အဲဒီကားကြည့်တိုင်း
ရင်ထဲမှာ တစ်မျိုးကြီးပဲဟဲ့၊ မြစ်ဖျား ဒါ ရုပ်ရှင်မို့လို့နော်၊ အပြင်
လောကမှာ လီယိုလိုယောက်ျားမျိုး တွေ့နိုင်မှာမဟုတ်ဘူးသိလား၊
သဘော်ကြီးမှောက်တဲ့အချိန်မှာ တကယ့်ပရိသတ်တွေက ကိုယ်ပါ
သဘော်ပေါ်က ပြုတ်ကျသလို ခံစားရသတဲ့၊ ဟဲ့…ဒီမှာကြည့်စမ်း
ပါ တကယ်ပီပြင်တာနော်၊ တကယ့်အတိုင်းပဲ၊ ဆက်တင်လို့မထင်ရ
ဘူး၊ အဲဒီဒါရိုက်တာက အရမ်းတော်တာလေ၊ ဂျိမ်းကင်မရွန်ပေါ့၊
သူ့ရဲ့လှည့်စားချက်က လုံးဝထိတယ်"

ငြိက မြစ်ဖျားသိပြီးသား အကြောင်းအရာတွေပြော။
ကြည့်ပြီးသား ကားတွေ ပြန်ကြည့်ပြီး စကားတွေဖောင်ဖွဲ့နေတာနှင့်
ပြိုင်ဘက်ကို ဖုန်းကောင်းကောင်းမပြောရ။ ကြားထဲက ဗျာများရ
တာ မြစ်ဖျား။ အာရုံတွေနောက် ခေါင်းတွေမူးလာကာ အနားမှာ
ဒီလောက်ဆူညံနေမှဖြင့် ချစ်သူနှင့်ဖုန်းပြောရတာ ဖီး(လ်)မတက်
တော့။ ထို့ကြောင့်…

"မနက်မှတွေ့မယ် မောင်၊ ဂွတ်နိုက်"

ပြိုင်ဘက်ကို မြစ်ဖျားကပဲ အရင်ဦးအောင် နှုတ်ဆက်ကာ
ဖုန်းချပြီးမှ ငြိက လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး...မြစ်ဖျား၊ နင့်ကို နှောင့်ယှက်ချင်တာတော့ မဟုတ်ဘူး၊ ပြိုင်ဘက်ကို စိတ်ဆင်းရဲစေချင်တာ၊ အဲဒီအတွက် နင့်ပါ ရိုက်ခတ်မှုရှိရင် ဆောရီး"

ငြိက သူမဖြစ်စေချင်တာကို ခပ်ပြောင်ပြောင်ပြောလာတော့လည်း မြစ်ဖျား ဘာပြောတော့မည်နည်း။ ငြိဘက်မှ ဝန်ခံပြီးပြီ။ မြစ်ဖျားက အလယ်လူမို့ နှစ်ဖက်စလုံးရဲ့ ခံစားချက်ကိုသိသူ။

"ငြိနဲ့ပတ်သက်ပြီး မြစ်ဖျားမှာ ပြောစရာစကား မရှိတော့ဘူးမဟုတ်လား၊ သူက မောင်တို့ကို တမင်လုပ်နေတာ မြစ်ဖျားသိတယ်မဟုတ်လား"

"ငြိအကျင့်က ဒီလိုပဲ"

"အဲဒီ ငြိကြောင့် မောင်တို့ချစ်သူဘဝက ဒီလိုနေရတော့မှာလားကွာ"

ပြိုင်ဘက်က မြက်ခင်းပေါ် လက်နောက်ပစ်ထောက်ကာ ကောင်းကင်ကို ခေါင်းမော့ငေးရင်း ငြီးငြူသည်။ ဒီလိုဆိုတော့လည်း မြစ်ဖျား စိတ်မကောင်း။

"ဒီလိုမနေချင်လို့ မောင်က ဘယ်လိုနေချင်လဲ၊ ပြောလေ"

မြစ်ဖျားက ပခုံးတစ်ဖက်ပေါ် ဆံပင်တွေ သိမ်းချရင်း ချစ်သူကိုချော့သလို ပြုံးပြုံးလေးမေးသည်။ ချစ်သူ့အပြုံးတွေမြင်တော့လည်း ပြိုင်ဘက် ကြာကြာတင်းမခံနိုင်။ မနက်ဖြန်တိုင်း





ချစ်ရသူရဲ့ အပြုံးထဲမှာ အရည်ပျော်ရန် နှလုံးသားက အမိန့်ချပြီးသား ပြိုင်ဘက်က ပါးပြင်ထဲနစ်ဝင်နေတဲ့ မြစ်ဖျား ပါးချိုင့်ရှည်ရှည်လေးကို လက်ညှိုးနှင့်ဖွဖွထိတို့ရင်း...

"မြစ်ဖျားအနားမှာ ဒီလိုပဲ လွတ်လွတ်လပ်လပ်နေချင်တာပေါ့၊ မြစ်ဖျားကို ရင်ခွင်ထဲထည့် မြစ်ဖျားမျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး"

"ဟွန်း...နှာဘူးကောင်"

ငြိအော်သံက ပီပီသသ။ ချစ်ခြင်းကြောင့် နူးညံ့နေသော ပြိုင်ဘက်ရင်ထဲက ခံစားချက်သည် အရှိန်ပြင်းပြင်း ပစ်ပေါက်ခွဲခံရတဲ့ ဖန်ခွက်လို ခွမ်းခနဲ ကြေသွားသည်။ မြစ်ဖျားက အော်သံထွက်လာရာ ငြိထံ ခေါင်းငဲ့ပြီး ကြည့်သည်။

"အပိုတွေပြောနေတာ မြစ်ဖျားရေ့"

"ခွဲငြိ"

ဒေါသနှင့်ပြိုင်ဘက်က အော်တော့ ငြိက မထူးဆန်းသလို မျက်ခုံးပင့်ထူးသည်။ ပြီးမှ ဝတ္ထုစာအုပ်ကို မြှောက်ပြရင်း...

"စာအုပ်ထဲက ဇာတ်ကောင် ပြောပါတယ်၊ ချစ်သူရည်းစားထားပြီးရင် ပန်းခြံခေါ်၊ ရုပ်ရှင်ကြည့်နဲ့၊ ပြီးတော့ ပြောသေးတယ် ကလီကမာနဲ့၊ တစ်နေကုန်ထိုင်ပြီး တစိမ့်စိမ့်ကြည့်တဲ့၊ ရုပ်ရှင်ထဲမှာ မီးမှောင်နေတာ ဘယ်လိုလုပ်ပြီး တစိမ့်စိမ့်ကြည့်မလဲ၊ ပန်းခြံထဲကျတော့ရော နင်စဉ်းစားစမ်း မြစ်ဖျား၊ တစ်ပေအကွာကထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တစိမ့်စိမ့်ကြည့်ပါလား၊ ဟွန်း…ပါးချင်းအပ် ရင်ချင်းထပ်ပြီး တစိမ့်စိမ့်ကြည့်ရင်တော့ သေချာတယ်၊ အဲဒါ နှာဘူးပဲ”

မြစ်ဖျား ပခုံးနောက်က ဒေါသနှင့် မပြေပြစ်သော ပြိုင်ဘက်မျက်နှာကို တမင်ရှုးစိုက်ကြည့်ကာပြောသည်။ ပြီးမှ မြစ်ဖျားကို ပြုံးပြကာ…

“ဝတ္ထုထဲက ဇာတ်ကောင်ကိုပြောတာ၊ တိုက်ဆိုင်မှုရှိရင် ခွင့်လွှတ်”

ငြိက အနက်ပေါ် အနီပွင့်ကြီးတွေပါတဲ့ ဂါဝန်ကို ဝဲခနဲ ကားသွားအောင် ထိုင်ရာမှထသည်။ ကြည့်လိုက်တိုင်း မျက်စိအေးစရာမရှိသော အရောင်တွေကိုသာ ကိုယ်ပေါ်တင်တတ်တဲ့ စွဲငြိ လည်ပင်းနဲ့လက်တွေမှာလည်း မျက်စိရှုပ်ချင်စရာ။ ငြိပုံစံက တွေ့သူ မြင်သူအပေါင်းကို ပူလောင်ခြင်းနှင့် ရှုပ်ထွေးခြင်းကို ပေးစွမ်းနိုင်သည်။ ပြိုင်ဘက်က ပြောင်းလဲပစ်လို့ရလျှင် သူ့အကြည့်တွေကို ကျည်ဆံတွေ ပြောင်းပစ်ကာ စွဲငြိကို ဇကာပေါက်ဖြစ်သွားအောင် စိုက်ကြည့်မည်ဟု စိတ်ထဲကကြုံးဝါးရင်း…

“အေး…နင့်ရည်းစားရလာမှ ပန်းခြံတွေ၊ ရုပ်ရှင်တွေဘက် ခြေဦးမလှည့်နဲ့၊ ဘုရားသွားကျောင်းတက်ပဲလုပ်”

ပြိုင်ဘက် တမင်ရွဲ့ပြောသည်။ အိုးရွဲ့ကို စလောင်းရွဲ့နဲ့မှ ဖုံးချင်သော ငြိကလည်း…

“စိတ်ချ…ငါ ရည်းစားထားရင် တဏှာကြီးတဲ့ကောင်ကို မရွေးဘူး၊ စွဲငြိတို့က ဟိတ်ဆိုတိတ်မှ ကြိုက်တာ”

ငြိပြောမှ ပြိုင်ဘက် ကိလေသာနွံထဲ နစ်နေတဲ့ တဏှာရူးကြီးလိုလို ပစ်ပစ်ခါခါပြောတတ်သော ငြိ နှုတ်ခမ်းပါးတွေ။ ရှုံ့ချစွာကြည့်တတ်သော အဲဒီမျက်ဝန်းပြာတွေကို ပြိုင်ဘက် သိပ်မုန်းသည်။ ပြိုင်ဘက်ထင်သည်၊ ငြိနဲ့ သူတို့ကြားထဲက အမုန်းဇာတ်ခံ ရေစက်သည် သံသရာဆုံးတောင် ကုန်မည်မထင်။







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"မြစ်ဖျား ဘယ်သွားသွား ငြိက အမြဲလိုက်ပို့နေကျကို မောင်ရယ်၊ သူ့ကိုထားပြီး သွားဖို့ဆိုတာ မဖြစ်နိုင်ဘူးလေ"

"ဒါဆို ဖြစ်နိုင်အောင် မောင်လုပ်ပြမယ်၊ အဲဒီအခါကျမှ မြစ်ဖျား သနားစိတ်တွေနဲ့ ဒွိဟမဖြစ်ရဘူး၊ မောင်ခေါ်တဲ့နောက်ကို လိုက်ရမယ်၊ ဘယ်လိုလဲ"

ပြိုင်ဘက် ကတိတောင်းတော့ မြစ်ဖျား မအူမလည်နှင့် ခေါင်းညိတ်သည်။ ပြိုင်ဘက်တို့အဖြစ်က အရပ်ရပ်အပြည်ပြည်က ပင် ကြားလို့မကောင်းတဲ့ကိစ္စမျိုး။ ကိုယ့်ရည်းစားနဲ့ နှစ်ကိုယ်တူ ချစ်သမျှကို ပြသခွင့်ရရန်အတွက် ခိုးကြောင်ခိုးဝှက် ပြန်ချိန်းနေရတဲ့ ဘဝ။ ဒီလိုမှမချိန်းလည်း သုံးယောက်တွဲကြီးနှင့် ဇာတ်မျောကြီး ဖြစ်နေမည်။ ပြိုင်ဘက်နှင့်မြစ်ဖျား မချိန်းလိုက်နှင့် ချိန်းရာနေရာကို လိုက်ပို့သူက စွဲငြိပင်။



"မောင်လာကြိုမယ် မြစ်ဖျား၊ ငြိကို လိုက်မပို့နိုင်းနဲ့"

တစ်ခါ စမ်းသပ်ဖူးသည်။ ပြိုင်ဘက်က သူ့စီးတော်ယာဉ် ဂျစ်ကားဖြင့် ငြိတို့ခြံဝင်းထဲအထိ အရောက်သွားကြိုခဲ့တာပင်။ ခြံထဲ၌ ပန်းပင်တွေရေလောင်းနေသော မမအေးကတောင် အထူးအဆန်း တွေဖြစ်ကာ…

"မလာစဖူးဟေ့…ဧကန္တ မြစ်ဖျားနဲ့ ချိန်းထားတာလား ပြိုင်ဘက်၊ ခဏ္ဍညီခန်းကသွားစောင့်လေ၊ မမအေး ခေါ်ပေးမယ်၊ ကြုံတုန်း မုန့်ပါစားသွား၊ မမအေး ရှမ်းခေါက်ဆွဲလုပ်ထားတယ်"

"တော်ပါပြီ မမအေးရာ၊ ဒီခြံရိပ်တောင် မြစ်ဖျားကြောင့် မှီ နင်းရတာ၊ ရပါတယ်၊ ဒီကပဲစောင့်တော့မယ်"

ပြိုင်ဘက်နှင့်မြစ်ဖျား ချစ်သူတွေဖြစ်တာရော၊ စွဲငြိနှင့်သူ မတည့်တာပါ မမအေးက အကုန်သိထားသူ။ ထို့ကြောင့် သူ့ဂျစ်ကားနားလာပြီး…

"ငြိက သဘောကောင်းပါတယ် ပြိုင်ဘက်ရယ်၊ တော်ရုံ စိတ်ထားကောင်းရုံလောက်နဲ့ တို့ညီအစ်မကို ဒီအိမ်ပေါ် ခေါ်ထားပါ့ မလား၊ မြစ်ဖျားကိုလည်း ဂရုစိုက်ရှာတယ်"

ကြားရသော ငြိ ကောင်းသတင်းတွေကြောင့် ပြိုင်ဘက်က မဲ့တဲ့တဲ့ပြုံးရင်း…

"ဒါဆို ကျွန်တော်ကပဲ ကွက်ပြီးဆိုးနေတာပေါ့"

"ဟဲ့…ငါက အဲဒီသဘောပြောတာ မဟုတ်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဘက်ရယ်၊ တကတည်း စကားအကျအနကလည်း ကောက်လိုက်တာ''

''ဟုတ်တယ် မမအေးရေ၊ သူက နဂိုကလို ခပ်အေးအေးရေခဲတုံးမဟုတ်တော့ဘူး''

မမအေးနှင့် ပြိုင်ဘက် စကားဝိုင်းထဲဝင်ပါလာသူက မြစ်ဖျား။ အဖြူရောင်လည်ပိတ်အင်္ကျီပေါ် ခရမ်းရင့်ရောင် ဗွီရှိတ်စွယ်တာတစ်ထပ် ထပ်ဝတ်ထားသည်။ အဖြူခံပေါ် ခရမ်းရောင် အပွင့်အခက်လေးတွေက ဒူးအောက်ပိုင်းမှာ လှပစွာ ပုံဖော်ထားတဲ့ ထဘီနှင့်။ အဖြူနှင့်အနက်စပ် ကြိုးသိုင်းဖေါက်မြင့်ကြောင့် မြစ်ဖျားအလှဟာ ယဉ်စစကြွားကြွားဝါဝါ ရှိလှသည်။ မြစ်ဖျား အဝတ်အစားဝတ်ရင်တောင် တည်ငြိမ်ပြီး လှပခြင်းကိုသာ အလိုရှိသူ။ ဟိုလျှပ်စီးမကတော့ ဒါမျိုးမဟုတ်။ ဂျင်း(န်)အတိုအရှည်တွေ ထည်လဲဝတ်ကာ ခေတ်ကို ကျော်ဖြတ်တက်ချင်သူ။

''မောင်က စောသားပဲ''

မြစ်ဖျား အပြုံးနှင့် နှုတ်ဆက်ရင်းပြောသည်။

''မြစ်ဖျားနဲ့ စောစောတွေ့ချင်လို့''

''အေး…ငါလည်း စောစောတွေ့ချင်တာပါပဲ''

''ငြိ''

ဟင်ခနဲ အာမေဋိတ်ကိုယ်စီနဲ့ လှည့်ကြည့်တော့ ညအိပ်ဝတ်ရုံ၊ ဆံပင်ဖရိုဖရဲနှင့် ငြိ။ ဖုန်းတစ်လုံး နားနားကပ်ကာ ပြောနေပုံ





က ဒီအိမ်ကြီးမှာ သူမတစ်ယောက်တည်းရှိနေတဲ့အတိုင်း။

''အိုခေ…အိုခေ၊ ဒါပဲနော် ဆီးယူ''

ငြိက ဖုန်းကို မေးစေ့နဲ့ ခေါက်ပိတ်ရင်း…

''ဟား…ငါ့အိမ်ရှေ့မှာရပ်ထားတဲ့ကားက လန်းလှချည်လား''

ပြိုင်ဘက်က မကြားသလိုလုပ်ကာ ငြိကို မုန်းမုန်းနှင့် နှာခေါင်းရှုံ့ရင်း မျက်နှာလွှဲသည်။ ငြိကလည်း အားလုံးကို ကျော်ဖြတ်၍ ပေါ်တီကိုအောက်ဆီ ဆင်းသွားကာ ပြိုင်ဘက်ကားကို စေ့စပ်စွာလိုက်ကြည့်ရင်း…

''မိုက်တယ်ကွာ၊ ကာလာစပ်ထားပုံက ငါ့အကြိုက်ပြင်းပြင်းရှရှပဲနော် မြစ်ဖျား''

''အင်း''

ငြိက ပြောလည်းပြော အနက်နဲ့အနီ ရောစပ်ထားတဲ့ ပြိုင်ဘက်ကားဘောနက်ကို လက်သီးနှင့် ဒုန်းခနဲထုချတော့ ပြိုင်ဘက် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ တားမြစ်သံမထွက်ခင်မှာ ငြိက ပြုံးပြီး ပြိုင်ဘက်ကို ကြည့်၏။

''ပတ်တီးရိုက်ထားလားလို့ စမ်းကြည့်တာ''

ပြိုင်ဘက်ကို ရှေ့ထားပြီး ပြိုင်ဘက်ကားကို ဝေဖန်နေပုံက လုံးဝထီမထင်ဒီဇိုင်းနှင့်။ ပြိုင်ဘက် အသည်းတယားယားဖြင့် မြစ်ဖျားလက်ကိုဆွဲကာ ကားပေါ်တက်ဟန်ပြင်တော့လည်း ငြိက



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင် မောင်းသူနေရာ စွေ့ခနဲဝင်ထိုင်ကာ…

"ဒီလောက်မိုက်နေတဲ့ကား တစ်ပတ်လောက် စမ်းမောင်းကြည့်ဦးမှ"

ဒါတော့ ပြိုင်ဘက် သည်းမခံနိုင်တော့။ ဒေါသက ရှူးရှူးရှဲရှဲနှင့် ခေါင်းထောင်ထလာသည်။

"နင်မောင်းကြည့်လို့မရဘူး စွဲငြိ၊ ငါ မြစ်ဖျားကို လာခေါ်တာ၊ ငါတို့သွားစရာရှိတယ်"

"ဩော်…ဒါဆိုလည်း ရေကန်အသင့် ကြာအသင့်ပေါ့ ပြိုင်ဘက်ရယ်၊ နင်တို့သွားချင်တဲ့နေရာပြော ငါလိုက်ပို့ပေးမယ်၊ နောက်ခန်းကသာ စုံတွဲခုတ်ပြီး အခန့်သားထိုင်လိုက်ခဲ့၊ အိုခေ"

စွဲငြိ ဝါးပြီးရင် ဂရုတစိုက် ထွေးထုတ်ရသော ပီကေလိုပင် ဂရုမစိုက်ဘဲ တွေ့ရာနေရာ ပစ်ကြည့်။ ဟိုကပ်ဒီကပ်နှင့် အခွာရခက်တဲ့လူတန်းစား။ ထို့ကြောင့် ပြိုင်ဘက် ချစ်သူချင်း လွတ်လပ်စွာတွေ့ရန် ခိုးဝှက်ချောင်းမြောင်းနေရတာ သူ့အလွန်မထင်။ အခုလည်း ပြိုင်ဘက် အကြံအစည်နှင့်မို့ မြစ်ဖျားတို့မေဂျာရဲ့ ကော်ရစ်တာမှာ ရောက်နေခဲ့တာ။

"ဟင်"

ပြိုင်ဘက် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ကော်ရစ်တာဘောင်ပေါ်မှာ ဖျတ်ခနဲခုန်ဆင်းရင်း ကျောပိုးအိတ်ကိုမလွယ်ဘဲ ဒီအတိုင်းကိုင်ကာ တွေ့ရသောမြင်ကွင်းကို သေချာအောင်ကြည့်





သည်။ စွဲငြိ ဖုန်းပြောရင်း လိုင်းမမိခြင်းခုက္ခကြောင့် ဟဲလိုအော်ရင်း တဖြည်းဖြည်းဝေးကွာသွားတာ အတန်းဆီမှ။ ပြိုင်ဘက်က အတန်းရဲ့ပြတင်းပေါက်ဆီ ပြေးကပ်သည်။ မြစ်ဖျားက ပြိုင်ဘက်ကြိုးစားနေမှုကို သိဟန်မတူ။ အတန်းထဲ၌ စာအုပ်တစ်အုပ်ကို စိတ်ဝင်တစား ငုံ့ဖတ်နေ၏။

"ရှူး…မြစ်ဖျား"

"ဟယ်…မောင်"

အံ့သြခြင်းတွေနှင့် မြစ်ဖျားအကြည့်က ပြိုင်ဘက်ရင်ထဲ ငြိမ်းချမ်းသွား၏။ ဒါပေမဲ့ အခွင့်အရေးက ငြိမ်းချမ်းခြင်းကို ခံစားနေရန်မဟုတ်။ ထို့ကြောင့် ပြတင်းပေါက်မှကျော်ကာ မြစ်ဖျားဘေးအိတ်ကို လှမ်းယူရင်း…

"လာ…ထွက်ခဲ့ မြစ်ဖျား"

"ဘာလဲ…မောင်၊ ဘာလုပ်မလို့လဲ"

"မေးခွန်းတွေ မထုတ်စမ်းပါနဲ့၊ လာ အချိန်မရှိဘူး၊ မြန်မြန်"

"ဒီမှာ ငြိအိတ်"

"ထားခဲ့"

မြစ်ဖျားက ငြိအလစ်မှာ ဖွတ်တရွတ်ခေါ်နေသော ချစ်သူကြောင့် အတန်းထဲမှ ခြေလွတ်လက်လွတ် ထွက်လာခဲ့သည်။ မြစ်ဖျားအိတ်ကို ပြိုင်ဘက် ယူထားပြီကိုး။ အတန်းအပြင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



တာနှင့် ပြိုင်ဘက်က မြစ်ဖျားလက်ကိုဆွဲပြီး မပြေးရုံတမယ် လျှောက်ကာ ကားပါကင်ရောက်တဲ့အထိ။ ကားပေါ်တက်ပြီး စက်နှိုးကာ မောင်းထွက်တော့မှ ပြိုင်ဘက်က…

"အူး…ဟူး၊ အောင်ပြီကွ ငါ့စစ်ဆင်ရေး"

"အလန့်တကြားမောင်ရယ်၊ ဘာတွေဖြစ်လာတာလဲ၊ အခု ဘာတွေလုပ်နေတာလဲ"

နားမလည်ခြင်း မျက်ဝန်းတွေနှင့် မြစ်ဖျားက မေးသည်။ ပြိုင်ဘက် ကားကိုအရှိန်တင်မောင်းရင်း…

"ဟို…မိစ္ဆာမလက်က လွတ်ခဲ့ပြီလေ"

"ဘယ်မိစ္ဆာမလဲ၊ ငြိကိုလား"

"အစစ်ပေါ့၊ အခု သူလိုက်နှောင့်ယှက်လို့ မရတော့ဘူး၊ နေပြည်တော်မှာ မနေ့က ကားသစ်တင်တယ်"

"အင်္ဂလိပ်ကားကြီးကို"

မြစ်ဖျားက နှာခေါင်းရှုံ့ရင်း ပြောသည်။ မိန်းကလေးပီပီ မြစ်ဖျားက ရုပ်ရှင်ဆို မြန်မာကားမှ။ ပြီးတော့ ဟာသမှကြိုက် သည်။ မောင်ကတော့ ဒီလိုမဟုတ်။ အက်ရှင်ကားအကြမ်းအရမ်း ဆို သဘောကျ၏။

"အင်္ဂလိပ်ကားမှ လူချောင်မှာ မြစ်ဖျားရဲ့၊ ဘွတ်ကင် လည်း လုပ်မထားဘူး၊ ဒါပေမဲ့ လက်မှတ်ရမှာ ကျိန်းသေတယ်"

"အံမယ် အပိုင်အနိုင်ကြီး"



"ပိုင်တာပေါ့၊ မောင်ဝယ်မှာ နှစ်ယောက်တွဲခုံလေ"

"အယ်…ကြည့်စမ်း"

မြစ်ဖျားမျက်နှာကို ဆေးနီနှင့် ဖြန်းခနဲ အပက်ခံလိုက်ရ သလို အရောင်ရင့်သွားသော မျက်နှာအား ဟိုကွယ်ဒီဝှက်ရင်း မြစ်ဖျား ပြိုင်ဘက်လက်မောင်းကို တဖုန်းဖုန်းထုသည်။ ပြိုင်ဘက် တဟားဟားရယ်ကာ စတီယာရင်အား လက်တစ်ဖက်ဖြင့် ထိန်းမောင်းရင်း ကျန်လက်တစ်ဖက်ဖြင့် မြစ်ဖျားပခုံးကို သိုင်းဖက် ၏။

"မောင်ရယ်…ဘေးမှာကားတွေနဲ့"

"ကားတွေက စွဲငြိလောက်မဆိုးဘူး"

မြစ်ဖျားက ပြိုင်ဘက်ပခုံးစွန်း ခေါင်းမှေးတင်ရင်း တသိမ့် သိမ့်ရယ်၏။

"မောင် အဲဒီခုံကိုဝယ်ဖို့ ဘယ်တုန်းကတည်းက ကြံစည် ခဲ့တာလဲ သိလား"

"ဟင့်အင်း"

ချစ်စဖွယ် ခေါင်းယမ်းပြတဲ့ မြစ်ဖျားကို ပြိုင်ဘက်က ပိုတိုးဖက်ရင်း…

"ဟက်ထိတယ် ကြည့်ကတည်းက"

"အံမယ်"

"အဟုတ်ပြောတာ၊ အဲဒီကတည်းက နှစ်ယောက်တွဲခုံဝယ်

www.burmeseclassic.com

www.burmeseclassic.com



မိရင် မောင်နဲ့မြစ်ဖျား အခုလောက်ဆို သားတွေသမီးတွေတောင် မွေးလောက်ပြီ''

''ဘာဖြစ်လို့''

''တစ်ထိုင်တည်း ရည်းစားစကားပြောပြီး တစ်ခါတည်း လက်ထပ်ပစ်မှာမို့လို့၊ လက်ထပ်လိုက်ရင် ဟိုတစ်ယောက်လည်း ကြားထဲက ကန့်လန့်ခံနေစရာမလိုတော့ဘူး''

မောင့်ကို မြစ်ဖျား ချစ်မြတ်နိုးစွာ မော့ငေးနေမိသည်။ တကယ်ပါ။ ဒီကမ္ဘာလောကမှာ တခြားဘာကိုမှ ပိုင်ဆိုင်ခွင့် မရရင်နေ။ မောင်ပေးသော အချစ်တစ်ခုတည်းနဲ့တင် မြစ်ဖျားဘဝအတွက် ပြည့်စုံခဲ့ပြီဆိုလျှင် မောင်က မြစ်ဖျားအတွက် မရှိမဖြစ် လည်ပတ်နေမဲ့ ရင်ခွင်ရာသီ။

◆ ◆ ◆



## အခန်း (၁၄)

''ငါ နင့်ကို ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး ဇွဲငြိ''

ပူပြင်းတဲ့ မွန်းတည့်နေက ကတ္တရာလမ်းတွေပေါ်ပါ တံလျှပ်တွေ တရှိန်ရှိန်ထနေသည်။ အဲဒီတံလျှပ်ပေါ်မှာ ပြိုင်ဘက်ရဲ့ ဂျစ်ကားအနက်ရောင်နှင့် အနီရောင်တောက်သော ပြိုင်ကားလေးက ခေါင်းချင်းဆိုင် တည်ရပ်ထား၏။ ကားတစ်ဖက်စီရဲ့ ဘေးမှာ ခံပြင်းသောသူနှင့် အေးစက်စက်အံပြုံးပိုင်ရှင်တို့ရဲ့ အားပြိုင်ပွဲ။ မြစ်ဖျားက အားကောင်းသော ဆန့်ကျင်ဘက် အတ္တကိုယ်စီနှင့် ဒီနှစ်ယောက်ကို မတားမြစ်နိုင်။ အသေးစား မကျေလည်ခြင်းတွေက တစ်စထက်တစ်စ အုံကျင်းဖွဲ့လာတဲ့အခါ ဖြိုဖျက်ရန်ခက်သော အမုန်းအဆောက်အအုံကြီးတစ်ခုလို။ ငြိကတော့ ကားဘော်ဒီကို ကျောနဲ့ မှေးကပ်ရင်း မျက်မှန်ကို ဆွဲချွတ်ကာ လက်လှည့်ဆော့ကစားရင်း

''သူများခံစားချက်တွေ ငါ့ဘဝမှာ အရေးမပါဘူးလို့ ဘယ်နှခါ ကြေညာရမလဲ၊ အထူးသဖြင့်''



www.burmeseclassic.com

www.burmeseclassic.com



ငြိရဲ့ မျက်မှန်ကိုင်းဖျားနဲ့ ပြိုင်ဘက်ထံ လှမ်းညွှန်သည်။

''နင် ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့ဘူး၊ နောင်လည်း ငါ ဂရုစိုက်မှာမဟုတ်ဘူး၊ ငါဂရုစိုက်တာ အာရုံထားတာ မြစ်ဖျား''

''မြစ်ဖျားက ငါ့ချစ်သူ''

ပြိုင်ဘက်က ချက်ချင်းပြောသည်။ ငြိက မဲ့ခနဲရယ်တဲ့ နှုတ်ခမ်းတွေဟာ ရွံရှာစရာကောင်းသော လျောင်ရိပ်တွေနဲ့။

''ပိုင်ဆိုင်တာ ပြောစတမ်းဆို ငါကလည်း ငြိရဲ့သူငယ်ချင်း''

''ချစ်သူနဲ့ သူငယ်ချင်းဘဝမှာ ဘယ်ဟာပိုအရေးပါလဲ ဆိုတာ ဉာဏ်ရည်မမီတဲ့သူတောင် သိတယ်''

''ငါကတော့ ငါဖြစ်ချင်တာပဲ ငါသိတယ်၊ နေစမ်းပါဦး နင်တို့နောက်ကလိုက်ပြီး နင်တို့ခုံရဲ့ ဘေးကပ်ရက်မှာ ငါ ရုပ်ရှင်ဝင်ကြည့်မိတာ ငါ့အပြစ်က သိပ်ကြီးသွားသလား ပြိုင်ဘက် ပြောပါဦး''

''စကားကို ဖော့မပစ်နဲ့၊ ငါ့ဘေးက မြစ်ဖျားကို နင်ခေါ်ထုတ်သွားတာပါ ထည့်ပြော''

''ဒါ တရားမျှတတယ်၊ ရုပ်ရှင်ကြည့်ချိန် တစ်နာရီမှာ နင့်ဘေး သူ တစ်နာရီ၊ ငါ့ဘေး တစ်နာရီ၊ မျှမျှတတပဲ''

ပြိုင်ဘက်က မတည်မပြုံးနှင့် ငြိကို မျက်နှာလွှဲသည်။ ဒါ စနစ်တကျ မှားယွင်းတယ်ဆိုတာ ငြိ အတိအကျ သူခံစားနေရ



သည်။ ရုပ်ရှင်ရုံထဲ ဝင်ခါနီးကတည်းက မြစ်ဖျားဖုန်းကို သူပိတ်နိုင်းထားသည်။ မြစ်ဖျား သဘောပေါက်စွာရယ်ရင်း...

''ဘာလဲ...ငြိဆက်မှာစိုးလို့မဟုတ်လား''

''ဒါပေါ့''

သူကခေါင်းညိတ်တော့ မြစ်ဖျားက ရယ်၏။

တကယ်တမ်း ငြိဆီက ဖုန်းဝင်လာတာက ပြိုင်ဘက်ထံ။

''ဟဲလို''

ထူးရုံရှိသေး။

''မြစ်ဖျားကို ဖုန်းပေးလိုက် ပြိုင်ဘက်''

ရုပ်ရှင်ရုံထဲရောက်မှ ဘာမှမလုပ်နိုင်ပါဘူး အတွေးနဲ့ မြစ်ဖျားထံ ဖုန်းပေးသည်။

''ငါ နင့်ဘေးမှာရောက်နေပြီ မြစ်ဖျား''

ငြိအသံ လိုတာထက် ပိုကျယ်နေသယောင်။ ပြီးမှ မျက်နှာထွက်ပြတာက မြစ်ဖျားဘေး နှစ်ယောက်တွဲခုံဘက်မှ။ ထိုအထိ ပြိုင်ဘက်မှာ စိတ်အနှောင့်အယှက်ဖြစ်တာကလွဲပြီး ဒေါသဆိုတာ မရောက်လာသေး။

''နင် ငါနဲ့ကျန်တဲ့ ရုပ်ရှင်တစ်ဝက်ကို လာကြည့် မြစ်ဖျား၊ ပြိုင်ဘက် နင့်ဂျူတီကုန်ပြီ''

ငြိက မထိတရိပုံစံနှင့် ပြိုင်ဘက်ကို ဂရုမစိုက်သလို ပြောခံရမှ ဒေါသဖြစ်တာ။ သူတို့နှစ်ယောက်ကြားမှာ ဝေမျှအသုံးတော်

www.burmeseclassic.com

www.burmeseclassic.com



ခံရမဲ့လူလား။ စွဲငြိ ပြောသမျှ မြစ်ဖျား မငြင်းတတ်သည့် အကျင့်ပေါ် နိုင်ကွက်နင်းတာ အသိသာကြီး။ ရပ်ရှင်ရုံထဲမှာ ဒေါသတွေဖောက်ခွဲပစ်လျှင် ဝရုန်းသုန်းကားဖြစ်မှာစိုးတာကြောင့် ပြိုင်ဘက်အရင်ရှောင်ထွက်ခဲ့သည်။ ဒါပေမဲ့ ရုံရဲ့အပြင်ဘက်မှာ ရှင်းကြလင်းကြဖို့ အကြောင်းတရားတိုင်း ငြိမ်းချမ်းရေးအတွက် မဟုတ်ဘူးဆိုတာ သိထားသည်။ သူတို့နှစ်ယောက်အကြားမှာ အမုန်းလွန်အတွေ့တွေ ကိုယ်စီရှိပြီးသား။ ပြိုင်ဘက်က သူ့ရှေ့တွင်ရပ်နေသော ရွှေညိုရောင်ဂါဝန်တို၊ လည်ရှည်ဒေါက်ဖိနပ်နှင့် စွဲငြိကို စူးခနဲကြည့်သည်။

“နင့်အတွေးအခေါ်တွေက ကိုယ့်ကိုယ်ကို တစ်ခေတ်ဆန်းနေပြီလို့ ထင်နေသလား စွဲငြိ၊ အဲဒါဆိုရင်တော့ နင့်ကိုပြောစရာစကား တစ်ခွန်းပဲကျန်တော့တယ်”

ပြိုင်ဘက်က စကားအဆုံးမှာ ခါးထောက်ရင်း မျက်ဝန်းတို့ကို ကျဉ်းမြောင်းသွားအောင် မှေးချသည်။

ပြိုင်ဘက်ရဲ့ အဲဒီပုံစံကြောင့် ကြောက်လန့်ခြင်းရာဇဝင်မရှိခဲ့သော ငြိရင်ထဲ ထိတ်သွားရတာအမှန်။ ရင်ဘတ်ချင်း နားလည်သူတွေမို့ တိုက်ပွဲခေါ်သံဆိုတာ ငြိ သိသည်။

“နင်က တစ်လျှောက်လုံး ငါနဲ့မြစ်ဖျားကြားမှာနှောင့်ယှက်သူအဖြစ် ရပ်တည်ခဲ့တာနော်”

ပြိုင်ဘက် ပြောချင်ရာပြောပြီး ကြည့်တဲ့အကြည့်က ငြိရဲ့ခေါင်းမှ ခြေဖျားအထိ စုန်ချီဆန်ချီ။ ထိုအကြည့်ထဲ ငြိကို သဘော



ကျ နှစ်လိုခြင်းတွေမပါတဲ့ ကဲ့ရဲ့ခြင်းသက်သက်။

“နင့်ပုံစံကြည့်ရတာလည်း ယောကျ်ားလျာမဟုတ်တော့”

“ပြိုင်ဘက်”

ဆက်ပြောမည့်စကားရဲ့ နိမိတ်ကို ငြိက သိလိုက်ပြီ။ ထိတ်လန့်စွာအော်ပြီး တားရင်း ခြေလှမ်းတွေက ပြိုင်ဘက်နားသို့ မရည်ရွယ်ဘဲ ရောက်သွား၏။ ဒါကိုပဲ ပြိုင်ဘက်က အောင်နိုင်သူကြီးလို ပခုံးလှုပ်ကာ ရယ်ရင်း…

“သိပ်တုန်လှုပ်သွားလား စွဲငြိ၊ ဒါဆို ငါသံသယဝင်တာမှန်နေပြီပေါ့၊ နင် မြစ်ဖျားကို ရိုးရိုးခင်တာ သေချာရင် ငါ့အပေါ်ဆန်းပြားနေတာ ကိုးဆယ်ရာခိုင်နှုန်း၊ နင် ငါ့ကို ကြိုက်များကြိုက်နေသလား ဟင် စွဲငြိ”

“နင်”

ရှက်ခြင်းနှင့် သိမ်ငယ်ခြင်းက ငြိ နှလုံးကို အရှိန်ပြင်းစွာထိုးဆောင့်သည်။ သွေးတို့က ဆူပွက်လာပြီး ရှေ့တိုးလက်ပိုက်ပြီးမေးလာတဲ့ ပြိုင်ဘက်မျက်နှာကို ငြိက လက်ကုန်လွှဲကာ ရိုက်ပစ်သည်။ မျှော်လင့်ထားသော အသားချင်းထိခတ်သံ မကြားရဘဲ ငြိရဲ့လက်က လေထဲမှာပဲ တစ်စုံတစ်ယောက်ရဲ့ ချုပ်ကိုင်ခြင်းကို ခံလိုက်ရ၏။

“ငါ့ကို အဲဒီအချိုးမျိုးနဲ့ ပုံစံလာမပြနဲ့၊ မရဘူး စွဲငြိ”

သွားကြားထဲမှ ထွက်လာသော အံကြိတ်သံနှင့်ပြောရင်း

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဘက်က အရှိန်ဖြင့် ငြိလက်ကို ဆောင့်တွန်းသည်။ ယိုင်ခနဲ ဖြစ်သွားတဲ့ ငြိပခုံးကို ဖြတ်တိုက်ကာ ငြိနောက်ကျောရှိ မြစ်ဖျားထံ ခြေလှမ်းပြင်ရင်း…

"မှတ်သွားဦး၊ ငါ့အချစ်ကို ဘယ်သူမှ ခွဲခြမ်းစိတ်ဖြာပြီး ဖြောင်းလဲယူလို့မရဘူးဆိုတာ"

ခြေစုံရပ်ကျန်ခဲ့သည့် ငြိကို နေရာမှ မဟာပထဝီမြေကြီး အက်ကွဲပြီး ငြိကို ဆွဲခေါ်သွားလျှင် အကောင်းဆုံးဖြစ်လိမ့်မည်။ အသိတရားဟာ ဖျူး(စ်)ပျက်ပြီး အာရုံက အမှောင်တိုက်ဆီ။ ပြိုင်ဘက်ထံမှ အပြောခံရတဲ့ စကားလုံးတိုင်း အပြင်းစားလက်နက်တွေအဖြစ် ငြိရင်ကိုထိသည်။ နှလုံးသား၌ တသောသော ပြိုဆင်းတာက ရှက်ခြင်းအစုအဝေးသာ။ ငြိရဲ့မာနနဲ့ ဆောက်သည့် သိက္ခာတရားလား။ မသိပေမဲ့ လူက အပူကြောင်းကြီးထဲ ရွက်လွှင့်နေတဲ့ လှေငယ်လို။ တရိပ်ရိပ်ပြေးနေတာက ဒေါသရွက်ကုန်ဖွင့်ထားခြင်းကြောင့်။

"နင့်ကိုမချစ်ဘူး မုန်းတယ် ပြိုင်ဘက်၊ ရင်တစ်ခုလုံးခါးနေအောင် မုန်းတဲ့ ငါ့အမုန်းတွေ သက်သေပြဖို့အတွက်"

ငြိ ခေါင်းကို ဆတ်ခနဲခေါင်းအယမ်းမှာ မျက်ရည်စက်က ပေတစ်ရာပေါ် ခုန်ဆင်းသည်။ မသေချာသော အနာဂတ်မှာ ငြိ သေချာစွာ ဆုံးဖြတ်ထားတာက ပြိုင်ဘက်ကို အရှုံးမပေးရန်။

◆ ◆ ◆

## အခန်း (၁၅)

"ဒါ…သက်သေပြစရာကိစ္စမှ မဟုတ်တာ ငြိရယ်၊ ပြိုင်ဘက်က ဒေါသနောက် စကားမှားပါသွားတာနေမှာ၊ ငါ့စိတ်ထဲလည်း ဘာမှမရှိဘူး၊ နင့်စိတ်ရော ပြိုင်ဘက်ရဲ့စိတ်ပါ ငါသိပြီးသား၊ ဒီလိုပဲပေါ့၊ ရန်ဖြစ်တယ်ဆိုကတည်းက ဘယ်သူမဆို သူနိုင်ကိုယ်နိုင် ပြောတတ်တာ သဘာဝပဲကိုး၊ ထူးပြီး ခံစားမနေနဲ့"

မြစ်ဖျားက ငြိကို နှစ်သိမ့်ခဲ့သည်။ ဒါပေမဲ့ ဒီနေ့လိုအဖြစ်မျိုး လုပ်ချလာမည်မထင်၍ မေ့မေ့ပျောက်ပျောက်သာ။ တစ်ခုတော့ မြစ်ဖျားမျက်စိရှေ့ ဘွားဘွားကြီးမြင်ရတဲ့ ငြိကိုရော၊ ငြိချစ်သူဆိုတာရောကြောင့် ငြိခံစားသမျှက ပေါ့ပျက်ပျက်မဟုတ်မှန်း သိခဲ့ရပြီ။ ငြိကတော့ သူမထုံးစံအတိုင်း အရှုံးမပေးသော အရောင်လက်မျက်ဝန်းတွေဖြင့်…

"ဒါ…ငါ့ချစ်သူ ဖေလတ်တဲ့၊ အပြည့်အစုံ မိတ်ဆက်ပေးရရင် ဒေါက်တာဖေလတ်၊ အရိုးအကြော အထူးကုဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာမင်းဦးရဲ့ လက်ထောက်ဆရာဝန်လေ''

ငြိက ဇေလတ်လက်မောင်းကို လက်ကစ်ဖက်ချိတ်ကာ ပါးပါကပ်ရင်း...

''မောင်''

ငြိနှုတ်ဖျားက ခေါ်တာက ဇေလတ်ကို။ အကြည့်ကတော့ မျက်နှာချင်းဆိုင်မှာ ထိုင်နေတဲ့ ပြိုင်ဘက်ထံမှာ။ အားရအောင် စိုက်ကြည့်ပြီးမှ ဇေလတ်ကို မော့ငေးသည်။

''ဒါ...ငြိပြောနေကျ အချစ်ဆုံးသူငယ်ချင်း မြစ်ဖျားတဲ့၊ ငြိကတော့ မြစ်ဖျားပဲခေါ်တယ်၊ ဟိုဘက်က မြစ်ဖျားချစ်သူ ပြိုင်ဘက်တဲ့''

ပြုံးနေတဲ့ ငြိနှုတ်ခမ်းပါးဟာ ပြိုင်ဘက်အလှည့်ရောက်မှ စေ့ပိတ်သွားသည်။ အတွင်းရေးမသိသော ဇေလတ်က ပြိုင်ဘက် ထံ လက်ကမ်းကာ...

''တွေ့ရတာဝမ်းသာပါတယ် ကိုပြိုင်ဘက်''

ဟန်ဆောင်ခြင်းနှင့် လက်ဆွဲနှုတ်ဆက်ရင်း...

''ပြိုက်ဘက်လို့ပဲခေါ်ပါ၊ ကိုထည့်ခေါ်တာ ကြားနေကျ မဟုတ်တော့ နားထောင်လို့မကောင်းဘူး၊ ပြီးတော့ ဒေါက်တာ ကျွန်တော့်ထက်တော့ ဝါရော သမ္မာပါ ပိုကြီးမယ်နဲ့တူတယ်၊ ကျွန်တော်က ဘွဲ့မရသေးဘူး၊ ဒေါက်တာက ဒေါက်တာဆိုတော့''

ဟာသမမြောက်ဘဲ ရယ်သံတွေနှင့် စကားဝိုင်းလေးက



ပိုစည်ကားသွားသည်။ မြစ်ဖျားက နို့စိမ်းရောင် တီရှပ်လက်ရှည်၊ မီးခိုးနုရောင် စတိုင်(လ်)ပန်မကျ ဂျင်း(န်)မရောက်သော ဘောင်းဘီ နှင့် ဆံပင်တို့အား နောက်လှန်ဖြီးထားသည့် ဇေလတ်ကို ငေးနေမိ သည်။ ငေးရင်းက အတွေးတွေက ကစဉ့်ကလျား။ တစ်အိမ်တည်း အတူနေပြီး ဒီလောက်မခွဲမခွာရှိနေသည့် ငြိတစ်ယောက် ဘယ်အချိန် က ရည်းစားထားလိုက်သလဲဆိုတာ မြစ်ဖျား အရိပ်အမြွက်တောင် သိခွင့်မရှိတဲ့အဖြစ်။

''ဟို...ဒေါက်တာနဲ့ငြိတို့က ဘယ်မှာဆုံကြတာလဲဟင်၊ မြစ်ဖျား စပ်စုတာတော့မဟုတ်ဘူးနော်၊ ငြိလုပ်ရပ်က အရမ်းကြီး အံ့သြစရာဖြစ်နေလို့''

မြစ်ဖျားမှာ အံ့သြခြင်း၊ မယုံနိုင်ခြင်းကို ထပ်ပြီးဟန်မ ဆောင်နိုင်။ ပြောင်ဖွင့်မေးတာ ရိုင်းရာပဲကျကျ။ အခုထိ မြစ်ဖျားစိတ် ထဲမှာ သံသယရနံ့မစင်သေး။ ငြိတစ်ယောက် ပြိုင်ဘက်ကို နာကြည်း ပြီး အချစ်ကို ခုတုံးလုပ် ကစားသလားဆိုတာ။ ဒေါက်တာဇေလတ် ကတော့ ဘေးကကြည့်တောင် သိသာစေမည့် မြတ်နိုးခြင်းတွေ ဖြန့်ခင်းထားတဲ့ မျက်ဝန်းတွေနှင့် ငြိအား ငုံ့ငေးပြီးမှ ...

''တွေ့ဖြစ်တာတော့ ကြာပြီ၊ ငြိလက် အရိုးအက်ပြီး ကျွန်တော့်ဆေးခန်း ရောက်လာကတည်းကလေ''

''သြော်''

ဇေလတ်က ရှက်ရိပ်ဖွန်းသွားသော မျက်နှာနီနီဖြင့် ပြုံးမလို

www.burmeseclassic.com

www.burmeseclassic.com



ရယ်မလိုနှင့် နှုတ်ခမ်းများကို အတင်းဆွဲစေ့သည်။

"ပြောပြလိုက်လေ မောင်ရဲ့၊ အဲဒါ မြစ်ဖျားက မောင့်ကို ဇျူးနေတာ၊ သူ့ရုပ်ကြည့်ပါလား၊ ငြိ ရည်းစားရလာတာ မယုံသလို လိုနဲ့၊ မောင်က ငြိရဲ့ရည်းစားအတုကြီးလို့ ထင်နေတာ"

ပွင့်လင်းသော အပြောကြောင့် ပြိုင်ဘက်က အသံမထွက်အောင် မဲ့သည်။ ဇေလတ်ကတော့ ငြိအလိုကျ ခေါင်းညိတ်ရင်း

"လူနာရှင်မပါဘဲ ဒဏ်ရာအကြီးအကျယ် ရတာတောင် ဆေးခန်းအရောက်လာနိုင်တဲ့ ငြိကို စိတ်ထဲမှာ ထူးလည်းထူးဆန်းတယ်၊ ပြီးတော့ သနားသွားတာလည်း ပါမှာဗျ၊ အဲဒီကတည်းက မှတ်မှတ်ထင်ထင်ဖြစ်သွားတာ၊ ငြိ ကျောက်ပတ်တီးဖြည်တော့လည်း ကျွန်တော်ပဲလေ၊ ဆုံးဖြတ်ချက်က တစ်ယောက်တည်းချပြီးသား၊ အဖော်မဲ့တဲ့ သူ့ဘဝအတွက် ကျွန်တော်က တစ်သက်လုံး အနစ်နာခံပေးမယ်လို့"

"အံမယ်...စကားပြောတာ စီးစီးပိုးပိုး"

ငြိက မျက်စောင်းရှယ်ရင်း နွဲ့နွဲ့လေးပြောသည်။ ဇေလတ်က သူ့လက်မောင်း၌ ချိတ်ထားတဲ့ ငြိလက်ဖဝါးကို သူ့လက်ဖဝါး ထဲထည့်၍ ထပ်ညှပ်ဆုပ်ကိုင်ထားရင်း...

"သေချာတာက စွဲငြိဆိုတဲ့ငြိက ကျွန်တော့်ချစ်သူအစစ် ပါဗျာ"

ပြောရတာကိုက နှုတ်ဖျားမှ ချိုမြိန်လှသည်။ မြင်မြင်ချင်း



အချစ်ဆိုတာကို ငြိနဲ့မတွေ့ခင်အထိ ဇေလတ်က အချစ်ကို မယုံကြည်။ အပေါင်းအသင်းတွေဆုံတိုင်း၊ အချစ်အကြောင်း ရှုထောင့်အမျိုးမျိုးက ဆွေးနွေးကြတိုင်း သူက မြင်မြင်ချင်းအချစ်ဆိုတာကို ကန့်ကွက်မဲပေးခဲ့သူ။

"ချစ်တာလွယ်တယ်၊ အချစ်ကနေ အိမ်ထောင်ဟာစ်ခု တည်ထောင်ဖို့ကျတော့ အချစ်တစ်ခုတည်းနဲ့ မဖြစ်ဘူး၊ နားလည်မှုတွေ၊ သစ္စာတွေ၊ မေတ္တာတွေ လိုလာပြီ၊ ဥပမာ တစ်ခုပေးမယ်၊ မြင်တာက မျက်လုံး၊ ချစ်တာက နှလုံးသား၊ ရပ်တည်မှုချင်းမှာ မျက်လုံးနဲ့ နှလုံးသားက အဝေးကြီး၊ ဒီတော့ မြင်မြင်ချင်း အချစ်ဆိုတာ တာရှည်မခံတဲ့အရာ"

အချစ်ကို မယုံခဲ့သူက ငြိကို တွေ့စမှာ ရင်တွင်းကလီစာတွေ ကပြောင်းကပြန်ဖြစ်သွားတဲ့အထိ ခံစားချက်က ပြင်းသည်။ တွေ့ပါများ ရင်းနှီးလာတော့ ဇေလတ် ရင်ခုန်သံက ထိန်းမထားနိုင်တော့။ လှသော၊ ညို့သော၊ ဟန်ကြီးသော ငြိခြေရင်းမှာ ဝပ်ဆင်းချင်သည့် သူ့ချစ်ခြင်းက တားဆီးမရအောင် ပြင်းထန်လာခဲ့သည်။ ထို့ကြောင့် ငြိကို ဇေလတ် ချစ်ခွင့်ပန်ခဲ့သည်။ တကယ်တော့ အသိပေးခြင်းသာ။ ငြိလို မာနကို ကိုးကွယ်သော မိန်းကလေးထံမှ အချစ်တစ်ခုကို သူ မမျှော်လင့်ရဲ။

"ငြိကို ကျွန်တော်ချစ်တယ်"

"အင်း...သိတယ်၊ ငြိလည်း ရှင့်ကိုချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ငြိထံက ချစ်အဖြေစကားကို ကြားရရချင်း ဇေလတ် မယုံနိုင်သလို ရှော့(ခ်)တွေဘာတွေ ရသွားသည်။ ငြိကတော့ အေးတိအေးစက်ပြုံးရင်း…

"ရင်ခုန်သံချင်း ထပ်တူညီရင် ချစ်သူဖြစ်ကြတာ ထုံးစံပဲ မဟုတ်လား၊ ငြိက ခံစားသမျှ မျိုသိပ်မထားတတ်ဘူး၊ အဲဒါ ငြိရဲ့ တခြားမိန်းကလေးနဲ့မတူတဲ့ ဒီဇိုင်းပဲ၊ ရှင် အလွတ်ရအောင် ပြောပြတာ"

အဲဒီကတည်းက ငြိလက်လေးကို ဇေလတ် မြတ်နိုးခြင်းများစွာနှင့် ဆုပ်ကိုင်မိတာ ရာသက်ပန်ရိုးမြေကျအတွက်။

"နင် ချစ်သူရသွားပြီဆိုတော့ အရင်လို ငါတို့စုံတွဲကို နှောင့်ယှက်ဖို့ အစီအစဉ်မရှိတော့ဘူးပေါ့"

တစ်ချိန်လုံး ငြိမ်သက်နေသည့် ပြိုင်ဘက်ထံမှ စကားသံထွက်လာသည်။ စွပ်ကျယ်အနက်ပေါ် ရှပ်လက်တိုနီညိုကွက်ကို ရင်ဘတ်ကြယ်သီးဖြုတ် ဝတ်ထားပြီး ဆံပင်ထောင်ထောင်နှင့် ပြိုင်ဘက်ဆိုသည့် ထိုတစ်ယောက် ငြိအပေါ်ဆက်ဆံတာ ရန်လိုနေသလားလို့ ဇေလတ်က တွေး၏။ ငြိကတော့ မထူးဆန်းသလို ပခုံးစုံတွန့်ပြရင်း…

"အခါအခွင့်ရရင်တော့ နင်တို့အတွဲနောက်လိုက်ပြီး ချစ်မှုရေးရာလေးတွေ သင်ချင်သား"

"ဟွန်း…နင်က သင်လွယ်တတ်လွယ်ပါ၊ နင့်အတွက်





အရာအားလုံး လွယ်လွယ်ရနေတာပဲ"

ပြိုင်ဘက်မျက်လုံးက ဇေလတ်ထံ ဝေ့ဝဲသွားသည်။ ငြိကို ရည်းစားထားဖို့တောင် ခဲယဉ်းတာမှ မဟုတ်တာလို့ ပြောချင်တာမျိုး။ ငြိနဲ့ပြိုင်ဘက် နှစ်ယောက်တည်းသာ ဖတ်ရှုတတ်သော မျက်ဝန်းချင်း အတန်ကြာအောင် စကားပြောနေပြီးမှ…

"ငါက အချစ်တော့မလွယ်ဘူး ပြိုင်ဘက်၊ ငါ့အချစ်ကို သက်သေပြဖို့ ကျောင်းပြီးတာနဲ့ ငါတို့လက်ထပ်မဲ့ အစီအစဉ်ရှိပြီးသား"

"ကောင်းတာပေါ့၊ ငါနဲ့မြစ်ဖျားအတွက် တစ်ပူလျော့တာပေါ့"

ဒီစကားဝိုင်းမှာ မြစ်ဖျားနှင့်ဇေလတ်က အရန်လူ။ ဇေလတ်က ဘာတွေပဲ ရင်ဆိုင်ရန်ရှိနေပါစေ ငြိအနားမှာ ရပ်တည်ရင်း ဖြေရှင်းပေးသွားမည်။ ငြိအတွက် ဘဝတစ်ခုလုံး စတေးပစ်မည်။ အချစ်ကို စိတ်ရောဂါတစ်ခုလို ခေါင်းစဉ်တပ်လျက် သူက ငြိကို ချစ်မိ၍ ပေးဆပ်ချင်သော ရောဂါကြောင့် ပေးဆပ်ခွင့်ကိုသာ မျှော်လင့်လျက်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ကြိုးသိုင်းပတ်ထားသော ဖိနပ်ကို ခြေထောက်မှ ဆွဲချွတ်တာတောင် မြစ်ဖျားစိတ်တို့က ပေါ့ပါးမသွား။ အိမ်ထဲလှမ်းဝင်တာနှင့် တန်းခနဲ ဆီးမြင်ရတဲ့ ဧည့်ခန်းမှာ အနက်ရောင်ပခုံးကြိုးချိတ်ထားသော အင်္ကျီ၊ အစိမ်းရင့်ရောင် ဒူးဖုံးဂျင်း(န်)နှင့် ငြိမ်က လက်တော့ကို ပေါင်ပေါ်မှာတင်ပြီး စိတ်ဝင်တစား ဘာတွေကြည့်နေလဲမသိ။ ငြိမ်ဘေး ဆိုဖာမှာ မြစ်ဖျားကိုယ်လုံးပစ်ချပြီး ဝင်ထိုင်သည်။

"အဆင်ပြေရဲ့လား မြစ်ဖျား"

ပါးစပ်က မေးပေမဲ့ ငြိမ်အကြည့်က ကွန်ပျူတာပေါ်မှ မခွာသေး။ မြစ်ဖျား ဆိုဖာနောက်မှီပေါ် ခေါင်းပါလှန်ချရင်း…

"မပြောဘူး"

"ဘာဖြစ်တာလဲ၊ သူတို့က အရင်စပြီး တွေ့ချင်တယ်



ပြောတာမဟုတ်လား"

"အကြည့်မြားနဲ့ စကားဓားတွေနဲ့ ငါ့ကိုအလဲထိုးပစ်လိုက်တယ်"

"ဘယ်လို"

မြစ်ဖျားစကားအဆုံးမှာ ငြိမ်ရဲ့ စိတ်ဝင်စားခြင်းက အထွဋ်အထိပ်သို့ ရောက်သွားသည်။ ငြိမ်က ကွန်ပျူတာကို အပြီးတိုင်ပိတ်ပစ်ပြီး မြစ်ဖျားဘက် မျက်နှာမူကာ ဘေးတစောင်းလှည့်ထိုင်၏။ ဇာအနားတွန့်တွေပါသော အဖြူရောင်လည်ထောင်အင်္ကျီ လက်ရှည်ပေါ် ကုတ်ကြိုးသိုင်းပါသည့် အပေါ်ထပ်အင်္ကျီက ဗေ့(စ်)ကုတ်လိုဟာမျိုး။ အနက်ရောင်နှင့် ခြေဖျားအထိရှည်သော ပိုးထည်အနက်ရောင် ပြောင်စကဒ်ရှည်ကြောင့် မြစ်ဖျားပုံလေးက ထွေးထွေးပုံပုံလေးနှင့် ဘိုမရုပ်ကလေးလို။ ကျောလယ်လောက်ရှိတဲ့ ဆံပင်က ကြေးနီရောင်ဖျော့ဖျော့ဆိုးထားပြီး မျက်ခွံတွေ၊ နှုတ်ခမ်းတွေမှာ မက်မွန်သီးရောင်ကာလာက စိုအိအိ။

"ယောကျ်ားလေးရဲ့ မိဘတွေနဲ့ သွားတွေ့မှာ ပထမဆုံးအကြိမ်ဆိုတော့ နင့်ကို အထင်သေးမခံရဖို့ အရေးကြီးတယ် မြစ်ဖျားရဲ့၊ မဝတ်ချင်ဘူး ငြင်းမနေနဲ့၊ လူတစ်ယောက်ရဲ့ တင့်တယ်ခမ်းနားခြင်းက လက်ဝတ်ရတနာနဲ့လည်းဆိုင်တယ်"

ငြိမ်က ရွှေဝါကွပ်ထားတဲ့ စိန်ပွင့်တွေ ဘန်းစီထားသော ဟင်း(န်)ချိန်း၊ နားဆွဲနှင့် လက်စွပ်တွေပါ ဆင်လိုက်သေးတာ။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားအတွက်လည်း ခေတ်မီလွန်းတာမဖြစ်အောင်၊ ခေတ်နောက်ကျလွန်းတာလည်း မထင်ရအောင် ကိုယ်ပါကူပြီး ခေါင်းခြောက်ပေးခဲ့ရတဲ့ပွဲ။ မြစ်ဖျားအတွက် အဆင်မပြေဘူးတဲ့လား။

"ကျန်တဲ့အိမ်သားတွေကတော့ ခင်ခင်မင်မင် ပေါ့ပေါ့ပါးပါးပဲ၊ ပြိုင်ဘက်အမေကသာ"

မြစ်ဖျားမှာ စကားကမဆက်နိုင်။ ဟိုမှာကတည်းက ထိန်းချုပ်လာရသော မျက်ရည်တွေက ငြိမ့်ရောက်မှ ချောင်းရေလျှံသလို တသွဲ့သွဲ့စီးကျလာ၏။

"မိဘများကတော့ ဆုံးသွားပြီဆိုတာ အန်တီသိပါတယ်၊ အခုငယ်ငယ်ကတည်းက သမီးကို ထောက်ပံ့ပေးခဲ့တဲ့ ဖွဲ့ငြိဆိုတဲ့ ကလေးမလေးရဲ့ အိမ်မှာပဲနေတာဆို"

မြစ်ဖျားကို မေးချက်က ရက်စက်သည်။ အပြုံးဆောင်မေးနေတဲ့ မျက်နှာချိုချိုကြောင့် မြစ်ဖျားမှာ ထိုင်ရအခက် ထရအခက်။

"ဒီခေတ်ကြီးမှာ ဒီလိုသူငယ်ချင်းမျိုးရဖို့က ရှားတယ် သမီးရေ၊ လူတစ်ယောက်လုံးကို တာဝန်ယူရတယ်ဆိုတာ လွယ်တဲ့ကိစ္စမှမဟုတ်တာ၊ အဲဒါကြောင့် ပြိုင်ဘက်ကိုတောင် သတိပေးထားရသေးတယ်၊ အဟင်း မနိုင်ဝန်တွေ မထမ်းမိစေနဲ့လို့၊ အန်တီက သားကို ကျားတစ်ကောင်လို ရဲရင့်ထက်မြက်စေချင်တာလေ၊ နွားလို





ရုန်းပြီး ဝန်ပိမှာကိုတော့ အန်တီက မကြည့်ရက်ဘူး"

"အိမ်မှာဆို သူက တစ်ဦးတည်းသောသားဆိုတော့ အဖေရော အမေကပါ ဘာအပူအပင်မှ မရှိတဲ့ကလေးလို ထားခဲ့ကြတာ ဆိုတော့ အတွေ့အကြုံက မရှိဘူးလေ သမီးရယ်၊ မီးဆိုတာက အဝေးကကြည့်ရင် အရောင်လှပြီး အလျှံတညီးညီးဆိုတော့ လိုချင်စရာလို့ထင်နေတာ၊ ဟွန်း…အနားရောက်မှ ပူမှန်းသိမှာ၊ အန်တီက အမေဆိုတော့ သားကို မီးမခ အပူမလောင်စေချင်ဘူး သမီးရေ၊ အဲဒါကြောင့် ဒီနေ့အထိ အရိပ်တကြည့်ကြည့်ထားရတာ၊ ဒါကို ပြိုင်ဘက်က ချုပ်ချယ်တယ်ထင်သတဲ့" .

ပြောနေတာက ပြိုင်ဘက်ချစ်သူကို ခေါ်တွေ့တာမျိုးနဲ့မတူ။ မြစ်ဖျားတို့နှစ်ယောက်ကို ဝေးကွာအောင် ခွဲထုတ်ပစ်နေတာနဲ့တူသည်။ ဒီလိုစကားမျိုးကြားရမှတော့ ရွှေခွက်၊ ရွှေပန်းကန်နဲ့ တည်ခင်းဧည့်ခံတဲ့ အစားအစာဆိုတောင် စားနိုင်တော့မှာမဟုတ်။ မြစ်ဖျားရင်ထဲမှာ ဆို့တက်နေသော ဝမ်းနည်းကြေကွဲခြင်းတွေက ပြည့်နှက်နေသည်။ ထို့ကြောင့် အပြန်နှုတ်ဆက်ပြီး ပြန်ဟန်ပြင်တော့ ပြိုင်ဘက်အမေက တံခါးဝအထိလိုက်ပို့ကာ အပြုံးတွေတော့ ဖောဖောသီသီပစ်ပေးပြီး…

"ထင်ရာလုပ်ပြီးမှ ကူပါကယ်ပါလို့ အော်ရင်တော့ အန်တီက ဆောရီးပဲလို့ ခြိမ်းခြောက်ထားရတာ၊ သမီးမိဘတွေရှိလည်း အန်တီပြောတာကို စာနာမှာပဲကွဲ့၊ မိဘဆိုတာ သားသမီးကို



www.burmeseclassic.com

www.burmeseclassic.com



ဆင်စီးပြီးမြင်းရံတာပဲ မြင်ချင်ကြတာကိုး၊ အေးလေ ဒါပြောတော့လည်း အပိုပါပဲ၊ မြစ်ဖျားက မိဘမဲ့ကိုး"

သူပြောသမျှ အလွန်လို့ မြစ်ဖျား ပြောခဲ့ရင်တောင် မိဘမဲ့မို့ သူ့ခံစားချက်ကို လိုက်မမှီတာဆိုပြီး အပြောခံရမဲ့အဖြစ်။

"ဟွန်း…အဲဒါ နင့်ကို အိမ်ခေါ်ပြီး ပညာပြတာပေါ့ မြစ်ဖျား၊ နေစမ်းပါဦး နင် ဒီလောက် အလူးအလဲခံနေရတာတောင် ဟိုကောင်က ဘာတစ်ခွန်းမှ မကာကွယ်ဘူးလား"

"ဝင်ဟန့်ရုံကလွဲလို့ သားသမီးက မိဘကို ပြန်တားမြစ်နိုင်ခွင့်မရှိတာ ငြိရယ်"

"ကျစ်…ကွာပါ့ မြစ်ဖျားရယ်"

ငြိက စတိုင်(လ်)တစ်မျိုးနှင့် မျက်နှာရှေ့ကျလာသောဆံပင်တို့ကို ခါထုတ်ပစ်သည်။ ပြီးမှ နှုတ်ခမ်းတို့ကို လှုပ်ရွာမဲ့ကွေးရင်း…

"ငါသာဆိုရင် အဲဒီမိသားစု ဇာတ်ခေါင်းကွဲသွားအောင်ကိုင်လှုပ်ပစ်လိုက်မယ်"

"ဒါကတော့ငြိရယ်"

"နင် အဲဒီလို ပျော့တိပျော့ဖတ် မလုပ်နဲ့ မြစ်ဖျား၊ ခံစားမနေနဲ့ အဲဒီမိန်းမကြီးစကားကို၊ နင် သူနဲ့ပေါင်းရမှာမဟုတ်ဘူး၊ ပြိုင်ဘက်နဲ့ ဘဝတည်ထောင်ရမှာ၊ အဓိကကျတာ ပြိုင်ဘက်"

"အင်း…သူကလည်း အဲဒီလိုပြောပါတယ်"

စိုး:ပို:၁၇၆၀



"အင်း…ပြောဦးမှပဲ"

"ဘာလဲ…မြစ်ဖျားနဲ့ ယောက္ခမ တွေ့ဆုံပွဲက အဆင်မပြေလာဘူးလား"

မေးသံနှင့်အတူ မမအေးက ဖိုက်ဘာဗန်းလေးကိုင်ပြီး မြစ်ဖျားတို့အနား ရောက်လာ၏။ ဗန်းထဲမှာ ပန်းကန်က နှစ်ပန်းကန်၊ ဆီအိနေအောင် နှပ်ထားတဲ့ လက်ဖက်အညွန့်လေးတွေနဲ့ နှမ်းတွေ၊ မြေပဲတွေ၊ ပုစွန်ခြောက်အကောင်ကွေးနီနီကြီးတွေက စားချင်စဖွယ်။ နောက်ပန်းကန်မှာက လီမွှော်သီးကို အမွှာန္တာထည့်ထားပြီး ကောက်ညှင်းနံ့မွှေးနေသော လက်ဖက်ရည်ကြမ်းက မတ်ခွက်ကြီးတစ်ခွက်နှင့်။

"မိုက်တယ်ကွာ၊ မမအေးက အဲဒါတွေ အလိုက်သိရတာ၊ ဒီအချိန် ငြိတို့ ဘာခံတွင်းတောင်းတယ်ဆိုတာ နတ်မျက်စိနဲ့ မြင်နေရသလားပဲ"

ငြိက လက်ဖက်ပန်းကန်ကို လှမ်းယူရင်း မမအေးပါးကို ရွတ်ခနဲနမ်းသည်။ ပြီးတော့မှ လက်ဖက်တွေ၊ အကြော်တွေကို သမအောင် ဇွန်းနဲ့ခပ်ရင်း မြစ်ဖျားနှုတ်ခမ်းနား တိုးကာ…

"စားလိုက်ဦး မြစ်ဖျား၊ အစာရှိမှ လူကနေရတာလန်းတာ"

"ပြီးတော့မှ ပြိုင်ဘက်ကို အနိုင်တိုက်၊ ဘယ်လိုအကြံဉာဏ် ထွက်လာမလဲ၊ မုန့်စားရင်း စဉ်းစား"

စိုး:ပို:၁၇၆၀

www.burmeseclassic.com

www.burmeseclassic.com



ငြိက သူ့စကားသူ သဘောကျစွာ ရယ်ရင်း မြစ်ဖျားပါးစပ်ထဲ ရောက်တဲ့အထိ လှမ်းခွံ့ရင်း…

"ငြိ အဟုတ်ပြောတာ မြစ်ဖျား၊ ရှေ့ ဒီမှာအအေးသောက်ဦး"

ငြိက သူ့ဘာသာ ပြောလည်းပြော စားလည်းစား၊ အပူအပင်မရှိတဲ့ငြိကို ငေးတုန်း မမအေးက အစပျောက်သွားတဲ့ မေးခွန်းကို ပြန်ကောက်၏။

"သူတို့က ဘာတဲ့လဲမြစ်ဖျား၊ နင်နဲ့ပြိုင်ဘက်ကို သဘောတူတာလား"

"ထုံးစံအတိုင်းပေါ့ မမအေးရယ်၊ ယောက္ခမတွေ ဗီဇပြတာပေါ့၊ အာဏာတွေ ပါဝါတွေနဲ့ ချွေးမကို နှိမ်ချင်တာမျိုး ဟွန်း…သူတို့သားတွေကို တစ်သက်လုံး ထုပ်ပိုးသိမ်းဆည်းထားလို့ ရမှာကျနေတာပဲ"

မြစ်ဖျားက ဖြေခြင်းမဟုတ်ပါ။ မြစ်ဖျားကိုယ်စား ငြိက ဝင်ပြောသည်။ မြစ်ဖျားကိုလည်း လက်ဖက်တစ်ဇွန်း ထပ်ခွံ့ရင်း

"လုပ်မနေနဲ့ မြစ်ဖျား၊ ပြိုင်ဘက်ကို မီးထိုးပေးလိုက်၊ နောက်ဆုံးနှစ် စာမေးပွဲပြီးရင် ငါ့ကိုခိုးလို့"

"ဟဲ့"

မမအေးက မျက်လုံးမျက်ဆန်ပြူးကာ ရင်ဘတ်ဖိသည်။

"ဟုတ်တယ်လေ၊ နင်မခိုးရင် ငါခိုးမယ်လို့ ပြောပစ်"





"ငြိရယ်"

အားငယ်စိတ်၊ ရှက်စိတ်တွေနှင့် မြစ်ဖျားမျက်နှာလေး ညှိုသွားမှ ငြိက မိမိစကားလွန်သွားမှန်းသိသည်။ ထို့ကြောင့် မြစ်ဖျားပခုံးကို လှမ်းဖက်ရင်း…

"ငြိ အလကားစတာပါ မြစ်ဖျား၊ နင်လား အဲဒီလိုပြောရဲမှာ၊ ရှေ့ကြောင်းနောက်ကြောင်းတွေ တွေးပူမနေနဲ့၊ နင်တို့ အရင်လက်ထပ်ဖြစ်အောင် ကြိုးစား၊ နေဖို့ထိုင်ဖို့ကအစ အလုပ်အကိုင်ထိ ငါအကုန်စီစဉ်ပေးမယ်၊ ငါ့ကုမ္ပဏီတွေမှာ လူယုံလိုသဘောထားရတဲ့ လူရင်းတွေ အများကြီးလိုတာ နင်လည်းအသိ"

မြစ်ဖျားမျက်နှာလေး အခုမှ အပြုံးနှင့် လန်းလာ၏။ ငြိက မြစ်ဖျားပါးချိုင့်လေးကို လက်ညှိုးနှင့် လှမ်းပုတ်ရင်း…

"မင်္ဂလာ သူတို့ဘက်က မဆောင်ပေးရင်လည်း အားမငယ်နဲ့၊ ငြိ ဆောင်ပေးမယ်၊ ဆီဒိုးနားလား၊ ထရိတ်ဒါးလား၊ ကြိုက်ရာရွေး၊ ဒါပေမဲ့ မာနမင်းသားကိုတော့ ကြိုပြောထားပေါ့၊ ရွက်ထားတဲ့ ရာဇဝင်အိုးလောက်ရှိတဲ့ မာနတွေ နည်းနည်းလျှော့လို့"

ငြိစကားဆုံးတော့ မမအေးက အားပါးတရ ရယ်ကာ…

"မြစ်ဖျားကို ပြောနေပုံနဲ့ဆို ငါတောင်အားကျလာပြီ ငြိရေ"

"အားကျရင် လူပ်ရှားလေ၊ ဒါပေမဲ့ မမအေးကျတော့



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မှာမလုပ်ဘဲ ဘိုးဘွားရိပ်သာမှာလုပ်''

''ဟယ်…ဒီကောင်မလေး၊ ငါ့ကို ပေါက်တတ်ကရ''

မမအေးက ထအော်သည်။ ငြိမ်က မလျှော့သေးဘဲ တစ်ကိုယ်လုံး ယိမ်းခါရင်း…

''သာ့တီးအိုဗာက ဘိုးဘွားရိပ်သာနဲ့ပဲ သင့်တော်တာ မမအေးရ''

''တော်ပါ၊ နင့်အပြောနဲ့တင် ငါချမ်းလာပြီ၊ ရေခဲတိုက်အနံ့ရလို့''

ရယ်သံတွေက ညှို့ခန်းထဲ ဆူညံသွား၏။ မြစ်ဖျားစောစောက ရင်ခံခဲ့သမျှ ငြိမ့်ရှေ့ရောက်မှ နေသာထိုင်သာရှိသွားသည်။ ပြိုင်ဘက်ကလည်း ကိုယ့်ဘက်မှာ။ ငြိမ်ကလည်း ကိုယ့်အနားမှာရှိ အားငယ်ခြင်းက မြစ်ဖျားထံ ခေတ္တခဏသာ အလည်အပတ်အဖြစ် ရောက်လာနိုင်သည်။ မြစ်ဖျားက အရာခပ်သိမ်း၌ သူမအပေါ် ဖြည့်ဆည်းပေးရှာသော ငြိမ်ကိုကြည့်ရင်း…

''နင်က လူတစ်ဖက်သားအပေါ် အဲဒီလိုစိတ်ထားကောင်းလို့နဲ့တူတယ်''

''အင်း…ဘာဖြစ်လဲ''

ငြိမ်က လိမ္မော်သီးတစ်စိတ်ကို ဖြည်းဖြည်းချင်း အမွှာလေး တွေခွာရင်း မြစ်ဖျားထံ ငြိမ်အကြည့်က ရောက်သည်။

''အဲဒါကြောင့် ငြိမ် ကံကောင်းတာပေါ့''





''ကံကောင်းတယ်၊ ဘာကိုလဲ''

''ငြိမ်ချစ်တဲ့သူကလည်း ငြိမ်ကို သည်းသည်းလှုပ် ပြန်ချစ်တယ်''

''သြော်''

ငြိမ်က အခုမှ သဘောပေါက်သွားသလို မဒိုတရိုထောက်ခဲ့ရင်း ငြိမ်ကျသွားသည်။ ဧလတ် ငြိမ်ကိုချစ်တာ ငြိမ် ခံစားရပါသည်။ ဒါပေမဲ့ ငြိမ်ချစ်တဲ့သူက ဧလတ်တော့ မဟုတ်ခဲ့ဘူးထင်၏။

''ပြီးတော့ ကိုဧလတ်ကြီးရဲ့ မိဘအသိုင်းအဝိုင်းကလည်း ငြိမ်ကိုဆို ဖူးဖူးမှုတ်လို့လေ၊ ဟိုတစ်ယောက်ကလည်း သည်းလွန်းကဲ လွန်းတာများ စင်ကာပူစာတမ်းဖတ်ပွဲ သွားတာတောင် ဖုန်းတဒီဒီ ဆက်နေတာ''

''ဖုန်းဆက်တာနဲ့တင် မပြောနဲ့ မြစ်ဖျား၊ ဖိတ်စာနဲ့သတို့သမီးဝတ်စုံတောင် ဟိုကဝယ်လာမှာတဲ့၊ သူ ကျောင်းပြီးတာနဲ့ လက်ထပ်မှာတဲ့လေ၊ ဒါနဲ့များ သူက သူ့များမင်္ဂလာဆောင်ကို စီစဉ်ဦးမယ် ကမကထနဲ့၊ ပွဲကကြည့်ကောင်းမှာ၊ သတို့သမီးစီစဉ်တဲ့ သူ့များမင်္ဂလာဆောင်''

မမအေးကပါ ဝင်ပြောသည်။ မြစ်ဖျားက သူမပြောတာ မမှန်လားဆိုတဲ့ သဘောနှင့် ခေါင်းညိတ်ပြုံးရင်း…

''အဲဒါကြောင့်ပြောတာ၊ ငြိမ် ကံကောင်းပါတယ်လို့''

ငြိမ်ရင်ထဲက ခံစားချက် အစစ်အမှန်နဲ့ ကိုယ့်ကိုယ်ကို ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



လေခြင်းဆိုပြီး အသည်းနာနာနှင့် အော်ရယ်ပစ်ရင်း ငြိ ရင်ခွင်နှစ်ခြမ်းကွဲထွက်သွားမလားမသိ။ ငြိ ကံကောင်းခြင်း၊ ငြိ ကံဆိုးခြင်းဆိုတာ ငြိကပဲ ဖန်တီးတာလား။ ကံဆိုတာ အလုပ်လေ။ ဖြစ်ခဲ့သမျှကို ငြိက ဖန်တီးခဲ့တာပါလို့ ဝန်ခံလျှင်။ တကယ်တော့ ငြိချစ်သူကို ဦးနှောက်နဲ့ အချစ်ကို စနစ်တကျ တည်ဆောက်ခဲ့တာမျိုး။

◆ ◆ ◆



## အခန်း (၁၅)

''မှားပါတယ်၊ ပြဿနာပဲ''

''ဘာပြဿနာလဲ''

''ဘာဖြစ်လို့လဲ''

အနားမှာထိုင်နေသော ပြေကျော်က နားမရှင်းတာဝင်မေးသည်။ ပြိုင်ဘက်က အခုမှာ တန်ခိုးရှင်တစ်ယောက်သာ ဖြစ်ခဲ့လျှင် နာရီလက်တံတွေကို နောက်ပြန်လှည့်မိမှာ သေချာသည်။ လွန်ခဲ့သော တစ်လလောက်ကို ရောက်အောင်လေ။ အဲဒီတုန်းက သူတို့ နောက်ဆုံးနှစ်ကျောင်းသားတွေကြားထဲမှာ ဘယ်သူ အစဆွဲထုတ်လဲမသိ။ စာမေးပွဲမဖြေခင် နောက်ဆုံးနှစ်ကျောင်းသူ၊ ကျောင်းသားတွေ နှုတ်ဆက်ပွဲအနေဖြင့် ခရီးတစ်ခုထွက်ရန် စီစဉ်ကြသည်။ မေဂျာအများကြီးထဲမှာ လိုက်ချင်သူတွေ မနည်းမနော။ အားလုံးဘွဲ့ရခါနီးပြီမို့ ရင်ဘတ်ကိုယ်စီမှာ အတွဲအချိတ်လေးတွေ ရှိပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သွားချင်သူတွေ နန့်နန့်တက်။ မိန်းကလေးတွေအနေ
မိဘတွေက ပူပင်စရာမရှိ။ ကျောင်းသူ၊ ကျောင်းသား တစ်အုပ်ကြီး
သွားမှာ။ ထိုအစီအစဉ်ကို ဦးဆောင်တာက မေဂျာတစ်ခုစီမှ ရက်ပ
တာကျောင်းသားကြီးတွေဖြစ်သည်။ ကိုယ်တွေက စာရင်းပေးရုံ။
ငွေရှင်းရုံသာ။ ဦးတည်ရာ ခရီးစဉ်က ငပလီ။ ကမ်းခြေဆို သဘော
ကျသော သူက ဒီသတင်းရရချင်း မြစ်ဖျားထံ ပြေးပြောသည်။
ချစ်သူနှင့် ရွှေလက်တွဲသွားချင်၍ပါ။

"မဖြစ်ပါဘူး မောင်ရယ်၊ မြစ်ဖျား စာမရသေးဘူး။
အဲဒီလို အပျော်အတွက် ဦးစားမပေးနိုင်ဘူး မောင်ရဲ့၊ ပြီးတော့
မြစ်ဖျား လိုက်တာသိရင် မောင့်မေမေ ပိုအထင်သေးသွားလိမ့်မယ်၊
နဂိုကမှ သွန်သင်သူကင်းတဲ့ မိန်းကလေးဆိုပြီး အထင်မကြီးနေရ
တဲ့ကြားထဲ"

မျက်နှာနွမ်းနွမ်းနှင့် မြစ်ဖျား ရှင်းပြသည်။ ဒါကို ပြိုင်ဘက်
က အယူခံဝင်သေးတာ။

"မောင်တို့နှစ်ယောက်တည်းမှ မဟုတ်တာ၊ ကျောင်းက
လူတွေ အများကြီးပါမှာကို"

"မောင့်မေမေ အမြင်မှာတော့ မြစ်ဖျားတို့ကိုပဲ ကွက်ပြီး
မြင်မှာပဲ၊ အပြစ်ရှာနေတဲ့သူအတွက်တော့ ဘယ်အရာမဆို အပြစ်ပဲ၊
မြစ်ဖျားက မောင့်မေမေနဲ့ ပြေလည်ချင်သေးတာ"

မြစ်ဖျားပြောတာ မှန်နေတော့လည်း ပြိုင်ဘက် မြစ်ဖျားကို





ဖွတ်မခေါ်တော့။ မြစ်ဖျားနှင့်မေမေကို မိတ်ဆက်ပေးရန် အိမ်ခေါ်
တုန်းက မေမေ့ဘက်က လွန်တာတွေရှိသည်။ ဒါပေမဲ့ သူက
သားသမီးမို့ မေမေ မှားနေပါတယ်လို့ ထောက်မပြချင်။ မြစ်ဖျားရဲ့
သိတတ်မှုဖြင့် မေမေ့မေတ္တာကို ခြေယူမှသာ ပြိုင်ဘက်တို့ ဘဝခရီး
လမ်း ဖြောင့်ဖြူးမည်။

"မောင့်သူငယ်ချင်းတွေ ပါတယ်၊ ပျော်ပျော်ပါးပါးသွား
မောင်၊ ပြန်ရင် မြစ်ဖျားအတွက် လက်ဆောင်ဝယ်ခဲ့"

မြစ်ဖျား မှာပြီးမှ ပြိုင်ဘက်မျက်နှာကို ဖျတ်ခနဲ အကဲခတ်
ကြည့်၏။

"မြစ်ဖျား ဘာပြောမလို့လဲ၊ ပြောစရာကျန်သေးလို့လား"

"ပြောလိုက်ရင် မောင် စိတ်ဆိုးသွားမလားလို့"

အလိုက်သိမှုနှင့် စိုးရွံ့မှုတွေ ရောယှက်ထားသည့် မြစ်ဖျား
မျက်ဝန်းတွေ မှိတ်ကျသွားအောင် ပြိုင်ဘက်က မျက်တောင်ရှည်တွေ
ကို ဖျတ်ခနဲ ငုံ့နမ်းသည်။ ကြည်နူးခြင်းများစွာနှင့် မြစ်ဖျားပြုံးတော့
ပါးချိုင့်လေးဆီပါ အနမ်းခြွေရင်း...

"မြစ်ဖျားကို မောင် ဘယ်တုန်းက စိတ်ဆိုးဖူးလို့လဲ"

"ဒါဆို မောင် စိတ်မတိုရဘူးနော်၊ ကတိ"

"အေးပါကွ၊ ပြော ဘာကိစ္စလဲ"

"ငပလီကို ငြိ လိုက်မှာမောင်"

"ကျစ်"



www.burmeseclassic.com

www.burmeseclassic.com



အလိုမကျခြင်းက ဖြိုင်ဘက်မျက်နှာကို မှုန်သွားစေသည်။ ဒါကိုပဲ မြစ်ဖျားက သူ့မျက်နှာကို အမိအရစိုက်ကြည့်ကာ…

"ဟော…မောင် စိတ်တိုသွားပြီမဟုတ်လား"

ဖြိုင်ဘက် မြစ်ဖျားကို ဖျစ်ညှစ်ပြုံးပြရင်း မျက်ခုံးကို လက်မနဲ့ခြစ်ကာ…

"ဒါဆို မောင် မလိုက်တော့ဘူး"

"ဟယ်…အဲဒီလိုမလုပ်ပါနဲ့ မောင်ရဲ့၊ စာရင်းတောင် ပေးထားပြီးပြီကို၊ မောင်ကလဲ"

"မဟုတ်ဘူး မြစ်ဖျား၊ မောင်က မြစ်ဖျားနဲ့အတူတူ သွားမယ်ဆိုပြီး ပေးထားတာ၊ အခု မြစ်ဖျားမလိုက်တော့"

"မောင် အဲဒီလိုပြောမှ မြစ်ဖျား ပိုစိတ်မကောင်းဖြစ်သွားပြီ၊ ဟိုးတွေ့စကတည်းက မောင်နဲ့ငြိက မြစ်ဖျားအတွက် အံမြဲတမ်းဝေမျှပေးခဲ့သူတွေလေ၊ အခု မြစ်ဖျားကြောင့် မောင် မလိုက်ရဘူးဆိုတော့ မြစ်ဖျား ဘယ့်စိတ်ကောင်းပါ့မလဲ၊ ကဲ"

မြစ်ဖျားမျက်နှာလေးက ရှုပုပ်ပုပ်။ မျက်ဝန်းလှလှတွေကို ထောင့်ကပ်ပြီး ဖြိုင်ဘက်ကိုကြည့်တော့ ဖြိုင်ဘက်ရင်ထဲ တုန်ခါမှုက အရှိန်ပြင်းစွာ။ ကျင့်သားရနေပြီဖြစ်တဲ့ နှလုံးသားက မြစ်ဖျားငြိုငြင်မှုကို ခံနိုင်ရည်မရှိ။ မြစ်ဖျားက ဖြိုင်ဘက်ထံမှ အကြည့်လွှဲကာ နှုတ်ခမ်းထူတွေကို ရှုပွပွလုပ်ရင်း…

"ငြိကလည်း ကိုဇေလတ်ကြီးနဲ့ ချိန်းသွားမှာ၊ ကိုဇေလတ်



က ဒီကလေးယာဉ်နဲ့ တစ်ရက်ကြိုထွက်ပြီး ငြိကို စောင့်မှာတဲ့၊ မောင့်ကို ငြိက ရန်ဖြစ်ချိန်ရမှာတောင် မဟုတ်ဘူး၊ သူ့ချစ်ချစ်ကြီးနဲ့ ရင်ခုန်နေရမှာနဲ့"

ငြိက သူ့ချစ်သူနဲ့ဆိုတော့ ဖြိုင်ဘက်ရင်ထဲ နည်းနည်းပေါ့သွား၏။ ပြီးတော့ မြစ်ဖျား စိတ်ချမ်းသာပါစေတော့ဆိုတဲ့ စေတနာရယ်၊ ဖြိုင်ဘက် အခင်ဆုံး ပြေကျော်နဲ့ ရန်ကြီးတို့ကပါ ဒီခရီးစဉ်ကို စိတ်ပါနေတာရယ်ကြောင့် သူလိုက်ရန် ခေါင်းညိတ်ခဲ့သည်။ အခုတော့ ထွက်လုဆဲဆဲ အိတ်(စ်)စပတ်ကားကြီးပေါ် လှမ်းမြင်နေရတဲ့ မြင်ကွင်းကြောင့် ရှေ့ခရီးဟာ စိတ်ချမ်းသာစရာမကောင်းတော့မှန်း ဖြိုင်ဘက် ကြိုသိလိုက်၏။

"အလွမ်းသယ်နေတာလေ ငြိက၊ အဟွန်း ကိုဇေလတ်ကြီးက ဆေးရုံက ခွင့်မရလို့တဲ့၊ လူစားလဲစရာ ဆရာဝန်မရှိတာနဲ့ မလိုက်ဖြစ်ဘူး၊ အဲဒါ ငြိက မရမကခေါ်နေတာလေ၊ ဂျီကျနေတာ"

မြစ်ဖျားက ဖြိုင်ဘက်ကို ပြောသွားသေးသည်။ အခုတော့ ထွက်မည့်ကားက ငြိတို့သမီးရည်းစား အလွမ်းရေယာဉ်ကြော မျောနေတဲ့အဖြစ်ကို စောင့်နေရတဲ့အထိ။ သူများဝါကာလည်း ရည်းစားကိုယ်စီနဲ့ပါ။ ဒါပေမဲ့ ငြိတို့လောက်မသည်းဘူး၊ မကဲဘူး ထင်တာပါပဲ။ မြစ်ဖျားက ဖြိုင်ဘက်ကားပေါ်ရောက်တာနှင့် ပြန်သွားပြီ။ မပြန်ခင် အထပ်ထပ်မှာသွားတဲ့စကားက…

"နှစ်ယောက်ချင်းဆိုပြီး ငြိနဲ့ နပန်းသတ်မနေနဲ့ မောင်၊

www.burmeseclassic.com

www.burmeseclassic.com



ရန်မဖြစ်နဲ့၊ စကားမများနဲ့၊ ငြိက မြစ်ဖျားရဲ့ အချစ်ရဆုံးသူ''

ပြိုင်ဘက်နှင့်ငြိ ရန်ဖြစ်နေကြတာ အသိဆုံးမို့ ပြိုင်ဘက်ကို တစ်ဖက်သတ် အမိန့်အချခံရတာက သေဒဏ်ပေးတာထက်ဆိုး သည်။

''ဟ…ရှင်းပါဦး ဆရာရ၊ ပြဿနာဆိုတာ၊ ဒီမှာမေးနေတာကြာပြီ၊ မင်းက စွဲငြိတို့အတွဲကိုငေးနေတာ မျက်လုံးမလွှဲစတမ်းနဲ့''

''ဒီကောင် မြစ်ဖျားကို မဝေးခင်ကတည်းက လွမ်းနေပြီထင်တယ်''

ကားမထွက်သေးတာမို့ ရန်ကြီးရော ပြေကျော်ပါ ပြိုင်ဘက်အေးခုံမှာ လာထိုင်ရင်း စကားပြောတာတောင်ရောက်မြောက်ရောက်။ ကားစီစဉ်ကတည်းက သူတို့က နေရာကောင်းတွေ ယူခဲ့တာမို့ ပြတင်းပေါက်ဘက်မှာချည်း တစ်ယောက်တစ်ခုံစီ။

''ပြဿနာဆိုတာ ပြဿနာကိုပြောတာ''

''မှတ်ထား''

ရန်ကျော်ကို လှည့်ပြောရင်း ကားရှေ့မျက်နှာမှုတော့ စွဲငြိက ကားပေါ်တက်လာပြီ။ ပြိုင်ဘက် အရင်ဆုံး မမြင်ဟန်ဆောင်၍ ကျောခိုင်းလိုက်၏။

စွဲငြိက ခရမ်းဖျော့ရောင် မျက်မှန်ဝိုင်းကြီးနှင့်။ နားမှာလေးထောင့်နားကွင်းတွေ။ လက်ဖျံမှာလည်း လက်ကောက်နီစိမ်းဝါ





ရောင်စုံအများကြီးနှင့်။ ခွယ်တာလက်ရှည်အဝါရောင်၊ ဂျင်း(န်) အကျပ် အစိမ်းရောင်နှင့် လည်ပင်းကတစ်ဆင့် ခါးကျော်ထိအောင် ပတ်ပြီး တွဲလောင်းချထားတဲ့ မာဖလာအနီရောင်တို့ကြောင့် တစ်ကိုယ်လုံး လင်းနေသည်။ ငြိက ခုံနံပါတ်တွေကို လိုက်ရေရင်း ပြိုင်ဘက်တို့အနား ရောက်တာနှင့်…

''နံပါတ် ဆယ့်ရှစ်၊ ဒီခုံ…ဟဲ့ အံမယ်''

စီးပိုးတဲ့အပြောနှင့် မျက်မှန်အောက်က ငြိရဲ့အကြည့်က ပြိုင်ဘက်ထံ ဒိုင်းခနဲ။ ကြည့်စမ်း ပြိုင်ဘက်နဲ့ ငြိ အကြည့်ချင်းဆုံသွားပြီးမှ ရွံ့သလို ရှာသလို မျက်နှာနဲ့ ငြိက အကြည့်လွှဲပစ်သည်။ နေပေါ့လို့ ပြိုင်ဘက်စိတ်ထဲက တုံ့ပြန်ချိန်မှာ ရန်ကြီးနှင့် ပြေကျော်က ပြိုင်ဘက်နားမှ ထွက်သွားပြီ။ အိခနဲ ဝင်ထိုင်သည့် အရှိန်နှင့်အတူ ငြိထံမှ သင်းပျံ့တဲ့ ပန်းသီးစိမ်းနံ့ဖျော့ဖျော့က ပြိုင်ဘက်နှာဝမှ ကျီစယ်ပွတ်တိုက်သွား၏။ ပြိုင်ဘက်က ကိုယ်ကို တစောင်းလှည့်ထိုင်တာ ပြတင်းပေါက်ဆီအရောက် ပြတင်းပေါက်အပြင်ဘက်က ဇေလတ်ကတော့ နှုတ်ခမ်းလှုပ်ကာ…

''စိတ်ချမယ်နော်''ဟု ပြိုင်ဘက်ကို လှမ်းမှာသည်။

မတတ်သာ၍ ပြိုင်ဘက်က အပြုံးနဲ့ ခေါင်းညိတ်ပြလိုက်ရပေမဲ့ စိတ်ထဲမှာတော့ မင်းရည်းစားကို ပင်လယ်ထဲ နှစ်သတ်ခဲ့မယ်၊ စိတ်ချလို့ ပြန်အော်နေမိတာ ကိုယ့်ကိုယ်ကို အသိဆုံး။

''လူစုံပြီနော်၊ စုံရင်ထွက်မယ်''



www.burmeseclassic.com

www.burmeseclassic.com



စပယ်ယာလေးရဲ့ မေးသံ။ တံခါးပိတ်သံအဆုံးမှာ ကားက ငြိမ့်ခနဲ စတင်ထွက်၏။ ပြိုင်ဘက်က ငြိန့်မှအတူ တစ်ခုံထဲထိုင်ရသော သူ့အဖြစ်သူ ဖြစ်ရလေခြင်းလို့ ရင်ဘတ်ထုကာ ငိုချင်းသာ ချပစ်ချင်သည်။ အမုန်းရေစက်ရှိသူနဲ့မှ တစ်ခရီးတည်း၊ တစ်ကားတည်း၊ တစ်ခုံတည်း ထိုင်ရတဲ့အဖြစ်။

◆ ◆ ◆

BURMESE CLASSIC .com



## အခန်း (၁၈)

"ဟွန်း"

တစ်ယောက်မျက်နှာ တစ်ယောက်တွေ့တာနဲ့ မဲ့ရွဲ့ပြီး ပြိုင်တူကျောခိုင်းပစ်သည်။ ဘန်ဂလိုပေါ်က ဆင်းပြီး ဦးတည်ရာ လမ်းကလည်း ဆန့်ကျင်ဘက်။

"လန်းတယ်ကွာ၊ တကယ်၊ သူ့ထက်လန်းတာတောင် သူ့လောက်လန်းမှာ မဟုတ်ဘူး"

"ဟုတ်တယ် ရန်ကြီး၊ မင်းပြောတာ မှန်တယ်၊ လိုက်မမှီ တာတစ်ခုပဲ"

"ဘာလဲ"

"ဒီကောင်လေ"

"ဟ...ဘာဖြစ်တာလဲ"

နေရင်းထိုင်ရင်း ပခုံးနှင့်ပစ်တိုက်တဲ့ ပြေကျော်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဘက်ကိုယ်ကြီး ရန်ကြီးဘက်သို့ ယိမ်းသွားသည်။ ရန်ကြီးကလည်း အားကျမခံ။ သူ့ပခုံးကို ပြန်တိုက်သည်။ အလယ်မှာ ဟိုဘက်ယိမ်းလိုက်၊ ဒီဘက်ယိမ်းလိုက်ဖြစ်နေတဲ့ ပြိုင်ဘက်ကိုကြည့်ရင်း ပြေကျော်က စကားဆက်သည်။

"ခွဲပြီးနဲ့ မြစ်ဖျားရဲ့အလှ ကွာခြားချက်က တခြားစီလို့"

"အေးလေ…ငါလည်းသိပါတယ် ပြေကျော်ရာ၊ မင်းလောက် ဗိုအားမပြင်းပေမဲ့ မိန်းမလှနဲ့ မိန်းမချောကို ခွဲခြားတတ်ပါသေးတယ်"

"အေးလေ…ငယ်သူငယ်ချင်းလည်းဖြစ်တယ်၊ အလှပဂေးလေးအနားမှာရှိတာတောင် သူကကျော်ပြီး မြစ်ဖျားကိုတဲ့"

ဒီတစ်ခါ ပြေကျော် ဝင်တိုက်တဲ့အရှိန်ကို ပြိုင်ဘက်က ယိမ်းယိုင်မသွားအောင် ထိန်းရင်း ပင်လယ်ပြာဆီ လှမ်းငေးသည်။ မီးပုံပွဲအတွက် ပြင်ဆင်နေသော ကျောင်းသူ၊ ကျောင်းသားတွေက ကိုယ့်အစုနဲ့ကိုယ် လှုပ်လှုပ်ရှားရှား။ ရန်ကြီးကတော့ နောက်ပြန်လှည့်ကာ ဓက်ကြီးလိမ်သွားမတတ်ငေးရင်း…

"လှချက်က တကယ်ရက်စက်တာ"

"မာနကလည်း ခေါင်နိုက်နေတာ ထည့်ပြော၊ ဘန်ဂလိုတောင် တစ်ယောက်တည်းယူထားတာ"

"ဟီး…ဟီး၊ ငါတို့နဲ့ ဘေးချင်းကပ်ကျတော့ ငါတို့ခွင်ဖက်လို့ ရတာပေါ့"



"သွားမလုပ်နဲ့"

ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်လုံး အေးချမ်းစွာထည့်ထားတဲ့ ပြိုင်ဘက်ထံမှ ထွက်ကျလာတဲ့ စကားတစ်ခွန်းက အေးစက်စက်။ ပြေကျော်က ပြိုင်ဘက်မျက်နှာပေါ်က ကောက်ကြောင်းတွေကို အကဲခတ်ရင်း…

"တွန့်တိုတာလား၊ အထိမခံတာလား"

"တစ်ခုမှမဟုတ်ဘူး"

"ဘာလဲဟ"

"ငါနဲ့ပတ်သက်တဲ့ မင်းတို့နဲ့ ပြဿနာတက်ရင် သူဦးတည်ဖိုက်မှာက ငါ့ကို၊ သူနဲ့ပတ်သက်ပြီး သည်းခံနိုင်ခြင်းဆိုတာ လစ်မစ်ရှိတယ်၊ အဲဒီလစ်မစ်ကျော်လာရင် ပြဿနာက ကြီးမှာပဲ၊ မင်းတို့ ငါ့သူငယ်ချင်းဖြစ်နေတဲ့အတွက် သူနဲ့ကင်းကင်းနေပါပဲ"

ပြိုင်ဘက်ရဲ့ မကြည်သောစိတ်က မျက်နှာမှာရောင်ပြန်ဟပ်နေလိမ့်မည်။ ပျော်ရွှင်ဖွယ် ကျခရီးသည် ငြိကြောင့် မသာမယာ ခရီးစဉ်အဖြစ် သူခံစားနေရ၏။

"ဟေး…ခွဲပြီ၊ လာလေ ဒီကို၊ ဒါမေဂျာခွဲပြီးလုပ်တာမဟုတ်ဘူး၊ နီးစပ်ရာ ဘန်ဂလိုစုလုပ်တာ၊ နင့်ဘန်ဂလိုက ပြိုင်ဘက်တို့နဲ့ ကပ်ရက်မဟုတ်လား၊ လာ…ဒီကို၊ ဘာဘီကျူးလုပ်မယ်၊ ငါတို့မိန်းကလေးတွေက ဝိုင်၊ သူတို့ယောကျ်ားလေးတွေက အပြင်း

www.burmeseclassic.com

www.burmeseclassic.com



စားပေါ့''

အုပ်စုထဲက အသွက်ဆုံး ကောင်မလေးက သူ့ကိုယ်လုံး ဝတုတ်တုတ်နှင့် မလိုက်အောင် အပြေးအလွှားသွားခေါ်၏။ အခုမှ မီးပုံပွဲပြင်ဆင်နေရာသို့ ခြေချသော ပြိုင်ဘက်က လှည့်ထွက်ဟန် ပြင်သည်။ ပြေကျော်က တံတောင်နှင့်လှမ်းတွတ်သည်။

''သိပ်သိသာသွားမယ်လေကွာ၊ မဆက်ဆံချင်လည်း အေးဆေးပေါ့''

ပြိုင်ဘက်နား တိုးတိုးကပ်ပြောတဲ့စကားကြောင့် နေရာမှ ခြေစုံရပ်ရပေမဲ့ စိတ်ကတော့ လှိုင်းလူးခံရတဲ့ ပင်လယ်လို ငြာ မငြိမ်။ ဒီမိန်းမအသံ၊ ဒီမိန်းမဟန် ကြားတာနှင့် ပုတ်နှိုးနေစရာ မလို။ အလိုအလျောက် ဒေါသအုံကြွလာတာ ဘာရေစက်မှန်းမသိ။

''တို့မစားတော့ဘူး၊ အခုတင် ဒင်နာသွားစားထားတာ ဗိုက်ပြည့်နေပြီ''

''ဟယ်…မစားလည်း ထိုင်ပေါ့၊ ပျော်ပျော်ပါးပါးလေ ဟာ''

''ဟုတ်တယ် စွဲငြိရေ၊ ဒီခရီးကပြန်ရင် စာမေးပွဲတွေ တန်းဖြေပြီးရင် ဒီအုပ်စုက ဒီလိုပြန်စုစည်းဖို့ မလွယ်တော့ဘူး၊ ထမင်းစားပြီးရင် အသားကင်စားပေါ့၊ လာ ငါတို့အသားကင်ဖို့ လုပ်တာ လာကူ''

ပြိုက်ဘက်တို့နားက စွဲငြိ ဖြတ်သွားတော့ ယန်းသီးစိမ်းရဲ့



ဖျော့ဖျော့က သင်းကျန်နေခဲ့သည်။ ကြည့်တာမဟုတ်ပဲ မြင်နေရတဲ့ စွဲငြိပုံစံက ပြိုင်ဘက်မျက်စိအောက်မှာ။ အနီရင့်ရောင်ဂါဝန်တို၊ အသားကပ်ဆောင်းဘီအနက်နှင့် ချိုင်းအောက်လက်သာရှိတဲ့ ကုတ် အင်္ကျီတို့က အဖြူရောင်။ လည်ပင်းမှာပတ်ထားတဲ့ မာဖလာက အဖြူစွတ်စွတ်နှင့်။ ထိပ်ပိတ်ရှူးဖိနပ်က အဝါရောင်။ ဆံနွယ်ကျင်ဘက် အရောင်တိုင်းဟာ ရဲရဲတောက်။ ပြိုင်ဘက်က မတည်မပြုံးနှင့် မျက်နှာလွှဲရင်း 'ဆောင်းဝင်ခါစ ကမ်းခြေလာတာ စွဲငြိအတွက် ဖက်ရှင်ပြစရာလိုဖြစ်လို့'ဆိုပြီး ရွဲ့တွေးမိသေးသည်။

BURMESE CLASSIC .com

''ပြိုင်ဘက်''

''ငြိမ်လှချည်လားကွ''

''ဒီမှာ မီးပုံအရှိန်ရနေပြီ၊ ဒီကိုလာ အနွေးဓာတ်တွေ ထည့်ရအောင်''

မီးပုံနားက အုပ်စုက ပြိုင်ဘက်ကို လှမ်းခေါ်သည်။ ပြိုင်ဘက် အနားရောက်သွားတော့ ရေခဲထည့်ဖော့ပူးကြီးထဲမှာ ဘီယာ ဗူးတွေက အများကြီး။ သောင်ပြင်ပေါ် ဒီအတိုင်းချထားတာက ဝီစကီပုလင်းတွေ။

''ဆောင်းဝင်စ ပင်လယ်လေက အေးတယ်ကွ၊ ဒါလေးနဲ့ နွေးနွေးထွေးထွေး ဆောင်းလေကို ကြိုဆိုလိုက်ရအောင်''

အသင့်စပ်ပြီးသား ယစ်ရွှေရည် ဖန်ခွက်လေးကို ပြိုင်ဘက် လှမ်းယူသည်။ အမှောင်ထုလွှမ်းလာတဲ့ ကမ်းခြေက မီးပုံက

www.burmeseclassic.com

www.burmeseclassic.com



အားကောင်းစွာ။

"နင်တို့အသားကင်နေတာ ကြာတယ်၊ ဒီမှာအမြည်းမရှိဘူးဟေ့"

"အောင်မယ်..နင်တို့သောက်တာနဲ့ အမြည်းအဆင်သင့်ရအောင် လုပ်ပေးရမလား၊ ငါတို့က ဘီယာဆိုင်မဟုတ်ဘူး"

"အေး...အသားကင် မြည်းမရရင် နင်တို့ပဲမြည်းမှာနော်"

"ဟယ်...ကောင်စုတ်၊ ဒါပြောစရာလား ကာလနာရဲ့ ပါးကောင်းလို့ လက်ဝါးမတောင်းနဲ့နော်"

ရယ်သံတွေက မီးပုံက မီးဖွားတွေနှင့်အတူ ကောင်းကင်ဆီ ပြေးတက်သွားသည်။ လိုက်မရယ်နိုင်သူက ပြိုင်ဘက်နှင့်ငြိမ်း မီးပုံကို အလယ်ထားရင်း အကြည့်တွေက မတိုင်ပင်ဘဲ ဒိုင်းခံ ပြေးဆောင့်သည်။ ပြိုင်တူမျက်နှာလွှဲပစ်တာလည်း တက်ညီလက်ညီ။ ပြိုင်ဘက်က မသောက်ရသေးသော ဖန်ခွက်ကို တရှိန်ထိုး မော့ချပစ်သည်။ လည်ချောင်းကတစ်ဆင့် ပူရှိန်းခါးသက်တဲ့ အရသာက သွေးကြောထဲ တိုးဝင်ကုန်ကာ ချက်ချင်း ဖျိုးဖျိုးဖျစ်ဖျစ် မြည်လာ သလားထင်ရအောင် သွေးတို့က ပူနွေးလာ၏။ စွဲငြိကို မုန်းရတဲ့ အမုန်းကလည်း အရက်အပြင်းစားသောက်ရသလိုပင်။ မရီဝေဘဲ ပူရှိန်းခါးသက်နေတာ ပြိုင်ဘက်ရဲ့ သွေးကြောတွေထဲအထိ။

◆ ◆ ◆

## အခန်း (၁၉)

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံကြောင့် စွဲငြိ ဆတ်ခနဲ လန့်နိုးလာ၏။ အသိက အဆက်မပြတ်ဖြစ်နေသော လှိုင်းပုတ်သံတွေကြားမှာ ဟေးခနဲဝါးခနဲ အော်သံဟစ်သံကျယ်တွေကြောင့် ရုတ်ခနဲတော့ ထိတ်လန့်သွားသည်။ နောက်မှ ငပလီက မီးပုံပွဲလို့ ဖျတ်ခနဲ သတိရတဲ့အချိန်။

"ဒေါက်...ဒေါက်...ဒေါက်...ဒုန်း"

နောက်ဆက်တွဲ ထုလိုက်တဲ့တံခါးအပြင်က အသံကြောင့် စွဲငြိမှာ လူပါ ဆတ်ခနဲ တုန်သွား၏။

"ကျစ်...ဘယ်သူ လာနှောင့်ယှက်တာလဲ မသိဘူး"

အရပ်ဖိနပ်ကိုစွပ်ပြီး တံခါးဆီသွားတာ မြန်ဆန်စွာ။ အိပ်ကောင်းတုန်း လာနှိုးတဲ့လူကို ရန်စောင်ပစ်မည်ဟု မောင်းတင်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လျက် တံခါးကို ဆွဲဖွင့်သည်။ လိုတာထက်ပိုလေးနေသော တံခါးချပ်အပွင့်မှာ…

"ဟဲ့…ဟဲ့…အို…ဟဲ့"

အော်သံကအစုံ။ မစုံဘဲနေမလား။ တံခါးအဖွင့် စွဲငြီပေါ် ပိကျလာတဲ့ ဖြူဖြူအရိပ်တစ်ခု။ ရုတ်တရက်မို့ ငြိက ဖမ်းထိန်းထား၍ ငြိပခုံးပေါ် ခေါင်းမှီလျက်သား။

"ပြိုင်ဘက်"

"အား…ဟော့ကောင်၊ ငါမခံနိုင်တော့ဘူး၊ အိမ်သာပို့ပါကွ၊ ငါ…ငါ ပေါက်ချလိုက်ရမလား"

ပြိုင်ဘက်ထံမှ အာလေးလျှာလေးမှာ ခြိမ်းခြောက်တဲ့စကားကြောင့် ငြိက ရန်မတွေ့နိုင်ဘဲ ထိတ်လန့်တကြား မျက်လုံးပြူးသွားတဲ့အထိ။ ကမ်းခြေကို လှမ်းကြည့်တော့လည်း ဆောင်းညကြီးမှာ အင်္ကျီချွတ်ပြီး ကသူနှင့် ကရင်ဒုံးယိမ်းဆိုသူတွေနှင့် ယောခနဲဝါးခနဲ အော်သံတွေကြား ငြိ လှမ်းခေါ်လို့ ဘယ်လိုမှ မကြားနိုင်တဲ့အခြေအနေ။

"ဟာ…ဒုက္ခပဲ၊ ဒီကောင် ငါ့ကို မပို့သေးဘူးလား၊ ဒီ…ဒီမှာပဲ ပေါက်…ချ…လိုက်…ရမလား"

"ကျစ်…ငါ့နှယ်နော်၊ ဒီအကောင်နဲ့မှ၊ ကဲ…လာ၊ လာ အိမ်သာကို၊ ဒီဘက်မှာ ကွ၊ ဟဲ့…ငါ့ကို စွတ်ရွတ်ပြီးအားမကိုးနဲ့လေ၊ နင့်ဟာနင် လျှောက်ဦး၊ ငါမနိုင်ဘူး"



"တောက်…ဟင်း"

"အေးပါကွာ…ငါမူးနေလို့ပါ၊ ဟား…ဟား မင်းကိုပခုံးဖက်ရတာ ဒီတစ်ခါ အနူးညံ့ဆုံးပဲ၊ ပြီးတော့ မွှေးနေတာပဲ၊ မင်းဆီက"

"တောက်…သေနာ"

စွဲငြီမှာ ဒေါသလည်းဖြစ်၊ ဘာလုပ်ရမှန်းလည်းမသိ ဖြစ်နေပေမယ့် ပါးစပ်ကရွတ်ရင်း အကျင့်ပါနေသော လက်က လက်သီးထောင်ပြမိသေးသည်။ နူးညံ့မှာပေါ့။ နင်ဖက်ထားတာ နင့်ပထွေးမှမဟုတ်တာလို့ စိတ်ထဲက မကျေမနပ်တွေးရင်း ပြိုင်ဘက်ကို အိမ်သာထဲထိ ပို့ပေးမိသည်။

"ပေါက်ရုံမကဘူး၊ အဲဒီမှာ အိပ်လည်းရတယ်"

ဆောင့်အောင့်ပြောပြီး စွဲငြိပခုံးပေါ် တင်ဖက်ထားတဲ့ ပြိုင်ဘက်လက်ကို ဖြုတ်ချသည်။

"ဖြည်းဖြည်းလုပ်၊ နာတယ်ကွ၊ မင်းက ကြင်နာမှုမရှိတဲ့ကောင်၊ ရန်ကြီး ငါ့မြစ်ဖျားနဲ့ကွာတယ်"

ပြိုင်ဘက်က လက်ညှိုးတယမ်းယမ်းနှင့် ပြောပေမဲ့ မျက်စိကမဖွင့်တော့။ အဖြူရောင် ခေါင်းစွပ်စွယ်တာနှင့် မလိုက်ဖက်စွာ ပြိုင်ဘက်မျက်နှာက အရက်ရှိန်ကြောင့် သိသာစွာနီမြန်းလို့။ ဒီပုံစံသာ မြစ်ဖျားတွေ့ရင် ချက်ချင်း နှလုံးရပ်သွားနိုင်သည်လို့ တွေးရင်း အိမ်သာတံခါးကို အပြင်မှ ပိတ်ပေးသည်။ ထို့နောက် လိုက်ကာစ

www.burmeseclassic.com

www.burmeseclassic.com



ကိုမ၊ မှန်ချပ်ကြီးတွေမှတစ်ဆင့် ကမ်းစပ်ကအုပ်စုကို လှမ်းချောင်း၏။

"ဒီမှာ…တင်းတယ်…တင်းတယ်…တင်းတယ်…တင်းတယ်ဟေ့"

"တင်းရင်လျှော့၊ အေသင်ချိုးဆွေသီချင်းကို မဖျက်နဲ့၊ မင်းရရင် အစအဆုံးဆို"

"အစအဆုံးမရဘူး"

"မရရင် နောက်တစ်ပုဒ်ပြောင်း"

"ဝါကာဝါကာ အေ့အေ့"

"ဟေ့…ဟေ့၊ ဟား…ဟား"

လက်ခုပ်သံ၊ စည်းဝါးလိုက်အော်သံတွေနှင့် မီးပုံပွဲက စည်ကားမြဲ။ ငြိ ခေါင်းယမ်းသက်ပြင်းချရင်း ဒီအုပ်စုကိုခေါ်ပြီး အိမ်သာထဲက အရှုပ်ထုပ်ကို ရှင်းခိုင်းရင် ပိုရှုပ်သွားမည့်အဖြစ်။ ငြိ ဖုန်းဆီလျှောက်ကာ ရီဆက်ရှင်ကို ဆက်သွယ်ရန် ဆုံးဖြတ်သည်။ ဒီအချိန်မှာ ဟိုတယ်ဝန်ထမ်းတွေကို အကူအညီတောင်းတာ အကောင်းဆုံး။

"ဝေါ့…အော့…အော့၊ ဒုန်း…ဒုန်း…ဒုန်း"

ကျုံးအန်သော အသံတွေနှင့်အတူ အိမ်သာတံခါးထုသံ။

"ကျစ်…ဒီကောင်နဲ့တော့"

လက်ထဲက ကိုင်လက်စဖုန်းကို ပြန်ချသည်။ ပြီးတော့

စိုးမိုး၁၁၈၉



တဒုန်းဒုန်းထုနေသော အိမ်သာတံခါးကို ဆွဲဖွင့်ပေးလိုက်တော့ ချဉ်စုပ်စုပ် အန်ဖတ်အနံ့ကြီးနဲ့ ကိုယ်ကြီး စွဲငြိထံပြေးဝင်လာ၏။

"ဟဲ့…ဩော်၊ ဟဲ့…လဲတော့မှာပဲ"

အန်ဖတ်ပုံပေါ် လဲကျတော့မလိုဖြစ်နေသော ပြိုင်ဘက်ကို စွဲငြိပဲ မနေနိုင် ဆီးဖမ်းလိုက်တဲ့ သူမလက်ကြားမှာ မနိုင်မနင်းအရှိန်နှင့် လုံးထွေးပစ်ကျသွားတာက ကြမ်းပြင်ပေါ်။ ဒီကြားထဲ လက်တံခြေတံတွေ ရှည်လွန်းတဲ့ ပြိုင်ဘက်က စားပွဲပေါ်တင်ထွန်းထားတဲ့ မီးအုပ်ဆောင်းကိုပါ တွန်းချပစ်ရင်း…

"လွှမ်းတယ် မြစ်ဖျားရယ်"

"ကျစ်…ငါမြစ်ဖျားမဟုတ်ဘူး နှာဘူးရဲ့"

"ဟင့်အင်း…နင်ညာတာ"

"မြစ်ဖျား"

"ဟဲ့…အို"

ပြောရင်း အော်ရင်းနဲ့ပင် အခန်းလေးဟာ အမှောင်ထုထဲ ငြိမ်သက်သွားသည်။

◆ ◆ ◆

BURMESE CLASSIC .com

စိုးမိုး၁၁၈၉

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

စိမ့်ခဲအေးလာတဲ့ အချမ်းဓာတ်က ကျောရိုးတစ်လျှောက် တိုးဝင်သွားသည်။ နွေးထွေးမှုရအောင် ကိုယ်ကိုကွေးကာ စောင်ကို ခြေထောက်နှင့် လှမ်းရှာ၏။ ဒါပေမဲ့ စောင်နဲ့တူတာ ပုဆိုးစုတ်ပင် မတွေ့။ ဖြိုင်ဘက်က ကိုယ်ကို တစ်ဖက်စောင်းလှည့်တော့ ကျောအောက်က ကြမ်းပြင်ဟာ မာတောင့်တောင့်။ 'ငါအိပ်နေတာ မွေ့ယာပေါ်မဟုတ်ဘူးလား' ကိုယ့်မေးခွန်းကိုဖြေဖို့ မျက်စိကို အရင်ဖွင့်ကြည့်သည်။

"ဟင်"

မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် လဲနေရာက ဖြိုင်ဘက် ကိုယ်ကြီး ဝုန်းခနဲ ချက်ချင်း ငုတ်တုတ်ထထိုင်သည်။ ခေါင်းထဲ အုံခဲနေခြင်းက ကြက်ပျောက်ငှက်ပျောက်။ ဖြိုင်ဘက် အိပ်နေတာက ကော်ဇောနီခင်းထားသော ကြမ်းပြင်ပေါ် ဒီအတိုင်း။ မျက်ဝန်း



ကို ဟိုဟိုဒီဒီကြည့်ကစားတော့...

"ဟာ"

ထခုန်မိမတတ် လူကလန့်သွားသည်။ သူအိပ်နေသော နေရာက ရေချိုးခန်းနှင့် အိမ်သာတွဲလျက်သား အခန်းဝမှာ။ ဖျတ်ခနဲ အကြည့်အရွေ့...

"နင်"

အလန့်တကြားနှင့် လက်ညှိုးထိုးသည်။ သူ့ရှေ့မှန်တင်ခုံ တည့်တည့်မှာထိုင်ပြီး အလှပြင်နေတဲ့ သူက ဖြိုင်ဘက်မုန်းသော စွဲငြိ။

"နင်...နင်က"

"ဒါ ငါ့အခန်း"

"ဟင်"

"ဒီအခန်းကို ဘယ်လိုလုပ်ပြီး"

"အမူးသမားတွေရဲ့ ထုံးစံအတိုင်းပေါ့၊ နင့်ကို ငါ ဆွဲသွင်းထားတယ်များ ထင်သေးလို့လား"

"ဟ...ငါကမူးပြီး မှားဝင်လာတာ ဟိုကောင်တွေကိုခေါ်ပြီး နင်ပြန်ပို့သင့်တာ"

ဖြိုင်ဘက်မျက်နှာက မကျေနပ်ခြင်း၊ ခပြင်းခြင်းနှင့် ရှုတည်တည်။ ပြောတာက စီးစီးပိုးပိုး။ ငြိက ဖြိုင်ဘက်ကို စူးခနဲစိုက်ကြည့်ရင်း ဆိုးဟန်ပြင်နေသော နှုတ်ခမ်းနီတောင့်ကို မှန်တင်ခုံပေါ် ဆောင့်

www.burmeseclassic.com

www.burmeseclassic.com



ချသည်။ ရင်လွှဲခါးစည်းဝတ်ရုံဖြူကြီးနှင့်ပင် ဆက်ခနဲ ထရပ်ပြီး ပြိုင်ဘက်ရှိရာ မျက်နှာမူရပ်ကာ ခါးထောက်တာတွေက တစ်ပြိုင်တည်း။

"နင့်အကောင်တွေပါ အကုန်မူးရူးနေတာ၊ အဲဒီလူမှန်းသူ မှန်းမသိတဲ့ ကောင်တွေကို ဒီအခန်းထဲ ငါဘယ်လိုခေါ်ထည့်မလဲ၊ ဟွန်း သောက်ကတည်းက လူလိုသောက်ပါလား"

"နင် မမိုက်ရိုင်းနဲ့နော်"

"ဒီဥပမာထက် ယဉ်ကျေးတာကို မရှိတော့ဘူး"

"အဲဒါဆိုလည်း ရီဆက်ရှင်ဖုန်းဆက်ပေါ့"

"အောင်မယ်"

ဟိုဘက်လှည့်လုဆဲဆဲ ငြိက ဒီဘက်ပြန်လှည့်လာသည်။ ဒေါသကြောင့် မျက်နှာက အနီရင့်ရောင် သမ်းသွားသည်။ ဒါကိုပဲ ပြိုင်ဘက်က ထိုင်ရာမထ ကြည့်ကာ တဟက်ဟက်နှင့်ရယ်ပစ်ရင်း

"အဲဒါကြောင့်ပြောတာပေါ့၊ နင် ငါ့ကို"

"သေလိုက်၊ ငါ ရေချိုးခန်းဝမှာ နင့်ကို လက်ဆင်ပေး ချင်လို့ သိပ်ထားတာ သဘောပေါက်၊ နင့်ကိုယ်နင် အထင်တွေကြီး မနေနဲ့၊ ငါလက်ထပ်မယ့်လူက…"

"တော်စမ်းပါ၊ ယုံတမ်းတွေ"

စကားမဆုံးခင် အနိုင်နဲ့ပိုင်းပြောပြီး ပြိုင်ဘက်ထရပ်သည်။ ညက များထားတဲ့အရှိန်ကြောင့် တဆစ်ဆစ်ထိုးကိုက်နေသော



ခေါင်းက ပိုဆိုးလာသလို။ ကြွေမွနေသော စွယ်တာအကျိုကို ပြန်ရှန့် သွားအောင် ခါးစပ်နားမှ ဆွဲအချ ရင်ဘတ်ဇစ်ကြားမှ ထွက်ကျလာတဲ့ ပလက်တီနမ်လေးထောင့်နားကွင်းကြီး။

"ဒါက"

ရုတ်တရက် ကော်ဇောပေါ်က နားကွင်းကို ငုံ့ကောက်ရင်း ပြိုင်ဘက်နားထဲ အချက်ပေးခေါင်းလောင်းသံတွေ ဆူညံသွားသည်။ မှတ်မှတ်ထင်ထင် လှမ်းကြည့်တော့ ဇွဲငြိရဲ့နားတစ်ဖက်မှာ နားကွင်းမရှိတော့။

"ဒါ…နင်"

"ဟုတ်တယ်၊ အဲဒါ ငါ့နားကွင်း၊ ရေချိုးခန်းထဲအဝင် ပြုတ်ကျခဲ့တာနေမှာ"

ရှိရင်းစွဲထက် လေးငါးဆလောက် သူ့ခေါင်းကြီးသွားသည်။

"နင် ရေချိုးခန်းဝင်တော့"

"အပေါက်ဝမှာအိပ်နေတဲ့ နင့်ကို ကျော်ခွပြီးဝင်တာပေါ့"

ဇွဲငြိက မထူးဆန်းသလို ပြောကာ ပြိုင်ဘက်လက်ထဲမှ နားကွင်းကို ဆွဲယူပြီးသွားမှ ပြိုင်ဘက်က ထိုအဖြစ်ကို မျက်စိထဲ ကွက်ကွက်ကွင်းကွင်းမြင်ကာ ဒေါသက ဒိုင်းနမိုက်လို ဖောင်းခနဲ ဒိုင်းခနဲ ပေါက်ကွဲသည်။

"နင် မိုက်ရိုင်းလှချည်လား၊ ယောကျ်ားလေးကိုယ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုပဲ ကျော်ခွပြီး ဝင်လို့ရသလား၊ ငါတို့ယောကျ်ားလေးတွေမှာ ဘုန်းနဲ့ကံနဲ့ဆိုတာ မသိဘူးလား''

''နင့်ဘုန်းကံတွေကို ဥစ္စာခြောက်ရင် ငါ့အခန်းထဲဝင်မလာနဲ့ပေါ့၊ မှားဝင်ရင်တော့ အမှားအတွက် ပြန်ပေးဆပ်ရမှာပဲ''

''ဟော့…ဟော့ နင့်စကားကနော်၊ ဟိုလိုလို ဒီလိုလိုနဲ့၊ ရှုပ်ချင်တိုင်းရှုပ်ပြီးမှ ငါ့ကိုဆွဲမထည့်နဲ့၊ ငါ ဘာအမှားမှမလုပ်ခဲ့ဘူး၊ သေချာတယ်''

''သေချာရင်လည်း ငါ့အခန်းကကြွ၊ စောစောစီးစီးမြင်ရတာ အော့နလုံးနာလွန်းလို့''

''ငါကလည်း နင့်ကိုမြင်ရတာ အသည်းနာလွန်းလို့''

ပြိုင်ဘက် အခန်းအပြင်ဘက်အရောက် စွဲငြိက ရန်ဖြစ်သံလည်း တိခနဲအရပ်၊ တံခါးကိုလည်း ဒုန်းခနဲ အသံကျယ်ကြီး ဆောင့်ပိတ်သွားသည်။ ငြိဒေါသကြောင့် နှုတ်ခမ်းနီကို ဆိုးမည့်ဟန်ပြင်ပြီးမှ မဆိုးဖြစ်လိုက်။ တဆတ်ဆတ်တုန်ယင်နေသော လက်ဖျားမှာ နှုတ်ခမ်းနီတောင့်ဟာ ယိမ်းထိုးလို့။

''ရှုပ်ချင်တိုင်းရှုပ်ပြီးမှ ငါ့ကိုဆွဲမထည့်နဲ့''

ပြိုင်ဘက်စကားက စွဲငြိနားမှာပဲ ပဲ့တင်ထပ်သွား၏။

လူကို ရိုက်ပုတ်သွားတာထက် နာကျင်စေသော စကား။ ကိုယ်ကပဲ ရှုပ်ခဲ့သလိုလို။ အဲဒီအရှုပ်ရဲ့အခန်းကို ဘယ်သူတံခါးခေါက်ပြီး ဝင်ခဲ့သလဲလို့မေးပစ်ချင်သည်။ မငြိမ်းသောဒေါသကြောင့်





စွဲငြိလက်ထဲက ပန်းနုရောင် Revlon နှုတ်ခမ်းနီဆီ ရောက်သွားပြီးမှ…

''သွားစမ်း''

စိတ်ဆိုးဒေါသနှင့် အားကုန်ပစ်ပေါက်လိုက်သော တံခါးဆီ။ စွဲငြိနဲ့ပြိုင်ဘက်ကြားမှာ ဒီတစ်ခါ မားစာခံဖြစ်ရသော နှုတ်ခမ်းနီတောင့်လေးက သူမပြုသမျှ နုရတဲ့အတိုင်း။ ကော်ဇောပေါ် လဲလျောင်းနေတာ ငြိမ်ငြိမ်သက်သက်။ စွဲငြိရင်ထဲက ဒေါသတွေလည်း အဲဒီလိုငြိမ်သက်သွားရင် ဘယ်လောက်ကောင်းမလဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ရော့..ဒီပုံလေးကိုကြည့်ပါဦး သား"

မှောက်ရက်သား ဓာတ်ပုံတစ်ပုံ။ မေမေက ပြိုင်ဘက်ထံ လျှောတိုက်ပြီး တွန်းပို့သည်။ ပြိုင်ဘက်မှာ သောက်လက်စ ကော်ဖီခွက်ကို နှုတ်ခမ်းနားတေ့ထားပြီးမှ ပြန်ချရင်း မေမေပေးသည့် ဓာတ်ပုံကို ယူကြည့်သည်။ ဆံနွယ်ရှည်များက ခါးထိအောင် ဖဲဖြာလျက် ယဉ်စစအပြုံးနှင့် သူနှင့်ရွယ်တူ မိန်းကလေးက ဓာတ်ပုံထဲမှ ပြုံးပြနေသည်။

"သူက"

"မိုးကုတ်က မေမေ့မိတ်ဆွေရဲ့သမီး၊ သားလိုပဲ တက္ကသိုလ်နောက်ဆုံးနှစ်၊ ဘယ့်နှယ်လဲသား၊ မလှဘူးလား"

"လှပါတယ် မေမေ"

လက်ထဲကဓာတ်ပုံကို ပြန်ချကာ ပြိုင်ဘက် ဝတ်ကျေ





တန်းကျေဖြေသည်။ မေမေက ပြိုင်ဘက်ကို ပြုံးကြည့်ရင်း...

"လှမှဖြစ်မယ် သား၊ ပြီးတော့ သားသဘောကျမှလည်း ဖြစ်မယ်"

"ဘာဖြစ်လို့လဲ မေမေ"

"စာမေးပွဲပြီးပြီးချင်း ပြောတယ်လို့ သား မထင်စေချင်ဘူး၊ ရှေ့အပတ်ထဲဆို သူတို့မိသားစု ရန်ကုန်ဆင်းလာလိမ့်မယ်၊ သားနဲ့ ကလေးမလေးကို နေရာချထားပေးဖို့"

"မေမေ"

အလန့်တကြား ပြိုင်ဘက် ထအော်သည်။ ပြိုင်ဘက် လုံးဝမထင်မှတ်ထားသော ထောင့်တစ်နေရာမှ ထွက်ပေါ်လာသော အကြောင်းတရား။

"မဟုတ်သေးဘူး မေမေ၊ သားမှာချစ်သူရှိတယ်၊ သူ့ကိုပဲ လက်ထပ်မှာ၊ သူနဲ့ပဲ"

မေမေက လက်တစ်ဖက်ကာ၍ ပြိုင်ဘက်စကားကို ရပ်တန့်စေပြီးမှ...

"မြစ်ဖျားကိုပြောတာလား သား၊ သူ့ကို သားချစ်သူအဖြစ် မေမေ အသိအမှတ်မပြုခဲ့ဘူးလေ"

"ဒါပေမဲ့ သားချစ်သူက မြစ်ဖျားပါလို့ မေမေ့ကို အသိပေးထားတာပဲ"

"မင်းဘဝရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းကို မိဘအသိ



www.burmeseclassic.com

www.burmeseclassic.com



ပေးရုံနဲ့ လုံလောက်ပြီလို့ ယူဆထားသလား ပြိုင်ဘက်''

မေမေ့အကြည့်က စူးရဲသည်။ ဆုံးဖြတ်ထားပြီးသားကို အကောင်အထည်ဖော်ရန် တင်းတင်းစေ့ထားသော မေမေ့နှုတ်ခမ်းတွေက ဖော်ပြနေ၏။ ဖေဖေကတော့ ပြိုင်ဘက်နဲ့ မေမေကြားထဲ အနိုင်အရှုံးကို အကဲဖြတ်ပေးမည့် ဒိုင်လူကြီးနှယ်။ မေမေက ခါးကို ဆန့်၍ စားပွဲပေါ်လက်နှစ်ဖက်ယှက်တင်ရင်း…

''သားသိထားဖို့က သားလက်ထပ်မဲ့ သတို့သမီးလောင်းဟာ ငွေမရှိ၊ ပညာမရှိ၊ ဂုဏ်မဲ့တယ်ဆိုတာတွေကို မေမေ လက်သင့်ခံလို့ရတယ်၊ သူ့မှာ မရှိသမျှ အကုန်ဖြည့်ဆည်းပေးလို့ရတယ်၊ ဖြည့်ဆည်းပေးလို့မရတာ ဘာလဲ၊ မင်းသိလား ပြိုင်ဘက်''

ခေါင်းညိတ်ခေါင်းခါခြင်းကင်းစွာ မေမေ့ကို သူ ဒီအတိုင်း စိုက်ကြည့်သည်။ ဘာကိုမဆို အချစ်နဲ့မှီးထားရင် ပြည့်စုံတယ်ဆိုတာ ရော မေမေသိသလား။ ပြိုင်ဘက်ရင်ထဲက အသံတိတ်မေးခွန်းတွေ ရင်မှာ ပဲ့တင်ရိုက်သည်။

''အပွန်း…သားတို့အရွယ်ဟာ အချစ်ကို အမွှန်းတင်တဲ့အရွယ်ဆိုတော့ ရင်ဘတ်ထဲ တချစ်ချစ်မြည်နေရင် လုံလောက်ပြီ ထင်မှာပေါ့၊ သားနဲ့မြစ်ဖျားကို အဓိက သဘောမတူရတဲ့ အကြောင်းရင်းက မျိုးရိုးပဲ ပြိုင်ဘက်၊ လူတစ်ယောက်ရဲ့ မွေးဖွားခြင်းက မိဘနဲ့ဆိုင်တယ်၊ အဲဒီလူရဲ့ ရပ်တည်ရှင်သန်မှုက မျိုးရိုးနဲ့ဆိုင်တယ်''

''မြစ်ဖျားမိဘတွေက''





''သားသိသလောက် မေမေသိတယ်၊ ဒါပေမဲ့ မြစ်ဖျားရဲ့ မျိုးရိုးဇာတက အထင်ကြီးစရာတစ်ခုမှ မရှိဘူး၊ သား ငပလီခရီးကို ထွက်တုန်း မေမေ မြစ်ဖျားနဲ့တွေ့ခဲ့တယ် သား''

''ဗျာ''

မေမေ့မျက်နှာကို ပြိုင်ဘက် အလန့်တကြား ကြည့်လိုက်သည်။

ပြိုင်ဘက် မသိခြင်းရဲ့နောက်ကွယ်မှာ မေမေနဲ့မြစ်ဖျားကြားမှာ ဘာတွေရှိမလဲ။ ပြိုင်ဘက် မမှန်းဆရဲ။ အခုနောက်ပိုင်း ပြိုင်ဘက်က မြစ်ဖျားကို တွေ့ကြမယ်ဆိုတိုင်း မြစ်ဖျားက အကြောင်းပြချက် အမျိုးမျိုးနဲ့ ပြိုင်ဘက်ကို ရှောင်ဖယ်လာတတ်တာ အခုမှ ပြန်သတိထားမိလာသည်။

''ကျောင်းတွေလည်း ပြီးကုန်ပြီ မောင်၊ ကျောင်းတုန်းကလို သမီးရည်းစားဘဝနဲ့ အချိန်တွေဖြုန်းလို့မဖြစ်ဘူး၊ အနာဂတ်အတွက် ကြိုးစားတည်ဆောက်ရင်းနဲ့ ချစ်ကြရအောင်''

နေ့ရက်မပြတ်တွေ့ချင်သော သူကပဲ မြစ်ဖျားကို အလျှော့ပေးခဲ့ရသည်။

''နှစ်ယောက်တိုင်ပင်ပြီး မောင်နဲ့မြစ်ဖျားတို့ အနာဂတ်ကို တည်ဆောက်မယ်''

မြစ်ဖျားကို ပြိုင်ဘက်ပြောတုန်းက ပြုံးဖျော့ဖျော့နဲ့ မြစ်ဖျားက ပြိုင်ဘက်ကို ဘာစကားမှမဆိုဘဲ ငေးကြည့်နေခဲ့သည့်အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တွေ။

"မြစ်ဖျားနဲ့မောင့်အချစ်က အမြဲတမ်း တွေ့နေမှပဲ သွေးချူ လှုပ်ရှားပြီး ချစ်နေမဲ့ အချစ်မျိုးလားမောင်ရယ်၊ မြစ်ဖျားက မောင်နဲ့ မတွေ့ရလည်း ချစ်နေမှာပါ"

"အာ…မြစ်ဖျားကလည်း မောင်ပြောတာ အဲဒီလိုမဟုတ်ပါဘူး၊ ကိုယ်ချစ်ရတဲ့သူနဲ့ အနှောင့်အယှက်ကင်းတုန်း တွေ့ချင်တာမျိုးပါ၊ မြစ်ဖျားနဲ့မောင် တွေ့ကြတော့ရော မောင့်ဘက်က ဘာများလွန်ကျူးတာရှိလို့လဲ၊ မြစ်ဖျားကြည်ဖြူပေမဲ့ မောင်က နဖူးလေး ပါးလေးနမ်းတာကလွဲလို့"

"ကဲပါမောင်ရယ်…အဲဒီလောက်အထိ ဖြေရှင်းဖို့မလိုပါဘူး၊ မြစ်ဖျားက သဘောပြောတာပါ၊ မြစ်ဖျား မောင်နဲ့ ဘယ်လောက်ဝေးဝေး မောင့်အပေါ်ထားတဲ့ အချစ်က ဘယ်တော့မှ ယိမ်းယိုင်ပျောက်ကွယ်သွားမှာ မဟုတ်ဘူး"

ခွဲခွာခြင်းနိမိတ်ပြစကားတွေကို မြစ်ဖျား ပြောပြတဲ့အထိ ပြိုင်ဘက် မရိပ်မိခဲ့။

"မြစ်ဖျားက ပြောတယ်သား၊ သား လမ်းခွဲမယ်ဆိုရင် သူနေခဲ့ပါ့မယ်တဲ့၊ ဒီလောက်ဆို သားသဘောပေါက်ပေါ့၊ မွေးကတည်းက သိမ်ငယ်ခြင်းနဲ့ ခွဲခွာမရတဲ့လူဟာ ဘယ်လောက် အရောင်တင်ပေးပေး တောက်ပလာမှာမဟုတ်ဘူး၊ ဒီတော့ မေမေစီမံရာ သားနာခံပါ"



"မနာခံရင်ရော မေမေ"

တင်းမာခက်ထန်သော အကြည့်နှင့် မေမေက ပြိုင်ဘက်ကို တင်းခံနဲ့ စိုက်ကြည့်သည်။ အဲဒီအကြည့်တွေထဲမှာ မေတ္တာရောင်တွေ ပြိုးပြက်နေတာကို ပြိုင်ဘက်တွေ့ရသည်။ မေမေ့မေတ္တာကို ပြိုင်ဘက် နားလည်ပေမဲ့ အချစ်မဲ့အိမ်ထောင်ရေးကို သူမတည်ဆောက်ချင်။ မေမေက မဲ့ခနဲ။

"မိဘအရိပ်ကိုခိုပြီး မိဘကချမှတ်တဲ့ စည်းကမ်းမှ မလိုက်နာရင်တော့ မင်း ဒီကထွက်သွားတော့ ပြိုင်ဘက်၊ ကြိုက်တဲ့လမ်းရွေးပါ၊ မေမေက လူကြမ်းကြီးလုပ်ပြီး ဓာတ်နှာအောင် မဖန်တီးဘူး၊ လမ်းညွှန်ပြမယ်၊ မင်းကြိုက်တဲ့လမ်းလျှောက်၊ တစ်ခုတော့ မှတ်သွား၊ မင်းမျက်နှာမှုတဲ့အရပ်ဟာ မေမေကျောခိုင်းထားတဲ့ အရပ်ဆိုတာပဲ"

ထမင်းစားပွဲမှ မေမေက အရင်ထသည်။ ကျောက်ရုပ်လို မလှုပ်မယှက် ထိုင်နေသော ပြိုင်ဘက်ပခုံးကို ဖေဖေက လာဖျစ်ညှစ်အားပေးရင်း…

"ဖေဖေက ကြားလူ သား၊ မင်းအမေ စိတ်ချမ်းသာပြီး မင်းစိတ်ဆင်းရဲမှာ မလိုလားဘူး၊ မင်းလိမ္မာရင် မိဘက ဝိနည်းလွတ်တယ်၊ စဉ်းစားဦး၊ အေးအေးဆေးဆေးပေါ့"

ဖေဖေ့ရည်ရွယ်ရင်းကို ပြိုင်ဘက်မသိပေမဲ့ မေမေ့လောက်တော့ စိတ်မပြင်းထန်မှန်း သူသိသည်။ ချစ်ခြင်းနှင့် မေတ္တာတရား လွန်ဆွဲပွဲဟာ ဒွိဟများစွာနှင့်။ တကယ်ဆို ဒါဟာ ချစ်တတ်သူ

www.burmeseclassic.com

www.burmeseclassic.com



တိုင်းအတွက် ရင်ဆိုင်ရမည့် ထုံးတမ်းစဉ်လာဆိုရင်။ ပြိုင်ဘက်က ရှိုးရာမပျက်အောင် ဘာကိုရွေးချယ်ရမှာပါလိမ့်။

◆ ◆ ◆

## အခန်း (၂၂)

"ငြိကို အဲဒီအကြောင်း ဘာလို့မပြောရတာလဲ မြစ်ဖျားရယ်၊ ဟင်…အခုတော့ နှင့်ရောဂါတိုးပြီမဟုတ်လား၊ အဲဒါကြောင့် ဟိုရက်တွေကတည်းက ငြိ နှင့်ကိုကြည့်နေတာ၊ နှင့်မျက်နှာမကောင်းပါဘူးလို့၊ ကိုယ့်ရောဂါအခြေအနေလည်း ကိုယ့်ဟာကိုယ် အသိဆုံးလို့၊ ဟွန်း မမအေးတို့ကလည်း တော်တော်အားကိုးရတယ်နော်"

ဆရာဝန်လိုက်ပို့ပြီး အခန်းထဲ ပြန်ဝင်လာတဲ့ မမအေးက ငြိရဲ့လှမ်းအပြစ်တင်မှုကြောင့် တအံ့တသြဖြစ်သွားကာ…

"အလိုတော်…ဘာတွေအားကိုးရတာလဲ၊ ပြောစမ်းပါဦး ငြိရယ်၊ ကိုယ့်ကိုယ်ကိုတောင် မသိဘူး"

"ဟွန်း…ဘယ်သိမလဲ၊ အလိမ်ပေါ်မှာစိုးလို့ တစ်ခါတည်း မေ့ပစ်တာမဟုတ်လား"

"ဘာကိစ္စလဲ ငြိရယ်၊ ဘာတွေဖြစ်တာလဲ မြစ်ဖျားရယ်၊

www.burmeseclassic.com

www.burmeseclassic.com



မမအေးကို ပြောပါဦး”

မမအေးက မွေ့ယာတစ်ဖက်စွန်း၌ တင်ပလ္လင်ခွေထိုင်ရင်း မြစ်ဖျားကို မေးသည်။ မြစ်ဖျားက တံတောင်ဆစ်ကွေးကို အားပြု၍ မွေ့ယာမှ ကျိုးထရင်း…

“ပြိုင်ဘက်အမေလာတဲ့ အကြောင်း ငြိ သိသွားလို့ပါ”

“အမလေး…အဲဒီကိစ္စ ငြိကိုပြောချင်တာမှ ပါးစပ်ကို ယားနေတာပဲ၊ မြစ်ဖျားငိုယိုပြီး အတင်းတားထားလို့၊ ငြိ မင်္ဂလာပွဲ စီစဉ်နေတုန်း စိတ်အနှောင့်အယှက်ဖြစ်မှာ စိုးသတဲ့လေ”

မြစ်ဖျားကို မျက်စောင်းကြီးရွယ်ပြီး မမအေးက ပြောတော့ မြစ်ဖျားက ပြုံးမဲ့မဲ့လေးနှင့် ခေါင်းငုံ့သွားသည်။ ငြိက ခပ်ဖျော့ဖျော့ အသားအရည်နှင့် နဂိုကထက် ပိုသွယ်လျသွားသော မြစ်ဖျားကို စိတ်မကောင်းစွာ ငေးကြည့်ရင်း…

“အခု နင် နေထိုင်မကောင်းဖြစ်တော့ရော ငြိက စိတ်ချမ်းသာရမလား မြစ်ဖျားရယ်၊ နင့်ကို အကဲမခတ်တတ်လေ ခြင်းဆိုပြီး ရင်ထုမနာတောင် ဖြစ်ရဦးမှာ၊ အခုတောင် ကြီးလုံက ပြောလို့၊ ငြိ ငပလီထွက်တဲ့နေ့က မိန်းမကြီးတစ်ယောက် မြစ်ဖျားနဲ့ စကားတွေပြောကြတယ်ဆိုတာနဲ့ ငြိ ခန့်မှန်းမိလို့”

“အဲဒီမိန်းမကြီး ပြောသမျှကို မြစ်ဖျား ခေါင်းလေး တညိတ်ညိတ်နဲ့ နားထောင်နေတာ ငြိလေးရဲ့၊ ဘာတစ်ခွန်းမှ ပြန်မပြောဘူး၊ အဲဒီမိန်းမကြီး ပြန်သွားတော့ မြစ်ဖျား ငိုလိုက်တာ

စိုး : မိုး : ပ ၁ ၆ ပ



သည်းကြီးမည်းကြီးပဲ၊ ကြီးလုံထင်တယ်၊ အဲဒီမိန်းမကြီးကြောင့် မြစ်ဖျား ရောဂါပြန်ထလာတာလို့၊ အအိပ်မမှန်၊ အစားမမှန်ဖြစ်တာ ပဲ”

ငြိကိုပေးသည့် ကြီးလုံရဲ့သတင်းက ခိုင်လုံတိကျပါသည်။

“မမအေးလည်း အဲဒီတုန်းက မြစ်ဖျားအနားမှာ ရှိတယ်၊ သူက သူ့သားကို မိဘမဲ့မိန်းကလေးတစ်ယောက်နဲ့ သဘောမတူနိုင် ဘူးဆိုပြီး ပြောချသွားတာများအေ သားသမီးချင်း မစာမနာ၊ မမအေး မှာ ကြားထဲက မခံနိုင်လွန်းလို့ တစ်ခွန်းတော့ ဝင်ပြောမိပါတယ်၊ မိဘမဲ့ဆိုပေမဲ့ မြစ်ဖျားရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ ဖြူစင်မှုကို မှတ်ကျောက် အကာင်ခံရဲတယ်လို့”

“ငြိ ရှိလို့ကတော့ ဒီထက်မက ပွဲကြမ်းပစ်မှာ”

“ထင်တိုင်းပြောလို့မှ မဖြစ်တာ ငြိရယ်၊ ပြိုင်ဘက်မျက်နှာ က ရှိသေးတယ်လေ”

“အောင်မယ်…သူတောင် သူ့သားမျက်နှာ ထောက်လို့ လား၊ မြစ်ဖျားနဲ့က အဝေးကြီး”

ပြောရင်းက မြစ်ဖျားကျန်းမာရေးကို သတိရသွားသလို ငြိက မြစ်ဖျားမျက်နှာကို ဆတ်ခနဲစိုက်ကြည့်ရင်း…

“နေပါဦး…ဒီအကြောင်းတွေကို မြစ်ဖျား ပြိုင်ဘက်ကို ပြောပြီးပြီလား”

“ဟင့်အင်း”

စိုး : မိုး : ပ ၁ ၆ ပ

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်တွေ ဝဲခနဲယမ်းခါတဲ့အထိ မြစ်ဖျား ခေါင်းခါပြတော့ ငြိရင်ထဲ မောသွားသည်။

"ပြိုင်ဘက်စိတ်ရင်းနဲ့ ဆုံးဖြတ်တာမျိုးပဲ မြစ်ဖျား လိုချင်လို့ပါ ငြိရယ်"

"ဒီအတိုင်းဆို ပြိုင်ဘက်ထားခဲ့ရင် မြစ်ဖျားက ကျန်ခဲ့မယ်ပေါ့၊ ဟွန်း မြစ်ဖျားလို နှလုံးသားမျိုး ပြတိုက်ပို့ထားရမယ်၊ ဂုဏ်ပြုစရာ အချစ်သူ့ရဲကောင်းမကြီးလို့"

ငြိက နှာခေါင်းရှုံ့ကာ ကဲ့ရဲ့ရင်း မြစ်ဖျားကို မျက်နှာလွှဲသည်။ ဒီထက်ပိုပြောချင်ပေမဲ့ မြစ်ဖျားကျန်းမာရေးကြောင့် အခွင့်မသာ။ ထိုအချိန်မှာပဲ မြစ်ဖျားရဲ့ဖုန်းလေးမှ ဝါကာဝါကာသီချင်းသံက ပျံ့လွင့်လာ၏။ မြစ်ဖျား မကိုင်ခင် ငြိက ဖုန်းကို အရင်ကောက်ယူကြည့်ပြီးမှ…

"ရော့…သေခဲဦးမယ်၊ မေတ္တာတုံးဆီက ဖုန်း၊ ကိုင်လိုက်"

ငြိကိုယ်တိုင် ဖုန်းကို မြစ်ဖျားလက်ထဲ ထည့်ပေးသည်။ ပြိုင်ဘက်ဆီကဆိုကတည်းက မြစ်ဖျားမျက်နှာ ပြုံးရွှင်လန်းဆန်းသွား၏။ ကောင်းသတင်းလား၊ အဆိုးသတင်းလားမသိဘဲ ဖုန်းကိုနားနားဌကပ်ကာ…

"အင်း…ပြော မောင်"

"နေကောင်းရဲ့လား မြစ်ဖျား"





"ကောင်းပါတယ် မောင်ရဲ့"

ပြိုင်ဘက်ကို ပြန်ဖြေရင်း မြစ်ဖျားက မလုံမလဲနှင့် ငြိကို လှမ်းကြည့်တော့ ငြိက လက်သီးထောင်ပြသည်။ မြစ်ဖျားက လျှာထုတ်ပြောင်ပြရင်း…

"မောင် ဘာကိစ္စရှိလို့လဲ"

"ကိစ္စက မောင်တို့လက်ထပ်ကြရအောင် မြစ်ဖျား"

"လက်ထပ်မယ်"

"အင်း…မောင် အခုရန်ကြီးတို့အိမ်မှာ နေတယ်"

"မောင့်အိမ်မှာ မဟုတ်ဘူးလား"

"မေမေနဲ့ သဘောထားချင်း မတိုက်ဆိုင်လို့ပါ၊ ထားပါ၊ အဲဒီတော့ မြစ်ဖျား ခေါင်းထဲမထည့်နဲ့"

မောင်က ခေါင်းထဲမထည့်နဲ့ဆိုမှ မြစ်ဖျားမှာ မောင်နဲ့ မောင့်မေမေအကြောင်း စဉ်းစားရလွန်း၍ မျက်လုံးတွေ ဝေ့လည်ဝေ့လည်ဖြစ်ကုန်ပြီ။ သားအမိချင်း သဘောထားမတိုက်ဆိုင်သည့် ပြဿနာရဲ့ အတိမ်အနက်က မြစ်ဖျားကြောင့်ဆိုတာ မြစ်ဖျား ခန့်မှန်းနိုင်သည်။ ဒါတွေဟာ မြစ်ဖျားကြောင့်ဆိုလျှင်…

"မြစ်ဖျား"

"ပြော မောင်"

"ဘာလို့ငြိမ်သွားတာလဲ"

"ဒီလိုပါပဲမောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမစွေးနဲ့လို့ ပြောထားတယ်မဟုတ်လား၊ အခု မောင့်ကားကို ရတဲ့ဈေးနဲ့ ထုတ်ဖို့လုပ်နေတယ်"

"မောင့်ဂျစ်ကားကို ရောင်းမလို့လား"

"ဒါပေါ့၊ ဖေဖေက ယူသွားတဲ့၊ အဲဒီကားရောင်းပြီးမှ မြစ်ဖျားကို လက်ထပ်မှာ၊ အရင်းရရင် ရောင်းမယ်ကွာ၊ အခုညနေ ပွဲစားတစ်ယောက်နဲ့တော့ တွေ့ထားတယ်၊ ဈေးတည့်ရင်ရောင်းပြီး မောင်နဲ့မြစ်ဖျား နေဖို့တိုင်ဖို့ စီစဉ်မယ်၊ ပြီးရင် မောင် အလုပ်တစ်ခု ခုရှာမှာ၊ မြစ်ဖျား ဘာမှအားမငယ်နဲ့နော်၊ မေမေနဲ့ တမင်ရန်ဖြစ်ပြီး ဆင်းလာတာကွ၊ ဒါမှ မြစ်ဖျားနဲ့ မြန်မြန်နီးချင်လို့"

"မောင်ရယ်"

မြစ်ဖျားရဲ့ မချိတင်ကဲ ရေရွတ်သံထဲမှာ မောင့်အတွက် ရင်နာခြင်းတွေ ပါသွားသည်။ မြစ်ဖျားနဲ့နီးချင်လို့ တမင်ရန်ဖြစ် လာတာတဲ့။ မောင်ညာနေမှန်း မြစ်ဖျား သိပါသည်။

"ဟိတ်...ဒါပဲနော် မြစ်ဖျား၊ အကြောင်းထူးတာနဲ့ မောင် ဖုန်းဆက်မယ်၊ စွဲငြိကိုလည်း ပြောထားဦး၊ မောင်နဲ့လက်ထပ်မှာ လို့၊ ဒါကိုမှ ကြားထဲက နှောင့်ယှက်ကြည့်၊ ဒီတစ်ခါ မောင်က ဘာမှဂရုမစိုက်တော့ဘူး၊ မြစ်ဖျားနဲ့ နီးရဖို့ဆိုရင် စစ်ပဲတိုက်ရ တိုက်ရ"

ရွှင်မြူးတက်ကြွနေသည့် မောင့်အသံမှာ သောကရိပ်တွေ ယှက်သန်းမနေ။ ကြားရသူ မြစ်ဖျားမှာသာ စိတ်မကောင်းခြင်းကြီး





စွာနှင့်။

"ဘာငိုင်နေတာလဲ မြစ်ဖျား၊ ငြိ မှန်းတာမလွဲဘူးဆိုရင် ပြိုင်ဘက်က မြစ်ဖျားကို လက်ထပ်ခွင့်တောင်းလိုက်ပြီ မဟုတ် လား"

"အင်း"

"တက်တက်ကြွကြွဖြေစမ်းပါ မြစ်ဖျားရယ်၊ ဒါပျော်ရ မယ့်အချိန်ကို၊ အခု ဘာစိတ်ညစ်စရာရှိလဲ၊ ပြိုင်ဘက်တောင် မြစ်ဖျား ရှေ့က ရပ်တည်နေပြီပဲ"

"မြစ်ဖျား ဝမ်းနည်းရမလား၊ ဝမ်းသာရမလားပဲ ငြိရယ်"

"ဟောတော့"

ငြိရင်ခွင်ထဲ တိုးဝင်လာတဲ့ မြစ်ဖျားကို အသာဖမ်းပွေ့ထား ရသည်။ မြစ်ဖျားက ငြိပခုံးပေါ် မျက်နှာအပ်ရင်း...

"မောင်က မြစ်ဖျားအတွက် အများကြီး စွန့်လွှတ်ရတာ၊ အဲဒီလောက် စွန့်လွှတ်တဲ့ မောင့်အချစ်က မြစ်ဖျားနဲ့တန်ရဲ့လားဟင်၊ မောင်က သူ့မိဘနဲ့ တိုက်ခိုက်ပြီးမှ မြစ်ဖျားကို လက်ထပ်ရအောင် မြစ်ဖျားက"

"ကဲ...တော်ပါ မြစ်ဖျားရယ်၊ ထပ်ပြောရင် ကိုယ့်ကိုယ် ကို နှိမ်ချမဲ့စကားတွေပဲ ထွက်လာမှာ၊ ငြိ ခုနကကြားလိုက်တယ်၊ ပြိုင်ဘက်က သူ့ဂျစ်ကားကို ရောင်းမလို့ဆို"

ဒီတော့မှ မြစ်ဖျားက ငြိနှင့်မျက်နှာချင်းဆိုင် ပြင်ထိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



"မောင်က မြစ်ဖျားနဲ့လက်ထပ်ရင် နေဖို့ထိုင်ဖို့တဲ့"

"ပြိုင်ဘက်ကို ဒီမှာလာနေလို့ပြောလိုက် မြစ်ဖျား၊ ဒါမှ ငြိနဲ့ထသတ်နေရင် မြစ်ဖျားရော ငြိပါ မပျင်းရတော့ဘူး"

"အမလေး...မမအေးရယ်၊ အပျင်းပြေချင်ရင် တခြားနည်းပြောပါ၊ ပြိုင်ဘက်နဲ့တော့ အမုန်းတွေများပြီး ခါးလွန်လွန်းလို့ ကိုယ်ရှုံးရတဲ့ အောက်ဆီဂျင်တောင် အဆိပ်ငွေ့ဖြစ်သွားနိုင်တယ်"

ငြိက ကဲကဲဆတ်ဆတ်ပြောတော့ မမအေးက ထရယ်သည်။ မြစ်ဖျားက ငြိကို ငေးငေးလေး ကြည့်နေမိ၏။ အမုန်းမျဉ်းပြိုင်နှစ်ကြောင်းရဲ့ ဆုံမှတ်က မြစ်ဖျားဖြစ်နေတာ အံ့သြလွန်းလို့ပါ။ သူတို့ချင်း မုန်းနိုင်သလောက် မြစ်ဖျားဆို ချစ်နိုင်သနားနိုင်ကြတာ အခုမှမဟုတ်တာ။ ဟိုးငယ်ဘဝကတည်းက။

"ကဲ...ဘာမှ တွေဝေမနေနဲ့ ရှင့်လူရဲ့ကားကို ငြိ ရအောင်ဝယ်မယ်၊ နို့မို့ မာနမင်းသားက သူ့မာနကိုထိတယ်ဆိုပြီး သွေးတက်သွားဦးမယ်၊ ငြိက ရှင့်ကိုချစ်လို့သိလား၊ ပြီးတော့ မြစ်ဖျားချစ်တဲ့လူနဲ့ မြန်မြန်နီးရအောင်လို့"

"မင်္ဂလာဖိတ်စာတွေ ရိုက်ပြီး ပွဲစီစဉ်နေတာ ငြိ၊ အင်းမြန်းဒိုင်းကြီး လက်ထပ်ဖြစ်တာက မြစ်ဖျားကိုဟဲ့၊ လောကကြီးကလည်း ဘယ်တော့မှ လမ်းကြောင်းကို တည့်တည့်မသွားဘူး၊ နည်းနည်းတော့ လွဲချော်နေတာပဲ"

မမအေးက သံဝေဂလက်ာလိုလို၊ မော်ဒယ်(လ်)ကဗျာလို





လိုနှင့် စာသားတွေကို ရွတ်ပြသည်။ ငြိက ပြုံးအီနေတဲ့ မြစ်ဖျားမျက်နှာလေးကို ကြည့်ရင်း ရင်ထဲပြောနေမိတာက တိတ်တဆိတ်။

"လွဲချော်မှုက အခုမှမဟုတ်ဘူး မမအေး၊ ဒီသုံးယောက်စပြီးဖြစ်တည်ကတည်းက လွဲခဲ့တာတွေအများကြီး"

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

"မောင်က စွဲငြိနဲ့ ဘာမှကို မပတ်သက်ချင်တာ မြစ်ဖျား"

ပြိုင်ဘက်ကားက ပေတစ်ရာလမ်းမပေါ် တရိပ်ရိပ်ပြေး နေသည်။ မြစ်ဖျား အသံတိတ်သွား၍ ကားမောင်းနေသော ပြေကျော်က နောက်ကြည့်မှန်မှတစ်ဆင့် နောက်ခန်းက စုံတွဲကို လှမ်းအကဲခတ်ရင်း...

"မင်းကလည်း အဲဒီလောက်အထိ တယူမသန်နဲ့လေ ပြိုင်ဘက်"

"အေးလေ...ငါတို့လည်း မတတ်နိုင်လို့၊ သူ့လိုသာ ငွေအားတတ်နိုင်ရင် မင်းတို့အတွက် တစ်ခုမဟုတ်တစ်ခုတော့ လက်ဖွဲ့မိမှာ၊ သူငယ်ချင်းတွေပဲဥစ္စာ"

"စွဲငြိအကြောင်း မင်းတို့မသိပါဘူး၊ ဒီမိန်းမက ငွေဂုဏ်





သိပ်မောက်တာ၊ ဖြစ်ချင်တာကို မျက်စိတစ်မှိတ် လျှပ်တစ်ပြက် အတွင်းမှာဖြစ်အောင် လုပ်ပြနိုင်တယ်ဆိုတဲ့ မာနနဲ့ ဘဝင်လေဟပ် နေတာကွ"

"ငြိက အဲဒီလိုလည်းမဟုတ်ပါဘူး မောင်ရယ်"

မြစ်ဖျားက မျက်နှာနွမ်းနွမ်းနှင့် ငြိဘက်က ဝင်ပြောရင်း အဖြစ်မှန်သာ မောင်သိသွားရင် တင်းမာမှုက ဒီထက်ပိုဆိုးသွားမှာကို တွေးကာ ကျောထဲစိမ့်သည်။

"မြို့သစ်က တိုက်ခန်းတွေဆိုပေမဲ့ လူနေသန့်တယ် မြစ်ဖျား၊ သွားလာရေးသာ နည်းနည်းခက်တာ၊ မြစ်ဖျားအတွက် တော့ ပူစရာမရှိပါဘူး၊ မြစ်ဖျားက ဘယ်မှမထွက်ဘဲနေလည်း ရတာပဲ၊ ငြိနဲ့မမအေး နေ့တိုင်းလာမှာပေါ့၊ ပြိုင်ဘက်သာ အလုပ် တွေဘာတွေရရင် အသွားအလာများမှာ၊ ဒါလည်းမပူပါနဲ့၊ ငြိ အားလုံးအဆင်ပြေအောင် လုပ်ပေးမယ်၊ တစ်ခုပဲ မြစ်ဖျား သရုပ် ဆောင်ကောင်းဖို့ လိုတယ်၊ ငြိ ပြောသလို ပိပိရိရိလေးနေ"

ငြိက မြစ်ဖျားကို ထပ်တလဲလဲမှာခဲ့တာ အကြောင်းရင်း ရှိသည်။ မောင့်ကားကို အသိပွဲစားမှတစ်ဆင့် ပြန်ဝယ်တာ ငြိ။ ကားရောင်းရငွေ ရတုန်းက မောင်က ငွေထုပ်ကို ရေ့ချလျက်နှင့် ပင်...

"ထင်တောင် မထင်ထားဘူးကွ၊ မောင့်ကားပေါက်ဈေး က ဒီလောက်အထိရှိမှာကို"



www.burmeseclassic.com

www.burmeseclassic.com



မြစ်ဖျားကို ဝမ်းသာအားရ ပြောခဲ့စဉ်က မြစ်ဖျား မျက်နှာမထားတတ်တာကို မနည်းကြီး မာန်တင်းပြီး…

"အဲဒါကြောင့် မြစ်ဖျားက ပြောတာ၊ မောင့်ကိုမလောဖို့၊ ကိုယ့်ပစ္စည်းရောင်းတဲ့နေရာ လောရင်သွားပြီ၊ အဲဒါ ဗိုက်နာချေးပဲ ဖြစ်သွားမှာ"

ငြိ သင်ပေးခဲ့တဲ့အတိုင်း မြစ်ဖျားပြောတုန်းက မောင်က အံ့တွေဘာတွေသြပြီး…

"ကြည့်စမ်း…မြစ်ဖျားတောင် ဒါတွေသိနေပြီပဲ"

"သိတာပေါ့၊ မြစ်ဖျားက ကလေးမှမဟုတ်တာ၊ အခုပဲ ယောကျ်ားယူဖို့ စဉ်းစားနေတာ"

"ဘယ်ယောကျ်ားကိုယူမှာလဲ"

"ဟောဒီက ပြိုင်ဘက်ဆိုတဲ့ မောင့်ကိုပေါ့"

မြစ်ဖျားက မောင်ပျော်အောင် ခပ်ရွှတ်နောက်နောက် ပြောရပေမဲ့ လိပ်ပြာက တယ်မလုံ။ ဒီတိုက်ခန်းကို ဝယ်တော့လည်း ငြိပဲ အားလုံးစီစဉ်ပေးကာ…

"အဲဒီအတွက် ငြိ ငွေချေပြီးသား၊ ဒါပေမဲ့ ပြိုင်ဘက်ရှေ့မှာတော့ ဟိုလူတွေက အယောင်ပြယူမှာပေါ့၊ ပြီးရင် မြစ်ဖျားအတွက် ဘဏ်အကောင့်(တ်)ထဲ ငြိ ပြန်ထည့်ပေးမယ်၊ ပြိုင်ဘက်မေးရင် မြစ်ဖျားကပြောပေါ့၊ အပျိုဘဝကတည်းက မြစ်ဖျားအတွက် ငြိ လုပ်ပေးထားတဲ့ငွေတွေ၊ မြစ်ဖျား ထုတ်မသုံးဘဲထားတာ ဘာညာနဲ့





ရှိုးပေါ့ဟာ"

"မြစ်ဖျားအတွက် အဲဒီလောက်အထိ အကုန်မခံပါနဲ့ ငြိရယ်၊ ငွေတွေ ငြိပဲပြန်ယူပါ"

"ငြိအတွက်က အဲဒီလောက်ကြီး မဟုတ်ပါဘူး၊ ဟောဒီလောက်လေးပါ"

ငြိက သူ့လက်နှစ်ဖက်ကို သေးသေးလေးဖြစ်အောင် စုပိုင်းပြသေးသည်။ ပြီးမှ မြစ်ဖျားနှင့် ပခုံးချင်းပစ်တိုက်ကာ…

"မြစ်ဖျားကြောင့် ငြိက မုသာဝါဒကျူးလွန်လိုက်ရတာ"

အခု တိုက်ခန်းပြင်ဖို့ ငြိနဲ့ကိုဇေလတ်ကြီးက မနက်ကတည်းက ထွက်သွားပြီ။ မြစ်ဖျားနဲ့မောင်ရဲ့ လက်မှတ်ထိုးပွဲကို မမအေးနှင့် မောင့်သူငယ်ချင်းနှစ်ယောက်က အသိသက်သေလုပ်ပေးသည်။

"မြစ်ဖျား…နင့်တိုက်ခန်းလေးထဲအတွက် ပစ္စည်းအပြည့်အစုံကို ငြိ တာဝန်ယူမယ်၊ မာနကြီးပြီး ခေါင်းမယမ်းနဲ့နော်၊ ငြိချစ်တဲ့ သူငယ်ချင်းအတွက် ဒီလောက်တော့ လက်ဖွဲ့ပိုင်ခွင့်ရှိရမှာပေါ့"

အားလုံးရှေ့မှာ ငြိက တရားဝင်ပြောကတည်းက ပြိုင်ဘက်မျက်နှာ မညီမညွတ်ခြင်းများနှင့် သုန်မှုန်နေခဲ့တာဖြစ်သည်။ အခုထိလည်း ပြိုင်ဘက်ရင်ထဲမှာ ငြိအပေါ် မကျေလည်နိုင်သေး။

"ဘာမှမဟုတ်ဘူး၊ အဲဒါ အခွင့်ကောင်းယူပြီး မင်းတို့ရှေ့မှာ ငြိက တမင်ကြွေညာသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငြိက မောင်စွပ်စွဲသလို မဟုတ်ပါဘူး၊ မောင်ကလဲ"

"စွပ်စွဲတာမဟုတ်ဘူး မြစ်ဖျား၊ သူနဲ့ပတ်သက်ရင်"

"ကဲ… ရတော်ပါပြီမောင်ရယ်၊ အခု ငြိက မောင့်ငွေနဲ့ဝယ်တဲ့ အိမ်လေးထဲမှာ သူက ပစ္စည်းထည့်ပေးတာပဲ၊ အိမ်ရှိမှ ပရိဘောဂဆိုတာ ထည့်လို့ရတာမျိုးလေ၊ မောင်က အဲဒါကိုပဲ ဒေါသထွက်ပြီး တဖျစ်ဖျစ်တောက်တောက် ပြောနေတော့ မြစ်ဖျားလည်း စိတ်ချမ်းသာပါ့မလားလို့"

မျက်နှာနွမ်းညှိုးငယ်လေးနှင့် ပြောသော မြစ်ဖျားကြောင့် ပြိုင်ဘက်ရင်မှာ နင့်သွားသည်။ ဆံပင်တွေအားလုံးကို အပြောင်သိမ်း၍ ဆံထုံးပုံ့ပုံ့လေးထုံးကာ သခွားရောင်ဇာဝမ်းဆက်နှင့် မြစ်ဖျားက ပြိုင်ဘက်ကို မော့မော့လေးငေးနေသည်။ ပြိုင်ဘက်ဘဝတစ်လျှောက်လုံး ကရုဏာနဲ့မိုးပြီး ချစ်ခဲ့ရတဲ့ ချစ်သူက ဒီလိုနွမ်းနေပြန်တော့လည်း ပြိုင်ဘက် စိတ်မကောင်းနိုင်။ လေပူကို အားပါးတရ မှုတ်ထုတ်ရင်း မြစ်ဖျားပခုံးကို ဆွဲဖက်၍ ရင်ခွင်ထဲ သွင်းထားလိုက်သည်။ မြစ်ဖျားက ပြိုင်ဘက်ရင်ဘတ်မှာ ပါးအပ်ရင်း…

"တစ်ဖက်က သိပ်ချစ်ရတဲ့သူ၊ တစ်ဖက်က အခင်တွယ်ရဆုံး သူငယ်ချင်း၊ မြစ်ဖျားက နှစ်ယောက်စလုံးကို ညီညွတ်စေချင်တာ"

မြစ်ဖျားက သူ့ဆန္ဒကို ဖော်ထုတ်ပေမဲ့ မောင်က အင်းမလဲ အဲမလှုပ်။ မြစ်ဖျား ကိုယ့်ကိုယ်ကိုပဲ စိတ်ဖြေသည်။ ပြိုင်ဘက်နှင့်





ငြိတို့ရဲ့ မညက်ညောသော ဆက်ထုံးရှိသည့် ကြိုးတစ်ချောင်း ဘယ်အခါမှ အဖြောင့်အတန်းတော့ ရလာမှာမဟုတ်။ တတ်အားသရွေ့တော့ ဆက်ရာမရှိအောင် ကြိုးစားချင်တာ မြစ်ဖျားရဲ့ဆန္ဒပါ။

"မြစ်ဖျား နင်တို့လက်မှတ်ထိုးပြီးရင် တိုက်ခန်းကို တန်းမလာနဲ့နော်၊ ငြိက အဲကွန်းတွေဘာတွေ တပ်ပေးခဲ့ဦးမှာ"

ငြိ ဝယ်ခဲ့တဲ့အခန်းက အခန်းက ဖြောင်ဟော(လ်)ကြီး။ အဲဒီနောက်ပိုင်း တစ်ခေါက်မှ မရောက်ဖြစ်တော့။ ငြိပဲ တဒီးဒီးသွားကာ အခန်းနံ့ရှုံးသုတ်တာကအစ သူမစိတ်တိုင်းကျ။

"ပြိုင်ဘက်သိရင် ဒေါပွဦးမှာ၊ မြစ်ဖျားတို့ရဲ့ မင်္ဂလာဦးအချိန်အထိ ငြိက မြစ်ဖျားကို ခြယ်လှယ်တယ်ဆိုပြီး ပွရုံမကလို့ ဒေါသတွေပေါက်ကွဲလည်း ငြိ ဂရုမစိုက်ပေါင်၊ ငြိ စိတ်ကူးထားတာရှိတယ်၊ မြစ်ဖျားတို့ကလေးမွေးရင်တောင် ငြိနာမည်ထည့်ပေးသိလား၊ မြစ်ဖျားအချစ်ဆုံးသူနဲ့ အမုန်းဆုံးသူရဲ့ အိမ်ထောင်ရေးမှာ ဒီလောက်တော့ ငါ စွက်ဖက်ခွင့်ရှိပါတယ်၊ မဟုတ်ဘူးလား"

ငြိက သူ့အကြံကိုပြောရင်း သူ့ဘာသာ သဘောကျသလို တဟီးဟီးရယ်သည်။ မမအေးကတော့ မြစ်ဖျားတို့အတွက် အပင်ပန်းခံလွန်းတဲ့ ငြိအား ဆလံသကာ…

"သိပ်ပျော်မနေနဲ့ ငြိ၊ ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်၊ အခုတလော ညည်းအပင်ပန်းခံနေလို့လားမသိဘူး လူက ပိန်ပြီး မျက်နှာတောင် ချောင်ကျနေတယ်၊ ညည်းလည်း ဒီလကုန်လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ရမဲ့ သတို့သမီး"

မမအေးက ငြိကို ပြန်သတိပေးရတဲ့အထိ။ ဒါတောင် မချောက ပြုံးစစနှင့်။

"ငြိရဲ့မောင်ကတော့ ပိန်တာကောင်းသတဲ့၊ မင်္ဂလာပွဲမှာ မော်ဒယ်(လ်)လေးလို ပြားချပ်ချပ်ဆိုတော့ ငြိက ပိုခေတ်မီတာပေါ့"

ငြိကလည်း သူ့ဟာနဲ့သူတော့ ဟုတ်လို့။ ဒါတောင် ညက နောက်ဆုံးညအဖြစ် အတူတကွ ဖက်အိပ်စဉ်က…

"ငြိဖက်တာနဲ့ ဖြိုင်ဘက်ဖက်တာ ဘယ်ဟာ ပိုရင်ခုန်သလဲ၊ မှန်မှန်ပြောနော် မြစ်ဖျား"

ပေါက်ကရလေးဆယ် ပြောတတ်တဲ့နေရာမှာ စွဲငြိတို့က ပထမပင်။ မြစ်ဖျားအတွေးတွေက ညရောက်လိုက်၊ အတိတ်ရောက်လိုက်နှင့် တွေးမိသမျှ စွဲငြိသာ။ ဒီအကြောင်း မောင်သိလျှင် ငြိကို စိတ်တိုဦးမည်။ သူ့ကို ဘေးနားထားပြီး တွေးချင်ရာတွေးနေရမလားဆိုဝ ဘ။

"ဟိုးရှေ့က လမ်းဘေးချရပ်ထားတဲ့ကားက စွဲငြိတို့ကား မဟုတ်လား ဖြိုင်ဘက်"

မောင်းသူဘေးထိုင်နေတဲ့ ရန်ကြီးစကားကြောင့် အားလုံးက လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ကားမှန်ရှေ့ဆီ မျှော်ကြည့်သည်။ ညနေရီမှောင်ရီပိုးတဝါးမှာ ငြိရဲ့ကားအနီရောင်လေးက ရဲရဲတောက်။ အနီးကပ်လာလေလေ ငြိနဲ့ကိုဖေလတ်က ပိုထင်ရှားလေလေ။





"ရန်ဖြစ်နေကြတာဟ"

ပြေကျော့အသံက အံ့သြခြင်းများစွာနှင့်။ ဟုတ်သည်။ ဖေလတ်က ဆွဲရင်းလွဲရင်း၊ ငြိကလည်း ထိုလက်ကိုဖြုတ်ချရင်းက တစ်စုံတစ်ခုကို အပြင်းအထန် အငြင်းပွားနေတာမျိုး။

"မရပ်နဲ့ပြေကျော်၊ ဆက်မောင်း"

အနားရောက်လုရောက်ခင်မှာ အရှိန်လျှော့သွားတဲ့ ကားကြောင့် ဖြိုင်ဘက်က ပြောရင်း…

"ရှင်းပလေ့စေ၊ သူက အမြဲအရှုပ်ဇယားနဲ့"

ဖြိုင်ဘက်စကားကြောင့် ကားက ဆောင့်ခနဲထွက်သွား၏။ မြစ်ဖျားကတော့ နောက်မှန်မှတစ်ဆင့် ငြိတို့စုံတွဲကို လည်ပင်းလိမ်ကာအငေး…

"ဟင်"

မြစ်ဖျားမှာ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် အာမေဋိတ်ထွက်ကျသည်။ ငြိက ဖေလတ်ဆွဲထားသော လက်ထဲမှ ရုန်းထွက်ကာ လမ်းမလယ်ဆီ ဦးတည်လျှောက်သွား၏။ မရှေးမနှောင်းမှာပင် လမ်းကွေ့က ဦးတည်ကွေ့ချလာတဲ့ ကွန်တိန်နာကားတစ်စီးရဲ့ရှေ့မှာ ငြိ။

"ငြိ"

မြစ်ဖျားနှုတ်က အာခေါင်ခြစ်အော်ကာ…

"ကားရပ်ပါ၊ ကားရပ်၊ ငြိကို ကားတိုက်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်း မြစ်ဖျားအော်သံကြောင့် ပြေကျော်က ယောင်ယမ်းပြီး ဘရိတ်နင်းသည်။ ကားရပ်တာနှင့် မြစ်ဖျားက တံခါးဖွင့်ဆင်းတာ ပြိုင်ဘက်တောင် တားချိန်မရ။

"မြစ်ဖျား"

ပြိုင်ဘက်က မြစ်ဖျားနောက်ကို ပြေးအလိုက်…

"ငြိ"

မြစ်ဖျားက ငြိနာမည်ကိုခေါ်ပြီး ငြိဆီ တအားပြေးသည်။

တစ်စထက်တစ်စ နီးကပ်လာတဲ့ ကွန်တိန်နာကြောင့်

"မြစ်ဖျား…နေဦး"

"မြစ်ဖျား"

ပြိုင်ဘက် မြစ်ဖျားနောက်ကို အမှီပြေးလိုက်သည်။ ထိုစဉ်မှာပင်…

"ဒုန်း"

"အား"

"ဝုန်း"

"ဟာ"

ဒုန်းခနဲ အသံကြီးနှင့်အတူ ငြိဟာ ကားလမ်းဘေးမြက်တောစပ်ဆီ အတွန်းခံလိုက်ရပြီး ကွန်တိန်နာကြီး အရှိန်ကြောင့် ဒလိမ့်ခေါက်ကွေးဖြစ်ရသူက ဇေလတ်။

"ကိုဇေလတ်…အောင်မလေး၊ ကိုဇေလတ် သေပါပြီ"





မြစ်ဖျားခြေထောက်ရှေ့အထိ နစ်ပတ်သုံးပတ်လိမ့်လာတဲ့ ကိုဇေလတ်ဟာ သွေးတွေအလိမ်းလိမ်း။ မြစ်ဖျား အခုန်မြန်နေသော နှလုံးသားကို ဂရုမထားဘဲ ကိုဇေလတ်ကို ပြေးပွေ့သည်။ မြစ်ဖျားပွေ့မှပင် သွေးတွေ ပွက်ခနဲ အန်ထွက်လာတဲ့ ကိုဇေလတ်နှုတ်ဖျားမှ စကားတို့က…

"ငြိ…ငြိမှာ ကိုယ်…ဝန်ရှိ"

နောက်ဆက်တွဲစကားကို မြစ်ဖျားအား တိုးတိုးလေးပြောအပြီး…

"ကို…ဇေ…လတ်"

မြစ်ဖျား ကျုံးအော်ပေမဲ့ ကိုဇေလတ် မကြားနိုင်တော့။ သူက ပြောချင်သော စကားတို့ကို တာဝန်ကျေစွာ အသိပေးပြီး နောက် လောကကြီးထဲက ထွက်ခွာသွားခဲ့ပြီ။

"မြစ်ဖျား"

"သတိထားလေ၊ ဟော့…မြစ်ဖျား…ဟိတ်"

"မြစ်ဖျား"

မြစ်ဖျားအနားသို့ ရောက်လာတဲ့ မောင့်ကို မော့ငေးတဲ့ မြစ်ဖျားအကြည့်က ကြောင်စီစီ။ ဒါကိုပဲ မောင်က သူမသတိလွတ်သွားတယ်ထင်ကာ စိုးရိမ်တကြီး မြစ်ဖျားအမည်ခေါ်နေ၏။ မြစ်ဖျား မောင့်ကိုငေးရင်း မောင့်ကိုမမြင်။ အာရုံထဲ ငြိနဲ့ကိုဇေလတ်ကို တစ်လှည့်စီမြင်ယောင်ရင်းက…



www.burmeseclassic.com

www.burmeseclassic.com



''ဟာ''

''မြစ်ဖျား''

မောင့်အသံကို နောက်ဆုံးကြားလိုက်ရပြီးနောက် မြစ်ဖျားရဲ့ ဝိညာဉ်လေးက အလင်းနှစ်သန်းပေါင်းများစွာဝေးသော အမှောင် ကမ္ဘာထုဆီသို့။

◆ ◆ ◆

သုံးလခန့်ကြာသော်...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ဘာတဲ့လဲ မြစ်ဖျား ဟင်၊ မောင်တို့ထင်တာ သေချာနေပြီတဲ့လား"

"ဩော်…ဘယ်လိုဖြစ်နေသလဲ မသိဘူး၊ ဣန္ဒြေကို မဆည်နိုင်ဘူး"

"အောင်မယ်…နင်က"

"မောင်"

ငြိကို လှည့်ရန်ထောင်ရန် ပြင်နေတဲ့ ပြိုင်ဘက်ကို မြစ်ဖျား ခေါ်သံကြောင့် ရန်ပွဲဟာ မပီမပြင် အဆုံးသတ်သွားသည်။ ဒါတောင် ပြိုင်ဘက်က ငြိကို မကျေနပ်သေးဘဲ ပေါင်လယ်လောက်ရှိသည့် ခရမ်းရင့်ပေါ် အဖြူပွင့်ကြီးတွေပါသည့် ဂါဝန်ရင်စည်း၊ အသားကပ် ဘောင်းဘီ ခရမ်းရောင်နှင့် ပင်ဆယ်(လ်)ဟီး(လ်)အနက်ရောင်စီး ကာ ဆံပင်တစ်ခြမ်းအား ခရမ်းရောင်ဖဲပြားကြီးနှင့် သိမ်းတင်ထား သည့် ငြိကို လက်သီးတရွယ်ရွယ်ရှိတုန်း။



"ဆေးလူမျက်စိနောက်လည်း နောက်ချင်စရာ မောင်ရယ်၊ လာ ကားပေါ်ကျမှ မြစ်ဖျား ပြောပြမယ်"

မြစ်ဖျားက ပြိုင်ဘက်လက်ဆွဲခေါ်တာ နာမည်ကြီးဆေးခန်း ဝင်းမှ ပြင်ပအထိ။

"ဟိုမှာ…မမအေးနဲ့ငြိတို့ စောင့်နေကြပြီ"

"နေဦး၊ မောင်မေးတာ မြစ်ဖျား မဖြေသေးဘူးနော်"

ပြိုင်ဘက်က မြစ်ဖျားလက်ဖျားနှစ်ဖက်စလုံး လှမ်းဆွဲပြီး မျက်နှာချင်းဆိုင်ရပ်တော့ မြစ်ဖျားက ရင်မဆိုင်ရဲသလို ခေါင်းကိုငုံ့ ပစ်သည်။ ပါးပြင်မို့မို့နှစ်ဖက်စလုံးက ပန်းဆီရောင်သန်းနေတာကိုက ပြိုင်ဘက်အတွက် ရင်ခုန်စဖွယ်ဖြစ်နေ၏။

"မြစ်ဖျား"

"ဟင်"

"မောင်မေးတာ ဖြေလေ"

မြစ်ဖျားက မျက်နှာနီနီနှင့် ရှက်ရွံ့စွာ အောက်နှုတ်ခမ်းကို ခပ်ဖိဖိကိုက်ရင်း ပြိုင်ဘက်ကို ခေါင်းဆတ်ခနဲညိတ်ပြကာ…

"အင်း…မောင်ထင်တာဟုတ်တယ်"

"ဟာ"

လှိုက်ခနဲ ပွင့်ထွက်သွားတဲ့ ရင်ခုန်သံက ပြိုင်ဘက်ရင်ကို ပျော်ရွှင်ခြင်းတွေပါ လေဟုန်စီးသွားသလိုလို။ သူက အောက်သို့ ငုံ့ချထားသည့် မြစ်ဖျားမျက်နှာကို အတင်းမရမက ငုံ့ကြည့်ကာ…

"ဒါဆို မောင်တို့က မိဘတွေဖြစ်ပြီပေါ့၊ ဟုတ်လား

www.burmeseclassic.com

www.burmeseclassic.com



မာမီကြီး၊ အဲဒီလိုလား''

''အင်း…သူလေးရောက်နေတာ ဆယ်ပတ်ရှိပြီတဲ့၊ နှစ်လ ခွဲပေါ့ မောင်ရဲ့''

''ဟား…ဝမ်းသာလိုက်တာကွာ''

မြစ်ဖျားပခုံးနှစ်ဖက်ကို ပြိုင်ဘက် ခပ်တင်းတင်းဆုပ်ကာ ဆွဲယမ်းတော့ မြစ်ဖျားက ပြိုင်ဘက်ကို ခေါင်းမော့ကြည့်သည်။ အကြည့်ချင်းဆုံတဲ့ခဏမှာ မြစ်ဖျားမျက်ဝန်း၌ နေရာယူထားတာက မျက်ရည်စတွေ။ ပြိုင်ဘက်က စီးကျလုဆဲဆဲ မျက်ရည်တွေကို လက်မနှင့် ခပ်ဖိဖိပွတ်သုတ်ရင်း…

''ဘာလို့ငိုရတာလဲ မြစ်ဖျားရဲ့၊ ဒါ ဝမ်းသာရမယ့်အချိန် ကို''

''ဝမ်းနည်းလို့ ငိုတယ်လို့ ဘယ်သူပြောလဲ၊ ဒါ ဝမ်းသာ လို့ ကျတဲ့မျက်ရည်''

''ကဲပါကွာ၊ ဝမ်းသာတာပဲဖြစ်ဖြစ်၊ ဝမ်းနည်းတာပဲဖြစ်ဖြစ် ဒီနေ့ကစပြီး မြစ်ဖျား မငိုရတော့ဘူး''

''ဘာဖြစ်လို့လဲ''

မော့မေးလာတဲ့ မြစ်ဖျားပခုံးလေးကို ပြိုင်ဘက်က ကြင်နာစွာ သိုင်းဖက်ရင်းက…

''မိခင်ကငိုရင် မွေးလာတဲ့ကလေးက မျက်စိပြူးတတ် တယ်''





''အယ်…ဟုတ်လည်းဟုတ်တဲ့ဘဲနဲ့''

''အဟုတ်ပြောတာ၊ တော်ကြာ ရဲတိုက်လို ညှို့မျက်လုံးနဲ့ ကောင်လေး မွေးလာရင် ဘယ်လိုလုပ်မလဲ''

''လွယ်ပါတယ်မောင်ရဲ့၊ အဲဒီတော့လည်း မင်းသားလုပ် ခိုင်းမှာပေါ့''

မြစ်ဖျား အဖြေအဆုံးမှာ စီခနဲထွက်လာတဲ့ ရယ်သံဟာ တိုင်ပင်စရာမလိုဘဲ ပြိုင်တူ။ မောင်က ဒီကလေးအပေါ် ရူးသွပ်မှုက အံ့မခန်းပင်။ မြစ်ဖျား ဆေးခန်းရောက်နေသည်လို့ မမအေး ဖုန်းဆက်အကြောင်းကြားတာနှင့် အလုပ်မှတစ်ဆင့် ပြေးလာတာ အဝတ်အစားက ယူနီဖောင်းအတိုင်း။

''တီ…တီ…တီ''

အဆက်မပြတ်နှိပ်တဲ့ ကားဟွန်းသံကလည်း သူတို့ရယ်သံ တွေကြား ထိုးဖောက်ဝင်ရောက်လာ၏။ ပြိုင်ဘက်က မှုန်ကုပ်ကုပ် နှင့် လှည့်ကြည့်ပေမဲ့ မြစ်ဖျားကတော့ အားနာရိပ်စွန်းသော အပြုံး တွေဖြင့်…

''ဟုတ်သားပဲ ငြိကိုမေ့သွားတယ်၊ လာ ပြန်မယ်လေ မောင်''

မြစ်ဖျားက ပါးစပ်က ပြောတာထက် ခြေလှမ်းက ငြိဆီ ရောက်ပြီးသား။ ပြိုင်ဘက်က မြစ်ဖျားပခုံးကို တင်းနေအောင် ဆွဲဖက်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"တက္ကစီနဲ့ပြန်မယ်"

"အယ်...မောင်ကလည်း အလာတုန်းကတော့ ငြိနဲ့လိုက်လာပြီးမှ"

"အေးလေ...အခု မောင်ရှိနေတာပဲ၊ မောင်နဲ့ပဲပြန်"

"ငြိကို အားနာစရာကြီး မောင်ရယ်"

"မြစ်ဖျားအားနာရင် မောင်ပြောပေးမယ်"

ပြောပြောဆိုဆို ပြိုင်ဘက်က မြစ်ဖျားကို နေရာမှာထားခဲ့ပြီး မောင်က ငြိရဲ့ပြိုင်ကားနီလေးဆီ ခြေလှမ်းကျဲကြီးနှင့်သွားသည်။ ကုမ္ပဏီရဲ့ ယူနီဖောင်းဖြစ်သော ရှပ်လက်ရှည်အဖြူ၊ ချောကလက်ရောင် စတိုင်(လ်)ပင်(န်)နှင့် လက်(ပ်)တော့ထည့် အားအိတ်လွယ်ထားသော မောင့်ပုံစံက ညနေခင်းနေရောင်အောက်မှာ ရှင်းသန့်ဝင်းဖန့်နေ၏။ လှမ်းသမျှခြေလှမ်းတိုင်းကလည်း သိမ်ငယ်ခြင်းတွေမပါ။ ရဲရင့်ခြင်းတွေနှင့်မို့ မောင့်လမ်းလျှောက်ဟန်က ခပ်မိမိပင်။ မြစ်ဖျားက ချစ်သောမျက်စိဖြင့် ကြည့်တတ်၍လားမသိ။ ငြိကတော့ မောင့်လမ်းလျှောက်ဟန်ကို ဟိုးကတည်းက ဝေဖန်ခဲ့တာ။

"မျက်နှာကမော့ပြီး ကိုယ်ကို နွဲ့နွဲ့လေးလှမ်းတာကိုကတမင်ပဲများတာ၊ ယောကျ်ားတန်မဲ့ အိုက်တင်ထုတ်ရင် ငြိမျက်စိထဲအမှိုက်ဝင်နေသလိုပဲ၊ ခိုးလုခုလုနဲ့"

အခုလည်း ငြိကားနား ရောက်တာနှင့် မောင်က တစ်စုံတစ်ခု ပြောလိုက်ပုံရသည်။ ငြိရဲ့ ပြိုင်ကားလေးက စက်နှိုးပြီး





ဆောင့်ကာထွက်သွားတာကို ကြည့်ရုံနဲ့ ငြိ ဒေါသကို ခန့်မှန်းနိုင်သည်။ သေချာပြီ။ ငြိစိတ်ထဲ၌ လေဖိအားနည်းရပ်ဝန်း ဖြစ်နေပြီဆိုတာ။ မကြာမီ မုန်တိုင်းတွေဘာတွေ ဖြစ်လာနိုင်ဖွယ်ရှိ၏။ မောင်ကတော့ အောင်နိုင်သူစစ်သူကြီးလို အပြုံးတဝင့်ဝင့်နှင့် မြစ်ဖျားနားပြန်လျှောက်လာပြီး...

"အနှောင့်အယှက်တော့ ကင်းသွားပြီ အချစ်ရေ၊ လာမောင်တို့ဗိုက်ထဲက ကလေးလေးကို ဂုဏ်ပြုတဲ့အနေနဲ့ စိတ်လွတ်ကိုယ်လွတ် တစ်နေရာမှာ သွားကဲကြရအောင်၊ ပြီးတော့ မြစ်ဖျားကို ဒီနေ့ကစပြီး ဆောင်ရန်ရှောင်ရန်တွေနဲ့ သတိပေးချက်ထုတ်ပြန်ရမယ်"

"ဘာဆောင်ရန် ရှောင်ရန်လဲ မောင်"

"မေးခွန်းမထုတ်ကြေး၊ ဒါပေမဲ့ လိုက်နာရမယ်"

မောင့်အပြုံးက လေးနက်ပြီး မောင့်အကြည့်ထဲမှာ ဖခင်မေတ္တာကြောင့် ခမ်းနားနေသလို။ မောင့်ကိုကြည့်ရင်း မောင့်ရင်ထဲက ခံစားချက်က မြစ်ဖျားထံပါ ကူးစက်လာသလို ခံစားရသည်။ မိဘမေတ္တာဆိုတာ ဘာလဲ။ မြစ်ဖျား သေချာသိခွင့်မရပေမဲ့ မိခင်မေတ္တာကိုတော့ မြစ်ဖျား လေ့လာတွေ့ရှိခဲ့ပြီဖြစ်၏။ နောင်အနာဂတ်သည် မြစ်ဖျားတို့မိသားစုလေးကို နွေးထွေးစွာ ကြိုဆိုပါလို့ မြစ်ဖျားဆန္ဒပြုရင်း...။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"နှလုံးရောဂါရှိတဲ့သူက ကလေးရောမွေးလို့ ရရဲ့လားဗျာ၊ ကျွန်တော်ကြားဖူးသလောက် အဲဒီလိုလူတွေက မွေးဖွားရခက်တယ် ဆိုလားပဲ မမအေး၊ သေချာမေးမကြည့်ဘူးလား၊ ပြီးတော့ မြစ်ဖျား မွေးပြီးတဲ့အချိန်အထိ ကျွန်တော်က အနားမှာရှိမှာမဟုတ်ဘူး၊ ဟိုနဲ့ ဒီနဲ့ကလည်း စိတ်ကူးပေါက်တိုင်း ပြေးလာလို့ရတဲ့ အကွာအဝေးမျိုး လည်း မဟုတ်တာကို၊ အဲဒီလိုတွေးရင် မြစ်ဖျားအတွက် စိတ်မချ တာနဲ့ ကျွန်တော့်မှာ ခရီးတောင်မသွားချင်တော့ဘူး"

"အဲဒီလောက် မသည်းစမ်းပါနဲ့ ပြိုင်ဘက်ရယ်၊ တကတည်း ငါဖြင့် နင့်ကိုကြည့်လို့မရတော့ဘူး"

မမအေးက ပြိုင်ဘက် စိတ်ပူနေတာကို မျက်ထောင့်နီကြီး နှင့် ဆိုသည်။ ပြိုင်ဘက်က သူ့ဆံပင်တွေကို လက်ဆယ်ချောင်း လုံးနှင့် ထိုးဖွကာ…





"မြစ်ဖျားက နှလုံးရောဂါသည်ဆိုတော့ စိုးရိမ်တာပေါ့ မမအေးရာ၊ မြစ်ဖျား ခံနိုင်ရည်ရှိပါ့မလားဆိုပြီး နေ့တိုင်းတွေးပူနေရ တာနဲ့ ရင်ထဲမှာ မောနေတာ"

"ဘာမှမောမနေနဲ့ ကိုယ်တော်၊ ရှင့်မိန်းမက အားလုံး အိုကေလို့ ဆရာဝန်က ဘာမှမပြောတာပေါ့ဟဲ့၊ သွားစရာရှိတာ စိတ်ဖြောင့်ဖြောင့်သွား"

မမအေးက စိတ်ဖြောင့်ပါဆိုပေမဲ့ ပြိုင်ဘက်စိတ်ထဲက မဖြောင့်။ ဒီပုံစံကို ကျေနပ်ခြင်းမရှိဘဲ မြစ်ဖျားဘက် မျက်နှာမူလာ သည်။ ဒါပေမဲ့ အကြည့်က မြစ်ဖျားမျက်နှာပေါ်မှာမရှိ။ ဘာမှမသိ သေးသော မြစ်ဖျား ဝမ်းဗိုက်နားမှာပဲ တရစ်ဝဲဝဲဖြစ်နေကာ…

"မြစ်ဖျား ဆေးခန်းသွားပြတိုင်း မောင် ဆေးခန်းထဲမဝင် ရတာကိုလည်း ဘဝင်မကျဘူး"

"မောင်ဆေးခန်းထဲအထိ ဝင်ရတာပဲ"

"ဆရာဝန်ရှိတဲ့ အခန်းထဲအထိ ပြောတာ၊ မမအေးနဲ့ ဟိုလျှပ်စီးပဲ လိုက်ဝင်တာ"

"တကတည်းတော်…အထဲထိ ယောကျ်ားကြီးလိုက်ဝင် လို့ ဖြစ်မလား၊ ဆရာဝန်မကြီးက ရှင့်မိန်းမကို လှန်လိုက်လှောလိုက် နဲ့ စစ်ဆေးတာ"

"ဩော်…အဲဒီလိုကြီးလား"

"ဟုတ်ပ၊ ရှင်က ရင်ဘတ်မှာ နားကြပ်လေးထောက်၊



www.burmeseclassic.com

www.burmeseclassic.com



ဆေးလေးထိုးပြီး စမ်းသပ်တာမျိုး ထင်နေတာလား၊ ဟိုဟာက ရိုးရိုးရောဂါ၊ ဒါက ဗိုက်ကြီးရောဂါ၊ မတူဘူး''

''မမအေး ပြောမှပဲရှင်းတော့တယ်''

ပြိုင်ဘက်နှုတ်ခမ်းကို မဲ့ရွဲ့ရင်းပြောသည်။ မြစ်ဖျားအတွက် စိုးရိမ်ရခြင်းက သူ့အတွက်တော့ အမည်မရှိရောဂါ။ နေ့လည်း ဒီစိတ်၊ ညလည်း ဒီစိတ်။ မြစ်ဖျားကို စိတ်မချနိုင်အောင် အရိပ်တကြည့်ကြည့်ဖြစ်နေသည်။ ဒီလောက် တကြည့်ကြည့်လုပ်နေလို့လားမသိ။ မြစ်ဖျားဝမ်းဗိုက်က သိသာစွာ ရှုပ်ပွမို့တက်မလာသေး။ အခုပဲ သုံးလကျော်လာပြီ။ ပြိုင်ဘက်မေးတိုင်း မြစ်ဖျားက ရယ်ရယ်မောမောဖြင့်…

''အပျိုဗိုက်ဆိုတာ ဒီလိုပဲမောင်ရဲ့၊ ချက်ချင်းကြီး ဘယ်ထွက်ပါ့မလဲ၊ မမအေးပြောတာကတော့ ငါးလ၊ ခြောက်လလောက်မှ ဆိုလားပဲ''

''အာ…အဲဒီအချိန်ကျတော့ မောင် မမြင်ရတော့ဘူး၊ ကျစ် မြစ်ဖျားကလည်း မမအေးစကားကို သိပ်ယုံမနေစမ်းပါနဲ့၊ သူကလည်း ကလေးမွေးဖူးတာမဟုတ်ဘဲနဲ့၊ နောက်ပြီး စွဲငြိစကားလည်း မယုံနဲ့၊ သူက အမြဲတမ်း မောင်တို့ကြားမှာ ကဖျက်ကယက်လုပ်လာတာ''

''ငြိက အဲဒီလိုမဟုတ်ပါဘူး မောင်ရယ်၊ မောင်ထင်တာ မှားနေပြီ''





''ဘာမှမမှားဘူး၊ သူ့ကြောင့် မောင့်ကလေးကို အထိခိုက်အပွန်းပွဲမခံနိုင်ဘူး၊ ပြီးတော့ သူ့ကြောင့် ကိုဇေလတ်ကြီး သေသွားခဲ့တာလည်း ဒီနေ့အထိ မောင့်မျက်စိထဲက မထွက်ဘူး''

''မောင်က တယူသန်ကို စွဲနေတော့တာပဲကွာ၊ အဲဒါ ငြိ တမင်လုပ်တာမှ မဟုတ်တာ၊ သူတို့ချင်း ရန်ဖြစ်စကားများရင်း တိုက်ဆိုင်မှုတစ်ခုပါလို့ မောင့်ကို မြစ်ဖျား ဘယ်နှစ်ခါ ရှင်းပြရမလဲ''

မြစ်ဖျား လေသံတွေ မာလာပြီဆိုရင်တော့ ပြိုင်ဘက် သိသိသာသာ စကားလမ်းကြောင်းလွှဲပစ်သည်။ မြစ်ဖျားက စွဲငြိနှင့် ပတ်သက်လာလျှင် ဆတ်ဆတ်ထိမခံတတ်သူ။

''မောင်''

''ဟင်''

''ဘာတွေ အတွေးလွန်နေတာလဲ၊ ဒီမှာ မြစ်ဖျားထည့်ပေးထားတဲ့ ပစ္စည်းတွေကို လာစစ်ဦး၊ အဆင်ပြေရဲ့လား၊ စုံရဲ့လားလို့''

လပ်ဂေ့(ချ်)ထဲ စီစီရီရီထည့်ထားသော အဝတ်အစားတွေ။ ဆေးပုလင်းတွေနှင့် ပြိုင်ဘက်ရဲ့ တစ်ကိုယ်ရေတကာယသုံး ပစ္စည်းများက သေတ္တာထဲမှနေ၍ သူ့အား ပြုံးပြနေသယောင်။ ပြိုင်ဘက် သေတ္တာဘေး၌ ဝင်ထိုင်ရင်း မြစ်ဖျားပခုံးကို ဆွဲဖက်သည်။ မြစ်ဖျား ပြိုင်ဘက်ရင်ခွင်ထဲ အလိုက်သင့် မှီချတာကို ပွေ့ပိုက်ထားကာ မြစ်ဖျားနဖူးပြင်၌ သူ့ပါးအပ်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"မောင်…ဒီခရီးကို သွားတောင်မသွားချင်တော့ဘူး မြစ်ဖျားရယ်"

"အဲဒီလိုမတွေးပါနဲ့ မောင်ရယ်၊ ဆယ်လဆိုတဲ့ အချိန်က မရောက်ခင်သာ တွေးပြီး ရင်မောနေရတာ၊ တကယ်တမ်း ဖြတ်သန်းကြည့်ရင် ခဏလေးပါ၊ ပြီးတော့ မောင်ပဲပြောထားတာ၊ ဒီအလုပ်က မောင်ဝါသနာနဲ့လည်း လိုက်တယ်၊ စီးပွားရေးအရ လည်း ဖူလုံမှုရှိတယ်ဆို"

ပြိုင်ဘက်ရင်ခွင်ထဲမှ မြစ်ဖျားအပြောကြောင့် သူ နှုတ်ဆိတ်သွားသည်။ ဆောက်လုပ်ရေးကုမ္ပဏီတစ်ခု၌ သူ့ရာထူးက အိမ်အတွင်း အပြင်အဆင်ကို ဒီဇိုင်းထုတ်ပေးရသူ။ ပြိုင်ဘက်က ဒီဇိုင်းပညာရှင်ကြီးမဟုတ်ပေမဲ့ သူ ရေးဆွဲပေးသော ဒက်ကရေးရှင်းတွေက ဝယ်သူစိတ်ကြိုက်ဖြစ်တာမို့ အလုပ်ဝင်ပြီးစ သုံးလေးလ အတွင်းမှာပင် ရာထူးတွေတက်ကာ အခု ကိုရီးယားအထိ ဒီပညာကို သွားရောက်သင်ယူရန် ကုမ္ပဏီက ပံ့ပိုးပေးခဲ့သည်။ ပညာတော်သင်စေလွှတ်ခံပြီးမှ သူသိခွင့်ရတာက မြစ်ဖျားမှာ ရင်သွေးလေး ရှိလာခြင်း။

"ဘာတွေတွေးပြီး စိုးရိမ်နေပြန်တာလဲ မောင်"

မြစ်ဖျားက ပြိုင်ဘက်မေးဖျားကို သူမလက်ညှိုးလက်မနှင့် ဆွဲညှစ်ခါကာ မေးသောကြောင့် သူ သတိဝင်လာပြီး…

"မြစ်ဖျားကို စိတ်မချတဲ့အကြောင်း"





"မြစ်ဖျားကိုဆိုတာထက် ဗိုက်ထဲက မမြင်ရတဲ့ မောင့်ကလေးလေးကို မဟုတ်လား"

မြစ်ဖျားအသံက ဝန်တိုသလို၊ ငြူစူသလိုနှင့် ရှုအောင့်အောင့်။ ပြိုင်ဘက်က ကလေးနှင့်အပြိုင် အူပုပ်ချင်နေသော မြစ်ဖျားကို တင်းခနဲဆွဲဖက်ရင်း…

"အတူတူပေါ့၊ ဒါပေမဲ့ အဓိကအရေးကြီးတာ မြစ်ဖျားလေ၊ မြစ်ဖျားက မိခင်လောင်း၊ ပြီးတော့ ကိုယ့်ရဲ့အချစ်ရဆုံးသူ"

ဒီတော့မှ မြစ်ဖျားမျက်တောင်တွေ ပိတ်ကျတဲ့အထိ ပြုံးပြကာ…

"စိတ်ဖြောင့်ဖြောင့်သာသွား မောင်၊ မမအေးလည်း မြစ်ဖျားနားမှာ လာနေပေးနေပြီ၊ ပြီးတော့ ငြိလည်းရှိတယ်၊ မြစ်ဖျားအတွက် စိတ်မပူနဲ့"

အဲဒီ ငြိဆိုတာကြီးကို ပြိုင်ဘက် မကြိုက်ပေမဲ့ မြစ်ဖျားစိတ်အနှောင့်အယှက် ဖြစ်သွားမည်စိုး၍ ဘာမှထပ်မပြောတော့။ ပြိုင်ဘက်ရင်ထဲ အဓိကပူပင်နေရတဲ့ သူက အဲဒီစွဲငြိဆိုသော မိန်းမကြောင့်ဆိုလျှင်…

မနိုင်းကောင်း နှိုင်းကောင်း ဒီမိန်းမဟာ ပြိုင်ဘက်အတွက်တော့ ခေတ်သစ်မာရ်နတ်ပင်တည်း။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

အရာရာတိုင်း ပြိုင်ဘက် စိတ်ပူသလို ဖြစ်မလာခဲ့ပါ။ နိုင်ငံရပ်ခြားသို့ ရောက်နေပေမယ့် ပြိုင်ဘက်နဲ့မြစ်ဖျား တစ်နေ့မှ အဆက်အသွယ်မပြတ်ခဲ့။ ဖုန်းနဲ့စကားပြောသည်။ တစ်ပတ်တစ်ခါ VZO ထိုင်သည်။ ဒီကြားထဲ မီးပုံပျံအလား တစ်စထက်တစ်စ ရှုပုံလာသော မြစ်ဖျားရဲ့ ဗိုက်ဖုံးအင်္ကျီကားကားလေးများနှင့် ဓာတ်ပုံတွေကို သူရရှိခဲ့သည်။ ကလေးဆန်၍ ကြည်စင်သော စိတ်တို့၏ ရောင်ပြန်ဟပ်ခြင်း၊ မိခင်မေတ္တာရဲ့ အသွေးအရောင် စုံလင်ခြင်းတို့ဖြင့် မြစ်ဖျားကို သူ တစိမ့်စိမ့်ကြည့်မဝခဲ့။ ဓာတ်ပုံထဲ၌ တွေ့ရသော မြစ်ဖျားဝမ်းဗိုက်လေးကို လက်မနဲ့သာသာပွတ်သပ်ရင်း သားလေးလား၊ သမီးလေးလားဆိုကာ စိတ်ကူးတွေ တောင်ပံဖြန့်ရတာကလည်း ပြိုင်ဘက်မှာ မမောနိုင်မပန်းနိုင်။ မြစ်ဖျားကတော့ မေးရှာပါသည်။





"ဂျူးဒိတ်ကတော့ လိုသေးတယ်မောင်ရဲ့၊ ကြိုမေးထားတာ၊ မောင် သားလေးလိုချင်လား၊ သမီးလေးလိုချင်လားဟင်"

ပြိုင်ဘက်ဖုန်းကို နားနားကပ်ရင်း အောက်နှုတ်ခမ်းကို ဖိကိုက်ကာ ခဏစဉ်းစားပြီးမှ…

"ဘာလေးမွေးလာလာ ချစ်ရမှာပဲ မြစ်ဖျားရဲ၊ ကိုယ့်သားသမီးကိုး၊ ဒါပေမဲ့ မောင်တကယ်လိုချင်တာ ပြောရရင် မောင်က သားလေးလိုချင်တာ"

"သားလေး"

"အင်း…ဘာဖြစ်လို့လဲ၊ မြစ်ဖျား မကြိုက်လို့လား၊ အေးပေါ့နော်…မအေတွေအတွက်ကျတော့ သမီးမိန်းကလေးက အဖော်ရတာကိုး၊ မြစ်ဖျားက သမီးလေးလိုချင်တာမဟုတ်လား၊ မောင် ဒီကနေ မန်းပေးလိုက်မယ၊ ဥဳဖွ သမီးလေးဖြစ်စေဗျား"

ဖုန်းထဲမှ မြစ်ဖျားရယ်သံ တဟင်းဟင်းထွက်လာကာ…

"ဘယ်သူက သမီးလေးလိုချင်တယ်လို့ ပြောလို့လဲ မောင်ရဲ့"

"မသိဘူးလေကွာ၊ မြစ်ဖျားက သားလေးလို့ရှုတ်ပြီး ငြိမ်ကျသွားတော့"

"အဲဒါ အံ့ဩသွားတာ"

"ဘာကိုအံ့ဩတာလဲ"

"မောင်နဲ့ငြိနဲ့ စိတ်ချင်းတူနေတာကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျစ်"

ပြိုင်ဘက်နှုတ်ဖျားက ကျစ်ခနဲ စုပ်သတ်ဖြစ်တာ ငြီဆိုတဲ့ မိန်းမနဲ့သူ စိတ်ချင်းတူနေတာကို စိတ်ပျက်လွန်းလို့ပါ။ ဒီ ငြီဆိုသော စွဲငြိဟာ အမည်နဲ့လိုက်အောင် သူတို့မိသားစုအရေးမှာပင် လိုက်ငြိ နေတုန်းလား။

"မောင်"

"အင်း"

"ထူးသံကလည်း စိတ်မပါတဲ့အသံကြီးနဲ့၊ မြစ်ဖျားသိပြီး သားပါနော်၊ မောင် သားလေးလိုချင်မှန်း"

"စွဲငြိနဲ့တူနေမှန်းသိရင် ပြောင်းပြောပါတယ်"

"မောင့်ရဲ့စိတ်ကိုတော့ ပြောင်းပစ်လို့မရဘူးလေ၊ ဝယ်ပို့ သမျှ ကလေးအသုံးအဆောင်တွေက အကုန် ယောကျ်ားလေး ပစ္စည်းတွေချည်းပဲကို၊ ငြင်းမနေနဲ့"

မြစ်ဖျား ပြောတာအမှန်ပင်။ ပြိုင်ဘက်စိတ်ထဲမှာ သားစွဲ ပဲ စွဲနေလို့လားမသိ။ မျက်စိထဲ ဝင်လာသမျှ အင်္ကျီဘောင်းဘီတွေ ကလည်း ယောကျ်ားလေးဝတ်တွေချည်းပင်။ ကစားစရာဆိုလည်း မိန်းကလေးနှင့်ပတ်သက်တာ တစ်ခုမှမပါ။ သေနတ်တွေ၊ ကားတွေ၊ ဘောလုံးနှင့် ဂိမ်းစက်မျိုးစုံ။ ဒါတောင် မြစ်ဖျားက မနည်းတား ထားလို့။

"ကစားစရာတွေ တော်ပြီမောင်၊ ထပ်မပို့နဲ့တော့၊ ကလေး





အခန်းထဲမှာ ပုခက်တစ်ခုပဲ ချရသေးတယ်၊ ကျန်တာ ကစားစရာ တွေချည်း ပြွတ်သိပ်ညပ်နေတာ၊ ခြေချစရာနေရာတောင် မရှိတော့ ဘူး"

"မောင်ပို့ပေးတာတွေ အဲဒီလောက်များနေလို့လား၊ ထင်တောင်မထင်ဘူး"

"မောင်တစ်ယောက်တည်းမှ မဟုတ်တာ၊ ငြီပါပါတယ်၊ တွေ့တိုင်းကြုံတိုင်း ဝယ်လာပေးတာတွေက တပုံတပင်"

မြစ်ဖျား အဲဒီလိုပြောပြီးမှ…

"မောင်မေးလို့ ပြောတာနော်၊ နို့မို့ မြစ်ဖျားကပဲ ငြီကို စကားဝိုင်းထဲ ဆွဲထည့်တယ်ဖြစ်နေဦးမယ်"

ကိုယ့်စကားနဲ့ကိုယ် ချောင်ပိတ်သူမို့ ပြိုင်ဘက် ဘာတစ်ခွန်းမှ ပြန်မချေပနိုင်။ မြစ်ဖျားက ပြိုင်ဘက် ငြိမ်ကျသွှင် လိုရာဆွဲတွေးကာ…

"တကယ်ဆို ငြီအကြောင်း ဆွဲမပြောလည်း မောင်ရော မြစ်ဖျားပါ ငြီကို မေ့ထားလို့မှ မရတာ၊ မြစ်ဖျားတို့ဘဝရဲ့ တစ်စိတ် တစ်ဒေသမှာ ငြီက အရေးပါဆုံးလူ"

ကြုံကြိုက်တိုင်း မြစ်ဖျားက ပြိုင်ဘက်နှင့်စွဲငြိအကြား ရင်ကြားစေ့ပေးခဲ့သည်။ ပြိုင်ဘက်ကတော့ မြစ်ဖျားနှင့် အတိုက်အခံ မဖြစ်ချင်၍ ငြိမ်နေတာမျိုးရှိသည်။ စွဲငြိနှင့်တော့ ငြိမ်းချမ်းရေးမယူ လို။ ဒီလိုနှင့် စွဲငြိကို ဒေါသဖြစ်ရ၊ မြစ်ဖျားကို စိုးရိမ်ရနှင့် ပြိုင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သော နေ့သစ်က သူ့ထံ ဆိုက်မြိုက်စွာ ရောက်လာသည်။ အဲဒီနေ့က ကိုရီးယားနိုင်ငံရဲ့ ဆိုး(လ်)မြို့တော်မှ နှင်းတွေ ဖွေးဖွေးလှုပ်အောင် ကျနေသော မနက်ခင်း။ ပြိုင်ဘက် ချမ်းချမ်းနှင့် ဟီ(တ်)တာဖွင့်ရင်း ဂွမ်းစောင်ထူထူအောက် ကွေးနေချိန်မှာပဲ သူ့ဖုန်း မြည်လာခြင်းပင်။ သူ ကောက်ကိုင်ကြည့်တော့ မြန်မာပြည်ကဖုန်း။ တော်တန်ရုံဆို မြစ်ဖျားက ဖုန်းမခေါ်။ ကုန်ကျစရိတ်ကြီးလွန်း၍ ပြိုင်ဘက် အရင်စဆက်မှ ကိုင်တာမျိုး။ အခု မြစ်ဖျားထံမှဆိုတော့ စိုးရိမ်စိတ်က ပြိုင်ဘက်ရင်ကို ဒိုင်းနမိုက်လို ဒိုင်းခနဲပေါက်ကွဲတော့ နှလုံးအိမ်တည့်တည့်မှာ။ အိပ်နေရာက ချက်ချင်းထလိုက်ပြီး ဖုန်းအား နားထောင်သည်။

"ဟဲလို"

"ပြိုင်ဘက်လား"

ကြားရသောအသံရှင်က သူ့ရဲ့မြစ်ဖျားမဟုတ်။

"အင်း...ဟုတ်တယ် မမအေး၊ မြစ်ဖျား ဘာဖြစ်လို့လဲ၊ မြစ်ဖျား တစ်ခုခုဖြစ်လို့လားဟင် မမအေး"

ပြိုင်ဘက်အသံက အလောတကြီးနိုင်စွာ။

"အေး...ဖြစ်တာကတော့ အကြီးကြီးပဲဟေ့၊ နင့်ရဲ့မြစ်ဖျား စဖူးကွဲသွားပြီ"

"ဗျာ"

ရုတ်တရက်မို့ ပြိုင်ဘက်မှာ ဆိုလိုရင်းကို နားမလည်။





မမအေးကလည်း သူနားလည်အောင် မရှင်း။

"ဒီမနက်ခြောက်နာရီက ကြာသပတေးသား၊ နင့်ကို ဘယ်လောက်ချစ်ကြောင်း သက်သေပြလိုက်တာလေ၊ ဟွန်း... ယောကျ်ားလေးဟေ့၊ မအေရော ကလေးပါ ကျန်းမာတယ်၊ ဒါပဲ"

ပြိုင်ဘက် ဘာမှမပြောနိုင်ခင် တစ်ဖက်က ဖုန်းချသွားပြီ။ ဖုန်းကြီးကိုင်ကာ ငေါင်တောင်တောင်ဖြစ်နေရာမှ ပြိုင်ဘက် ဖုန်းကို တလှည့်လှည့်ကြည့်ရင်း...

"ကြာသပတေးသား၊ ယောကျ်ားလေး၊ မအေရောကလေးပါ ကျန်းမာတယ်၊ ဟင်"

အစအဆုံး ပြန်ရွတ်ပြီးမှ ပြိုင်ဘက်နှုတ်ဖျား အာမေဍိတ်သံ ထွက်သွားသည်။ အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ကြည်နူးခြင်းတွေ ပြိုင်ဘက်သွေးကြောထဲ တရစပ် တိုးဝင်ကာ နှလုံးအိမ်ဆီ ခပ်ပြင်းပြင်း ရိုက်ခတ်ပြီးနောက်...

"သား...သား၊ ငါ့သားလေး မွေးပြီ"

ဝမ်းသာအားရအော်ကာ အိပ်ရာထဲ ပြိုင်ဘက်တစ်ယောက်တည်း ဂျွမ်းထိုးပစ်တာ ဘယ်နှပတ်မှန်းမသိ။ မူးရမှန်း မောရမှန်း မသိ။ ပြိုင်ဘက်စိတ်ဇောအလျင်မှာ သားဆိုတဲ့ပီတိက ဖုံးလွှမ်းလို့။ ထိုခဏမှာပဲ အဆုံးမဲ့မေတ္တာတရားကို သူ သိမ်းပိုက်ခွင့်ရခဲ့တာ အမှန်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"မြေးရေ…လာပါဦးဟေ့၊ ဘွားဘွားဆီကို၊ အမလေးတော် ငါ့မြေးတစ်ကိုယ်လုံး မွှေးကြိုင်နေပါလား၊ အေး…အေးဟုတ်ပါ့တော်၊ ဟုတ်ပါ့၊ မေမေကြီးက အမွှေးအကြိုင်တွေလည်းလုပ်ပေးထားတာကိုး၊ အင်း အဲဒါကြောင့် ဘွားဘွားမြေးကို နမ်းမဝဖြစ်နေတာ"

"အာ…တအားကြီးဖိမနမ်းပါနဲ့ ခင်ရာ၊ ကလေးအသားက နုနုဖြူဖြူလေး၊ မင်းအနမ်းကြောင့် သွေးခြေဥသွားပါဦးမယ်၊ အေး ဟုတ်တယ်နော်၊ မြေးပါးလေးတွေ နာသွားပြီ၊ ဘွားဘွားတော်တော်ဆိုး၊ တွေ့လား ခင်၊ မင်းမြေးက သူ့ပါးကို ပွတ်ပြနေတာ"

"တွေ့ပါ့တော်၊ ဘိုးအေက သည်းပြတာနဲ့ သူက"

"အေး…လာ…လာ၊ ကလေးက သူ့ဆီမှာ မနေချင်





တော့ဘူး၊ ဟား…ဟား"

အဘိုးအဘွားလက်ထဲမှာ ကူးချည်သန်းချည်လုပ်နေတဲ့သားကလေးက အဖြူရောင်ကုတ်၊ အဖြူရောင် စတိုင်ပင်(န်)၊ အနီပေါ် အဖြူစင်းပါတဲ့ လည်စည်း၊ အနက်ရောင် ရှူးဖိနပ်တို့ဖြင့် သပ်ရပ်စွာ ချစ်စဖွယ်ကောင်းနေသည်။ မြစ်ဖျားက အဘိုးအဘွားလက်ထဲ ပြုံးပျော်နေတဲ့သားကို ငေးရင်းက…

"အိမ်ထဲဝင်လေ မေမေ၊ သားတစ်နှစ်ပြည့်နဲ့ ကင်ပွန်းတပ်ပွဲအတွက် ရင်းနှီးတဲ့လူတွေလောက်ပဲ ဖိတ်တာ၊ နို့စိမ်းခေါက်ဆွဲချက်ထားတယ်၊ မေမေနဲ့ဖေဖေပါ စားလို့ရအောင်လို့"

"အေး…အေး သမီးရေ၊ နို့စိမ်းခေါက်ဆွဲဆိုရင်တော့ ညည်းအဖေက အသည်းစွဲ၊ ဒါနဲ့ ပြိုင်ဘက်ရော သမီး၊ ဒီကလေးပျောက်နေပါလား"

ဒေါ်ခင်ခင်မိုး အိမ်ထဲလှမ်းဝင်ရင်း သားတော်မောင်ကိုမျက်လုံးဝေ့ရှာကာ မေးသည်။ ထင်ရာလုပ်ပြီး မိဘကို တစ်စက်ကလေးမှ ငဲ့မကြည့်သော သားကို စိတ်နာပေမဲ့ မြေးလေးရလာတဲ့အချိန်မှာ ရင်ထဲကအနာက ကျေပျောက်ပြီ။ ကိုယ့်မြေးကိုပိုက်ပြီးသားကပါ လာပြန်ကန်တော့သည်ဆိုတဲ့အခါ မာနကြိုးကိုတင်းမထားနိုင်တော့။ သားအချစ် မြေးအနှစ်ဆိုသော စကားအောက်မှာ တင်းသမျှ အချစ်လွန်အတ္တသည် အရည်ပျော်ခြင်းအဖြစ်သို့ရောက်ရှိသွားပြီ။ ကြည်ဖြူခြင်းမရှိတဲ့ ချွေးမကိုလည်း အသနား



www.burmeseclassic.com

www.burmeseclassic.com



ပို လိုက်လျှောမိတာ ဒီမြေးလေးကြောင့်ပင်။ ကိုယ့်သားရပ်ရည် အတိုင်း မွေးထားပေးတဲ့ မြေးမိခင်ကို မြေးကိုချစ်သလို ချစ်ရမှာ မဟုတ်ဘူးလား။ မြစ်ဖျားကတော့ ဒေါ်ခင်ခင်မိုးအနားမှ ကပ်လိုက်လာရင်း

"မေမေ့သားက ဘုန်းကြီးတွေကြွတာကို ပြန်လိုက်ပို့တာ ပါ"

"သြော်…အေး…အေး၊ မေမေက မတွေ့လို့မေးတာပါ၊ ဟိုမြေးအကိုး ခြံထဲအခုချိန်ထိ မတက်လာသေးဘူးတွေ့လား"

"လာပါလိမ့်မယ် မေမေရဲ့၊ မေမေ စားတော့မလားဟင်၊ ကောင်မလေးတွေကို ခေါက်ဆွဲပြင်ခိုင်းလိုက်မယ်"

နို့စိမ်းရောင်ပါတိတ်က ဝမ်းဆက်ဆိုပေမဲ့ ချုပ်ထားတဲ့ပုံစံ က ရိုးရိုးကြီးမဟုတ်။ လည်ပင်းဟိုက်ချထားတာလည်း မရိုးမယဉ်၊ မှာ လက်မောင်းရင်းနားက လက်စည်းအဖောင်းလေးနှင့်။ မြစ်ဖျား က ကျောလယ်လောက်ရှိသည့် ဆံပင်အဖြောင့်တို့အား ခေါင်းစည်း ကြိုးမွမွလေးနှင့် စည်းထားသည်။ ရွှေကြိုးမျှင်မျှင်အား စိန်လော့ ကက်နှင့် ဆွဲထားပြီး တခြားလက်ဝတ်လက်စား ဘာမှမရှိရှာသော ချွေးမဖြစ်သူကို ဒေါ်ခင်ခင်မိုးက အသာစိုက်ကြည့်နေမိသည်။ သားနှင့် လက်ထပ်မယ်ဆိုတုန်းက သဘောမတူခဲ့တာဟာ မိဘမျိုးရိုး ကြောင့်လို့ အစွဲရှိပေမဲ့ တကယ်တမ်း ပတ်သက်ဆက်နွယ်ရသော အခါ မြစ်ဖျားရဲ့ အကြည်ရောင်စိတ်ဓာတ်လေးကို တွေ့လာသည်။ ပစ္စည်းဥစ္စာ တပ်မက်ခြင်းမရှိ။ အိမ်ထောင်မှုနိုင်နင်းပြီး လင်ကို





ဘုရား၊ သားကိုသခင်အဖြစ် ကိုးကွယ်သည့် မိန်းကလေးမျိုး။

"လစာက မင်း ဒေါ်လာနဲ့တောင်ရတာဆို ပြိုင်ဘက် ရယ်၊ ကိုယ့်မိန်းမအတွက် လက်ဝတ်လက်စားဆိုတာ စုဆောင်းပြီး ဆင်ဦး၊ ဝမ်းဝရုံ ခါးလှရုံနဲ့တော့ အိမ်ထောင်ဦးစီးကောင်း မပီသဘူး နော် သား"

သားဖြစ်သူကို တစ်ခါက တိုးတိုးကျိတ်ကျိတ် ဆူဖူးသည်။ ပြိုင်ဘက်ကတော့ ထုံးစံအတိုင်း မလိမ္မာသောအကျင့်က ခေါင်းထောင်ထလာကာ…

"မေမေ့ချွေးမကိုက အဲဒါတွေထက် သူ့သားပဲ အာရုံ ရောက်နေတာ မေမေရေ့၊ အခုလည်း တိုက်ခန်းပါရောင်းပြီး စုထား တဲ့ငွေနဲ့ဖြည့်၊ ဒီခြံနဲ့တိုက်ကိုဝယ်တာ၊ သူစုသမျှက ခြံနဲ့တိုက်က သားအတွက်တဲ့"

"သမီးက ဘာလို့ ဒီလောက် ခြံကျယ်ကျယ်လိုချင်နေတာ လဲ၊ ဒီတိုက်ခန်းလည်း မင်းတို့မိသားစု အဆင်ပြေနေတာမဟုတ် လား"

"သူ့သား ကျယ်ကျယ်ပြန့်ပြန့် ဆော့ရအောင်တဲ့ ဖေဖေ ရေ၊ မြေဓာတ်လည်းရအောင်ဆိုပြီး မစားရက်မသောက်ရက်နဲ့စုတာ၊ သူ့ဝမ်းတောင် သူ မသဒ္ဓါဘူး"

မြစ်ဖျားအကြောင်း သားဆီကကြားရတော့ စိတ်ထဲ မကောင်းပေ။ အခုလည်း အလှူအတန်းသာလုပ်တယ်၊ စိန်ရောင်



www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင် တောက်တောက်ပပမရှိသောအခါ ဒေါ်ခင်ခင်မိုးစိတ်ထဲ မကောင်းလှ။ ကိုယ့်အတွာနှင့်ကိုယ်ပေမဲ့ ဒေါ်ခင်ခင်မိုးတို့က ဆင်းတောင့်ဆင်းရဲမှ မဟုတ်တာ။ နဂိုက မိဘမဲ့ဆိုပြီး ငြိုငြင်ရသမျှ အခုတော့ မိဘမရှိလို့ဆိုပြီး အသနားပိုရပြန်၏။ ဒေါ်ခင်ခင်မိုး လက်ကိုင်အိတ်ကို ဖွင့်ပြီး အတွင်းမှ ကတ္တီပါဗူးကို ထုတ်ယူကာ

"မြစ်ဖျား"

"ရှင်…မေမေ"

ချွေးမဆိုပေမယ့် မြစ်ဖျားက ဒေါ်ခင်ခင်မိုးကို မိခင်လို ချစ်သူ။

ခေါ်တာနှင့် နာခံပြီးသား ရိုကျိုးရပ်သွင်ကို ဒေါ်ခင်ခင်မိုး ကရုဏာသက်စွာကြည့်ရင်း လက်ထဲက ဗူးကို ကမ်းပေးသည်။

"ဘာလဲ မေမေ"

"သမီးအတွက် မေမေ့ရဲ့ မင်္ဂလာလက်ဖွဲ့ပါ"

"ရှင်"

"မြေးတစ်နှစ်အရွယ်ရောက်မှ ပေးရပေမဲ့ သမီးအတွက်လို့ မေမေ အစောကြီးကတည်းက ရည်စူးခဲ့ပြီးသားပါ"

ဗူးကိုကိုင်ထားသော မြစ်ဖျားလက်တွေ တဆတ်ဆတ်တုန် ယင်လာသည်။ ဝမ်းသာစိတ်ကြောင့် ဝေ့လာသောမျက်ရည်က ကြည်နူးခြင်းကို အခြေခံလျက်။

"ဖွင့်ကြည့်လိုက် သမီး"





ဒေါ်ခင်ခင်မိုးစကားကြောင့် သေတ္တာငယ်ကလေးကိုဖွင့်ပြီး မြစ်ဖျား ကြည့်သည်။ အတွင်းမှာ အရောင်တဖျပ်ဖျပ်တောက်နေသော စိန်တစ်ဆင်စာနှင့် ပတ္တမြားတစ်ဆင်စာက နှေအလင်းရောင်အောက်မှာ လက်လက်ကိုထလို့။

"မေမေရယ်…မြစ်ဖျား ဒါတွေကို မမက်မောရိုးအမှန်ပါ၊ ဒါပေမဲ့ မေမေ့ရဲ့ အသိအမှတ်ပြုမှုကို ရတဲ့အတွက် မြစ်ဖျား အရမ်းဝမ်းသာပါတယ်၊ တကယ်တော့ မြစ်ဖျားနဲ့ ဒီပစ္စည်းတွေက မထိုက်တန်ပါဘူး မေမေ၊ ဟို မေမေပဲ ပြန်သိမ်းထားပါ"

မြစ်ဖျား ပြန်ကမ်းပေးလာတဲ့ သေတ္တာကို ဒေါ်ခင်ခင်မိုးက လက်ကာတားရင်း…

"သမီးကိုပေးတာပါ၊ သမီးသိမ်းမှပေါ့၊ ဟော အိမ်ရှေ့က ကားဟွန်းသံကြားတယ်၊ သားပြန်လာပြီနဲ့တူတယ်၊ သွားကြိုလိုက်ဦး၊ သွား…သွား"

ချွေးမဖြစ်သူ ဘာမှဆက်မပြောနိုင်အောင် သားရှိရာသို့ တွန်းတွန်းထိုးထိုး လုပ်လိုက်၍ အိမ်ရှေ့ပြေးထွက်သွားသော ချွေးမကို ငေးရင်း ဒေါ်ခင်ခင်မိုး သက်ပြင်းရှိုက်သည်။ သားက ချစ်ပြီဆိုမှတော့ ကိုယ်ကပါ စောင့်ရှောက်ရမှာ ကိုယ့်ဝတ္တရားမို့။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"ငြိတွယ်တဲ့၊ မင်းနာမည်လည်း မပါပါလား ဖြိုင်ဘက်ရ"

"ဟော့ကောင်…ငါ့နာမည်မပါလည်း သားက ငါ့သားမှန်းသိပြီးသား၊ ဒီလောက် ချွတ်စွပ်တူနေတာ"

"အေးကွ၊ မြစ်ဖျားနဲ့လည်းတူတာပဲ"

"ဘယ်နေရာတူလို့လဲ ပြေကျော်ရာ၊ ဖြိုင်ဘက်နဲ့ မျက်နှာကျပုံကအစ၊ မျက်လုံးမျက်ခုံးတူတာပါ"

"ဟိုမှာလေ၊ ငြိတွယ် ရယ်လိုက်ရင် ဘေးပါးတစ်ဖက်မှာ ပါးချိုင့်လေး ထင်းခနဲပေါ်လာတာ"

ညှို့သည့်တွေလည်း ရှင်းသွားပြီ။ ခြံထဲမှာ ဖေဖေတို့ရယ်၊ သူနှင့်ပြေကျော်၊ ရန်ကြီးရယ်နှင့် မြစ်ဖျားနဲ့သားရယ်။ ဒါပေမဲ့တစ်ဝိုင်းစီ။ သူတို့က မြက်ခင်းစိမ်းစိမ်းဘေးရှိ ခုံတန်းပေါ်မှာထိုင်နေ





ပြီး ဖေဖေတို့က မြစ်ဖျားနဲ့သားရဲ့ အနားမှာ။ သူတို့မြေး ဆော့ကစားပုံကိုကြည့်ပြီး တဝါးဝါးတဟားဟား ကြည့်နေစဉ်မှာပဲ မြစ်ဖျားကသားကို ဆွဲခနဲပေါင်ပေါ်ကောက်ချီရင်း…

"သားရေ…ဖေဖေဘယ်မှာလဲ ရှာပြပါဦး"

"ဟို…မှာ"

သားက မပီတပီပြောရင်း ဖြိုင်ဘက်ထံ လက်ညှိုးလှမ်းထိုးသည်။

"မေမေကရော"

"ဒီမှာ"

"ကဲ…ဘိုးဘိုးနဲ့ဘွားဘွား"

"ဒီ…မှာ"

သားက တစ်ယောက်ချင်းစီကို လက်ညှိုးထိုးပြတော့ အားလုံး သဘောတကျ ရယ်သံတွေက အုန်းခနဲ။

"မြစ်ဖျားက သူ့သားနားကကို မခွာဘူးနော်၊ ငါတို့တောင်အဝေးက ပြုံးပြနှုတ်ဆက်ရုံပဲ"

"မင်းကို အမြင်ကတ်လို့နေမှာ"

ပြေကျော်က ပက်ခနဲထပြောတော့ ရန်ကြီးက သူ့အပြစ်သူသိသလိုမျိုး အဟီးခနဲရယ်သည်။ ပြီးမှ ဖြိုင်ဘက်ထံ မျက်နှာငယ်လေးနှင့် လှမ်းကြည့်ကာ…

"အဲဒီတုန်းက ငါက ရိုးရိုးမြှောက်ချီတာပါကွာ၊ ကလေး



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ပါစေဆိုပြီး ခြောက်တာမျိုးမဟုတ်ပါဘူး၊ ဒါပေမဲ့ ကလေး ကငိုတော့ မြစ်ဖျား ငါ့ဆီပြေးလာတာ ဒုန်းစိုင်းပဲ၊ ပြီးတော့ ကလေး ကိုဆွဲချီပြီး ငါ့ကို စားမတတ်ဝါးမတတ်ကြည့်တာ"

ရန်ကြီးကပြောရင်း ကြက်သီးထသလို ပခုံးတွန့်သည်။

"အခုပြန်တွေး အခုကြောက်တယ်"

ပြိုင်ဘက်ကတော့ သားကို လက်ပေါ်က မချစတမ်း ချော့မြူဆော့ကစားနေတဲ့ မြစ်ဖျားထံ လှမ်းကြည့်ရင်း...

"မြစ်ဖျားက သူ့သားနဲ့ပတ်သက်ရင် ငါ့တောင်စိတ်ချတာ မဟုတ်ဘူးကွ၊ အစိုးရိမ်လည်း အရမ်းကြီးတာ၊ သူ့သားလေး တစ်ခုခု ထိခိုက်သွားမှာ၊ နာကျင်သွားမှာကို အဖြစ်မခံနိုင်တာ၊ အရိပ်တကြည့်ကြည့်နဲ့ကို ဖြစ်နေတာ၊ ဒီအရွယ် မတ်တပ်စမ်းစ တောင် လွှတ်မပေးတာကြည့်၊ သူက ဘေးကနေ တကိုင်ကိုင်နဲ့"

"ကြည့်လည်းလုပ် ဟေ့ကောင်၊ မင်းမိန်းမဖျက်လို့ ငြိတွယ်လေး နွံ့သွားဦးမယ်"

ရန်ကြီးက ဝင်ပြောသည်။ ထိုအခိုက်မှာပဲ အိမ်ထဲမှ အဖော် ခေါ်လာသော တူးမာကထွက်လာပြီး...

"အစ်ကိုကြီးဖုန်း...မမမြစ်ဖျားတဲ့"

လက်ထဲက ကော့လက်(တ်)ကို မြှောက်ကာပြောသည်။

"ဘယ်သူတဲ့လဲ"

"နိုင်ငံခြားကခေါ်တာ၊ မမစွဲငြိတဲ့"

စိုး၊မိုး၊၈၁၄၀



ပြိုင်ဘက်နှင့် တူးမာရဲ့ အမေးအဖြေကို မြစ်ဖျား ကြားသွား ဟန်တူသည်။

"တူးမာ...ဖုန်းလာပေး၊ ဒီမှာ သားကိုကြည့်လိုက်"

တူးမာလက်ထဲက ဖုန်းကိုယူပြီး ထွက်သွားတာ လူရှင်း သော ရေကူးကန်စပ်ဆီ။ စွဲငြိဆိုတာနှင့် ပြိုင်ဘက်ရင်ထဲက အန္တရာယ်အချက်ပေးခေါင်းလောင်းက မြည်လာသည်။ ဒီမိန်းမရဲ့ အရိပ်က အခုထိ မြစ်ဖျား မလွှတ်မြောက်နိုင်သေးဘူးလား။ မေးခွန်း နှင့်အတူ ခြေလှမ်းတို့က မြစ်ဖျားနောက်သို့ လိုက်ပါသွားသည်။ ရှေ့ပန်းရုံအကွယ်တွင် ဖုန်းပြောနေသော မြစ်ဖျား။ ရိုင်းတယ်ပဲ ပြောပြော၊ ပြိုင်ဘက်က ရောက်တဲ့နေရာမှာ ခြေစုံရပ်၍ နားစွင့် သည်။

"အင်း...တစ်နှစ်ပြည့်ပြီ ငြိရယ်၊ နင်လာခဲ့လေ၊ လုပ်တယ် မွေးနေ့၊ လက်ဆောင် နင်ပို့လိုက်တဲ့လား၊ မလိုပါဘူး ငြိရဲ့၊ တစ်လ တစ်ခါ နင်ပို့ပေးတဲ့ လက်ဆောင်တွေတောင် သားအခန်းမှာ ပုံနေ တာ၊ ပြန်လာတော့လေ ငြိရယ်၊ ငါ နင့်ကိုလွမ်းလှပြီ၊ ပြီးတော့ သားနဲ့လည်း နင့်ကို ပေးတွေ့ချင်တယ်"

ပြောရင်း မြစ်ဖျားအသံက ငိုသံစွက်လာ၏။ ပခုံးသားတွေ ပါ တုန်တုန်ခိုက်ခိုက် ဖြစ်လာတာမြင်တော့ ပြိုင်ဘက် စိတ်မ ကောင်း။ စွဲငြိမှာ မြစ်ဖျားအပေါ် ဒီနေ့အထိ ငိုစေ ရယ်စေ အစွမ်း နဲ့ ညှို့ထားတာကို သူအမုန်းဆုံး။ ပြိုင်ဘက် ဆတ်ခနဲကျော့ခိုင်းကာ

စိုး၊မိုး၊၈၁၄၀

www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်ခဲ့သည်။ မြစ်ဖျားက ဘေးနားမှာ ပြိုင်ဘက်လို ယောကျ်ားကြီးတစ်ယောက်လုံးရှိတာတောင် စွဲငြိကိုကျော်ပြီး အလွမ်းသယ်နေတဲ့ မြစ်ဖျားကို သူမချော့ချင်တော့။ ဒေါသဒိုင်းနမိုက်က မြစ်ဖျားထံ ပေါက်ကွဲလို့မရသောအခါ ရေခြားမြေခြားရောက်နေသော ညို့နိုင်လွန်းတဲ့ စွဲငြိဆိုတဲ့ သူမထံ ဒိုင်းခနဲ။

''အို…ခန်းဆီးချည်း အသစ်လဲလို့မရဘူးလေ၊ ဆိုဖာစွပ်တဲ့ဇာတွေပါ အရောင်တူအကုန်လဲ၊ ပြီးတော့ ဝရန်တာနားက ထောင့်ခန်းကို သေချာရှင်း၊ အဲဒီအခန်းအတွက် မွေ့ယာခင်းကအစ ခန်းဆီးလိုက်ကာ အားလုံးအရောင်ရင့်ပဲ ဖြစ်ပါစေနော်''

''ဟို…မမမြစ်ဖျား''

''ပြော…ဘာလဲ''

''အရောင်ရင့်ဆိုတော့ ဘယ်အရောင်ကို သုံးရမလဲလို့ မေးမလို့ပါ''

''ဟယ်…ငါခေါက်လိုက်ရ''

မြစ်ဖျားလက်က ခေါင်းကိုဝဲသွားတော့ တူးမာက ဇက်ကလေးပုပြီး မျက်လုံးလေးပါ မှိတ်ဝင်သွားတာ ကြောက်လန့်တကြား။ ဒါမျိုးတွေ့ရပြန်တော့ နဂိုကတည်းက သနားကြင်နာစိတ်ရှိသူ မြစ်ဖျား ရည်ရွယ်ထားသမျှ လေထဲပျောက်ကုန်ကာ။

''ဒီအရွယ်ရောက်ပြီ၊ အရောင်အနုအရင့်ကို မခွဲခြားနိုင်ဘူးလား၊ တကတည်း ခရမ်းရင့်ရောင်ကို အနားက ရွှေခြည်တွေနဲ့





ကွပ်ထားတဲ့ အိပ်ယာခင်းလေ၊ မနေ့ကမှ ရှော့ပင်(န်)ထွက်ရင်း ဝယ်လာဟာ၊ လိုက်ကာတွေပါ အကုန်ဆင်တူ၊ အားလုံးလဲတပ်သွား''

''ဟုတ်…မမမြစ်ဖျား''

''အလုံး''

''ရှိတယ် မမမြစ်ဖျား၊ ဟင်းအိုးဆီသပ်နေလို့''

''အေး…ပြီးရင် ဒီလာခဲ့၊ သားအတွက် ပေါင်မုန့်ပါ တစ်ခါတည်းဆွဲခဲ့၊ ငါမီးကင်ပြီး ထောပတ်သုတ်မလို့''

မြစ်ဖျားက ထမင်းစားစားပွဲပေါ် ,ကော်ဖီအိုးကို ပူမပူ လက်ဖမိုးနဲ့စမ်း။ မောင့်အတွက် မုန့်ဟင်းခါးကို ဟင်းရည်မထည့်ဘဲ ပန်းကန်ထဲ အသင့်ပြင်ထားကာ အသီးအနှံပန်းကန်ထဲ ငှက်ပျောသီး၊ ပန်းသီးတို့ကို လှပအောင် စီထည့်ရင်း မီးဖိုခန်းဆီ လည်ပင်းရှည်ကာ လှမ်းအော်ရ၏။ လက်ကလည်း အအားမနေဘဲ သားအတွက် အိုဗာတင်းပါ ဖျော်ရတာ ဇယ်ဆက်သလို။ သားက ဘယ်ဖျော်ရည်ပဲဖြစ်ဖြစ် ပူကျွပ်နေရင် မစားမသောက်ဘဲ ထသွားတတ်တဲ့ အကျင့်ရှိသည်။ အဲဒါ ဟိုးငယ်စဉ်ကတည်းက နို့ဗူးတိုက်ရင်တောင် ခပ်နွေးနွေးမှ၊ အေးသွားပြန်ရင်လည်း စိတ်ကောက်ပြီး ဗူးကို ကိုင်ပေါက်လွှင့်ပစ်တတ်တဲ့ကလေး။ ဖျော်ရင်း အတွေးစိတ်ကြောင့် မြစ်ဖျားနှုတ်ခမ်းမှာ ပြုံးရိပ်ထင်သည်။ ကိုယ်ကသာ အတိတ်ဆီတစ်ပတ် လည်လျှောက်ပြီးပြီ။ အားလုံးက အခုထိ ပေါ်မလာ။



www.burmeseclassic.com

www.burmeseclassic.com



''အလုံး''

မြစ်ဖျား ဆောင့်ခေါ်တော့ အသံက ဟိန်းခနဲ။

''လာပြီ မမမြစ်ဖျား''

အပြေးကလေးလာတဲ့ အလုံးလက်ထဲက ပေါင်မုန့်ထုပ်ကို မြစ်ဖျား ဆွဲယူသည်။ အလုံးကတော့ မျက်နှာလုပ်ချင်စေဖြင့်…

''အလုံးလုပ်လိုက်မယ်လေ မမမြစ်ဖျား၊ ပေး…ပေး အလုံးကို''

''အောင်မလေး…အေးအေးနေပါ မယ်မင်းကြီးမရယ်၊ ညည်းပေါင်မုန့်မီးကင်လို့ကတော့ ပေါင်မုန့်ခမျာ မည်းတူးပြီး မီးသွေးတုံးဘဝ ရောက်မှာပဲ၊ သွား မီးဖိုထဲကို၊ သားထမင်းဗူးအတွက် ပြင်တော့''

''အား…ဆူညံနေတာပါလား၊ မြစ်ဖျား မောင့်မိန်းမ ဘာတွေလုပ်''

''အယ်…မောင် နိုးလာပြီ''

ဖြိုင်ဘက်က ထမင်းစားခန်းထဲဝင်ရင်း နှုတ်ဆက်တော့ မြစ်ဖျားအပြုံးနှင့်ပင် လှမ်းမေးကာ ထုံးစံအတိုင်း အာရုံက သူ့မသားအတွက် ပေါင်မုန့်မီးကင်မှာ။ နောက်ကကြည့်လျှင် ရင်သည်ရင်အတိုင်း၊ ခါးသည်ခါးအတိုင်း မှိုမောက်ရှိက်ဝန်းအားလုံးက သံလိုက်ထက် ဆွဲအားပြင်းနေတာမို့ ဖြိုင်ဘက် မြစ်ဖျားခါးလေးကို နောက်မှ သိမ်းပွေ့ရင်း လည်ကုပ်သားဝင်းဝင်းလေးကို ဖျတ်ခနဲနမ်းကာ…





''အိပ်ခန်းအသစ်တွေ ပြင်နေသံကြားတယ်၊ ဘာလဲမိန်းမ ဧည့်သည်လာမှာမို့လား''

''အင်း…ဟုတ်တယ် မောင်၊ မြစ်ဖျားတို့အိမ်အတွက် အထူးဧည့်သည်''

မြစ်ဖျားက မီးကင်ပြီးသား ပေါင်မုန့်တွေကို ပန်းကန်ထဲထည့်ရင်း ဖြိုင်ဘက်ဘက် လှည့်ပြောသည်။ ဖြိုင်ဘက်က မြစ်ဖျား စကားအတိုင်း သံယောင်လိုက်ကာ…

''အထူးဧည့်သည်''

ဟု ရေရွတ်သည်။ မျက်နှာသစ်ပြီးစ ရေစက်တွေနဲ့ သီးထနေသော မောင့်မျက်နှာချောချောကို မြစ်ဖျား အသာငေးကြည့်နေမိသည်။ မောင့်မျက်နှာဟာ ဘယ်အချိန်ကြည့်ကြည့် ထိုင်ငေးချင်စရာကောင်းသော ဆွဲငင်အားတွေအပြည့်။ ဟိုး ကျောင်းသားဘဝကလို ဆံပင်က တိုကပ်ကပ်ထောင်ထောင်လေး မဟုတ်တော့ဘဲ ကုတ်ထောက်ထားတဲ့ ဆံပင်ရှည်တွေကို နဖူးမှနောက်သို့ လှန်သိမ်းတင်ထားတာမျိုး။ ထို့ကြောင့် မျက်နှာရှိ အစိတ်အပိုင်းတွေက အကုန်ပေါ်လွင်ထင်ရှားသည့်ကြားမှ ရင့်ကျက်ခြင်းပါ ဖြည့်စွက်သော်အခါ။

''ဟာ…ဒီမိန်းမ ငေးလှချည်လား၊ ကိုယ့်ယောကျ်ားကို မမြင်ဖူးတာ ကျနေတာပဲ''

''အင်း…အဟင်း၊ ဆောရီး မောင်''

မြစ်ဖျားမျက်နှာနီနီနဲ့ မျက်လွှာချပြီး ဖြိုင်ဘက်ကို ကျွေးရောင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတာက ဟိုးသမီးရည်းစားဘဝက ရှက်သွေးဖျန်းသလိုမျိုး။ ပြိုင်ဘက်က မြစ်ဖျားနောက်ကလိုက်ရင်း မြစ်ဖျား လှုပ်ရှားသမျှ မျက်တောင်မခတ်ကြည့်ကာ…

"မောင်မေးတာ မဖြေသေးဘူးနော်၊ ညည့်သည်ဆိုတာ မမအေးလား"

"ဟင်"

မြစ်ဖျားရင်ထဲ ထိတ်ခနဲဖြစ်သွားသော ရင်ခုန်သံကြောင့် လှုပ်ရှားမှုတွေ အကုန်နှေးကုန်၏။ ရုတ်တရက် လူက ချွေးစေးတွေ ပျံ့ထွက်လာသလို ခံစားရပြီး ရင်တွေတုန်လာကာ ကိုင်ထားသမျှ အရာတိုင်း လက်ထဲမမြဲချင်။

"မောင်ထင်ပါတယ်၊ မမအေးပဲလို့၊ သားကိုမွေးပြီး ကတည်းက ပျောက်သွားလိုက်တာ၊ သားတစ်သက်ရှိပြီနော် မြစ်ဖျား၊ ဘာလဲ အိမ်ထောင်တွေဘာတွေ ကျနေပြီတဲ့လား"

"အင်း…ဟို လာမှာ မမအေးမဟုတ်ဘူး မောင်"

ထူးဆန်းစွာ မြစ်ဖျားမျက်နှာမော့ကြည့်တော့ ချွေးစေးတွေ စို့ထွက်ပြီး ဖြူရော်ရော်နှင့်။ ပြိုင်ဘက်က ထိုင်နေရာမှ ဖျတ်ခနဲထရပ်ကာ မြစ်ဖျားပခုံးလေးကို ဖေးကိုင်ရင်း…

"ဘာဖြစ်နေတာလဲ မြစ်ဖျား၊ နေကောင်းရဲ့လား"

"ကောင်းပါတယ်မောင်ရဲ့"

ပြိုင်ဘက်အမေးကို မြစ်ဖျား ပြန်ဖြေရင်း အနီးရှိ ခုံတစ်ခု





မှာ ဝင်ထိုင်လိုက်သည်။ မောင်က ရေပုလင်းသွားယူကာ မြစ်ဖျားကို ရေတစ်ဖန်ခွက် ငုံ့တိုက်ရင်း…

"မမအေးအကြောင်း မေးတာနဲ့များ မြစ်ဖျားရယ်"

မောင်ထည့်ပေးသည့် ရေကို ကုန်စင်အောင် မော့သောက်ပြီးမှ မြစ်ဖျား တည်ငြိမ်သွားဟန်တူသည်။ နှုတ်ခမ်းနဲ့ ပါးပြင်မှာ သွေးရောင်ပြန်လျှမ်းတက်လာပြီး…

"တကယ်လာမယ့်သူက ငြိမ်းဖြစ်နေလို့ပါ မောင်"

"ငြိ"

ပြိုင်ဘက်ရင်ထဲ လှိုင်းထသွားပေမယ့် ဘာမှမပြော။ အသံမဲ့ သက်ပြင်းကို ကျိတ်ရှိုက်တော့ မြစ်ဖျား နားလည်ဟန်ဖြင့် ပြိုင်ဘက် လက်ဖမိုးကို ဖျစ်ညှစ်လှမ်းဆုပ်ရင်း…

"မတွေ့တာကြာပြီမဟုတ်လား မောင်ရယ်"

"မောင့်အတွက်တော့ မတွေ့တာပိုကောင်းမလားလို့၊ တွေ့တာနဲ့ မီးက အပြိုင်တောက်ရဦးမယ်၊ ဒေါသမောဟမီးတွေ လေ"

"မောင်ကလဲ"

"သူက ဒီမှာနေမှာလား"

ငြိ အိမ်ကိုလာမယ်ဆိုတာနှင့် ပြိုင်ဘက်မျက်နှာက မှုန်ကုတ်ကုတ်နှင့် မေးသည်။ ဒီသုံးယောက်ရဲ့ ရာဇဝင်မှာ သင့်မြတ်ခြင်းဆိုတာ မပါလာခဲ့ဖူးထင်သည်။ မြစ်ဖျားအပြုံးနှင့် ခေါင်းယမ်း



www.burmeseclassic.com

www.burmeseclassic.com



ရင်း…

"မြစ်ဖျား နေပါဆိုတာတောင် ငြိ မနေပါဘူးမောင်ရယ်၊ ဒါပေမဲ့ နေ့လည်နေ့ခင်း ငြိ နားလို့ရအောင် မြစ်ဖျားက ငြိအတွက် အခန်းရှင်းခိုင်းထားတာ"

"ဟိုင်း…မောနင်း"

ရုတ်တရက် အခန်းဝမှာပေါ်လာသော အရိပ်လေးနဲ့ နှုတ်ဆက်သံကြောင့် မကျေလည်ခြင်းတွေက ပျောက်ကွယ်ကုန်၏။

"ဟယ်…သားနိုးလာပြီ"

"ဖေဖေက သားကိုမနိုးဘဲနဲ့ အရင်ဆင်းပြီးစားတယ်"

"မစားရသေးပါဘူး သားရ၊ ဒီမှာ စကားပြောနေတာ"

"လာ…သား၊ မေမေ့ဆီကို၊ ပေါင်မုန့်ထောပတ်သုတ်ထားတယ်၊ ကြက်ဥပြုတ်၊ ငှက်ပျောသီးနဲ့ နွားနို့လည်းရှိတယ်၊ အိုဗာတင်းလည်း ဖျော်ထားတယ်"

မြစ်ဖျားက အနားရောက်လာတဲ့ သားကို ပေါင်ပေါ်ဆွဲတင်ကာ စားစရာတွေ စီစဉ်ပြ၊ တစ်မျိုးပြီးတစ်မျိုး ခွံ့ကျွေးနှင့် အလုပ်ရှုပ်သွားတာများ ပြိုင်ဘက်နှင့် လောကကြီးကို မေ့သွားပုံရသည်။ မြစ်ဖျားချစ်ပုံက သားငယ်စဉ်ကတည်းက ဒီအတိုင်းပင်။ သားတစ်ခုခု ခြေချော်လက်ချော်နှင့် လဲတော့မည့်ဟန်ဆိုလျှင် နေရာတင်ခြေစုံရပ်ကာ အော်တာ သံသေးသံပြာနှင့်။ ပြီးလျှင် သား ဘာမှမဖြစ်ဘဲ သူမသာ မောဟိုက်ပြီး ကျန်ခဲ့တာမျိုး။



"သားချော်လဲမှာ ကြောက်တာများ ပြေးဆွဲလိုက်ပေါ့ မြစ်ဖျားရယ်"

အပြစ်တင်သလိုမျိုးနှင့် ပြိုင်ဘက်က မြစ်ဖျားထံမှ ကြောက်စိတ်ကို လမ်းလွှဲပေးဖူးသည်။

"ဆွဲချင်တာပေါ့ မောင်ရယ်၊ ဒါပေမဲ့ အဲဒီအချိန်မှာ ခြေထောက်က ရွေ့လို့မရအောင်ကို ဖြစ်နေတာ၊ မြစ်ဖျားရင်တွေ တဒိုင်းဒိုင်းခုန်ပြီး မျက်လုံးတွေ ပြာနေတဲ့အထဲမှာ မြစ်ဖျား မြင်နေတာက သွေးတွေနဲ့ ကိုဖေလတ်ကိုပဲ၊ အဲဒီလိုအဖြစ်မျိုးသာ ဖြစ်သွားမှာ မြစ်ဖျား သိပ်ကြောက်တာ၊ တစ်ခါတစ်ခု နှလုံးအခုန်မြန်ရင်း အသက်ပါ ပါသွားမလားလို့ ထင်ရတဲ့အထိပဲသိလား၊ ဒါပေမဲ့ မျက်လုံးဖွင့်လိုက်တိုင်း မောင်နဲ့သားကို မြင်လိုက်ရမှ မြစ်ဖျား မသေပါလားဆိုတာ သိပြီးပျော်ရတာ"

ထို့ကြောင့် မြစ်ဖျား သားဝေယျာဝစ္စတိုင်း သူမမပါလျှင် မပြီးသည့်အတိုင်း။ ယောကျ်ားလေးဖြစ်သည့် သားကို ဘယ်အခါမှ အကြမ်းအရမ်းတွေ မဆော့ခိုင်း။ သား ထိခိုက်ဒဏ်ရာရမှာ မြစ်ဖျား သိပ်ကြောက်သည်။

"တိုက်ခန်းကနေ ခြံကျယ်ထဲ ပြောင်းခဲ့တာလည်း သားကြောင့်ပဲမောင်၊ ခြံကျယ်ကျယ်ထဲကျတော့ သားအတွက် ကား၊ စက်ဘီးအန္တရာယ်က လွတ်သွားပြီပေါ့"

ပြိုင်ဘက်မှာ မြစ်ဖျားရင်ထဲကအစွဲကို ပြေပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



အောင် နည်းလမ်းအမျိုးမျိုး ကြံဆခဲ့ပေမဲ့ နောက်ဆုံးတော့ လက်မှိုင်ချရတာချည်းပင်။

"လာ…ရေချိုးမယ် သား၊ ပြီးရင် ကျောင်းသွားမယ်နော်၊ ကျောင်းမှာ အကြမ်းအရမ်း မဆော့နဲ့နော်၊ ပန်းချီဆွဲတာတို့၊ အိမ်ဆောက်တိုင်းတို့ပဲ ကစား၊ ကြားလား သား"

"ဟုတ်ကဲ့ မေမေ"

သူ့အမေနဲ့ သူ့သားက အတိုင်အဖောက်ကို ညီလို့။ မြစ်ဖျားက သုံးနှစ်အရွယ်သားကို ပွေ့ချီရင်း…

"တူးမာ…နင့်အစ်ကိုကို မုန့်ပွဲပြင်ပေးလိုက်၊ မောင်သားကို မြစ်ဖျား ရေချိုးပေးလိုက်ဦးမယ်နော်"

"တူးမာကို ချိုးခိုင်းလိုက်ပါလား မြစ်ဖျားရယ်၊ မြစ်ဖျားလည်း မစားရသေးဘူးမဟုတ်လား၊ လာ တစ်ခါတည်းစားရအောင်"

"စားနှင့်မောင်၊ သားက ဆပ်ပြာနဲ့သိပ်ဆော့တာ၊ ရေချိုးခန်းထဲ ချော်လဲနေမှဖြင့်၊ မြစ်ဖျား ပြီးမှစားမယ်"

သားကိုပွေ့ချီ၍ လှည့်ထွက်သွားဟန်ပြင်ပြီးမှ…

"ဪ…မောင်၊ ဦးလာရင် အတတ်နိုင်ဆုံး သင့်မြတ်အောင်တော့ နေပါနော်၊ လူကြီးတွေဖြစ်နေပြီပဲ၊ ရန်မဖြစ်ကြေး"

ဦးနဲ့ပြိုင်ဘက်ကို စိတ်မချသလို မြစ်ဖျားက မှာနေပေမယ့် ပြိုင်ဘက်က ခေါင်းမညိတ်ခေါင်းမခါ။ ရင်ထဲအော်နေတဲ့ စကား





ဘစ်ခွန်းတော့ရှိသည်။

'လူကြီးဖြစ်တာနဲ့ ရန်မဖြစ်ရဘူးလို့ ဘယ်သူပြောလဲ'။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ပြိုင်ဘက် ကားကို ပေါ်တီကိုအောက် ထိုးရပ်ကာ အိတ်ဆွဲပြီး ဆင်းတဲ့အထိ သားကိုမတွေ့ရသေး။ နေ့တိုင်းလိုလို ပြိုင်ဘက်ပြန်လာချိန်ကျရင် သားက ရောက်တဲ့နေရာက ပြေးထွက်လာစမြဲ။

"ဖေဖေ…သား ဒီမှာ၊ သားအတွက် ဘာမုန့်ပါလဲ"

ပြိုင်ဘက်ပြန်လာတိုင်း သားအတွက် တစ်ခုခုပါလာနေကြကို ဒါကိုပဲ သားက အစပြုပြီး မေးမြဲ။ သားပြေးလျှင် အမြဲတမ်း ရင်တုန်ပန်းတုန်ရှိတဲ့ မြစ်ဖျားကလည်း နောက်မှအမြဲပြေးလိုက်လာကာ…

"သားရေ ချော်လဲမယ်၊ ဖြည်းဖြည်း၊ မေမေ ရင်တုန်လို့ပါ သားရယ်၊ ဖြည်းဖြည်းသွားစမ်းပါ၊ ကိုယ့်အဖေပဲ၊ အိမ်ထဲရောက်လည်း တြို့လို့ရပါတယ်၊ အလောတကြီး ပြေးကြိုစရာမလိုပါဘူး"

သားအမိနှစ်ယောက်သံ ဆူဆူတွေနှင့် ပြိုင်ဘက်အနားကို





ရှေ့ဆင့်နောက်ဆင့် ရောက်လာတတ်တာ ထုံးစံ။ အခုတော့ ထုံးစံတွေပျက်ပြီး တိတ်တိတ်ဆိတ်ဆိတ်ကြီးမို့ ပြိုင်ဘက်က သားအတွက်ဝယ်လာတဲ့ 77 cake အိတ်ကြီးကိုကိုင်ပြီး ပေါ်တီကိုအောက်ယောင်ချာချာ။ ခြံရဲ့တဆုံးကို လှမ်းကြည့်မှ မြစ်ဖျားကို တွေ့ရသည်။ မီးဖိုအသေးစားလေးနှင့် ဘာတွေကြော်လှော်နေသည်မသိ။ မြစ်ဖျားဘေးနားမှာ အကူ အလုံးနှင့်တူးမာ။ မြစ်ဖျားက အေပရွန်ကြီးခါး၌စည်းကာ ဦးထုပ်တွေဘာတွေ ဆောင်းထားသည့် တကယ့်စားဖိုမှူးတစ်ယောက်လို။ ပြိုင်ဘက်ပြုံးရင်း ထိုနားအထိလျှောက်သွားသည်။ ခေါင်းထဲမှာလည်း ဒီနေ့ဘာနေ့လဲဆိုတာတဆက်တည်း အဖြေရှာ၏။ မြစ်ဖျားမေး၍ သူမဖြေနိုင်ခဲ့လျှင်မြစ်ဖျားစိတ်ကောက်တာ ခံရမည်မလွဲ။ ပြိုင်ဘက်တို့ လက်ထပ်သောနေ့ မဟုတ်ပါ။ ဟက်(ထ်)ပီးနယူးရီးယားလည်း မဟုတ်။ သားမွေးနေ့လည်း မဟုတ်ပြန်။ ဒါဆို အထိမ်းအမှတ်တစ်ခုခုကြောင့်မဟုတ်ဘဲ မြစ်ဖျား အပျော်တမ်း တစ်ခုခုလုပ်စားတာလားလို့တွေးရင်း ပြိုင်ဘက်အနားရောက်မှ မြစ်ဖျား သူ့ကိုမြင်သည်။

"ဟော…မောင်ပြန်လာပြီ၊ ကြည့်စမ်း မြစ်ဖျား ဒီထဲစိတ်ရောက်နေတာနဲ့ မောင့်ကားသံတောင် မကြားလိုက်မိဘူး"

ဝက်နံရိုးကို ဂျုံမှုန့်နှင့် ကြက်ဥခေါက်ထားတဲ့အထဲ သေချာနှစ်ပြီးမှ မြစ်ဖျားက ဆီပူထဲ ရှဲခနဲထည့်ကြော်သည်။ ပြီးမှ ပြိုင်ဘက်လက်ထဲက ကိတ်မုန့်အိတ်ကြီးကို လှမ်းကြည့်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ကိတ်တွေ မောင်ဝယ်လာတာနဲ့ အတော်ပဲ၊ ထမင်းစားပြီး အချိုတည်းလို့ရတာပေါ့"

ပြိုင်ဘက်က အနားရှိတူးမာထဲ အိတ်ကိုလွှဲပေးရင်း မြစ်ဖျားဘေးနား၌ ချထားသော ခုံတွင်ဝင်ထိုင်ကာ…

"သားရော မြစ်ဖျား၊ မတွေ့ပါလား၊ မောင်က ဒီနားမှာ လာရှုပ်နေတယ်မှတ်လို့"

"မောင့်သားက မြစ်ဖျားကိုတောင် ရှုပ်ချိန်မရဘူး"

"ဘာဖြစ်လို့လဲ"

မြစ်ဖျားက ပါးချိုင့်တွေထင်းခနဲပေါ်လာအောင် နှစ်ခြိုက်စွာရယ်ရင်း…

"ငြိနဲ့ မနက်ကတည်းက ပါသွားတယ်လေ"

"စွဲငြိ"

"ဟုတ်တယ် မောင်ရဲ့၊ ငြိက မနက်ကပဲရောက်တယ်၊ ရောက်ရောက်ချင်း မြစ်ဖျားတို့ဆီ တန်းလာတာလေ၊ သူ့အိမ်တောင် မဝင်ရသေးဘူး၊ ပါလာတဲ့အထုပ်အပိုးတွေက ဒီအတိုင်းပဲ၊ မြစ်ဖျားနဲ့သားအတွက်ရော မောင့်အတွက်ပါ လက်ဆောင်တွေပါလာတာလေ အများကြီးပဲ၊ အမေရိကားပြန်လက်ဆောင်ပေါ့ မောင်ရယ်၊ ငြိကို မောင်တွေ့ရင် ထူးဆန်းသွားမှာ"

"ဘာဖြစ်လို့လဲ၊ လူစင်စစ်ကနေ အမြီးပေါက်ပြီး ဂျိုထွက်လာလို့လား"



မြစ်ဖျားကိုရွဲ့ပြီး ပြိုင်ဘက်မေးပစ်ချင်တာ လျှာဖျားမှာ တယ်ားယား။ ဒါပေမဲ့ အားကြိုးမာန်တက်ပြောနေတဲ့ မြစ်ဖျားစကားတွေကို အရှိန်တန့်သလိုဖြစ်မှာစိုး၍ ဘာမှမပြောဘဲ ဒီအတိုင်းနားထောင်နေရတာ။ ပြိုင်ဘက်စိတ်ရဲ့ မကြည်လင်သော ရာသီဥတုအရှိန်က မျက်နှာမှာပါ ရိုက်ခတ်တာမို့ ပြိုင်ဘက်မျက်နှာက ရှုတည်တည်နှင့် သုန်မှုန်စွာ။ မြစ်ဖျားက စိတ်ပါလက်ပါပင် ရဲရဲနီနေသော ဝက်နံ့ရိုးတွေကိုဆယ်ကာ ဘဲဥပန်းကန်ပြားထဲ လှပစွာစီထည့်ရင်း

"ငြိက အရင်လို ဆံပင်တိုမဟုတ်တော့ဘူး သိလား မောင်၊ ဆံပင်က ကျောလယ်လောက်ရှိတာကို အခွေလိပ်ကြီးတွေနဲ့ သိပ်လှတာပဲမောင်ရယ်၊ ရွှေညိုရောင်ထပ်ဆိုးထားတော့ အသားကဖြူဖြူ၊ အရပ်မြင့်မြင့်နဲ့ မျက်လုံးပြာလေးတွေက ငြိကို ဗမာမလေးနဲ့ မတူတော့ဘူးသိလား၊ အဟင်း…ဘိုမလေးလိုပဲ"

"ကောင်းတာပေါ့၊ သူက နဂိုကတည်းက ဘိုရူးဖြစ်ချင်နေတာပဲ"

"ဟယ်… မောင်ကလည်း အဲ့ဒီလိုတော့ မပြောပါနဲ့၊ မောင်နဲ့မြစ်ဖျား သဘောတူညီချက်ရပြီးသားနော်"

"ဘာကိုလဲ"

ပန်းကန်တစ်ဖက်၊ ယောင်းမတစ်ဖက်နှင့် စိတ်မချ လက်မချဖြစ်နေသော မြစ်ဖျားကို ပြိုင်ဘက် အမြင်မကြည်စွာနှင့် မေးခွန်းထုတ်သည်။ ကြည့်ချင်စရာ မကောင်း။။ ဒီမိန်းမ မဟာပြိုင်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ရန်သူကိုမှ မိတ်ဆွေဖွဲ့လိုသူ။ ဇွဲငြိကြ ပြိုင်ဘက်အတွက်တော့ ရန်သူပါပဲ။ နှစ်ပေါင်းများစွာ ပြောင်းလဲသွားလဲ ထိုအဖြစ်က ပြောင်းမှာမဟုတ်။ မိန်းမတစ်ယောက်အနေဖြင့် မာနကြီးသော၊ မောက်မာသော အရာတိုင်းလွှမ်းမိုးအာဏာရှိသော ဇွဲငြိသည် အတ္တ အဆိပ်သင့်သူ။

"ငြိ ပြန်လာတဲ့အချိန်မှာ ရန်မဖြစ်ကြေးလေ မောင်"

မြစ်ဖျားစကားကို ပြိုင်ဘက် ခေါင်းညိတ်ထောက်ခံကာ

"သည်းခံစိတ်က လစ်မစ်ရှိတယ် မြစ်ဖျား၊ အဲဒီထက် ကျော်လာရင်တော့ ..."

"ဟွန်း... မောင်က သည်းမခံဘူးပေါ့"

"အဲဒီအချိန်ကမှ ဆုံးဖြတ်တာ အကောင်းဆုံးပေါ့ မြစ် ဖျား"

မောင်က ဘောင်းဘီအိတ်ထဲ လက်နှိုက်ကာ ထရပ် သည်။ ထို့နောက် မြစ်ဖျားကို စူးစမ်းအကဲခတ်သလို စုန်ချည် ဆန်ချည်ကြည့်ပြီးမှ

"ထူးဆန်းတယ်နော်၊ မောင်နဲ့ အပြင်ထည့်လွှတ်ဖို့ စိတ် မချတဲ့သားကို ဇွဲငြိနဲ့ကျတော့ စိတ်ချတယ်ပေါ့ ဟုတ်လား မြစ်ဖျား"

မြစ်ဖျားက ကလေးဆန်စွာ ဂျစ်တစ်တစ်လုပ်နေသော မောင့်ကို ကြည့်ကာ လှစ်ခနဲ ပြုံးသည်။

"မောင်ခေါ်တုန်းက ကိုပြေကျော်တို့နဲ့ တွေ့ဖို့သွားတာ





ကို၊ သူတို့ သားကို အစအရမ်းကြမ်းတာ၊ ပြီးတော့ မောင် စိတ် မဆိုးရင် မြစ်ဖျားပြောပြမယ်"

"အဟွန်း"

မောင်က ခပ်မဲ့မဲ့ရယ်ရင်း

"စိတ်မဆိုးဘူးပဲ ပြောရမှာပေါ့၊ မြစ်ဖျားရင်ထဲက သယ် ဇာတွေကို သိချင်မိတာကိုး"

မြစ်ဖျားက ခါးစည်းကြိုးဖြုတ်ကာ ပြိုင်ဘက်လက်မောင်း ကို မှီတွယ်ရင်း ပါးပါးအပ်ထားလိုက်သည်။

ထို့နောက် အသံခပ်ဖျော့ဖျော့လေးနှင့်

"ဒီလောကမှာ မြစ်ဖျားမရှိခဲ့ရင် သားကို စိတ်ချထားတာ ငြိပဲ မောင်၊ ငြိက မြစ်ဖျားနဲ့ တစ်ထပ်တည်းကျတဲ့ မိခင်မေတ္တာ မျိုး သားအပေါ် ပေးနိုင်မယ်လို့ ယုံတယ်"

"မောင်က သားရဲ့ ဖခင်အရင်းပါ မြစ်ဖျား"

"ဒါတော့ ဒါပေါ့၊ ဟွန်း ... တစ်ပင်လဲလို့ တစ်ပင် ထူတာ မောင်တို့ယောကျ်ားတွေ ထိပ်ဆုံးက၊ ထူပြီးရင်လဲ အဲဒီ အပင်သစ်နောက်ကို ကောက်ကောက်ပါအောင် ရပ်တည်ကြတာ သာဓကတွေ အများကြီးပဲ မောင်၊ ဂေါတမီဟာ ဘုရားရှင်ရဲ့ တန်ခိုးတော် အဝကာအကြောင်းပေါင်းများစွာကြောင့် မိထွေးမမည် ခဲ့ပေမယ့် သားအတွက်တော့ ဂေါတမီရှားမှာ သေချာတယ်"

"မြစ်ဖျားရယ်"



www.burmeseclassic.com

www.burmeseclassic.com



တိုးဖျော့ရာမှ တိမ်ဝင်သွားတဲ့ မြစ်ဖျားအသံကြောင့် ပြိုင်ဘက်နှလုံးသားက အရည်ပျော်ကျသွားသည်။ မြစ်ဖျား မေးဖျားကို ဆွဲမော့တော့ နီမြန်းမြန်းနှာတံနှင့် မျက်တောင်ဖျားတွေဟာ မျက်ရည်မိုးအရှိန်ကြောင့် စိုစွတ်လို့။ ပြိုင်ဘက်က မြစ်ဖျားကိုယ်လေးကို ရင်ခွင်ထဲ ထွေးပွေ့ထားလိုက်ရင်း …

"တစ်ပင်လဲ တစ်ပင်ထူစရာမ လိုပါဘူး မြစ်ဖျားရယ်၊ ဒီသစ်ပင်က လဲစရာမှ မလိုတာ"

"ဒါပေမယ့် … မြစ်ဖျား မရှိခဲ့ရင်"

"မရှိစကား မပြောနဲ့ မြစ်ဖျား၊ မောင်နဲ့သားအတွက် မြစ်ဖျား ရှိပေးရမှာ"

"ဟေး … မေမေနဲ့ဖေဖေ"

သားအော်သံ စူးစူးလေးက ပြိုင်ဘက်တို့ရဲ့ နီးကပ်နေသော ရင်ခွင်နှစ်ခုအား ဖျတ်ခနဲ ဆွဲခွာပေးလိုက်သလို။

"သား"

မြစ်ဖျားက မြင်ခင်းစိမ်းပေါ် ဒူးထောက်ချကာ ပြေးလာသော သားကို ဆီးကြိုသည်။ ပြိုင်ဘက်ကတော့ ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်လျက်သားနှင့် အဝေးဆီမှ လှမ်းလာသော စွဲငြိကို လှမ်းကြည့်နေမိသည်။ ကျောလယ်လောက် ဆံပင်အလိမ်း၊ အနက်ရောင် လည်ပိတ်လည်ရှည်ပေါ် အဖြူရောင် ကုတ်တစ်ထပ်နှင့် အဖြူရောင် မီနီစကပ်၊ ပင်(န်)ဆယ်ဟီး(လ်)ကလဲ အဖြူဆွတ်

ခို : မို : ဇ ၁ ၈ ပ



ဆွတ်။

"ကြည့်စမ်း … မေမေ့သားက တစ်နေကုန် လျှောက်လည်နေတာ မေမေ့ကို မလွမ်းဘူးလား ပြော"

"လွမ်းတယ်၊ မေမေရော ဖေဖေရော နှစ်ယောက်စလုံး"

မြစ်ဖျားက သားကိုချီရင်း မတ်တပ်ထရပ်ကာ…

"မောင် … ငြိကို နှုတ်ဆက်လိုက်ဦးလေ၊ မတွေ့တာကြာလို့ နင့်ကို မောင်က မမှတ်မိတော့ဘူးနဲ့ ထင်တယ် ငြိရဲ့"

ငြိက သူမထံ စိုက်ကြည့်နေတဲ့ ပြိုင်ဘက်မျက်ဝန်းတွေကို မျက်တောင်မခတ်စတမ်း ပြိုင်ကြည့်သည်။ အရွယ်အရ ရင့်ကျက်သော ပုံပန်းသဏ္ဌာန်တွေ ရှိလာပေမယ့် ပြိုင်ဘက်က ဟိုးအရင်ကလို ပြိုင်ဆိုင်လိုစိတ် ပြင်းထန်တုန်း၊ အနိုင်ရလိုစိတ် ကြီးမားဆဲဆိုတာ သူ့မျက်ဝန်းတွေထဲမှတစ်ဆင့် ငြိ မြင်နေရဆဲ။ အပြာနုရောင် ရှပ်လက်ရှည်ကို ကြယ်သီးအစုံတပ်ဝတ်ထားသော ချောကလက်ရောင် သက္ကလပ်သား စတိုင်ပင်(န်)ဟာ ပြိုင်ဘက်ကိုယ်ပေါ်မှာ ချပ်ချပ်ရပ်ရပ် ပုံပန်းကျနစွာ ရှိဆဲ။

"မေမေ … သားကိုလေ တီတီက စက်ဘီးဝယ်ပေးတယ်"

သားရဲ့ အသံစူးစူးက ငြိအပေါ် လိုလားနှစ်သက်ခြင်းမရှိသော ပြိုင်ဘက်အကြည့်စူးစူးတွေကို ထွင်းဖောက်ထွက်သွား၏။

"အယ် … ငြိတို့ကတော့ လုပ်ချလိုက်ပြန်ပြီ၊ သားက

ခို : မို : ဇ ၁ ၈ ပ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီစက်ဘီး ပူဆာနေတာ ကြာပြီ၊ ဖြစ်ဖျားက မဝယ်ပေးတာ၊ တော်ကြာ စက်ဘီးတွေလဲပြီး ထိနိုက်မိတာတွေ ဖြစ်မှာစိုးလို့"

ငြိ အကြည့်တွေက ပြိုင်ဘက်ထံမှာ မရှိတော့။ ချစ်စဖွယ် ကောင်းသော သားလေးထံ ဖျတ်ခနဲ ပြောင်းလဲသွားပြီး သားပါး ဖောင်းဖောင်းလေးကို ငြိနှာတံ နစ်မြုပ်တဲ့အထိ အတင်းဖိကပ်နမ်း ပစ်ကာ ...

"ထိခိုက်မိတော့လည်း ဆေးဆောင်ထားပေါ မြစ်ဖျား ရယ်၊ ယောက်ျားလေးပဲ ဆော့ပါစေ၊ ယောက်ျားဆန်ဆန်နေတာ ကောင်းတာပေါ့ မဟုတ်ဘူးလား ပြိုင်ဘက်"

ငြိမျက်လုံးက ပြိုင်ဘက်ထံ ရောက်ရှိမက မေးပင် မေး လိုက်သေး၏။ ပြိုင်ဘက်က ငြိကို မေးပစ်ချင်တာ။ ဘယ်သူက ရော ယောက်ျားမဆန်လို့လဲဆိုရင် ကလေးရှေ့ထားပြီး လူကြီးရန်ပွဲ က အကျယ်ကျယ် မငြိမ်းဖွယ်တွေဖြစ်တော့မယ်။ ထို့ကြောင့် ချွတ် လက်စ ကုတ်အင်္ကျီအား လက်တစ်ဖက်မှ ဖြစ်သလိုဆွဲချရင်း ပြိုင် ဘက်က ထိုနေရာက ထွက်ခဲ့သည်။ စွဲငြိရှိသော အရပ်မှာ ပြိုင်ဘက် ကြာရှည်နေရန် မသင့်။

"မောင် ... နေဦးလေ၊ အသားကင် စားကြရအောင်"

"မောင် နားချင်ပြီ မြစ်ဖျား"

"ဖေဖေ"

သားက မြစ်ဖျားလက်ပေါ်မှ ခေါ်သံကိုတော့ သူ ဥပေက္ခာ



ပြု၍ မရ။ သားကို လှည့်ကြည့်သည့်အခိုက်မှာ ပြိုင်ဘက်မျက်နှာ ပေါ်က ဒေါသကောက်ကြောင်းတွေကို ဖယ်ရှားပြီး အချိုသာဆုံး ပြုံးထားသည်။ တီရှပ်အဖြူရောင်၊ ဂျင်း(န်)ဘောင်းဘီရှည်ဝတ်ထား တဲ့ သားက ပြိုင်ဘက်ကို လှမ်းရယ်ပြရင်း ...

"နော် ... ဖေဖေ၊ သင်ပေးရမယ်နော် ... နော် ဖေဖေ နော်..."

နော်ချင်းထပ်ကာ သားက ပြိုင်ဘက်လက်ကို ဆွဲခါနေ ၍ သားကို မြစ်ဖျားနှင့်အတူ စွဲငြိကပါ လှမ်းငေးနေ၏။ ပြိုင်ဘက် သက်ပြင်းရှိုက်ရင်း ...

"အေးပါ သားရယ်၊ အခုတော့ ဖေဖေ သွားနားလိုက် တော့မယ်နော်၊ သား စီးချင်ရင် ဘူးမာတို့နဲ့စီး"

"ဟင် ... သားက ဖေဖေနဲ့ပဲ သင်ချင်တာ"

သားရဲ့ ပါးဖောင်းဖောင်းလေးကြားမှ နှုတ်ခမ်းနီနီလေး တွေ စူထွက်လာအောင် ပြောတဲ့ သားရဲ့စကားကို ပြိုင်ဘက် မဖယ်ရှားနိုင်။ ပြိုင်ဘက် သားဆံပင်ပျော့ပျော့လေးတွေကို ခပ်ဖွဖွ ဆွဲဖွရင်း ...

"အေးပါ ... သားရယ်၊ ညကျမှ ဖေဖေ သင်ပေးမယ်၊ ဟုတ်ပြီလား ... ကျေနပ်ပြီလား"

"ဟုတ် ... ကျေနပ်ပြီ၊ ဒါမှ တို့ဖေဖေကွ"

အပြုံးမျက်နှာဖြင့် ကျေနပ်စွာ ကျောခိုင်းလှည့်အထွက်မှာ

www.burmeseclassic.com

www.burmeseclassic.com



သားရဲ့ 'ဒါမှ တို့ဖေဖေကွ'ဟူသော အသံက ပြိုင်ဘက်နောက်ကျော မှ ကပ်ငြိပါလာသည်။ ပြိုင်ဘက်ရင်တွင်းမှာတော့ စက်ဘီးဝယ်ပေးသည့် စွဲငြိအပေါ် မကျေလည်ခြင်းတွေက မီးတောင်တစ်ခုလို အရှိန်ပြင်းစွာ ပေါက်ကွဲလျက်။ တတ်လည်းတတ်နိုင်လွန်းတဲ့ မိန်းမ။ စွဲငြိ ဗဟိုပြုသမျှ ပြိုင်ဘက်ရဲ့ နှလုံးသားရပ်ဝန်းတွေ ဖြစ်နေတတ်တာဘာကြောင့်လဲ ... သူ ဒီမိန်းမနှင့် မပတ်သက်လို့ မရတော့ဘူးလေ။

◆ ◆ ◆



## အခန်း (၃၀)

"ဟဲ့ ...ဟဲ့... အလုံးရေ၊ သားနောက်လိုက်ပါဦး၊ သား အရမ်းမစီးနဲ့ကွာ၊ ဒီမှာ မေမေရင်တုန်လို့၊ ချော်လဲမယ် သားရဲ့၊ ဖြည်းဖြည်း၊ ရှေ့ဘီးတွေ မထောင်နဲ့လေ၊ သြော် ... ဒီကလေးနှယ်၊ တူးမာ ... ကလေးကို အမြန်ဖမ်းဆွဲလေ ဟဲ့၊ လက်မြန်ခြေမြန်ရှိကြပါဟဲ့၊ တကတည်း နှေးလိုက်ကြတာနော်၊ ကလေးအားနဲ့ နင်းနေတဲ့ စက်ဘီးလေးတောင် နိုင်အောင် မဆွဲနိုင်ဘူးလား၊ ဟင်း .. ငါပြောလိုက်ရ မကောင်းရှိတော့မယ်"

"ကဲပါ ... မြစ်ဖျားရယ်"

လက်တစ်ဖက်က ထဘီကြီး မ၊ တစ်ဖက်က လက်ဖက်ယန်းကန်ကိုင်ထားပေမယ့် ပြိုင်ဘက်ရှိရာ ကြိမ်ဝိုင်းစားပွဲနား မလာနိုင်သေး။ မြက်ခင်းပြင်တစ်လျှောက် စက်ဘီးစီးနေသော သားထံမှ မြစ်ဖျားရဲ့ အကြည့်က မလွဲတဲ့အပြင် ကိုယ်ပါ ပိုင်ပဲ သွားပြေးဆွဲ



www.burmeseclassic.com

www.burmeseclassic.com



တော့မည့်ပုံစံကြောင့် ပြိုင်ဘက် ဖတ်လက်စ ဂျာနယ်ကို ချပြီး မြစ်ဖျားပခုံးကို သွားဖက်ကာ သူရှိရာ တွဲခေါ်ခဲ့ရသည်။ ပြိုင်ဘက် ဆွဲခေါ်ရာသို့ လှသာပါလာ၏။ မြစ်ဖျားအကြည့်က သားထံမှ တစ်ချက်မလွှဲ။ အားမလို အားမရနဲ့ တဟဲ့ဟဲ့ ပါးစပ်က အော်နေ၏။ ပြိုင်ဘက် အတင်းဆွဲထိုင်ခိုင်းမှ မြစ်ဖျား ထိုင်ဖြစ်သည်။

"သားက လဲ လည်း မနားပါဘူး အမေကြီးရာ၊ သားက မြက်ခင်းပေါ်မှာ စီးတာပါ"

"ဒါပေမယ့် ပွန်းမှာ ပဲ့မှာ မောင်၊ မြစ်ဖျားက သားကို ဘာအတွက်နဲ့မှ အထိခိုက်မခံချင်တာ"

"အဲဒါဆိုလဲ စက်ဘီးကို သိမ်းထားလိုက်"

ပြိုင်ဘက်စကားကြောင့် မြစ်ဖျားအကြည့်က သူ့ထံ ဒိုင်းခနဲ ရောက်လာ၏။ ပြိုင်ဘက် မသိချင်ယောင်ဆောင်ပြီး လက်ဖက်တစ်ဇွန်း ခပ်စားသည်။ မျက်လုံးထောင့်မှာတော့ မြစ်ဖျားရဲ့ အယူခံဝင်ချင်သည့် ပုံရိပ်ကို မကြည့်ပေမယ့် မြင်နေရ၏။

"အဲဒီလိုတော့ မဖြစ်ဘူး မောင်၊ ငြိက စီးစေချင်လို့ ဝယ်ပေးထားတာကို၊ သူ့စေတနာကို စော်ကားသလို ဖြစ်သွားမှာ မြစ်ဖျား စိုးရိမ်တယ်"

"သူ့ကို တိုက်ခိုက်ချင်လို့ မောင် ပြောတာမဟုတ်ဘူး မြစ်ဖျား၊ မောင်က မြစ်ဖျား စိတ်ပင်ပန်းတာ မကြည့်ရက်လို့"

"မြစ်ဖျား နားလည်ပါတယ်"





မောင့်ကို ပြောရင်း စက်ဘီးကို ကျင်လည်စွာ စီးနေသည့် သားကို မြစ်ဖျား မေးထောက်ငေးနေသည်။ အများသူငါ ကလေးတွေ စက်ဘီးစီးတတ်ကတည်းက သားက စက်ဘီးဝယ်ပေးဖို့ မြစ်ဖျားကို ပူဆာခဲ့သည်။ အစိုးရိမ်ကြီးသော မြစ်ဖျားက တမင် ဝယ်မပေးခဲ့။ ငြိကတော့ ဖျောင်းဖျရှာသား။

"ယောက်ျားလေးမွေးထားတာ မြစ်ဖျား၊ တတ်သင့်တဲ့ ပညာတွေ အကုန်သင်ပေးထား၊ ကြီးလာမှ ဟိုမတတ် ဒီမတတ် ဆိုရင် သားသားပဲ မျက်နှာငယ်ရမှာ"

ငြိပြောတော့လဲ ဟုတ်သလိုလို။ ဒါပေမယ့် အစိုးရိမ်ကြီးသော စိတ်က မြစ်ဖျားထံ စွဲကပ်ခဲ့တာ နာတာရှည်ရောဂါ တစ်ခုလို။ သားလေးကို မွေးပြီးကတည်းက ဆိုလျှင် ..

"မြစ်ဖျား"

"ဘာလဲ မောင်"

"နေရောကောင်းရဲ့လား မြစ်ဖျားရယ်"

တယုတယမေးပြီး မြစ်ဖျားနဖူးလေး စမ်းလာထိတဲ့ မောင့် လက်ဖဝါးကို ဆွဲယူပြီး မြစ်ဖျားပါးပြင်မှာ အပ်ထားမိသည်။

"လူကတော့ ကောင်းပါတယ် မောင်ရယ်၊ စိတ်ထဲသာ နည်းနည်း မလန်းမဆန်းဖြစ်နေတာ"

"အာ ... အဲဒီလို ပြီးစလွယ်လုပ်လို့ မရဘူးလေကွာ၊ မြစ်ဖျားစိတ်ထဲ ဘာတွေ ဖိစီးစရာရှိလို့လဲ၊ ပြော ... မောင့်ကို"



www.burmeseclassic.com

www.burmeseclassic.com



ထိုင်လက်စ ကြိမ်ခုံအဝိုင်းကြီးပါ တစ်ပါတည်း ဆွဲမရင်း မောင်က မြစ်ဖျားရှေ့ ရောက်လာသည်။ မြစ်ဖျားမောင့်ပခုံးကို ကျော်ပြီး သားထံ စိတ်မချစွာ လှမ်းကြည့်သည်။ မောင်က တမင် ခါးဆန့်ထုတ်ကာ မြစ်ဖျားမြင်ကွင်းအား ကွယ်ပစ်ရင်း ...

"ပြောလေ"

"သားကို ကြည့်နေတာ"

"အလုံးတို့ရှိတယ်"

မောင်က စူပုပ်ပုပ်နှင့် ပြောရင်း မြစ်ဖျားမျက်နှာကိုသာ စိုးရိမ်တကြီး စိုက်ကြည့်နေတာမို့ ...

"ဘာခြားမဟုတ်ပါဘူး မောင်ရယ်၊ ငြိအကြောင်းပါ"

"ဩော် ... ဘာများလဲလို့ကွာ၊ သူ့အကြောင်းများ သက်သက် ခေါင်းရှုပ်ခံပြီး ထည့်တွေးနေသေးတယ်"

"ငြိကို အဲဒီလိုတော့ မပြောပါနဲ့ မောင်ရယ်၊ တကယ် တမ်း တွေးကြည့်ရင် ငြိက သားနစရာပါ"

"သနားတယ်၊ မြစ်ဖျားက ငြိကို ... ဟုတ်လား ..ဟား ...ဟား"

မောင်က ပြုံးစိစိနှင့် မြစ်ဖျားကို ပြန်မေးရင်း သဘော တကျ ထရယ်သည်။ ပြီးမှ ရယ်ရှိန်သတ်မရတဲ့ နှုတ်ခမ်းတို့ကို အတင်းစေ့ပိတ်ကာ ..

"မြစ်ဖျားရယ် ဒီဟာစ်တလာရုပ်နဲ့ နာဇီမကိုများ"





"မောင်ကလဲ၊ မြစ်ဖျားမှာ အားကိုးစရာ မောင်နဲ့ချစ်စရာ သားလေးနဲ့ သိပ်ပျော်စရာကောင်းတဲ့ မိသားစုဘဝကို ပိုင်ဆိုင်တယ်လေ"

"အင်း ... ဘာဖြစ်လဲ"

"ငြိမှာကျတော့"

"အဲဒါ သူ လုပ်လို့ပဲလေ"

မောင်က မြစ်ဖျားစကားကို ဖြတ်၍ ဝင်ပြောရင်း ...

"သူ အသုံးကျခဲ့ရင် တန်ဖိုးထားတတ်ခဲ့ရင် သူ့အနားမှာ ကိုဖေလတ်က ရှိနေမှာ သေချာတယ်၊ ကံစီမံရာလို့ သူ့ဘက်က မကာကွယ်နဲ့ မြစ်ဖျား၊ အဲဒီ ကံစီမံရာကို ကြိုးဆွဲ က,ခိုင်းခဲ့တာ သူ၊ သူ့ဘဝမှာ သူသာ မင်းသမီး၊ သူပဲ ဒါရိုက်တာလုပ်ခဲ့ပြီးမှ အဆုံးသတ်မှာ သူတစ်ယောက်တည်း ကျန်ခဲ့တာ ဘယ်သူ့အမှားလဲ"

"မောင်ရယ် ... ငြိက ..."

မောင်က လက်ကာပြီး တားသည်။ မြစ်ဖျားကို စကား ဆက်ခွင့်မပြု။

"မြစ်ဖျား သူ့ကို သနားတာ သူ့ကိုခင်တာ ထားပါ၊ မောင် မတားဘူး၊ မချုပ်ချယ်ဘူး၊ ဒါပေမယ့် ကိုယ့်ကိုယ်ကို ထိခိုက်အောင် တစ်ဖက်စွန်းရောက်တဲ့အထိ သူ့အပေါ်မှာ အာရုံမထားစေချင်ဘူး၊ မြစ်ဖျားဘဝမှာ နံပါတ်တစ် ဦးစားပေးက မောင်တို့



www.burmeseclassic.com

www.burmeseclassic.com



မိသားစု၊ ပြီးမှ မြစ်ဖျားကြိုက်ရာ နံပါတ်စဉ်တပ်ပါ''

မောင်ရဲ့ တစ်ယူသန်ဆန်သော စကားကို မြစ်ဖျား မချေပနိုင်။ မြစ်ဖျားအာရုံက ဖွင့်လျက်သား ခြံတံခါးဆီမှ ဝေါခနဲ ကွေ့ဝင်လာသော Duuble Cab အစိမ်းရင့်ရောင်ကြီးဆီ ရောက်သွားသည်။ ကားကြီးက ခန့်ညားလွန်းပြီး မောင်းလာတဲ့အရှိန်ကလဲ မလျှော့တာမို့ မင်သက်မိပြီး ငေးနေတဲ့အခိုက် ...

''သား''

ရင်ပွင့်မတတ် အော်ပြီး မြစ်ဖျား ထိုင်နေရာမှ ဝုန်းခနဲ ထရပ်သည်။ အပြာနုရောင် စပို့ရှပ်နှင့်ဘောင်းဘီဝမ်းဆက်ဝတ်ထားတဲ့သားဟာ စက်ဘီးကို အားကြိုးမာန်တက် ဝုန်းဒိုင်းကျဲနင်းလာတာ မြင်ခင်းပြင်ကိုဖြတ်၍ ပေါ်တီကိုအောက်ဆီ။

''သား ... သား ... မလာနဲ့''

မြစ်ဖျား ကျူးအော်နေစဉ် သား စက်ဘီးက မြက်ခင်းစပ်ကို ဖြတ်ပြီး ပေါ်တီကိုအောက်ဆီအချ အရှိန်ပြင်းပြင်းမောင်းဝင်လာတဲ့ ကားကြီးနဲ့ ဒုန်းခနဲတိုက်မိကာ...

''ဒုန်း''

''ကျွီး''

''သား''

အသံပေါင်းစုံ ပြိုင်တူ။ မြစ်ဖျားမျက်ဝန်းတို့ကို မှိတ်ချသည်။ အသိတရားက ဖျူ(စ်)ပျက်ကာ အမှောင်အတိ။ မျက်စိထဲ





စွဲနေတာက ကားခေါင်းနှင့် အရှိန်ပြင်းစွာ တိုက်မိသောကြောင့် လေထုထဲ မြောက်တက်သွားသည့် အပြာရောင် အရိပ်ကလေး။

''ဖုန်း''

ခနဲ အသံကျယ်ကြီးနဲ့ မြေပြင်ပေါ်ပြန်အကျ။ သွေးတွေ ပွက်ခနဲအန်ကျသည့် သွေးအိုင်ထဲမှာ သားက မြစ်ဖျားဘက် လှည့်ကြည့်ရင်း မေမေလို့ ခေါ်လိုက်သလား။

''သားလေး''

မြစ်ဖျား အော်ဟစ်သောအသံက လည်ချောင်းထဲတွင် တိမ်ဝင်သွားပြီး နှလုံးအိမ်က ဖြန်းခနဲ ကွဲထွက်သွားသည်။ လှိုက်ခနဲ ဆို့တက်လာတဲ့ ဝမ်းနည်းစိတ်ကြောင့် အသက်ပင် ရှူမရတော့ဘဲ မျက်ဝန်းတွေ ပြာထွက်ကာ အိခနဲ ပြိုဆင်းသွားတာက တတိယအကြိမ်မြောက် အမှောင်ထုဆီ။ အာရုံရဲ့ တစ်ခုတည်းသော စွဲလန်းရာက မြစ်ဖျားအသက်မက မြတ်နိုးရပါသော ...

''သား ... ငါ့တွယ်''

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

ဆရာဝန်ရဲ့ နားကျပ်အဖြူတ်ကို အားလုံးက စိတ်ဝင်တစား စောင့်ငေးနေသည်။ ထိုလူစုထဲမှာ ငြိလဲ အပါအဝင်။ ဒါပေမယ့် ငြိက မြစ်ဖျားရှိသော အခန်းတွင်း ဝင်ခဲ့ရတာမဟုတ်။ အခန်းဝမှာတင် တောင့်တောင့်လေးမတ်တပ်ရပ်ရင်း အသိစိတ်ကင်းမဲ့သူတစ်ယောက်လို။ ငြိနားထဲမှာ ရင့်သီးခါးသက်သော ဖြိုင်ဘက်ရဲ့ စကားသံတွေက လှိုင်းထန်သော ပင်လယ်ပြင်နှယ်။ ငြိနားထဲ လေတွေ တဝူးဝူးထွက်နေသည့် ကြားမှ အသံတွေက တိုးသွားလိုက် ကျယ်လာလိုက်။

"မြစ်ဖျား တစ်ခုခုဖြစ်လို့ကတော့ နင် မလွယ်ဘူး စွဲငြိ"

"နင်က ငါတို့အတွက် မိစ္ဆာမပဲ၊ မကောင်းတဲ့အရာတွေ၊ အကုသိုလ်တွေ နင် သယ်လာတာ၊ နင့်ကြောင့် မြစ်ဖျား ဒီလိုဖြစ်တာ၊ ထွက်သွား၊ ငါတို့မိသားစုနဲ့ ကင်းကင်းရှင်းရှင်းနေစမ်းပါ"

မိုး:မိုး:၁၁၄၆ပ



ငါဟာ နင့်အတွက် မိစ္ဆာမတဲ့လား ဖြိုင်ဘက်ရယ်။ ငြိရင်ထဲမှာ ဝမ်းနည်းနေသလောက် မျက်ရည်တို့ဖြင့် ဖွင့်ထုတ်ဖော်ပြခွင့်ကို ငြိ မလိုလားပါ။ မထင်မှတ်သော အခြေအနေတစ်ခု ငြိကြောင့်ပဲ ဖြစ်ခဲ့ရသည်။

"တီတီ ... သား စက်ဘီးကို စတန့်ထွင်ပြီး စီးတတ်ပြီ၊ ရုပ်ရှင်ကားတွေထဲကလို ရှေ့ဘီးထောင်တာရော၊ နောက်ဘီးမြှောက်တာရော"

သားက ငြိဆီ ဝမ်းသာအားရ ဖုန်းဆက်ပြောတုန်းကတောင် ငြိက ကလေးအပေါ်လဲ မပျက်စီးအောင် မြစ်ဖျားအတွက်လည်း ဥပါဒ်မရောက်အောင် ...

"သား ကျွမ်းတာ တီတီသိပါတယ်ကွ၊ ဒါပေမယ့် မေမေ့ရှေ့ သွားမစီးနဲ့နော်၊ မေမေ လန့်သွားလိမ့်မယ်"

သားကို တားခဲ့သေးသည်။ ဒီနေ့အဖြစ်ကတော့ တကယ့်ကို တိုက်ဆိုင်မှုလို့လဲ ပြောလို့ရသည်။ ငြိတွယ်အကြိုက်ကို လိုက်လွှန်းသော ငြိရဲ့ အရူးထမှုသက်သက်လို့လဲ စွပ်စွဲလို့ရသည်။

"တီတီ ကားရှေ့ သားစက်ဘီးနင်းပြီး လွတ်အောင်လာပြမယ်၊ စမ်းကြည့်ရအောင် တီတီ၊ ဘယ်လိုလဲ၊ သားကို အထင်တော့ မသေးနဲ့နော်၊ သားက စတန့်မင်း(န်)"

သားအကြိုက် သား သဘောကိုလိုက်ပြီး ငြိနဲ့သားသားက လက်ဝါးချင်းရိုက်ပြီး ဒီအကွက်ကို ပြခဲ့တာပင်။ ငြိကားကို

မိုး:မိုး:၁၁၄၆ပ

www.burmeseclassic.com

www.burmeseclassic.com



စက်သံကြမ်းကြမ်းနဲ့ တမင်မောင်းလာပေမယ့် အရှိန်ကနှေးပါသည်။ သားနဲ့ နှစ်ပေသုံးပေအကွာထဲက ငြိမ်က ဘရိတ်ဆွဲထားခဲ့သည်။ စက်ဘီးပေါ်က သားကတော် ...

"တီတီကလည်း သားအနားရောက်ဖို့ အဝေးကြီးလိုသေးတာကို"

မကျေနပ်ချက်ကို ဖြေရှင်းရန် ငြိမ် ကားပေါ်က အဆင်းမှာပဲ ...

"ဟာ ... မြစ်ဖျား၊ ဟော့ ... မြစ်ဖျား"

"မြစ်ဖျား"

ပြိုင်ဘက်က မြစ်ဖျားကို ဆွဲပွေ့ခေါ်တာ၊ မြစ်ဖျားကို မချီပြီး အိမ်ထဲ သယ်သွားတာ။ ဆရာဝန်ဆီ ကသောကမျော ဖုန်းတွေဆက်ပြီး ခေါ်တာကို ငြိမ်မျက်လုံးအပြူးသားနဲ့ လိုက်ငေးနေရတဲ့အဖြစ်။ အဲဒီအချိန်အထိ ငြိမ်က တရားခံဆိုတာကို မသိသေး။ မြစ်ဖျားကို အိပ်ခန်းထဲ ရွှေ့ပြီးမှ ငြိမ်အနားသို့ လျှပ်စီးလျှက်သလို ရောက်လာသော ပြိုင်ဘက်။ မိုးကြိုးအစင်းပေါင်းများစွာ ပစ်ချလိုက်သလို စွပ်စွဲချက်တသီကြီးနှင့် ပြောလာတဲ့စကားတွေက ငြိမ်ရဲ့အပြစ်ကို သိခွင့်ရခဲ့၏။ မရည်ရွယ်ရိုးမှန်ပေမယ့် ရင်နာစရာဖြစ်ရပ်က အိပ်မက်မဟုတ်။ တကယ်ဖြစ်ခဲ့ပြီ။

"စိတ်မကောင်းစရာပဲ ကိုပြိုင်ဘက်"

ဆရာဝန်က နားကြပ်ကို ကုပ်ပိုးနောက်လွှဲချိန်ရင်း ပြော

ဝိုး ပိုး ၈၁၄ ပ



သည်။ တစ်ခန်းလုံး အသက်ရှုသံသဲ့သဲ့မျှ မကြားရအောင် တိတ်ဆိတ်သွားတာက တစပြင်ပမာ။ ငြိမ်ရဲ့ ရှင်သန်ခြင်းက ခေါက်တော့ နှုတ်ခမ်းဖျားပေါ် တင်ထားတာ ငြိပါအသက်အောင့်ပြီး မျှော်လင့်သည့်စကား။

"ခင်ဗျားဇနီးက လွန်ခဲ့တဲ့ ဆယ်မိနစ်ကတည်းက နှလုံးခုန် ရပ်သွားခဲ့တာပါ၊ သူ အသက်မရှိတော့ပါဘူး"

"ဗျာ"

ပြိုင်ဘက်ခေါင်းထဲ မိုက်ခနဲဖြစ်သွားသည်။ လက်လှမ်းမီရာ အခန်းဘောင်ကို လှမ်းဆွဲထားပေမယ့် လက်တို့က မမြဲချင်။ လူတွေရပ်နေသည့်ကြားက အလစ်အဟာလေးမှ မြစ်ဖျားမျက်နှာတစ်စွန်းတစ်စကို လှမ်းမြင်နေရသည်။

မြစ်ဖျားနှုတ်ခမ်းတွေ ပြုံးနေသလား မသိပေမယ့် မြစ်ဖျားမျက်ခွံတွေ ပိတ်ထားတာ သေချာသည်။ ဘယ်တော့မှ မြင်တွေ့နိုင်ခြင်း မရှိတော့သော ခရီးတစ်ခုကို မြစ်ဖျားနှုတ်မဆက် လက်မပြဘဲ ထွက်သွားခဲ့ပြီ။

"မြစ်ဖျားကို သတ်တာ နင်ပဲ စွဲငြိမ်"

"မြစ်ဖျားကို နင် သတ်တာ"

ဝမ်းနည်း ယူကျုံးမရခြင်းတွေနဲ့ ပြိုင်ဘက် လက်တစ်ဖက် မြောက်တက်သွားသည်။ ကျယ်လောင်သော အသားချင်း ထိခတ်သံအဆုံးမှာ လည်ထွက်သွားသော စွဲငြိမ်မျက်နှာကို ဆံပင်တွေအုပ်

ဝိုး ပိုး ၈၁၄ ပ

www.burmeseclassic.com

www.burmeseclassic.com



ကျသွားပေမယ့် ငြိဟာ ဆံပင်တွေကို ခါထုတ်ရင်း မျက်နှာကို ထပ် မော့ပေးသည်။ လောင်မီးကျအေါသနှင့် ဝမ်းနည်းခြင်း၊ ယူကျုံး မရခြင်းတွေက ပြိုင်ဘက်မျက်ဝန်းကို ရဲရဲနီစေသည်။ နှုတ်ခမ်းသား တွေဟာ ငြိအပေါ် မုန်းတီးရွံရှာခြင်းတို့ကြောင့် တဆတ်ဆတ်တုန် ယင်နေပြီးမှ …

"နင်က လူသတ်သမား"

ဖြောင်းခနဲ လက်ပြန်ရိုက်ချက်ဟာ မနာကျင်ရသေးသော ပါးပြင်ပေါ် ထပ်မံကျရောက်တာ အရှိန်ပြင်းစွာ။ အင်အားချင်းမမျှ သောကြောင့် ငြိ ခွေခနဲ ယိုင်လဲကျသည်။ ပူထူကျိန်းစပ်သော ဒဏ်ရာအောက်မှာ မူးရီခြင်းက ကပ်လာပေမယ့် နောက်ဆုံးအသိ အဖြစ် ငြိက ခေါင်းမော့ပေးထားစမြဲ။

"စိတ်ရှိသ၍ ရိုက်ပါ ပြိုင်ဘက်၊ နင့်ရိုက်ချက်တွေက ငါ့အသက်ကို ထုတ်နှုတ်ယူသွားပါစေ၊ မြစ်ဖျားပြန်လာမယ်ဆိုရင် ငါသေရဲတယ်"

ပေါက်ခနဲ ကြွေဆင်းတဲ့ မျက်ရည်တစ်စက် ငြိရဲ့နှလုံးသွေး စက်ဆိုတာ ဘယ်သူသိမှာတဲ့လဲ။ ကံကြမ္မာပြဇာတ်က တွေ့ဆုံကြုံ ကွဲရင်း ဒီမှာ တစ်ခန်းရပ်ခဲ့ပြီ။

◆ ◆ ◆

## အခန်း (၃၂)

ပြတင်းပေါက်ဖွင့်တာနှင့် လေအေးတွေက ကြမ်းတမ်းစွာ အခန်းထဲ တိုးဝင်လာ၍ ပြိုင်ဘက်လည်ပင်းရှိ မာဖလာအား ပြန် ဆွဲပတ်ရင်း အဝေးဆီမှ မီးခိုးတန်းကြီးကို လှမ်းကြည့်သည်။ ဆောင်း လေအေးနှင့်အတူ သစ်ရွက်ခြောက်တွေ မီးရှို့၍ ထွက်ပေါ်လာသော ရနံ့တွေက နှာသီးဖျားမှတစ်ဆင့် အဆုတ်ထဲအထိ ဝင်သွားတာက နွေးထွေးခြင်း မရှိ။ အေးတိအေးစက်နှင့်၊ နှင်းတွေမီးခိုးငွေ့တွေ ရောပြီး ခြံထဲမြင်ကွင်းက မှုန်မှိုင်းမှိုင်း။ အကြည့်တစ်ချက်ပစ်လိုက်မှ မှာ ခြံထောင့်ရှိ လေးထောင့်စပ်စပ် အဆောက်အဦးဆီ စိုက်ခနဲရောက် သွားသည်။ သူ ဒီခြံရောက်ကတည်းက ဆောက်ခဲ့သော အုတ်တိုက် သွပ်တွေမိုးကာ ပြတင်းပေါက်မရှိသော ထိုအဆောက်အအုံမှာ ဝင် ပေါက်တစ်ပေါက်တည်းသာရှိသည့် အလုံပိတ်တိုက်၊ စ ဆောက် ကတည်းက မေမေက ရှုးစမ်းသည်။

"ဘာအတွက်လဲ သားရယ်၊ ဘယ်လောက်အေးတဲ့ ရှာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ဥတုပဲဖြစ်ဖြစ် တောင်ပေါ်ဒေသမှာပဲနေနေ၊ အိမ်ဆိုတာ လေဝင် လေထွက်ပေါက်တော့ ရှိဦးမှပေါ့၊ မင်းဟာက ပြတင်းပေါက်မရှိ တံခါးမကြီးတစ်ခုတည်းနဲ့ နည်းလမ်းမကျသေးပါဘူး ပြိုင်ဘက် ရယ်''

အဲဒီတုန်းက ပြိုင်ဘက်က မေမေ့ကို အေးတိအေးစက် တုံ့ပြန်ခဲ့သည်။

''ဒါ လူနေဖို့ မဟုတ်ဘူးမေမေ၊ ပစ္စည်းတွေထားဖို့၊ ကျွန်တော် မမြင်ချင်တဲ့ မုန်းတဲ့ပစ္စည်းတွေထားဖို့''

ပြိုင်ဘက်စိတ်ကြိုက် အဆောက်အုံလေးပြီးတာနှင့် သားစီးသော စက်ဘီးအပါအဝင် ပြိုင်ဘက်မုန်းသော မိန်းမတစ်ယောက်နှင့် ပတ်သက်သော ပစ္စည်းတွေအားလုံးကို ထိုတိုက်လေးထဲ ထည့်သိုသော့ခတ်ခဲ့တာ ဒီနေ့အထိ။ ဘဝဟာ ပြိုင်ဘက်အတွက်တော့ အချိုးအကွေ့တွေ များစွာဖန်တီးပေးပြီး တစ်ချိုးကွေ့ချတိုင်းမှာ ဝမ်းသာကြည်နူးလိုက်၊ ဝမ်းနည်း ကြေကွဲလိုက်နှင့် မျက်လှည့်အပြခံနေရသလိုပင်။ မြစ်ဖျားဆုံးပြီးနောက်ပိုင်း ပြိုင်ဘက်က သားကိုရင်ခွင်ပိုက်၍ ဒီကလောမြို့သို့ ပြောင်းရွှေ့ရန် စီစဉ်ခဲ့သည်။ တကယ်ဆိုရင် စွဲငြိဆိုသော ကြမ္မာဆိုးရဲ့ လက်တံထဲက ပြိုင်ဘက်တို့သားအဖ ရုန်းထွက်ရန် ကြိုးစားခဲ့ခြင်းဖြစ်သည်။

ပြိုင်ဘက် အစီအစဉ်ကို မေမေ သိခါစက အပြင်းအထန် ကန့်ကွက်ခဲ့သည်။

''အဲဒီလောက်အထိ အစွဲအလမ်းမများပါနဲ့ သားရယ်၊

စိုး : ပိုး : ၀၇၆ပ



တရားသဘောလေး နှလုံးသွင်းပြီး ဆင်ခြင်စမ်းပါ၊ တစ်ဖက်ကလဲ ဒီလိုဖြစ်မြောက်သွားပါစေဆိုပြီး ရည်ရွယ်ခဲ့တာမျိုးမှ မဟုတ်တာ၊ မြေးတောင်းဆိုလို့ မြေး သဘောကျ အလိုလိုက်ခဲ့ရတာ၊ မင်းနဲ့ မြစ်ဖျား သူ့မြင်ကွင်းထဲမှာ မရှိတော့ ကလေးကို စိတ်လွှတ်ကိုယ်လွှတ် စတာမျိုးနေမှာပါ၊ မထင်မှတ်ဘဲ ဖြစ်ခဲ့တဲ့ အကြောင်းတရားကို ဖြေပါ သားရယ်''

''မြစ်ဖျားကလည်း သားအတွက် ဒီလောက်ထိပဲ ရေစက်ပါခဲ့လို့ပေါ့''

မျက်ရည်တစမ်းစမ်းနှင့် မေမေ့က ပြိုင်ဘက်ကို နှစ်သိမ့်ပေမယ့် ဒဏ်ရာများစွာကြောင့် အသားမာတက်ခဲ့ပြီဖြစ်သော ပြိုင်ဘက်နှလုံးသားဆီ တိုးမပေါက်တော့ပါ။

''ကျွန်တော် ဆုံးဖြတ်ပြီးပြီ မေမေ၊ ကျွန်တော့် ဆုံးဖြတ်ချက်ကို ဘယ်နည်းနဲ့မှ ပြင်မှာမဟုတ်တော့ဘူး၊ မေမေ့စကား နားမထောင်နိုင်တဲ့ ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့တော့''

မိခင်ဖြစ်သူကိုသာ ခေါင်းငိုက်စိုက်နှင့် ပြိုင်ဘက်တောင်းပန်တော့ မေမေ ငိုတာ ရှိုက်ကြီးတငင်။ ပြိုင်ဘက်ရင်ထဲက နာကျင်ကြေကွဲခြင်း၊ စိတ်မကောင်းဖြစ်ခြင်း၊ မေမေ့ရဲ့ ဝမ်းနည်းခြင်းတွေကို အချိုးတူပေါင်းစပ်ပေးသူက ဖေဖေ။

''မင်းသားက မွေးကတည်းက ရာဇဝင်တွင်အောင် ခေါင်းမာခဲ့တဲ့ သူပဲ ခင်ရယ်၊ သူ စိတ်ချမ်းသာသလို နေပါစေ

စိုး : ပိုး : ၁၇၆ပ

www.burmeseclassic.com

www.burmeseclassic.com



တို့ စဉ်းစားရမှာတစ်ခုပဲ၊ ဒီသားနဲ့ ဒီမြေးကို သံယောဇဉ်မပြတ်နိုင်ဘူးဆိုမှတော့ သူတို့ စိတ်ချမ်းသာရာကိုပဲ ပံ့ပိုးပေးလိုက်တာ မကောင်းလား ခင်''

ဖေဖေ့အဆုံးအဖြတ်မှာ အားလုံးသောဆန္ဒတွေ အတည်ပြုခဲ့ကြသည်။ လက်ရှိနေသော တိုက်ခန်းနှင့်အိမ်ခြံပါ ရောင်းကာ ပြိုင်ဘက်ဆန္ဒအတိုင်း ကလောမြို့မှာ အခြေတည်ခဲ့သည်။ ပြေကျော့ဦးလေးတွေက ဒီမြို့ရဲ့ ခြံပိုင်ရှင်အဖြစ် ရောက်စ တစ်နှစ်အတွင်းမှာတော့ ပြေကျော့ဦးလေးတွေနှင့် အကျိုးတူပူးပေါင်းခဲ့ပေမယ့် ကျွမ်းကျင်လာတဲ့ လုပ်ငန်းသဘာဝအရ သူ တစ်ခြံထပ်ခွဲခဲ့သည်။ ပြိုင်ဘက်အရင် ကုမ္ပဏီကလည်း ...

''ခင်ဗျားဆင်တဲ့ ဒက်ကရေးရှင်းဒီဇိုင်းတွေက ကာစတမ်မာတွေအကြိုက်ဖြစ်တာ များတယ်၊ နောက်ပြီး ခင်ဗျားအတွေးအခေါ်က Up Date ဖြစ်တယ်ပေါ့ဗျာ၊ ဒီတော့ ကျွန်တော်တို့ကုမ္ပဏီရဲ့ ဝန်ထမ်းမလုပ်တော့ပေမယ့်လည်း ဒက်ကရေးရှင်းအပိုင်းတော့ ဆက်တာဝန်ယူပေးပါ၊ ဒီရန်ကုန်မှာနေတော့လည်း ကျွန်တော်တို့ရုံးခွဲက တောင်ကြီးနဲ့မန္တလေးမှာ ရှိတာပဲ၊ လိုအပ်တာတွေ ဆွေးနွေးပြီး လက်တွဲသွားလို့ရပါတယ်၊ အကျိုးအမြတ်ရဲ့ ဆယ်ရာခိုင်နှုန်းကို ခင်ဗျားယူပေါ့၊ ခင်ဗျား သဘောတူလက်ခံလိမ့်မယ်လို့ မျှော်လင့်ပါတယ်''

တစ်ဖက်က လိုလိုလားလား ကမ်းလှမ်းလာတော့လည်း

ဂိုး : ပိုး : ၁၁၆၀



ပြိုင်ဘက် မငြင်းနိုင်။ ဒီအလုပ်က သူဝါသနာပါရာ အလုပ်လည်းဖြစ်တာမို့ လက်ခံဖြစ်ခဲ့သည်။ အခုတော့ တောင်ပေါ်ဒေသရဲ့ ချမ်းစိမ့်တဲ့ဥတုကြားမှာ ပြိုင်ဘက်စိတ်တို့က အနည်ထိုင်လာခဲ့ပြီ။ သို့ပေမယ့် အတိတ်ကိုတော့ မေ့ပျောက်မရနိုင်သေး။ မေ့လို့မရသော အရာတွေထဲမှာ ပြိုင်ဘက်မုန်းသော စွဲငြိုကိုမှ မှတ်မှတ်ထင်ထင် သတိရနေတတ်သေးသည်။ လူ့စိတ်က ဆန်းကြယ်တာတော့ အမှန်ပင်။ ချစ်သည့်စိတ်နှင့် ကွဲကွာရသော သူကို အချိန်အတိုင်းအတာတစ်ခုတည်းမှာ မေ့လို့ရပေမယ့် မုန်းတဲ့စိတ်နှင့် ကွဲကွာရသူကျတော့ လွယ်လွယ်နှင့်မမေ့။ တမြေ့မြေ့ တစိမ့်စိမ့်နာကြည်းရင်း တရိုရိုပဲ့ကျခဲ့တာ နှလုံးသားဆိုလျှင် ...။

''ဟာ ... ဖေဖေက နိုးနေရက်သားနဲ့ အောက်မဆင်းလာဘူး''

''သား''

သားက ပြိုင်ဘက်အခန်းထဲ ပြေးဝင်လာ၏။ သားကို သူက နောက်လှည့်ကြည့်ရင်း လက်နှစ်ဖက်ကို ဆန့်၍ရင်ဖွင့်ကာ ကြိုသည်။ ရှပ်အင်္ကျီအဖြူ၊ ကျောင်းစိမ်းဘောင်းဘီနှင့် အင်္ကျီပါ သိုးမွေးချိုင်းပြတ်ဆွယ်တာအစိမ်း။ ထိုအပေါ်ကမှ ဂျက်ကက်ခါးရှည်နှင့် သားက ကျောင်းသွားရန် အသင့်ဖြစ်နေသော ပုံစံနှင့်။

''သားက မနက်အစောကြီး ဘိုးဘိုးနှင့်အတူတူ လမ်းထလျှောက်ပြီးပြီ၊ ဘွားဘွားကျွေးတဲ့ ကော်ဖီနဲ့ပေါင်မုန့်လည်း

ဂိုး : ပိုး : ၁၁၆၀

www.burmeseclassic.com

www.burmeseclassic.com



စားပြီးပြီ၊ အားလုံးဆီမှာလည်း စာပြန်ပြီးပြီ၊ အယ် .. နောက်ပြီး တော့"

သားက တစ်ချောင်းပြီးတစ်ချောင်း ချိုးရေထားတဲ့ လက်ချောင်းလေးတွေကို ပြန်ကြည့်ရင်း စဉ်းစားနေပုံက ချစ်စဖွယ်။ ပြိုင်ဘက်က ဖောင်းဖောင်းအိအိလေးဖြစ်နေတဲ့ သားရဲ့ပါးပြင်လေးကို စိတ်မထိန်းနိုင်စွာ အသာဖိနမ်းပစ်တော့မှ..

"ဩော် ..သိပြီ၊ ဖေဖေနမ်းမှ သား သတိရသွားပြီ၊ တူးမာကြီး ပြင်ပေးထားတဲ့ ဆွဲခြင်းနဲ့ ကျောပိုးအိတ်လဲ ကားပေါ် ရောက်ပြီ အဲဒီတော့.."

"ဖေဖေ ကျောင်းလိုက်ပို့ဖို့ပဲ ကျန်တော့တာပေါ့၊ ဟုတ်လား ... သား"

သူကမေးတော့ ငြိတွယ်လေးက မျက်တောင်ရှည်တွေပိကျတဲ့အထိ နိုးခိုးခစ်ခစ်ရယ်ရင်း ..

"အစစ်ပေါ့ ဖေဖေရယ်၊ ဒါပဲ ကျန်တော့တာ"

သားရယ်လိုက်တိုင်း ထင်းခနဲပေါ်လာသော ပါးချိုင့်ရှည်လေးကို ပြိုင်ဘက် ဆတ်ခနဲ နမ်းရင်း ဖျတ်ခနဲသတိရမိတာက မြစ်ဖျားကို။ မြစ်ဖျားနောက်ပါးမှာ တစ်ဆက်တည်း ကပ်ပါလာသူက ပြိုင်ဘက်အတွက် သတိမရသင့်သော လူစားဖြစ်လျှင် ... တွေးတိုင်း သောကမြားတို့က စွဲငြိဆိုသော မိန်းမထံမှာ ချိန်ရွယ်ပြီးသား ...။

◆ ◆ ◆



## အခန်း (၃၃)

"မင်း ဘာလို့ စက်ဘီးကို ယူစီးတာလဲ ငြိတွယ်"

မိုးခြိမ်းသံလို ပြိုင်ဘက်ရဲ့မေးသံက တဝုန်းဝုန်း ဒိုင်းဒိုင်းရှိလှသည်။ အလုံးနှင့် တူးမာကတော့ အခန်းကွယ်က အသင့်စောင့်နေကာ ပြိုင်ဘက် သားကိုရိုက်ရန် လက်ရွယ်ကြည့်၊ ကလေးကို ခေါ်ပြီးပြေးမယ်လို့ စိတ်ကူးထားကြသူတွေ။ မေမေက တော့ အနီးရှိဆိုဖာမှာပဲထိုင်ကာ သိုးမွေးထိုးနေပေမယ့် အကြည့်ရော၊ အကြားရော ပြိုင်ဘက်တို့သားအဖထံမှာ။

"ဟော့ကောင် ... မင်းကို မေးနေတယ်လေ၊ အဲဒီထဲက ပစ္စည်းတွေကို မင်း မမြင်စေချင်လို့၊ မြင်ရင် နောက်ဆက်တွဲတွေဖြစ်မှာစိုးလို့ ငါ သော့ခတ်ထားခဲ့တာ၊ သော့ကို ဖျက်ပြီးရအောင် ဖွင့်တယ်ဆိုတော့ မင်း မလွန်လွန်းဘူးလားငြိတွယ်"

"မလွန်ပါဘူး ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာ''

သားက လက်ပိုက်တော့ ရပ်ထားပါရဲ့။ ဒါပေမယ့် သားမျက်လုံးထဲမှာ ကြောက်ရွံ့ရိပ်မရှိ။ ပြန်ဖြေပုံက ရဲရဲတင်းတင်း။ ငြိတွယ်က ဒေါသကြောင့် နီရဲနေတဲ့ ဖေဖေ့မျက်နှာကို ပြန်ကြည့်ရင်း ငိုချင်စိတ်ကို ထိန်းသည်။

''ယောကျ်ားဆိုတာ ဘယ်တော့မှ မငိုရဘူး၊ ကိုယ့် မျက်ရည်ကျတာ ကိုယ့်မာနကိုချတာနဲ့ အတူတူပဲ''

အန်တီစွဲငြိပြောထားသည့်စကား နားထဲကြားယောင်နေတာ ထပ်တလဲလဲ။ ထို့ကြောင့် စို့သီလာတဲ့ မျက်ရည်တွေကို မျက်တောင်ရှည်တို့ဖြင့် ပုတ်ခတ်ထုတ်ပစ်ရင်း..

''ကျောင်းမှာ သားသူငယ်ချင်းတွေ အကုန်လုံးစက်ဘီး ရှိတယ်၊ စီးလဲ စီးတတ်တယ် ဖေဖေ၊ သားကျမှ စက်ဘီးရှိရဲ့သားနဲ့ ဘာလို့စီးခွင့်မရတာလဲ၊ ဘာလို့ သိမ်းထားရတာလဲ''

ရုတ်တရက် မေးခွန်းပြန်ထုတ်လာတဲ့ သားကြောင့် ပြိုင်ဘက် ကြောင်သွားသည်။ ဒေါသဖြစ်ပေမယ့် အရှိန်မသေသေးသော ရင်မှာ တုန်လှုပ်ခြင်းက လျှောင်တစ်စင်းလို။ နဂိုက ဒီရောက်စအချိန်မှာ သားဟာ အဲဒီအလုံပိတ်တိုက်လေးကို စိတ်မဝင်စားခဲ့ဘဲ အခု ချက်ချင်းကြီးကျမှ ...

''အဲဒီစက်ဘီးကြောင့် သားမေမေဆုံးသွားတာလို့ သားဖေဖေက ထင်နေတာ မြေးရဲ့''



''မေမေ့မှာ နှလုံးရောဂါရှိတာဆို''

''အေးလေ''

''မေမေက သူ့ရောဂါနဲ့ဆုံးတာ မဟုတ်ဘူးလား''

''ငြိ ... တွယ်''

ပြိုင်ဘက် အော်ပစ်လိုက်သည်။ ဒါနဲ့တင်အားမရသေး။ သားရှေ့ ဒူးထောက်ထိုင်ကာ သားပခုံးနှစ်ဖက်ကို ခပ်ကျပ်ကျပ် ဆုပ်ကိုင်ပြီး ဆောင့်ခါယမ်းပစ်၏။

''ဟဲ့ ...သား''

မေမေ့တားမြစ်သံလဲ ပြိုင်ဘက်နားထဲ မဝင်။

''မင်း မှတ်ထား၊ အဲဒီစက်ဘီးနဲ့ မကောင်းဆိုးဝါး မိန်းမကြောင့် မင်းအမေသေရတာ၊ မင်းအမိမဲ့သား ဖြစ်ရတာ၊ မင်းက ဒါကို စိတ်မနာဘဲ ဒီစက်ဘီးဘက်က ကာကွယ်ချင် သေးတယ်၊ ဟော့ကောင် ... မင်း လူမဟုတ်ဘူးလား၊ မင်း ဖအေကပြောရင် နာခံရမှာပေါ့၊ မင်း ငါ့ကို တစ်ခွန်းမခံပြန် ပြောနေတာ ဘယ်သူ့ အားကိုးနဲ့လဲ၊ ဟမ် ... မင်းက''

''ဟဲ့ ...ဟဲ့ ...၊ အိုတော်ပါတော့ ကလေးမူး နောက်နေတော့မှာပဲ၊ ဒုက္ခတွေများကုန်တော့မှာပဲ ပြိုင်ဘက်ရယ်၊ လွှတ်စမ်း ... ငါ့မြေးကို၊ အလုံးတို့ ... တူးမာတို့ လာစမ်း၊ ကလေးကို လာခေါ်စမ်း''

ဒေါ်ခင်ခင်မိုးလက်ထဲက သိုးမွေးလုံးတွေရော၊ တစ်ချောင်း

www.burmeseclassic.com

www.burmeseclassic.com



ထိုးအပ်တွေရော အကုန်ပစ်ချပြီး သားနဲ့မြေးကို အမြန်ဆုံး လူစုခွဲပစ်သည်။ လက်တစ်ဖက်ကလည်း ပြိုင်ဘက်ပခုံးကို တဖျ၀ ်ဖျတ်ရိုက်မိတာ မြေးလေးကို သနားသောစိတ်ကြောင့်ပါ။ အမိမဲ့လေခြင်းဆိုတဲ့ ယူကျုံးမရမှုအောက်မှာ ဒီကလေးကို ရွှေလိုဥခဲ့တာဒီအရွယ်ရောက်လာတဲ့အထိ။ မြေးကို အလုံးတို့ ပွေ့ချီခေါ်သွားမှ ပြိုင်ဘက်ကို ရိုက်နေတာလဲ ရပ်မိပြီ။ ပြိုင်ဘက်ကတော့ ဒူးထောက်ရက်သားမှာ ခေါင်းပါငိုက်ချထားရင်း…

"သား ပြောင်းလဲနေတာ သာမန်မဟုတ်တော့ဘူး သား"

"မေမေ"

"ငါ စိတ်ညစ်တယ် ပြိုင်ဘက်ရယ် သိလား"

ဒေါ်ခင်ခင်မိုးက အနီးရှိ ဆိုဖာပေါ် အရုပ်ကြိုးပြတ်ထိုင်ချသည်။

"မင်းက အစွဲအလမ်းကြီးကြီးနဲ့ ဒီကလေးကို ပုံစံမသွင်းနဲ့၊ ကလေးကတော့ သူ နီးစပ်ရာ ပတ်ဝန်းကျင်အတိုင်းပြောင်းလဲမှာပဲ"

"မဟုတ်ဘူး မေမေ၊ သားက"

"ဘာလဲ၊ အရင်ကလို ကာတွန်းကားတွေ ကြောင်နဲ့ကြွက်တွေမကြည့်ဘဲ စစ်ကားတွေကြည့်လာတာကို ပြောချင်တာလား၊ လက်ဖှေ့ထိုးချင်တယ်လို့ ပြောတာလား"

ပြိုင်ဘက် ထိုင်ရာမှထပြီး ဆိုဖာမှာဝင်ထိုင်တော့ ဒေါ်ခင်





ခင်မိုးနှင့်မျက်နှာချင်းဆိုင်။ သားဖြစ်သူရဲ့ဆန္ဒနှင့် မညီညွတ်သောမှုန်ကုပ်ကုပ်မျက်နှာကို ကြည့်ပြီး ဒေါ်ခင်ခင်မိုး သက်ပြင်းရှိုက်သည်။

"ဒါတွေဟာ ပြောင်းလဲချိန်တန်တဲ့ သဘာဝပဲ သား၊ မြေးက အသက်ခြောက်နှစ်ရောက်နေပြီ၊ အရွယ်နဲ့လိုက်ပြီး အမူအကျင့်ဆိုတာ ပြောင်းသွားတာပဲ၊ ဆယ့်ခြောက်နှစ်ကျော်ရင်ရည်းစားမထားရသေးဘူး၊ ငယ်သေးတယ်လို့ မိဘက တားမြစ်ထားပေမယ့် တချို့ဆို အိမ်ထောင်ပြုသွားတာမျိုးတောင် ရှိတယ်"

"မိဘစကားပြောတိုင်း မနာခံတတ်တာ သားသမီးတွေရဲ့ထုံးစံပဲ၊ မင်းတုန်းကရော မေမေ့စကားကို နာခံခဲ့သလား ပြိုင်ဘက်ရယ် …ဟင်"

မေမေ့မေးခွန်းကို ပြိုင်ဘက် မဖြေနိုင်။ နှုတ်ဆိတ်ကာငူငူကြီးထိုင်နေသော ပြိုင်ဘက်ကို မေမေက စိတ်မသက်သာစွာကြည့်ရင်း ထိုင်ရာမှ ထရပ်သည်။

"မိဘတွေက သိပ်တင်းလွန်းရင် သားသမီးက ပြတ်ထွက်တတ်တယ် သား၊ မြေးက ငယ်ပါသေးတယ်၊ မလိုအပ်ဘဲ မတင်းကျပ်ပါနဲ့၊ အချိန်အခါ သဘာဝကိုလိုက်ပြီး ပြောင်းလဲတာမျိုးကို လွှတ်ပေးထားပါ၊ အန္တရာယ်မှ မရှိတာသားရယ်"

"အန္တရာယ်ရှိတယ် မေမေ"လို့ သူ ပြောပစ်ချင်ခဲ့ ပေမယ့်အသာငြိမ်နေရသည်။ ပြိုင်ဘက်ရင်ထဲ သားအတွက် ဗလောင်ဆူနေတာ ဘယ်သူမြင်မှာမို့လဲ။ အများသူငါမြင်တဲ့ ငြိတွယ်ရဲ့ ပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



မှုက အပေါ်ယံခပ်ပါးပါးသာ။ သားမျက်ဝန်းတွေကနေ မြင်နေရတဲ့ ခံစားချက်တချို့က ရဲရင့်ခြင်း၊ အနိုင်ယူလိုခြင်းနဲ့ မထီလေးစား ဟန်တွေ ပြည့်နေတာ ဘယ်သူနဲ့ တူနေတာလဲ။

ဒီလောကမှာ အဲဒီမျက်ဝန်းပိုင်ရှင်က နှစ်ယောက်မရှိတာ သူ အသိဆုံး။ အဲဒီမျက်ဝန်းနဲ့ အမူအကျင့်တွေကြောင့်ပဲ စွဲငြိကို ပြိုင်ဘက်အမုန်းဆုံး။

"မင်းဟာ ကူးစက်တတ်တဲ့ ဗိုင်းရပ်(စ်)ပိုးပဲ စွဲငြိ၊ အဲဒါ သေချာတယ်"

◆ ◆ ◆



## အခန်း (၃၄)

"ကျွန်တော် ငြိတွယ်ရဲ့ ဖခင်ပါ၊ ဒီအချိန်မှန့်စားလွှတ် ချိန်မဟုတ်လား၊ သားကို မုန့်ကျွေးဖို့အတွက်ပါ"

ပြောရင်း သားရဲ့အတန်းထဲ ပြိုင်ဘက်မျက်လုံးဝေ့ ကြည့်သည်။ သားရဲ့ အတန်းထဲမှာ သားနှင့်တူတာဆို၍ အရိပ် တောင် မတွေ့။ ကျောင်းရှေ့မြင်ခင်းပြင်ရှိ ဆော့ကစားနေသော ကလေးများကြားမှာလဲ သူ ကြည့်ခဲ့သည်။ သားကို မတွေ့။ သားနှင့်ပြိုင်ဘက် ကတောက်ကဆဖြစ်ပြီးကတည်းက သားက နောက်နေ့ ကျောင်းလိုက်ပို့ရန် သူ့ထံ လာမပြောတော့။

"ဖေဖေပဲ လိုက်ပို့လိုက်တယ် သား၊ ကလေးက မင်းကို ကြောက်နေတဲ့အရှိန်က ရှိနေသေးတော့"

ဖေဖေက သူ့ကိုပြောခဲ့သည်။ တစ်အိမ်တည်းနေပြီး သားက ပြိုင်ဘက်ကို အတွေ့တောင်မခံ။ ပြိုင်ဘက်အိမ်မှာ ရှိချိန်ဆို



www.burmeseclassic.com

www.burmeseclassic.com



သားက စာရေးစာဖတ်လုပ်နေပြီး အခန်းအပြင် တောင် မထွက်။ သားရဲ့ ငြိမ်သက်ခြင်းက အေးစက်လာ သဖြင့် ပြိုင်ဘက် ရင်ထိတ်လာသည်။ အဖေနဲ့သားပဲ အရင်းနှီးဆုံး ကျန်ခဲ့တဲ့ ဒီလောက ကြီးထဲမှာ ပြိုင်ဘက်တို့သားအဖ ဆက်ဆံရေးက ဒီလောက်အထိ ကျဲပါးပြတ်တောက်တာမျိုး မဖြစ်သင့်ပေ။ ထို့ကြောင့် ဒီနေ့ စိုက်ခင်းမှအပြန် သားကျောင်းထဲ ပြိုင်ဘက် ဝင်ခဲ့ခြင်းဖြစ်သည်။ သူက လတ်လတ်ဆတ်ဆတ် ခူးလာသော အလုံးလှလှ လိမ္မော်သီးခြင်းကို ဆရာမများရဲ့ စားပွဲရှေ့ချပေးရင်း ....

"ဆရာမ"

"ရှင်"

"ငြိတွယ်ကို တွေ့ခွင့်ရချင်လို့ပါ"

"ဟို .... အဲဒါကလေ ... ငြိတွယ်က"

ဆရာမထံမှ သာမန်မဟုတ်သော စကားရှားပါးခြင်းတို့ကြောင့် ပြိုင်ဘက်ရင်ထဲ ထူးဆန်းသော အာရုံတစ်ခါခံစားလိုက်ရသည်။ သားရဲ့အတန်းပိုင်ဆရာမဘေးက တခြားသော ဆရာမတွေကလည်း ပြိုင်ဘက်ထံ ရဲရဲမကြည့်ရဲသည့် မျက်ဝန်းကိုယ်စီနဲ့။

"ဆရာမတို့ အပြောခက်နေတယ် ထင်တယ်၊ ကဲ ... ကျွန်တော်ပဲ ပြောပြလိုက်ပါ့မယ်၊ ကဲ ... ဒီကလေးအဖေ ကျွန်တော့် ရုံးခန်းထဲ ကြွပါ"



အသားဖြူဖြူ၊ အရပ်မြင့်မြင့်နှင့် ဆံပင်ကို ဘေးခွဲထားသည့် အဖြူအစိမ်းဝတ်လူက ပြိုင်ဘက်ကို ခေါ်သွားတာ ကျောင်းအုပ်ကြီးရုံးခန်းဆိုသည့် ဆိုင်းဘုတ်ချိတ်အခန်းငယ် အတွင်းသို့။

"ကျွန်တော်က ဒီကျောင်းရဲ့ ကျောင်းအုပ် ဦးစိုးမြင့်ပါ"

ကမ်းပေးလာတဲ့ လက်ကို ယဉ်ကျေးမှုအရ ပြိုင်ဘက် ဆွဲနှုတ်ဆက်ရပေမယ့် သားအတွက် ပူပန်ခြင်းက ရင်ထဲရှိန်ရှိန်ထနေသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ဆရာကြီး"

"ဟုတ်ကဲ့ ... ထိုင်ပါ ဦးပြိုင်ဘက်"

မှန်စားပွဲကို အလယ်မှာခြားပြီး ဝင်ထိုင်တော့ ပြိုင်ဘက်နှင့် ဆရာကြီးက မျက်နှာချင်းဆိုင်လျက်...။

"ကျွန်တော် ဒီစကားကိုပြောဖို့ အင်မတန်အားယူရပါတယ် ဦးပြိုင်ဘက်၊ စကားအသုံးအနှုန်း မှားသွားရင်တောင် ခင်ဗျားတို့မိသားစု အတွင်းရေးကို ဝင်စွက်ဖက်တယ်လို့ မထင်စေချင်ဘူး၊ ငြိတွယ်လေးအပေါ်ထားတဲ့ ဆရာတစ်ယောက်ရဲ့ စေတနာအမှားဆိုပြီးပဲ ခွင့်လွှတ်စေချင်တာမျိုးပါ"

"ဟုတ်ကဲ့ ... ပြောပါ ဆရာကြီး၊ ကျွန်တော် ဆရာကြီးရဲ့ စေတနာကို နားလည်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ် ဦးပြိုင်ဘက်၊ ပြောရတဲ့ ရည်ရွယ်ချက်ကတည်း ငြိတွယ်ရဲ့ ရှေ့ရေးအတွက်ပါ"

ဆရာကြီးက အားယူသလိုမျိုး ခါးကိုဆန့်ထုတ်ကာ နှုတ်ခမ်းနှစ်လွှာအား ခပ်ဖိဖိ လျှာဖျားနှင့်သပ်ရင်း··

"အင်း ···· ခင်ဗျားတို့မှာ ဘယ်လိုအခက်အခဲ ပြဿနာကြောင့် အိမ်ထောင်ပြိုကွဲခဲ့သလဲ ကျွန်တော် မသိပေမယ့် တတ်နိုင်ရင် ငြိတွယ်အမေနဲ့ ဒုတိယအကြိမ်လောက် ထပ်ပြီးညှိနှိုင်းကြည့်ပါလားဗျာ"

"ခင်ဗျာ"

"ကျွန်တော် မေတ္တာရပ်ခံတာပါ၊ ငြိတွယ်က သူ့အမေကို သိပ်ပြီးခင်တွယ်နေသလိုပဲ၊ မိခင်ကလည်း မိခင်မေတ္တာနဲ့ သားကို ဘယ်ပြတ်တောက်လို့ရမလဲဗျာ"

"မဟုတ်သေးဘူး ဆရာကြီး"

ပြိုင်ဘက်စကားကို ဆုံးအောင်နားမထောင်ဘဲ ဆရာကြီးက ခေါင်းညိတ်ကာ ပြုံးသည်။ ငြိတွယ်မိခင်ဆုံးပါးသွားပြီဖြစ်ကြောင်း ဒီကျောင်း စအပ်ခဲ့စဉ်က မပြောဖြစ်ခဲ့ဘူး ထင်သည်။ ပြောရန်လည်း မလိုအပ်တာရယ် ပြိုင်ဘက် ကိုယ်တိုင်က မြစ်ဖျားသေဆုံးသွားမှုကို မေ့ထားချင်တာရယ်ကြောင့် သားကို ဒီအတိုင်းကျောင်းအပ်ခဲ့သည်။ အခုငြိတွယ်ရဲ့ မရှိသောမိခင်က ဘယ်က ဘယ်လိုမျက်လှည့်ပြပြီး သားဘဝထဲ တစ်ဖန်ပြန်ဝင်ရောက်ခဲ့တာလဲ။



"ကျွန်တော်နားလည်ပါတယ်၊ ခင်ဗျားကို တွေ့တာနဲ့ ခင်ဗျားရင်ထဲက သပ်လျှိုထားတဲ့ မာနတွေကို ကျွန်တော် ခန့်မှန်းလို့ရတယ်၊ ခင်ဗျားတို့က ချစ်ရက်နဲ့ မာနကိုကိုးကွယ် ကြပုံရတယ်၊ အကောင်းမြင်ဝါဒဘက်ကကြည့်ရင် ဒါ အသွင်တူလို့ အိမ်သူဖြစ်တာနေမှာပါ၊ ပြန်ညှိကြည့်ပါ၊ အဆင်ပြေသွားမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်"

မာနကို ကိုးကွယ်သူ။ ဘယ်သူဘယ်ဝါမှန်း အမည်တပ်အပ်မပြောပေမယ့် သူ ဒီလောက်ဆို သဘောပေါက်ပြီ။ ထိုင်ရာမှ ဝုန်းခနဲ ပြိုင်ဘက် ထရပ်တော့ ဆရာကြီးက သူ့ကို အလန့်တကြား မော့ကြည့်သည်။ ယဉ်ကျေးမှုတွေ၊ လူမှုရေး တွေက ထိုခဏမှာ ပြိုင်ဘက်အတွက် အသုံးမဝင်သော အမှိုက်တစ်စလို ဖြစ်သွားခဲ့ပြီ။

"သူတို့ ဘယ်မှာရှိလဲ ဆရာကြီး"

"ကျောင်းအနောက်ဘက် ဘောလုံးကွင်းထဲမှာ ရှိပါတယ်"

လှမ်းချလိုက်တဲ့ ပြိုင်ဘက် ခြေလှမ်းကျဲကြီးတွေထဲမှာ ဒေါသကြောင့် မီးပွင့်သွားမတတ် ပြင်းထန်သည်။

"ဦးပြိုင်ဘက်"

ဆရာကြီးရဲ့ ခေါ်သံကြောင့် နောက်ကို ပြိုင်ဘက် ငဲ့မကြည့်ပေမယ့် တင်းမာသော မျက်နှာဟာ ပြေပြစ်ချင်းသို့ ပြောင်းလဲ

www.burmeseclassic.com

www.burmeseclassic.com



မရ။

"ငြိတွယ်လေးအတွက် အကောင်းဆုံးဖြစ်အောင် စဉ်းစားပေးလိုက်ပါဗျာ"

မေတ္တာရပ်ခံခြင်းလား။ တိုက်တွန်းခြင်းလား။ ဖြိုင်ဘက်မသိ။ သိခဲ့ရင်လည်း လိုက်နာမိမှာ မဟုတ်။ ကုသရေးထက် ကာကွယ်ခြင်းက ပိုအသုံးဝင်သည်ဟု သူကြားဖူးသည်။ သားကို ရောဂါမကူးစက်နိုင်ရန် ဗိုင်းရပ်(စ်) အန္တရာယ်မှ သူ ကာကွယ်ရမည်။ တစ်လောကလုံးနှင့် စစ်ပဲဖြစ်ရဖြစ်ရ၊ ဖြိုင်ဘက် ဂရုမစိုက်နိုင်။ အရေးကြီးတာ ဒီကူးစက်ရောဂါပိုးမှ လွတ်မြောက်ရန်သာ။

◆ ◆ ◆

## အခန်း (၃၅)

"မေမေငြိ … မနက်ဖြန်တွေ့မယ်နော်၊ ဖေဖေ .. မေမေငြိကို နှင်မထုတ်နဲ့နော်၊ သား မေမေငြိနဲ့ ဆော့ရတာ ပျော်တယ်"

"အေးပါ … သားရယ်"

ငြိက သားခေါင်းကို ဖွဖွပုတ်ရင်း ကတိပေးသည်။ ပြီးတော့ သားရှေ့ ဒူးထောက်ထိုင်ချကာ သားလည်ပင်းကို သိုင်းဖက်၍ ရင်ခွင်၌ခဏအပ်ထားပြီးမှ …

"စာကြိုးစားနော် သား၊ မေမေငြိပြောတာတွေ မမေ့ မပစ်ရဘူးနော်"

"ဟုတ်ကဲ့"

"သွားတော့ သား"

ကျောင်းခန်းဆီ ပြေးထွက်သွားသည့် သားကျောပြင်

www.burmeseclassic.com

www.burmeseclassic.com



လေးကို မျက်စိတစ်ဆုံး ငေးပြီးမှ ငြီ လေးပင်စွာ ထရပ်သည်။ စွဲငြီနှင့် မျက်နှာချင်းဆိုင်မှာ ရပ်နေသူက တင်းမာအေးစက်သော အကြည့်တွေနှင့် ပြိုင်ဘက်။ ငြီ သူ့ကို တည့်တည့်စိုက် ကြည့်သည်။ ငြီအကြည့်တွေထဲမှာ အရှုံးပေးခြင်းမှုပါ။ ဘာကိုမဆို ရင်ဆိုင်မည့် စိတ်ဓာတ်အင်အားတွေ ထည့်ထားပေမယ့် အရင်ကလောက် စူးရှခြင်း မရှိတော့ဘူးဆိုတာ ငြီကိုယ်ငြီ သိသည်။

“နင့်ကို ငါ လွှတ်အောင်ရှောင်လို့ မရတော့ဘူးလား စွဲငြီ၊ နင် မရှက်ဘူးလား၊ မတွေ့ချင် မမြင်ချင်ပါဘူးလို့ ကြုံးဝါးပြီး ပြေးထွက်နေတဲ့သူနောက်ကို နင် မရမကလိုက်တဲ့ရည်ရွယ်ချက် ဘာအတွက်လဲ၊ နင် သိပ်ချစ်ပါတယ်ဆိုတဲ့ မြစ်ဖျား၊ အခု ငါ့သားနားမှ မရှိတော့ဘူး၊ နင် ဘာအတွက် ငါတို့ကို လိုက်ပတ်နေတာလဲ”

“နင် … ဘယ်လိုမိန်းမလဲ”

စွဲငြီကို ကြည့်တဲ့ ပြိုင်ဘက်အကြည့်တွေက စိမ်းလဲ့နေ၏။ မျက်တောင်ဖျားတွေကို စင်းခနဲ စိုက်ချပြီးလည်း ကြည့်သည်။ မေးဖျားလှုပ်ရုံ အပြုံးတွေနဲ့လည်း လှောင်ပြောင်သည်။ ဒါတွေကို ငြီ မြင်နေကြားရပေမယ့် မမြင်သလို မကြားသလို။ ဒီအတိုင်း လက်ပိုက်ပြီး ငေးကြည့်နေ၏။ လည်ပိတ်ဆွယ်တာ အညိုရောင်ပါ လောင်းကုတ်ရှည်အနက်ရောင်နှင့် ဂျင်း(န်) တစ်ထည်သာ ဝတ်ဆင်ထားသော ပြိုင်ဘက်ကို ငြီ ဒီအတိုင်း ငေးနေခဲ့သည်။ သူက



ငြီအတွက်တော့ အမြဲတမ်း ငေးကြည့်နေချင်စရာ ကောင်းလောက်အောင် ငြီအပေါ် ရက်စက်လွန်းနိုင်ခဲ့သူ။ ကြားသမျှလူ ဟာခနဲ ဟင်ခနဲဖြစ်သွားလောက်အောင် နာကြည်းဖွယ် စကားလုံးများနှင့် တရစပ်ပစ်ပေါက်တတ်သူ။

“ဘာတဲ့၊ အယောင်ဆောင် ကလေးအမေတောင် လုပ်လိုက်သေးတယ်”

“ငါ အယောင်ဆောင်တာ မဟုတ်ဘူး ပြိုင်ဘက်”

“ဘာလဲ … ငါ့ကို ကိုးရိုးယားကားတွေ လာရိုက်ပြဦးမလို့လား၊ တော်စမ်းပါဟာ ၊ နင့်ရဲ့ ဇာတ်ထုပ်အထာ တွေကို ငါ စိတ်မဝင်စားဘူး”

“နင် … စိတ်ဝင်စားအောင် ငါကလဲ ပုံပြင်တွေ ဖွဲ့နွဲ့ပြောတတ်သူမှ မဟုတ်တာပဲ၊ မြစ်ဖျားနဲ့ငါ သိပ်ချစ်ခဲ့တာပဲ၊ မြစ်ဖျားရဲ့သားက ငါ့သား မဖြစ်နိုင်ဘူးတဲ့လား”

“မဖြစ်နိုင်ဘူး”

ပြိုင်ဘက် အသံကျယ်ကြီးနဲ့ အော်တော့ စွဲငြီတွန့်ခနဲ ဖြစ်သွားသည်။ ဒီမိန်းမက ဘဝရဲ့အပြောင်းအလဲတွေကြားမှာ အသည်းမမာနိုင်တော့ဘူးထင်သည်။ ဒါလည်းတစ်မျိုး ကောင်းတာပါပဲ။ စွဲငြီကြောင့် ကြေမွပျက်စီးခဲ့ရသော ပြိုင်ဘက်အသည်းကို အလှည့်ကျတဲ့အခါ ပြန်ချေမွရန် လွယ်ကူသွားတာပေါ့။ ပြိုင်ဘက် နှုတ်ခမ်းတစ်ဖက်ကို တွန့်ကွေးကာ အေးစက်စက်ပြုံးပြရင်း

www.burmeseclassic.com

www.burmeseclassic.com



"နင် ရူးနေသလား၊ ဒါမှမဟုတ် ဦးနှောက်တွေပဲ ပါဝါလျော့ကုန်တာလား ဇွဲငြိ"

ပြိုင်ဘက် ဇွဲငြိမျက်နှာကို တည့်တည့်ကြည့်ပြီး မေးရုံအားမရ။ ဇွဲငြိတစ်ကိုယ်လုံးသို့ လူးလာခေါက်ပြန် ကြည့်သည်က ရွံ့ရှာရိပ်တွေနှင့်။ ငြိက အညိုရောင် လောင်းကုတ်ရှည်ကြီးကို ရင်ဘတ်နားဆွဲစေ့ကာ လက်တင်းတင်းပိုက်သည်။ ငြိပုံစံက မှန်တိုင်းပဲ ထန်ထန်၊ လေပြည်ပဲ တိုက်တိုက် ကြံ့ကြံ့ခိုင်ရင်ဆိုင်မည့်သူနှယ်။

"ပါဝါလျော့သွားရင်လည်း ငါ အားပြန်သွင်းပေးလိုက်မယ်၊ သေသေချာချာမှတ်သွား၊ ငါ့သားရဲ့ကိုယ်ထဲ လှည့်ပတ်စီးဆင်းနေတဲ့ သွေးတွေထဲမှာ သွေးဆိုးသွေးညစ်တွေ မနှောထားဘူး၊ သားက ငါနဲ့ မြစ်ဖျားရဲ့သား၊ ပြိုင်ဘက်နဲ့ မြစ်ဖျားရဲ့သားပဲဖြစ်ရမယ်၊ နင့်လို အနိုင်လိုစိတ်ပြင်းထန်ပြီး ငွေဂုဏ်မောက်နေတဲ့ မိန်းမ၊ အဖျက်သမားမနဲ့ ဘယ်တော့မှ မပတ်သက်စေရဘူး၊ အဲဒါ နင်နဲ့တွေ့စကတည်း ဆိုခဲ့ဖူးတဲ့ ငါရဲ့သစ္စာပဲ၊ နောက်ထပ် ငါတို့သားအဖနဲ့ ဘယ်တော့မှ မပတ်သက်ပါနဲ့"

ပခုံးတစ်ဖက်ကို ပစ်တိုက်၍ ပြိုင်ဘက် သူမအနားမှ ထွက်သွားပြီ။ ငြိက ယိုင်လုလုကိုယ်ကို ဟန်ချက်ထိန်းရင်း နေရာမှာတင် ဒီအတိုင်း ရပ်ကျန်ခဲ့၏။ ဘဝတစ်လျှောက်လုံး သူမကို ဦးဆောင်ချုပ်ကိုင်လာသော မာနတရားတွေက ပြိုင်ဘက် ကျောခိုင်းတာနှင့် မျက်ရည်အဖြစ် စီးကျကာ တောင်ကျရေလျှံသလို။

ဝိုး:ဝိုး:ဆ၁၃၆ပ



အေးစက်တဲ့ ရာသီဥတု။ အေးစိမ့်တဲ့ တောင်ပေါ်ဒေသမှာ ရင်တွင်း၌ တောက်လောင်သော ပရိဒေဝမီးကြောင့် ဇွဲငြိရင်ထဲမှာ ပူပြင်းလောင်မြိုက်နေပါတယ်လို့ ပြောရင် ဘယ်သူယုံမလဲ။

"နင် သစ္စာဆိုသလို ငါလဲ ဆိုခဲ့ဖူးပါတယ် ပြိုင်ဘက်၊ မြစ်ဖျားကို ချစ်ရိုးမှန်ခဲ့ရင် ငါ့မနက်ဖြန်တွေ လှပပါစေလို့လေ"

ခပ်ကြမ်းကြမ်း ဖုတ်ိုက်တဲ့ တောင်ပေါ်လေက ငြိ သစ္စာကို ကောင်းချီးပေးနေခဲ့၏။ တကယ်တမ်း သစ္စာသာ မှန်ခဲ့လျှင်။

◆ ◆ ◆

ဝိုး:ဝိုး:ဆ၁၃၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

''အဓိပ္ပာယ်မရှိဘူး သား၊ စကားပုံတောင် ရှိသေးတာပဲ၊ ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးတဲ့၊ သူ့ကို မတွေ့အောင်ရှောင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမှမဟုတ်တာ၊ အခုတော့ တစ်နိုင်ငံတည်း မဟုတ်တော့ ဘူး၊ မင်းဟာက နိုင်ငံခြားထိ ဖြစ်သွားပြီ၊ ကလေးရော ငါတို့ကိုပါ တကွဲတပြားစီ ဖြစ်အောင် မင်း ကြံစည်နေတာလား ဖြိုင်ဘက်ရယ် ....ဟမ်''

မေမေက ပြောရင်း စိတ်လှုပ်ရှားသလို ထိုင်ချည်ထချည်နှင့် ရှိနေ၏။ ဖေဖေကတော့ ဖြိုင်ဘက်တို့သားအမိကို ဖြစ်နေကျ ထုံးစံတစ်ခုပမာ သဘောထားသလား မသိ။ ဆေးတံကြီးခဲပြီး အေးစက်စက်နေ နေတာက ဘာမှမဆိုင်သလို။

''ရန်ကုန်မှာ အခြေကျနေရာက ကလောဆိုလို့ ငါတို့ပါ လိုက်ခဲ့တယ်၊ ဟော ... အခု ကလောမှာ အခြေကျပြန်တော့ မင်းက တစ်ခါဖြစ်ပြန်ပြီ၊ ငါ့အသက်လဲကြီးလှပြီ ဖြိုင်ဘက်၊





နိုင်ငံရပ်ခြားမှာတော့ ခေါင်းမချနိုင်ဘူး၊ ဒီတော့ မင်းသွားရင်သွား၊ ငါ့မြေးထားခဲ့''

''မဖြစ်နိုင်လို့ပါ မေမေ၊ သားက မြစ်ဖျားကိုယ်ပွားလေ၊ ကျွန်တော် သားကို မခွဲနိုင်လို့ ဒီလိုလုပ်ဖို့အထိ စဉ်းစားရတာပါ''

''မင်းဟာက မလွန်လွန်းဘူးလား ဖြိုင်ဘက်ရယ်၊ ဒီအခွဲ အလမ်းကြီးက ခုထိ မကျွတ်နိုင်သေးဘူးလား''

အားမလို အားမရ မေးရင်း မေမေက ဖြိုင်ဘက်ရှေ့မှာ ဝင်ထိုင်သည်။ ပေါင်ပေါ် လက်သီးနှစ်ဖက်ဆုပ်ပြီး မေးပုံက ဖြိုင်ဘက်ကို ငယ်ငယ်ကလို ရိုက်နှက်ဆုံးမပစ်ချင်စိတ်များ ပေါက်နေသလားမသိ။ စိတ်နောက်ကိုယ်ပါ လှုပ်ရှားမှုတွေကြောင့် မေမေ့ပခုံးပေါ် တင်ထားတဲ့ ခြုံစောင်လျော တိုက်ပြုတ်ကျသည်။ မေမေက ခြုံစောင်ကို စိတ်မရှည်သလို ဆွဲယူပြီး ပခုံးပေါ် ပြန်တင်ကာ

''ကို ... ရှင့်သားကို မပြောတော့ဘူးလား၊ ဒီ အတိုင်း ကြည့်နေတော့မှာလား၊ အခု ကလေးကလည်း ကျောင်းတစ်ဝက် တစ်ပျက်နဲ့ဖြစ်ရပြီ၊ သူ့ဘဝတစ်လျှောက်လုံး သူထင်တိုင်းကျဲခဲ့ ကာ''

မေမေက ငိုသံပါကြီးနှင့် ဖေဖေ့ကို တိုင်တည်သည်။ ဖေဖေက ဖြိုင်ဘက်ထဲ လှမ်းကြည့်တော့ ဖြိုင်ဘက်ဟာ အပြစ်ရှိသလို မျက်နှာလွှဲချထားမိသည်။ ဒါပေမယ့် ပြောသမျှနာခံမှာ မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို တင်းတင်းစေ့သော နှုတ်ခမ်းများက ဖော်ပြနေ၏။ ဖေဖေကတော့ ပြိုင်ဘက်ကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ

"သူ စိတ်ကြိုက်လုပ်ပါစေ ခင်"

"ဟင် … ရှင်ကပါ"

မေမေ့ရဲ့ ရင်ထုမနာသံနှင့်အတူ ပြိုင်ဘက်ရဲ့ အံ့သြခြင်းအကြည့်က ဖေဖေ့ထံ စိုက်ခနဲ။

"သဘောတူလို့ အားပေးတာမဟုတ်ဘူး သား၊ မင်းကို မင်းပိုင်သလို၊ မင်းသားကို မင်းပိုင်တယ်၊ မင်းဆုံး ဖြတ်ချက်က တည်ရမှာပေါ့၊ တစ်ခုပဲ မင်းစဉ်းစား၊ ကိုယ်ချလိုက်တဲ့ ဆုံးဖြတ်ချက်ရဲ့နောက်မှာ ကိုယ်မသိသေးတဲ့ မှားယွင်းမှုတွေ ကပ်လာနိုင်တာ မင်းသတိထားပေါ့၊ ဒီအချိန်မှာ မင်းမှားခဲ့ရင် ငါ့မြေးက အဲဒီမင်း အမှားရဲ့ အကျိုးဆက်ကို ခံစားရမယ့်လူ၊ ဒါကို မင်းမမေ့နဲ့ ခင်"

မေမေက မျက်ရည်စကို ခြုံစောင်အဖျားနှင့် တို့ထိရင်း ဖေဖေ့ကို လှမ်းကြည့်သည်။

"မင်း မြစ်ဖျားသေတ္တာလေးဆိုတာကို မင်းသားကို ပြန်ပေးလိုက်"

ပြိုင်ဘက် မသိခြင်းရဲ့နောက်မှာ မေမေနှင့်မြစ်ဖျား ဘာတွေ အပေးအယူ ရှိခဲ့သလဲ။ စိတ်ဝင်စားခြင်းများစွာနှင့် မေမေ့လှုပ်ရှားမှုတိုင်း ပြိုင်ဘက်အကြည့်တို့ ရွေ့သည်။ မေမေက ဗီဒိုဆီ ထသွားပြီး အံ့ထဲမှ ထုတ်ယူလာတာက အနီရင့်ရောင် ကတ္တီပါအုပ်သေတ္တာ





ငယ်လေး။ ပြိုင်ဘက်ထံလှမ်းပေးတော့ ပြိုင်ဘက်က ယောင်နနနှင့် လှမ်းယူသည်။ ဖေဖေက အိပ်ခန်းပြတင်းပေါက်ဆီသွားကာ ခြံထဲဆီ မျှော်ငေးရင်း

"ဖွင့်ကြည့်လိုက်သား၊ မြေးတစ်နှစ်ပြည့်တုန်းက မင်း အမေက မြစ်ဖျားကို ချွေးမအဖြစ် အသိအမှတ်ပြုတဲ့အနေနဲ့ ပေးခဲ့တာ"

"ဟုတ်တယ်သား၊ ဒီကလောကို မင်းက ခြံနဲ့အိမ်ရဖို့ အရင်ပြောင်းသွားခဲ့တာလေ၊ ရန်ကုန်ကပစ္စည်းတွေ မေမေ သိမ်းတဲ့ အချိန်မှာ သေတ္တာလေးပါ မေမေသိမ်းခဲ့ရတယ်၊ အဲဒီအထဲမှာ မြစ်ဖျားရေးထားတဲ့ စာလေးတစ်ကြောင်းရှိတယ်"

မြစ်ဖျားရေးထားတဲ့ စာဆိုတာနှင့် ပြိုင်ဘက်ရင်ထဲ လှုပ်သွားတာ ငြိမ့်ခနဲ။ စိတ်လှုပ်ရှားခြင်းကြောင့် သေတ္တာကို ဖွင့်သောလက်တို့က တုန်ရီစွာ။ ဖျတ်ခနဲအပွင့်မှာ စိန်ရောင် ပတ္တမြားရောင်တွေနှင့်အတူ မြစ်ဖျားလက်ရေးသေးသေးလေး တွေနှင့် ကတ်ထူစက္ကူက ပန်းရောင်လေး။

"ငြိမ်ရေ … ဒီပစ္စည်းတွေက ငါနဲ့ မဆိုင်ဘူးနော်၊ တကယ်သက်ဆိုင်တာ နင်နဲ့ပါ ငြိမ်ရဲ့၊ နင့်ရဲ့ပိုင်ဆိုင်မှုတွေပါ"

ပြိုင်ဘက် နားထင်နှစ်ဘက်အား ဆယ်ပေါင်တူကြီးနှင့် အထုခံရသလိုပင်။ ထိန်းခနဲ မြည်သံကျယ်ကြီးနှင့်အတူ နားတွေ အူထွက်ကာ အမြင်အာရုံက ပြာခနဲ။ ဒါ ဘာအဓိပ္ပါယ်လဲလို့



www.burmeseclassic.com

www.burmeseclassic.com



အော်မေးချင်ခဲ့ပေမယ့် ရင်ခွင်ရာသီဟာ နားမလည်ခြင်းများစွာနှင့် အမြန်ဆုံး ရွေ့လျားသွားပြီးနောက်။ ပြိုင်ဘက်ဟာ ဖျတ်ခနဲ ထရပ်သည်။

"မြစ်ဖျားက အမြဲ အဲဒီလိုပဲ မေမေ၊ သူက စွဲငြိကို သိပ်အလေးထားတာ"

ကိုယ့်ကိုယ်ကို နှစ်သိမ့်ခြင်းလား၊ မေမေ့ကို ဖြေရှင်းခြင်းလား မသိသော စကားကို ပြိုင်ဘက် ဆိုခဲ့ပြီ။ မေမေတို့ အခန်းထဲက ပြိုင်ဘက်ထွက်လာရတာ ခြေလှမ်းကျဲကျဲ။ ရတနာဗူးကို ကိုင်ပြီး သူ့အခန်းဆီသွားရန် ခြေလှမ်းအရွေ့ ခပ်ဟပ်ဟပွင့်နေသော သူ့အခန်းတံခါးနှင့် အထဲက လျှံထွက်လာသော စကားသံထဲမှာ သားအသံစာစာက ထိပ်ဆုံးမှ။

"တကယ်ပြောတာ အလုံးရဲ့"

"ဟယ် ... မယုံပါဘူး၊ သားကိုမွေးတာ မမြစ်ဖျားပါဆို၊ အလုံးရော တူးမာပါသိတယ်"

"ဟုတ်တယ်၊ ဒါပေမယ့် မဟုတ်ဘူး"

"ဟင် ..သားပြောတာ ဘာကြီးတုန်း"

"မေမေမွေးတာဟုတ်တယ်၊ ဒါပေမယ့် မေမေ့ဗိုက်ကြီးထဲ သားကို ထည့်ပြီးမွေးတာမဟုတ်ဘူး"

"ဟယ်"

"တကယ်၊ မေမေငြိမှာ ဓာတ်ပုံရှိတယ်၊ အဲဒီဓာတ်ပုံ





ထဲမှာ သားက မေမေငြိဗိုက်ထဲမှာ၊ မေမေ့မှာ ဗိုက်မရှိဘူး"

"ဒုက္ခပါပဲ ငြိတွယ်ရယ်၊ ဘာတွေလျှောက်ပြောနေတာလဲ"

"ဩော် ...အဟုတ်ပါဆို၊ အဲဒါကြောင့် သားနာမည်ကိုက ငြိတွယ်၊ မေမေနှစ်ယောက်စလုံး နာမည်ပါအောင် မှည့်ထားတာ"

"ဟဲ့ ... တော်ပြီ၊ အဲဒါ ဖေဖေကြားရင် ငြိတွယ်ပဲ အရိုက်ခံရမှာ"

"မကြောက်ပါဘူး၊ သားကမြင်သမျှ ပြောမှာပဲ"

ပြိုင်ဘက်ရင်ဝတည့်တည့်ကို ချွန်မြသော ဆူးချွန်နှင့် ထိုးစိုက်ခံရသလိုပင်။ နာကျင်မှုကြောင့် အသားဆတ် ဆတ်တုန်၏။ ရင်ထဲမှာ တဝုန်းဝုန်းပြိုကျနေတာ ဘယ်အစိတ်အပိုင်းတွေမှန်း မသိ။ သေချာပါသည်။ ညစဉ်ရက်ဆက် သူ အိပ်မပျော် စားမဝင်ဖြစ်ရတော့မည်။ ပဟေဠိက မျဉ်းပြိုင်ပြေးရသော လူတစ်ယောက်ဖြစ်နေလို့လေ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

ကိစ္စဝိစ္စတွေ အပြီးသတ်ပြီး၍ ပြိုင်ဘက်ရင်ပတ်၌ ချိတ်ထားသော မျက်မှန်ကို ဆွဲဖြုတ်ကာတပ်သည်။ ထို့နောက် တစ်ဖက်ကားလမ်း၌ ရပ်ထားသော ကားဆီဖြတ်ကူးရန်အပြင် …

"ဟဲ့"

"ဟင်"

ဖျတ်ခနဲ ပြိုင်ဘက်လက်ကို လှမ်းဆွဲတာကြောင့် ခြေလှမ်းရပ်ပြီး ငဲ့ကြည့်တော့ ပြိုင်ဘက်အတွက် မစိမ်းသက်သော မျက်နှာတစ်ခု။

"ငါ့ကို မမှတ်မိဘူးလား ပြိုင်ဘက်"

"ဟာ … မမအေး"

အသံနှင့်ရုပ် တွဲစပ်မှ လူမှန်ဘဝမှန်ကို ပြန်သတိရစေသည်။ ပြိုင်ဘက်က ပြောင်းလဲသွားတဲ့ မမအေးကို ခြေဆုံး



ခေါင်းဆုံးကြည့်ကာ …

"အပါး … ကျွန်တော် တကယ်မမှတ်မိဘူး၊ မမအေး တော်တော်ပြောင်းလဲသွားတာပဲ၊ ပြောင်းလဲတာထက် ပိုလှလာတာ ပါဗျာ"

"အံမယ် … သိပ်မမြှောက်စမ်းပါနဲ့၊ ငါ မုန့်ကျွေး ပါ့မယ်၊ ဒါနဲ့ နင် အခု ဒီရုံးကို ဘာလာလုပ်တာလဲ"

"ပတ်(စ်)ပို့သက်တမ်းလာတိုးတာ"

"ဩော် … ငါတို့လည်း ပတ်(စ်)ပို့လာထုတ်တာ"

"မမအေးက အခု ရန်ကုန်မှာ မဟုတ်ဘူးလား"

ပြိုင်ဘက်မေးခွန်းကြောင့် မမအေးက ရယ်သည်။ ပြိုင်ဘက်ကတော့ အသားတွေဖြူကာ ဝလာပြီး ဆံပင်အကောက်နှင့် အင်္ကျီပွပွ၊ စကတ်ကားကားကြီးနှင့် မမအေးပုံစံကိုကြည့်ပြီး စတိုင်(လ်)က ကိုရီးယားလို၊ တရုတ်မလိုလိုနဲ့ ဟု စိတ်ထဲက မှတ်ချနေမိသည်။ မမအေးက အားရအောင်ရယ်ပြီးမှ …

"ငြိက ငါ့ကို သည်းထိတ်ရင်ဖိုဇာတ်လမ်းရိုက်ပြီး မြစ်ကြီးနားပို့တာလေ၊ ဟိုမှာ သူတို့ရဲ့ကုမ္ပဏီခွဲတစ်ခုမှာ ငါ ဝင်လုပ်ရင်းနဲ့ ငါ့အမျိုးသားနဲ့ အိမ်ထောင်ကျတာ"

"ဟာ … မမအေးက"

"ဟုတ်ပတော်၊ အမျိုးသားက သူ့ကုမ္ပဏီတာဝန်ချပေးတဲ့ စက်ဘုပ္ပမှာပဲ အနေများတော့ ငါပါ အဲဒီရောက်သွားတာ၊ ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဒီကအဖြစ်အပျက်တွေနဲ့တော့ ငါ မျက်ခြည်မပြတ်ဘူး၊ မြစ်ဖျား ဆုံးသွားတာ ငါသိတယ်၊ သိတဲ့အချိန်မှာ ငါက သမီးကို မွေးတော့ မယ့်အချိန်ဆိုတော့ ..''

''ကျွန်တော် နားလည်ပါတယ်ဗျာ၊ မြစ်ဖျားက ရုတ်တရက်ကြီး ဆုံးသွားတာဆိုတော့၊ ကျွန်တော့်ကို အနားကပ် နေတဲ့လူတောင် မယုံချင်ဘူး၊ အိပ်မက်လိုပဲ''

''အေးပေါ့ဟယ်၊ သင်္ခါရတရားဆိုတာ ငါချစ်တဲ့လူ ဆီမလာပါနဲ့လို့ တားလို့မှမရတာ၊ ငါ ရန်ကုန်ရောက်တော့ အရင် အိမ်ကို သွားကြည့်သေးတယ်၊ နင်တို့မရှိတော့ဘူး''

''ကျွန်တော် ပြောင်းသွားတာ''

ပြိုင်ဘက်ပုံစံက မဖြေချင့်ဖြေချင်မို့ အေးက ဆက် မမေးတော့ပဲ··

''ဟဲ့ ··· ဒါနဲ့ ငြိတွယ်လေးရော၊ တော်တော်ကြီးပြီ ပေါ့၊ ကျောင်းနေ နေပြီလား''

''အင်း ··· နေပြီ၊ တစ်တန်း''

''ဖေဖေ··· အလုံးက နောက်ထပ်ရေခဲမုန့် မစားရဘူးတဲ့၊ သားက နှစ်ခုစားမှာ''

ရုတ်တရက် ပြိုင်ဘက်နောက်က လက်လာဆွဲပြီး ပြောတဲ့ သားကြောင့် မမအေးအာရုံက သားဆီ ဖျတ်ခနဲရောက်သွားသည်။ တီရှပ်အဝါ၊ ဂျင်း(န်)အနက်ပွပွနှင့်အဝါရောင် လျှာဦးထုပ်ကို





တစောင်းဆောင်းထားတဲ့ သားဒီဇိုင်းက ရပ်(ပ်)ပါလိုလို၊ မမအေးက သူ့နောက်နဲ့ကွယ်နေသော သားကို အတင်းလက်ဆွဲခေါ်ထုတ်ကာ

''ဟယ် ··· ကြည့်စမ်းပါဦးဟယ်၊ ငြိတွယ်လေးက ထွားလာလိုက်တာ၊ သား ··· တီတီ့ကို မှတ်မိလား''

သားက ချက်ချင်း ခေါင်းခါပြတော့ မမအေးက သားမေး ဖျားကို ချစ်စနိုးနဲ့ ဖျစ်ညှစ်ကာ ···

''အေးလေ၊ ဘယ်မှတ်မိပါ့မလဲ၊ တီတီ ထွက်သွားတော့ သားက လသားလေးရှိသေးတာကိုးကွ၊ ပြိုင်ဘက် ငြိတွယ်ကတော့ ငြိနဲ့တစ်ပုံစံတည်း''

''မမအေး''

ပြိုင်ဘက်ခေါ်သံကြောင့် မမအေးစကားက တစ်ဝက် တစ်ပျက်မှာ ရပ်သွားသည်။ သူက အလုံးကို လှမ်းကြည့်ရင်း···

''သားကို ကားပေါ်ခေါ်သွား အလုံး''

အလုံးကို ခပ်ထန်ထန် အမိန့်ပေးလိုက်၏။

''ကျွန်တော်လည်း သွားတော့မယ် မမအေး၊ လုပ်စရာ ရှိတာဆက်လုပ်ပါ''

ချာခနဲ လှည့်ထွက်ဟန် ပြင်ပေမယ့်·

''နေဦး ··· ပြိုင်ဘက်''

ပြိုင်ဘက်ကို မမအေးက လှမ်းဆွဲထား၏။ မမအေး လက်ဟာ မြဲမြံနိုင်မာစွာ။



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတဲ့အထဲမှာ ဘာစိတ်ဆိုးစရာ ပါသွားလို့လဲ ပြိုင်ဘက်"

ပြိုင်ဘက် နောက်ပြန်လှည့်မရပ်တော့ဘဲ ကျောခိုင်းဆဲကနေပဲ ...

"မြစ်ဖျားနဲ့ကျွန်တော် မွေးထားတဲ့သားက စွဲငြိနဲ့ တူစရာအကြောင်း မရှိဘူး မမအေး"

"မြစ်ဖျား နှင့်ကို ဘာမှပြောမသွားဘူးလား ပြိုင်ဘက်"

"ဘာကို ပြောရမှာလဲ"

ဝေခွဲမရခြင်းတွေနှင့် ဒီတစ်ကြိမ်တော့ မမအေးဘက် သူ လှည့်မျက်နှာမူလိုက်ချိန်မှာပဲ

"တကယ်ဆို ဒီအကြောင်းတွေကို ငါ မလိမ်ချင်လို့ အဝေးကို ရှောင်ထွက်သွားခဲ့တာ ပြိုင်ဘက်၊ နှင်နဲ့တွေ့တဲ့ ဘယ်အချိန်ပဲဖြစ်ဖြစ် အမှန်တရားဘက်ကပဲ ငါရပ်တည်မယ်လို့ ဆုံးဖြတ်ထားခဲ့တာ၊ ငြိတွယ်ကို မွေးခဲ့တာ မြစ်ဖျားမဟုတ်ဘူး"

"မမအေး"

ပြိုင်ဘက် နားနှင့်ဆတ်ဆတ် ကြားလိုက်ရသော စကားက အမှန်တရား မဟုတ်နိုင်။ ဒိုင်းနမိုက်။ ပေါက်ကွဲစေသော ကိရိယာ ဟာ မမအေးရဲ့ နှုတ်ခမ်းအဖွင့်အပိတ်နှင့် ညီညွတ်စွာ တဝုန်းဝုန်း တဒိုင်းဒိုင်းပေါက်ကွဲကုန်တာ ပြိုင်ဘက် နှလုံးသားရင်ပြင်ပေါ်မှာ။

"အခုတော့ အားလုံးကို မမအေး အမှန်အတိုင်းပဲ ပြော



တော့မယ် ပြိုင်ဘက်၊ သားကို မွေးပေးခဲ့သူက စွဲငြိပဲ ပြိုင်ဘက်၊ နှင် မှတ်မှတ်ထင်ထင် မရှိတော့ပေမယ့် နှင် အမှတ်ရသွားအောင် မမအေးပြောပြမယ်၊ နောက်ဆုံးနှစ် ကျောင်းသားတွေ ပေလီကို ခရီးထွက်ခဲ့တဲ့ည၊ နှင် အမူးလွန်တဲ့ မီးပုံပွဲည"

ပြိုင်ဘက်ရဲ့ အာရုံထဲ ရုပ်ရှင်အနေးပြကွက်တွေလို အတိတ်ရဲ့အရိပ်က နှေးကွေးစွာ သူ့အာရုံထဲ ပြန်ရောက်လာသည်။ ပလက်တီနမ်လေးထောင့်နားကွင်းကြီးနဲ့ အိပ်မက်ထဲ မြစ်ဖျားကို တွေ့ခဲ့တဲ့ည။ အနမ်းရိုင်းနှင့်ရင်ခုန်သံ တိုက်စစ်ထိုးတဲ့ည။

"အဲဒီညဟာ ငြိတွယ်လေးဖြစ်ဖို့ အစပျိုးခဲ့တာပဲ"

ပြိုင်ဘက်ရင်ထဲက ဗုံးက ချိန်ကိုက်ပေါက်ကွဲကာ သူ့တစ်ကိုယ်လုံး အရှိန်ပြင်းစွာ လွင့်စင်ထွက်သွားတာ လေဟာနယ်ဆီ။ ဘဝက ဘယ်လိုလှည့်စားချက်တွေနဲ့ သူ့ကို မျက်လှည့်ပြဦးမှာတဲ့လဲ။

◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

"ဟင့်အင်း … မောင်၊ မပြောပါနဲ့၊ မြစ်ဖျားတို့က ဒီနေ့ပဲ လက်မှတ်ထိုးပြီးတာ သူတို့ရဲ့ မင်္ဂလာဦးနေ့ကို ငြိမဖျက်ဆီးချင်ဘူး"

"ဒါ ဖျက်ဆီးတာ မဟုတ်ဘူး ငြိ၊ အသိပေးတာ၊ ငြိဘဝမှာ ဘာပဲစွန်းထင်းခဲ့ပါစေ၊ မောင် လက်ထပ်မှာပဲ၊ ဒါပေမယ့် ရင်သွေးနဲ့ပတ်သက်လာတဲ့ အချိန်ကျရင် လူတွေက အမုန်းတွေ မရှိတော့အောင် မေတ္တာတရားတွေ ပွားများလာတတ်တာ ထုံးစံပဲ၊ အဲဒီအချိန်ကျမှ အမေကိုလုချင်၊ ရင်သွေးကို လက်မလွှတ်နိုင်တာမျိုး မဖြစ်စေချင်ဘူး၊ ဒီအကြောင်းကို ပြိုင်ဘက်သိအောင် ပြောရမယ်"

"မောင် ရူးနေပြီလား၊ သူတို့ကို အသိမပေးဘဲ ထားလိုက်ရင် ပြီးနေတာပဲလေ"





"ဒီခရီးကို မင်းသွားခဲ့တာ ပြိုင်ဘက်နဲ့လေ၊ ပြိုင်ဘက်သိကိုသိရမှာပေါ့"

"သွားတာမှန်ပေမယ့် ပြိုင်ဘက်နဲ့ တစ်ကွဲစီပဲ"

"ဘာပဲဖြစ်ဖြစ် ဒီခရီးက ပြန်လာမှ မင်းပြောင်းလဲတာငြိ၊ ကိုယ် ပြိုင်ဘက်ကို ရအောင်မေးတယ်၊ မင်း ကိုယ့်အပေါ်မှာ သစ္စာမဖောက်ပြားတဲ့ မိန်းမဆိုတာ ယုံတယ်၊ ဒါပေမယ့် ပြဿနာက မရှုပ်ခင် ရှင်ထားတာအကောင်းဆုံးပဲ၊ ဟိုမှာ ပြိုင်ဘက်ကားလာပြီ၊ ကိုယ်မေးမယ်"

"မမေးနဲ့"

ငြိ အော်ရင်း ဇေလတ်ကို လှမ်းဆွဲထားသည်။ မျက်နှာချင်းဆိုင်ဖြစ်အောင် ဆွဲလှည့်ထားရင်း အကြည့်တို့က စူးစိုက်စွာ အားပြိုင်ပြီးမှ

"ဒီပြဿနာကို ရှင် ရှင်းစရာမလိုတော့ဘူး ကိုဇေလတ်၊ ကျွန်မပဲ ရှင်းလိုက်တော့မယ်၊ ရှင့်အပေါ် စည်းမစောင့်ဘဲ မှားခဲ့တဲ့ အမှားမျိုး မဟုတ်တာတော့ နောက်ဆုံးအနေနဲ့ ကျွန်မ သစ္စာဆိုခဲ့ပါတယ်"

ဇေလတ်ရဲ့ စေ့စေ့စိုက်ကြည့်သော အကြည့်တို့ကို လွှဲဖယ်ပြီးတာနှင့် ဖွဲငြိကားလမ်းလယ်ဆီ တစ်လှမ်းချင်း လျှောက်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဟိုရှေ့ပျပျမှာ ဒီဘက်လမ်းကြောဆီ ကွေ့ချလာတဲ့ ကွန်တိန် နာကားက မြို့ပြင်လမ်းမပေါ်မှာ အရှိန်ပြင်းစွာ။

"ဖြို"

◆ ◆ ◆

## အခန်း (၃၉)

"မောင် ဆေးခန်းအပြင်မှာ ထိုင်နေလေ"

"ပြိုင်ဘက်ရယ်၊ ယောက်ျားတန်ကြီးမဲ့ အထဲထိဝင်လို့ မရဘူးလေ၊ ဆရာဝန်မကြီးက နှိုက်နှိုက်ချွတ်ချွတ်တွေ စမ်းသပ်တာဟ"

ဒီကတည်းက သူ ဘာကြောင့် မရိပ်မိခဲ့ပါလိမ့်။ ဆေးခန်းပြတိုင်း ငြိနဲ့ မမအေး အတူပါလာတာ။ စွဲငြိကိုယ်တိုင် ရင်စည်းဂါဝန်ကားကားကြီးတွေ ဝတ်လာတာကို သူ့ရှေ့တွေ့နေပါရက်နဲ့ မမြင်ခဲ့သော သူလို။ ပြိုင်ဘက်အာရုံခပ်သိမ်းက မြစ်ဖျားဝမ်းဗိုက် မို့မို့ဖောင်းဖောင်းလေးပေါ်မှာသာ။ အခု ပြန်စဉ်းစားတိုင်း အခုအသစ်ဖြစ်ရသည်။ ပြိုင်ဘက်က မြစ်ဖျားကိုယ်ဝန်ဆောင်ချိန်မှာ ဘယ်တုန်းကများ ရင်သွေးလေးကို ဝမ်းဗိုက်အပြင်ဘက်ကနေ

www.burmeseclassic.com

www.burmeseclassic.com



စမ်းသပ်ခွင့်ရခဲ့လို့လဲ။ မြစ်ဖျား ဗိုက်မထွက်လာခင် သူ နိုင်ငံရပ်ခြား ရောက်သွားခဲ့သည်။ သူ ပြန်ရောက်တော့ သားက ဖွံ့ဖွံ့ထွားထွားနှင့် ပြုံးရယ်တတ်နေခဲ့ပြီ။

"သားက လမစေ့ဘဲ မွေးလာခဲ့ပေမယ့် တခြားကလေးတွေလို မချူချာဘူး မောင်ရဲ့၊ ကျန်းမာတာလေ၊ အဲဒါ မောင်နဲ့တူလို့ ဖြစ်လိမ့်မယ်"

မြစ်ဖျားနှင့် ပြိုင်ဘက် မေတ္တာရိပ်အောက်မှာ သားက နွေးထွေးလုံခြုံစွာ ရှိခဲ့ဖူးသည်။

"တကယ်တော့ ငြိအဖြစ်က ပိုင်ဆိုင်ခွင့်ရခဲ့တာကို ရင်ကွဲနာ အကျခံပြီး ပုတ်ထုတ်ခဲ့တာ ပြိုင်ဘက်၊ မြစ်ဖျားနဲ့ ငြိဆိုရင် မြစ်ဖျားက ငါ့ညီမပါ၊ သူစိမ်းမကောင်းရင် သူစိမ်းဘက် လိုက်စရာအကြောင်း မရှိဘူး၊ မြစ်ဖျား နင့်အပေါ်ချစ်တဲ့ စိတ်ကိုသိလို့ ရှောင်ထွက်ပေးခဲ့တာ၊ အခုချိန်ရော သားနဲ့သူရဲ့ ပတ်သက်မှုကို မဏ္ဍာပ်တိုင်တက်ပြခဲ့လို့လား ပြိုင်ဘက်ရယ်၊ အဲဒီလိုလူက မြစ်ဖျားကို သတ်တယ်ဆိုတာ ငါ မယုံဘူး၊ နင်ယုံအောင် ရှင်းပြဖို့လည်း ငါ ဝါသနာမပါဘူး၊ အဖြစ်မှန်အားလုံး နင်သိဖို့ လိုအပ်တယ်ထင်လို့၊ နင်တို့ စလက်ထပ်ကတည်းက နင့်လိုအပ်ချက်တွေကို နောက်ကွယ်က ပံ့ပိုးနေတာ ဘယ်သူလို့ထင်လဲ၊ ကုမ္ပဏီတစ်ခုမှာ အလုပ်တန်းရ၊



ရာထူးတွေတိုးပြီး လစာတွေ သုံးမကုန်အောင်ရတာကိုရော၊ နင် ကံကောင်းလို့ ရနေတယ်ထင်လား၊ ထားပါတော့လေ၊ ငါ ထပ်မပြောတော့ပါဘူး၊ နင်က နဂိုကတည်းက တယူသန်ခဲ့တဲ့လူကို"

ပြိုင်ဘက်မျက်လုံးတွေ ကျိန်းစပ်လာသည်။ ညက တစ်ညလုံး အတိတ်လမ်းပေါ် စမ်းတဝါးဝါး ပြန်လျှောက်ခဲ့တာ အခုထိ မလွတ်မြောက်နိုင်သေး။ ရောက်ချင်အားကြီးနေတဲ့ စိတ်ဇောအဟုန်ကြောင့် လီဗာကို ဖိနင်းသည်။ ကားက လေးညို့မှလွတ်သော မြားတစ်စင်းနှယ်။ ဝေါခနဲ အသံပေးပြီး ကဆုန်ပေါက်ကာ ပြေးပျောက်သွားတာ သူ ငယ်စဉ်ဘဝက အမှတ်တရများစွာရှိသော ကျောင်းတော်ဆီ။

"ခွဲငြိ ... သားအိပ်ရာက မနိုးခင် မြေးကို ခဏလာခေါ်သွားတယ် သား၊ ငယ်ဘဝက အမှတ်တရနေရာတွေကို ပြချင်လို့ပါတဲ့၊ ပြီးရင် သူ ပြန်ပို့ပေးပါ့မယ်တဲ့"

မေမေ့စကားမဆုံးခင် ပြိုင်ဘက် ဒရောသောပါး တိုက်ပေါ်က ပြေးဆင်းခဲ့တာ မှတ်မိသည်။ မသိစိတ်ထဲမှာ သူ့ရက်စက်မှုတွေကို သားကို ခွဲငြိ ခင်းကျင်းပြလိုက်မှာ အစိုးရိမ်ကြီး စိုးရိမ်လျက်။ ဒါဆို သူ့သိစိတ်က လက်ခံခဲ့ပြီလား။ တစ်ချိန်က ခွဲငြိအပေါ် သူ ရက်စက်ခဲ့တာကို။ ပြိုင်ဘက်က ခေါင်းယမ်းပြီး အတွေးမျှင်ကို

www.burmeseclassic.com

www.burmeseclassic.com



မောင်းထုတ်သည်။ အဝေးဆီမှာ ကောင်းကင်ယံဆီ ထိုးတည်းထိုး ထွက်နေသော ကျောင်းရဲ့ပြာသဒ်ကို လှမ်းမြင်နေရပြီ။ ကျောင်းထဲ မရောက်မီ ဒီ ကျောင်းဝန်းကျင် နှင်းမိတာနှင့် ဖြိုင်ဘက် ရင်ခုန်သံက လူပျိုရိုင်းပေါက်စလေးလို။ မယဉ်မရိုင်း ခုန်နေတာ ငြိမ်သြောင်းခြင်း မရှိ။ ကလောမှ ရန်ကုန်မြေ ခြေချကတည်းက ကုမ္ပဏီမှ ပြောင်းရွှေ့ စာကိစ္စ။ ပတ်(စ်)ပို့၊ ဗီဇာကိစ္စတွေနှင့် လူက နပန်းလုံးနေရလို့သာ။ စိတ်ကဖြင့် ဒီကျောင်းရဲ့ အမှတ်တရများဆီ အမြဲရောက်နေပါ တယ်လို့ ပြောလျှင်…။

ကျောင်းကြီးကတော့ တည်တည်ကြီးနှင့် ဖြိုင်ဘက် ကားရပ်ရာနေရာကို လှမ်းကြည့်နေသည်။ အပြစ်ရှိသူကို စိုက် ကြည့်နေတဲ့ပုံစံလိုမျိုး။

◆ ◆ ◆



## အခန်း (၄၈)

''သားနဲ့ ဖေဖေသွားရင် ဒီမှာ မေမေငြိတစ်ယောက် တည်း ကျန်ခဲ့မှာပေါ့''

ငြိက စကားတတ်လှစွာသော သားပါးလေးကို လက်ဝါး နှစ်ဖက်နှင့် အုပ်ကိုင်အားတင်းပြီး ပြုံးသည်။ ရင်ထဲမှာတော့ ခံစားရ တာတွေ များလွန်း၍ ထိရှရတာတွေများလွန်း၍ မချိတော့ဘူးထင် သည်။

''မေမေငြိက တစ်ယောက်တည်းနေရတာ ကျင့်သားရနေ ပါပြီ သားရဲ့''

''ဟင် … မေမေငြိပြောတော့ သားဖေဖေရယ်၊ မေမေ ရယ်၊ မေမေငြိရယ်က အခင်ဆုံးသူငယ်ချင်းတွေဆို သားဆို ကလော မှာ သူငယ်ချင်းတွေ အများကြီးရှိတယ်၊ သားတစ်ယောက်တည်း ဘယ်တော့မှ မဖြစ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"သားဖေဖေနဲ့ မေမေက ပိုချစ်ကြတာ သားရဲ့"

ထိန်းမရသော မျက်ရည်က ငြိမျက်ခမ်းစပ်မှတစ်ဆင့် လှုပ်လီလှုပ်လဲ့ ကြွေကျတော့မည်။ ငြိက သားရှေ့မှာ မငိုချင်။ ငြိ မျက်ရည်ကို သား မမြင်စေချင်။ ဖျတ်ခနဲ ဒီဘက်လှည့်ရပ်ကာ မြေပြင်ကို ငုံ့ကြည့်ပေမယ့် အမြင်က မျက်ရည် တိမ်လွှာကာဆီး ထား၍ မပီပြင်။ ငိုချင်စိတ်ကို ထိန်းထားရလွန်းလို့ ငြိလည်ပင်း တစ်လျှောက် ဆို့နင့်မွန်ထူလာသည်။

"ဟင် ... မေမေ ငြိ ငိုနေတယ်၊ သားကို မခွဲနိုင်လို့လားဟင်၊ အဲဒါဆို သားလည်း မေမေငြိနဲ့ပဲ နေခဲ့တော့မယ်လေ၊ ဖေဖေနဲ့ မလိုက်သွားတော့ဘူး"

"မဟုတ်တာ သားရယ်"

ငြိ မျက်ရည်တွေကို ခပ်ကြမ်းကြမ်းဆွဲသုတ်သည်။ ပြိုင်ဘက်ရဲ့ အမုန်းစက်ကွင်းမှ ဒီတစ်ကြိမ်တော့ ငြိလွတ်မြောက်ခွင့်ရချင်မိသည်။ ငြိအသည်းတွေ ကြေမွပျက်သုန်းသွားပါစေ။ ပြိုင်ဘက်ရဲ့ ငြိုငြင်မှုကို နောင်သံသရာအထိ ဆက်မသယ်သွားချင်ပြီ။ သူ ဘယ်လောက် ရက်စက်ပါစေ။ အပြစ်မမြင်နိုင်တာ ငြိရဲ့ ဝဋ်ကြွေးဆိုရင် ကျေပါတော့။ ဒီဝဋ်ကြွေး ဒီဘဝမှာ··

"လိုက်သွားပါ သားရယ်"

သားပါးမို့ ဖောင်းဖောင်းလေးပေါ် ကျလာတဲ့ မျက်ရည်





တွေကို ငြိ ပြန်သုတ်ပေးသည်။

"အဲဒါဆို မေမေငြိလဲ ငိုနဲ့"

သားက သူ့လက်သေးသေးလေးတွေနဲ့ ငြိပါးပေါ်က မျက်ရည်တွေကို ပြန်သုန်ပေးတာက တစ်ပြန်တစ်လှည့်။

"အေးပါ ... သားရယ်၊ မမေငြိကလည်း မငိုတော့ဘူးနော်၊ ဖေဖေနဲ့ဆို သား လိမ်လိမ်မာမာနေ၊ ကိုးရီးယားမှာဆိုတော့ အရမ်းအေးတာ သားရဲ့၊ ကျန်းမာရေးဂရုစိုက်၊ ဒီမာဖလာလေးက သားအတွက် မေမေငြိရဲ့ လက်ဆောင်၊ မေမေ ငြိကို သတိရတိုင်း ဒါလေးပတ်ထားနော် သား"

"ငါ့အတွက်ရော အဲဒီလို မာဖလာတစ်ထည် မရနိုင်ဘူးလား ဇွဲငြိ"

ရုတ်တရက်ကြီး နောက်နားက ထွက်လာတဲ့အသံကြောင့် ငြိ တုန်ခနဲဖြစ်သွားသည်။ ချက်ချင်း လှည့်ကြည့်တော့ ငြိရဲ့ မလှမ်းမကမ်းမှာ ရပ်နေသူက ပြိုင်ဘက်။ သူ့ကြည့်တော့လည်း ငြိကို ဘာစကားမှ လှမ်းမပြောသည့်နှယ်။ ရပ်က ရှုတည်တည် မှုန်အစ်အစ်နှင့်။ ငြိက မျက်ရည်တွေ စိုစွတ်ဆဲ မျက်နှာကို ပြိုင်ဘက်မြင်မှာစိုး၍ ခပ်လွှဲလွှဲလုပ်ရင်း··

"ငါ့ဆီက မာဖလာ နင်တောင်းသလားလို့"

"ဝေးပါသေး၊ ငါ့သားကို ပြန်လာခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



''သြော် ... ငါလဲ အခုပဲ ပြန်ပို့တော့မလို့ပါ''

''ရတယ်၊ ငါ ခေါ်သွားတော့မယ်၊ ငြိတွယ် ... လာပြန်ရအောင်''

ပြိုင်ဘက်က သားကို ကောက်ပွေ့ချီကာ ထွက်သွားသည်။ သားက ကားနားရောက်တဲ့အထိ ပြိုင်ဘက်ပခုံးပေါ်မှနေပြီး ငြိကို မျက်ရည်တွေကျကာ တာ့တာလုပ်တာမပြီးနိုင်။ ငြိလည်း ဖြေမဆည်နိုင်အောင် ဖြစ်ရတာပဲ။ သားကို ကားပေါ်တင်ပြီးသောအခါ ငြိက ထိုမြင်ကွင်းကို မကြည့်ရက်နိုင်။ ချာခနဲ ကျောခိုင်းပစ်ပြီး မတ်တပ်ရပ်ရန် လူက အားမရှိတော့သလို။ ငုတ်တုတ်ထိုင်ချကာ ငိုချသည်။ ငြိတစ်ကိုယ်လုံး တသိမ့်သိမ့်ခါသွားတဲ့အထိ။ ငြိရဲ့သား၊ ငြိရင်မှဖြစ်သော သားကို ပြိုင်ဘက်က ဝေးရာအရပ်ဆီ ခေါ်သွားတော့မည်။ ငြိ တွေးရင်းတွေးရင်း ဝမ်းနည်းကာ မျက်ရည်တို့ဖြေမဆည်နိုင်။ ထိုအခိုက် ငြိနောက်ပါးကို ဖွဖွနင်းလာတဲ့ ခြေသံ။ ငြိ ဆတ်ခနဲ ခေါင်းမတ်ပြီး နားစွင့်သည်။ ကျောင်းသားတစ်ယောက်လား၊ ဟင့်အင်း ...မဖြစ်နိုင်။ ဒီဇင်ဘာကျောင်းပိတ်ရက်ရှည်ကြီးကို။ ငြိ ခေါင်းထောင်ကာ အသံကို နားစွင့်နေဆဲမှာပင် ...

''စွဲ ... ငြိ''

''ဟင်''



ငြိ နောက်ကျောမှ ခြေသံပိုင်ရှင်က ငြိရှေ့သို့ ရောက်လာခဲ့ပြီ။ ငုတ်တုတ်ထိုင်နေရာမှ ငြိ မော့ကြည့်တော့ ငြိကို ငုံ့ကြည့်နေသည့် ပြိုင်ဘက် မျက်ဝန်းတွေနှင့် ဆုံသည်။

''ပြိုင်ဘက် ... နင်''

''မေးစရာရှိလို့ ငါ ပြန်လှည့်လာတာ''

မေးလို့လည်း မပြော။ ဖြေမယ်လို့လည်း မဆိုဘဲ ငြိ ပြိုင်ဘက်ကိုသာ မော့ငေးနေသည်။ အပြာနှင့်အနက် ရောကွပ်ထားတဲ့ ရှပ်အင်္ကျီအကွက်ကျဲကြီးနှင့် ဂျင်း(န်)အပြာရင့်တို့ကြောင့်လား။ ဒီကျောင်းပရဝဏ်အတွင်း ရောက်နေလို့လားမသိ။ ပြိုင်ဘက်ဟာ ငြိအမြင်မှာတော့ ဟိုးငယ်ငယ်က ကျောင်းသားလေးလိုပင်။ ထူးဆန်းတာက ဂျစ်တစ်တစ် မျက်နှာမဟုတ်ဘဲ နူးညံ့ခြင်းတွေ ဖြန့်ခင်းထားခြင်းသာ။

''သားကို ဘယ်သူမွေးခဲ့တာလဲ''

မေးမယ့်မေးတော့ တဲ့တိုးကြီးမို့ ရင်တွေဘာတွေ ထိတ်လာကာ

''မြစ်ဖျားပေါ့''

ငြိအသံက တိုးတိုးလေး။

''မဟုတ်ဘူးလို့ ပြောတယ်''

''ဘယ်သူလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ငပလီက"

"အို"

ရှက်ရိပ်ကြောင့် နီရဲသွားသော ငြိမျက်နှာလှလှလေးက ဘေးတစောင်း မြင်ရတဲ့ ပါးမို့မို့က နှင်းဆီသွေးရောင် ဖျန်းခနဲ တက်လာ၏။ ပြိုင်ဘက် ခါးကိုင်းကာ ငြိ လက်ဖဝါးနှစ်ဖက်ကို ဆွဲယူပြီး ထစေသည်။ ငြိက အရှက်သည်းသော မျက်နှာအား ဟိုဒီလွှဲရင်း ...

BURMESE CLASSIC .com

"ငါ ... ငါက"

"သတ္တိရှိရင် ထပ်ငြင်းလေ၊ ငါ တစ်ခါတည်း ငပလီ ပြန်ခေါ်သွားမှာ၊ ဒီတစ်ခါတော့ နင်နဲ့ငါ နှစ်ယောက်တည်း မဟုတ်တော့ဘူး၊ သားကိုပါ သက်သေအဖြစ်"

ငြိ ရင်ခုန်သံတွေဟာ ဝုန်းဒိုင်းကျဲရင်း ပြိုင်ဘက်မျက်နှာ ချောချောကို မကြည့်ရဲအောင် ရှိနေသည်။ ပြိုင်ဘက်က ငြိမေးဖျား ကို ဆွဲမော့ရင်း သူနှင့်အကြည့်ချင်းဆုံစေတော့ ငြိ ကြောက်လန့် တကြား မျက်ဝန်းတို့ကို မှိတ်ချသည်။ တဆတ်ဆတ်လှုပ်နေတဲ့ မျက်ခွံလေးပေါ် သူက အနမ်းတစ်ပွင့်ခြွေချရင်း ...

"နင်က ငါ့ရဲ့ အနီးဆုံးမှာရှိပြီး အဝေးဆုံးရောက်နေတဲ့ ချစ်သူ"



"ဟင့်အင်း .. ချစ်သူလို့ မသုံးနဲ့၊ နင် ငါ့ကို မချစ်ခဲ့ပါဘူး ပြိုင်ဘက်ရယ်"

ငြိရဲ့ ဝိညာဉ်ဟာ ရင်ခုန်ခြင်းကြားမှ ထိုးထွင်းထွက် လာကာ ရဲရင့်ခြင်းတွေ ငြိထံ ခိုတွယ်လာခဲ့ပြီ။ ပြိုင်ဘက်မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောတဲ့အခါ သူ့မျက်ဝန်းတို့သည် ကြင်နာ မြတ်နိုးခြင်းတွေနဲ့ တလက်လက်တောက်ပခဲ့ပြီး ကြည်နူးပြုံးတို့က နှုတ်ခမ်းလွှာတွင်ဖြစ်ကာ...

"မခံချင်စိတ်နဲ့ မာနတွေပြိုင်ရင်း နင်က ငါ့ရင်ထဲမှာ အနီးဆုံး နေရာယူခဲ့တာ ငြိ၊ ဘယ်လောက်ပဲမုန်းမုန်း နင့်ကို မေ့လို့ မရခဲ့တာက ငါ့နှလုံးသားကို ငါလိမ်လို့မှ မရခဲ့တာ၊ အမုန်းတွေနဲ့ ကွယ်နေလို့ အချစ်ကို မမြင်ခဲ့တာ၊ အဲဒါ ...ယုံ"

ပြိုင်ဘက်က ငြိပါးကို လက်တစ်ဖက်နှင့် သိမ်းပွေ့ကာ ကျန်တစ်ဖက်က ငြိမေးဖျားကို ပိုပင့်မော့စေပြီး တအိအိပြိုကျလာတဲ့ သူ့နှုတ်ခမ်းဖျားမှာ ငြိနှလုံးသားက တွယ်ငြိ ပါသွားခဲ့ချေပြီ။ နွေးထွေး တဲ့ အထိအတွေ့ အနမ်းဖလှယ်ရင်း ငြိ မရင်းနှီးသော ရင်ခုန်သံ ကြားမှာ ပြုံးလဲ့ရင်း သူက တိုးတိုးလေး ငြိကို မေးခဲ့သည်။

"ချစ် .. ရဲ့ ... လား"

ငြိဟာ ရှိခဲ့ဖူးသော မကျေလည်ခြင်းများအားလုံး သူ့ အနမ်းမြစ်ထဲ မျောချပစ်ကာ...

www.burmeseclassic.com

www.burmeseclassic.com



"သားက ငြီရဲ့ ချစ်ခြင်းသစ္စာ"

တိုးတိုးလေး ပြန်ဖြေဖြစ်သည်။ လေအဝေ့မှာ မျော လွင့်နေတဲ့ ခရေပန်းတွေက ငြီတို့ခြေရင်းမှာ ဝပ်ဆင်းပေးရသလို အနမ်းမုဆိုးကို ငြီက ဒူးထောက်အရှုံးပေးရင်း ...

မနက်ဖြန်တိုင်းဟာ ငြိ သစ္စာဆိုခဲ့သည့်အတိုင်း ချစ်ခြင်းဖြင့် လှပခဲ့ပြီ။

ချစ်သူတိုင်းပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။

ချစ်ခြင်းမေတ္တာဖြင့်

မြပုလဲသွယ်

ပို:ရို:၈၁၄ပ

BURMESE CLASSIC .com

www.burmeseclassic.com